www.burmeseclassic.com

ရှင်ဖိုး
(ဆေးတက္ကသိုလ်)

# အိပ်မက်ထဲက မနက်ဖြန်



Design L လင်း

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး


## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com







# ရှင်မိုး
(ဆေးတက္ကသိုလ်)

## အိပ်မက်ထဲက
## မနက်ဖြန်

စီစဉ်သူ
မောင်ကျော်လှိုင်

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com







## ထိုနံနက်ခင်းတစ်ခုတွင်…

နက်ရှိုင်း၏ အိပ်ရာဘေး နှိုးစက်မှ မနက်ခုနစ်နာရီထိုး၍ နှိုးစက်မြည်သံ တု တု … တု တု … တု တု … ဟူသောအသံ ဆက်တိုက်ထွက်ပေါ်လာပါသည်။

အိပ်ရာနံဘေးရှိ နာရီတင်သောစားပွဲဆီ မျက်လုံးဖွင့်မကြည့်ဘဲ လက်ကိုအသာမှန်းပြီး နာရီကို လိုက်စမ်း၊ နာရီကိုထိမိတော့မှ ခလုတ်ကို ပိတ်ချလိုက်လျှင် နှိုးစက်မြည်သံ ရပ်သွားပါသည်။

အိပ်ရာမှ ချက်ချင်း မထသေးဘဲ ဒီနေ့လုပ်စရာဘာတွေရှိသလဲဆိုတာကို စဉ်းစားကြည့်နေမိသည်။ ဒီနေ့ စနေနေ့ပေမဲ့ ကုမ္ပဏီတွေရဲ့ထုံးစံအတိုင်း အလုပ်သွားရမှာပဲမို့ အလုပ်သွားရပါမည်။ အလုပ်မှာ ဒီနေ့ အထက်လူကြီးတွေနဲ့ အစည်း

www.burmeseclassic.com



အဝေးရှိသည်ဟု ကြိုတင်သိထားပြီးပြီဖြစ်ရာ နက်ရှိုင်းတစ်ယောက် ညကတည်းက ပြင်ဆင်စရာ ရှိတာတွေ ပြင်ဆင်ထားပြီးနေလေပြီ။

လခကောင်းကောင်းကို ဒေါ်လာနဲ့ရသော ကုမ္ပဏီ ဝန်ထမ်း နက်ရှိုင်းသည် ကုမ္ပဏီ၏ရာထူးအမြင့်ကို ရထားသော ဝန်ထမ်းလည်းဖြစ်သည်။ နက်ရှိုင်းသည် အမ်ဘီဘီအက်(စ)ဘွဲ့ရ တစ်ယောက်ပေမဲ့ ဆေးကုသောဆရာဝန် မလုပ်သောသူတစ်ဦး ဖြစ်သည်။ ဆေးကုသောဆရာဝန်အလုပ် မလုပ်ပေမဲ့ Preventive and social medicineဟုခေါ်သော ကာကွယ်ရေးနှင့် လူမှုရေးဆေး ပညာရပ်ပိုင်းဆိုင်ရာဘာသာရပ်ကို ဆက်လေ့လာ သင်ယူလို၍ မလေးရှားရှိ တက္ကသိုလ်တစ်ခုတွင် ကိုယ့်စရိတ်နှင့်ကိုယ် သွားသင်ယူ၊ ဘွဲ့လွန်ဒီပလိုမာတစ်ခုကိုပါ ထပ်ယူပြီး မြန်မာပြည်ကို ပြန်လာခဲ့သည်။

မြန်မာပြည်ရောက်သောအခါ ထိုပညာရပ်ပိုင်းဆိုင်ရာနှင့်ပတ်သက်သော လုပ်ငန်းတာဝန်များကို လုပ်ပေးရသည့် ဖက်စပ်ကုမ္ပဏီကြီးတစ်ခုမှာ အလုပ်ဝင်လုပ်ပါသည်။ အလုပ်လုပ်သက် သုံးနှစ်လောက်ရလာတာနဲ့အညီ ရာထူးပါ တဖြည်းဖြည်း တက်လာလေရာ ဒေါက်တာနက်ရှိုင်းသည် ကုမ္ပဏီ၏အကြီးအကဲများပြီးလျှင် အာဏာအရှိဆုံးရာထူးကိုပင် ရနေလေပြီ။





သို့သော် ကိုယ်ကတော့ ကိုယ့်ရုံးခန်းပတ်ဝန်းကျင်မှာ ရာထူးအကြီးဆုံး၊ ကိုယ့်လက်အောက်က ဝန်ထမ်းတွေကို ပြန်ညွှန်ကြားရသူဖြစ်ပေမဲ့လည်း ဒီနေ့လိုမျိုး အထက်လူကြီးတွေပါ စုံပြီး Meeting အစည်းအဝေး လုပ်ရမည်ဆိုသောအခါ ဘာပဲဖြစ်ဖြစ် စိတ်လှုပ်ရှားရတာပင်။ သူတို့ရှေ့မှာ ကိုယ်က ဘာတွေအမှားလုပ်မိမလဲ၊ ပြောမိမလဲဆိုသော စိုးရိမ်စိတ်ကတော့ ရှိစမြဲဖြစ်ပါသည်။

ရုံးမှာ ဒီနေ့ အစည်းအဝေးပြီးလျှင် ရုံးဆင်းတာနဲ့ ဘာလုပ်စရာရှိသေးလဲ။ အင်း ... နေဦး လုပ်စရာတစ်ခုတော့ရှိတယ်၊ သိထော့သိတယ်၊ မေ့နေတာခက်တာပဲ၊ မေ့နေမှန်းသိရင် ပြဿနာတက်ဦးမယ်။ ဒါပေမဲ့ အဲဒီပြဿနာကလည်း ရင်ကိုရင်ဆိုင်ရမဲ့ပြဿနာမျိုးဖြစ်နေတယ်၊ ရှောင်လွှဲချင်လို့ကိုမရဘူးလေ။ ဘာကြောင့်လဲဆိုတော့ ...

ထိုသို့ စဉ်းစားနေချိန်မှာ ဖုန်းသံကြားရတော့သည်။ ဧည့်ခန်းမှာရှိသော အိမ်ဖုန်းက လာမကိုင်မချင်းကို မြည်နေမဲ့ဖုန်းဖြစ်လေသည်။ အိပ်ရာထဲမှာ အပျင်းထူပြီး ဆက်လှဲနေလို့ မရတော့ဘဲ ထ,လိုက်ရတော့လေသည်။

အိပ်ရာဝင်လျှင် ဝတ်အိပ်သော အင်္ကျီပွ၊ ဘောင်းဘီရှည်ပွ စမ်းဆက် Pyjama(ပဂျားမား) ဝတ်စုံကြီးဖြင့် ဧည့်ခန်းကို



www.burmeseclassic.com

www.burmeseclassic.com



ထွက်လာပြီး Cordless(ကော့ဒ်လက်ဒ်) ဖုန်းကို လှမ်းယူလိုက်သောအခါ ဖုန်းကိုင်လိုက်လျှင် ကိုင်လိုက်ချင်းပဲ ...

"ကိုကို နိုးရက်သားနဲ့ ဘာလို့ အိပ်ရာကမထသေးဘဲ ဆက်နှပ်နေလဲ၊ ကိုကို့အကျင့်ကိုသိလို့ တမင်ဖုန်းနဲ့ လှမ်းနှိုးတာနော်၊ ဟင်း ဟင်း ... ဒီကသိပြီးသား။ ဒီလိုမှ မနှိုးရင် အိပ်ရာထဲ ရှစ်နာရီထိ ခိမ်ဆွဲဦးမယ်၊ ပြီးရင် ဝုန်းဒိုင်းကြဲထပြီး ရေချိုး၊ ပြင်ဆင် အလုပ်ကို ဗိုက်ဟောင်းလောင်းနဲ့ သွားဦးမယ်၊ ဒါကြောင့် အုံတို့က စေတနာနဲ့ နှိုးတာ"

ဟူသော အသက်မရှူစတမ်း ဆက်တိုက်နီးပါးပြောလိုက်သည့် မိန်းကလေး၏အသံကို ကြားရပါတော့သည်။

ဤသည်မှာ နက်ရှိုင်း၏ တစ်နေ့တာကို စ,တင်ပေးလိုက်သော အသံကလေးသာဖြစ်ပေသည်။

❤ ✽ ❤





# အပိုင်း(၁)

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ၁

တံခါးဘဲလ်သံ ကြားလိုက်သောအခါ ဒါ အုံပဲဟု တံခါးမဖွင့်ရသေးခင် ကြိုသိနေသည်။ နက်ရှိုင်းသည် အတွင်းတံခါးဖြစ်သော သစ်သားတံခါးချပ်ကို ဖွင့်လိုက်လျှင် အပြင်ရှိ ခြင်လုံသံဆန်ခါတံခါးမှတစ်ဆင့် ထွင်းဖောက်မြင်ရသော အုံက ခါးကလေးထောက်လျက်သား နက်ရှိုင်းကို ပြုံးကြည့်နေသည်။

"တော်သေးတာပေါ့ ကိုကို ဝတ်စားပြင်ဆင်ပြီးနေပြီ။ အုံက အုံ ဒီကိုရောက်မဲ့ဆယ်မိနစ်အတွင်းမှာ ကိုကို ပြီးမှပြီးပါ့မလားလို့လေ"

နက်ရှိုင်း နေထိုင်ရာ ကွန်ဒိုအခန်းနှင့် အုံတို့နေထိုင်ရာ ကွန်ဒိုအခန်းရှိရာ အဆောက်အအုံမှာ လမ်းလျှောက်လာလျှင် ဆယ်မိနစ်တော့ကြာပါသည်။ ဒါကြောင့် ခုနက အုံ ဖုန်းဖြင့် နှိုး





ချိန်မှာ စပြီး အိမ်ကထွက်လာလျှင် နက်ရှိုင်းဆီ အရောက်ဆိုဆယ်မိနစ်တော့ကြာပါသည်။

"ရေမိုးချိုး၊ အဝတ်အစားလဲတာက ယောက်ျားလေးပဲကွာ မကြာပါဘူး၊ ခဏလေးနဲ့ပြီးတယ်"

"ဒါပေမဲ့ ကိုကို ဘာမှမစားရသေးဘူး မဟုတ်လား"

"အုံ ဖျော်တိုက်မဲ့ လက်ဖက်ရည်ကို စောင့်သောက်မလို့လေ"

"အံမယ် ... အပိုတွေ၊ သူ့ဘာသာ ဖျော်မသောက်ရသေးတာနဲ့၊ ဖျော်သောက်ဖို့အချိန်မရတာနဲ့ပဲ အုံ့ကို စောင့်သလေး ဘာလေးနဲ့"

အုံသည် လူကြီးလေးတစ်ယောက်လိုပဲ ဗျစ်တောက်ဗျစ်တောက်တွေ ပြောလည်းပြော၊ မီးဖိုခန်းထဲလည်း တန်းဝင်သွားပြီး Cordless Kettle ဟုခေါ်သော ကြိုးမဲ့ရေနွေးကျိုးအိုးလေးထဲ ရေသန့်ရေဘူးကြီး၏ ဘုံပိုင်ခေါင်းကိုဖွင့်ပြီး ရေထည့်သည်။ ပြီးတော့ ရေနွေးအိုးကို ရေနွေးတည်ရာ ပလိတ်ပြားလေးပေါ်တင်ပြီး ခလုတ်နှိပ်သည်။ ရေနွေးအိုး တချောင်းချောင်းမြည်ကာ ကျိုနေချိန်မှာပင် ကြွေမတ်ခွက်နှစ်ခွက်ထဲ Lipton Tea Bag ဟုခေါ်သော လစ်ပတန်တီးလက်ဖက်ခြောက်ထုပ် ကြိုးတန်းလန်းလေးတွေ နှစ်ထုပ်စီ ဖောက်ထည့်သည်။ သကြားတုအခဲလေးတွေ တစ်လုံးဆီလည်း မတ်ခွက်ထဲ ပစ်ထည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အမှန်ဆို Tea Bag က တစ်ထုပ်စီသာသုံးရင်ရပေမဲ့ နက်ရှိုင်းရော၊ အုံပါ ခပ်ကျကျ လက်ဖက်ရည်အရသာကိုသာ ကြိုက်ကြသဖြင့် နှစ်ထုပ်ထည့်တာဖြစ်သည်။

ရေနွေးအိုးက ငါးမိနစ်ပင်မကြာ အငွေ့တထောင်းထောင်းထပြီး ဆူသွားသောအခါမှ အုံက မတ်ခွက်တွေထဲ ရေနွေး မပြည့်တပြည့်လေးဖြည့်၊ ဘူးနို့ဆီကို ပုလင်းလွှတ်ထဲ ဖောက်ထည့်ကာ ရေခဲသေတ္တာထဲမှာထားသဖြင့် ထိုပုလင်းကို ယူ၍ နို့ဆီတစ်ဇွန်းစီကို တစ်ခွက်စီမှာ ထည့်မွှေ၊ ပြီးတော့မှ နို့စိမ်းဘူးကို အပေါက်ဖောက်ထားသည်အား ယူပြီး နို့စိမ်းအနည်းငယ် ထပ်ဖြည့်လိုက်သောအခါ မွှေးကြိုင်သင်းပျံ့သော လက်ဖက်ရည်ခွက်တွေ အသင့်ဖြစ်သွားပါသည်။

နက်ရှိုင်းကတော့ ဒါဟာ အုံ နိစ္စဓူဝလာလုပ်နေကျမို့ အထူးအဆန်းလုပ် စောင့်ကြည့်နေစရာမလိုဘဲ ဘာပြီးရင် ဘာလုပ်မယ်ဆိုတာ သိပြီး ထမင်းစားပွဲတွင် အသင့်ထိုင်စောင့်ရင်း ဒီနေ့ Meeting မှာ ပြောရမဲ့စကားတွေ အကြမ်းချရေးထားသည်အား ပြန်ဖတ်နေပါသည်။

လက်ဖက်ရည်မတ်ခွက်နဲ့အတူ မီးကင်ပြီးသား ပေါင်မုန့်တစ်ချပ်၊ စတော်ဗယ်ရီယိုပုလင်း၊ Meadowlea တံဆိပ် ထောပတ်တစ်ဘူးတို့ပါ စားပွဲပေါ်လာတင်သောအခါမှ နက်ရှိုင်းလည်း သူ ဖတ်နေသော စာရွက်ထပ်ကို ဖယ်လိုက်သည်။





"အုံက လက်ဖက်ရည်တစ်ခွက်ပါ ထပ်သောက်ပြန်ပြီလား"

"ကိုကို အဖော်မရှိမှာစိုးလို့"

"တော်ကြာ နေ့လယ်ကျ လေခံပြီး ထမင်းမစားဖြစ်ရင် ညနေကျ ဗိုက်အောင့်နေဦးမယ်နော်"

အုံ့မှာက လေထိုးလေအောင့်ရောဂါတော့ ရှိလေသည်။ ထိုရောဂါရှိသော အုံက အစားအသောက်၊ အနေအထိုင် ဆင်ခြင်သလားဆိုတော့ မဆင်ခြင်။ သူကြိုက်လျှင် ဗိုက်အောင့်ခံပြီးတော့ကို စားလေသည်။ လေထိုးလေပွစာတွေဖြစ်သော လက်ဖက်၊ ပြောင်းဖူးပေါက်ပေါက်၊ မာလကာသီး၊ သရွှားသီးတို့ကိုလည်းမရှောင်။ အထူးသဖြင့် မိန်းကလေးဖြစ်ပြီး လက်ဖက်ရည်ကို အတော်ကြီးကြိုက်တတ်ကာ တစ်နေ့ကုန် ဘာအစာမှမစားဘဲလက်ဖက်ရည် လေး,ငါးခွက်လောက် သောက်ရင် သောက်ပစ်တတ်သည်။

အခုလို မနက်ဆို အုံ့တို့အိမ်မှာလည်း ဒီလိုပဲ လက်ဖက်ရည်ကို ဖျော်သောက်လာခဲ့မည်ဖြစ်သော အုံသည် နက်ရှိုင်းအိမ်ရောက်တော့လည်း တစ်ခွက်က ထပ်ကိုသောက်ဖြစ်စမြဲ။ ပြီးရင် တစ်နေ့ကုန် နက်ရှိုင်း မမြင်ကွယ်ရာမှာ သူ့ကို တားမဲ့ ဟန့်မဲ့သူလည်း မရှိရင် မရှိသလို လက်ဖက်ရည် ထိုင်သောက်ရင်လည်း သောက်ဦးမဲ့ အုံသည် ဗိုက်အကြီးအကျယ်အောင့်မှသာ



www.burmeseclassic.com

www.burmeseclassic.com



"နောင်တရပါပြီ"ပြောပြီးငိုမဲ့ မိန်းကလေးသာဖြစ်သည်။ သို့သော် ဒါကိုသိရက်နဲ့ လျှော့ပစ်သလားဆိုတော့လည်း လျှော့မှာမဟုတ်ပါ။ နောက်နေ့ ပြန်ကောင်းသွားလည်း ဒီပုံစံက ဒီပုံစံအတိုင်းပဲ ဆက်သောက်ဦးမှာ ဖြစ်ပါသည်။

"ကိုကို ဒီနေ့ဘာနေ့လဲ သိလား"

"ဘာနေ့လဲ"

"ဟင် ... ကြည့် လုပ်ပြီ သူက ပြန်မေးပြန်ပြီ"

"ကိုကို မေ့နေပြီကွာ၊ ဒီနေ့ အုံမွေးနေ့မဟုတ်တာတော့ သေချာတယ်၊ ဒါဖြင့် ဘာလဲ anniversary(အန်နီဗာဆေရီ) လား"

နက်ရှိုင်းသည် အုံ စိတ်ဆိုးစိတ်ကောက်မှာလည်း စိုးတော့စိုးရိမ်ပေမဲ့ အုံ ပြောပြောနေသော ချစ်သူဖြစ်ခြင်းနှစ်ပတ်လည်နေ့ဆိုတာကို ဘယ်တော့မှလည်း အမှတ်တရ မမှတ်ထားမိတတ်ပါ။ နှစ်တိုင်းနှစ်ပတ်လည်နေ့ရောက်လျှင် အုံ စိတ်ဆိုးငိုယို စိတ်ကောက်ခြင်းကို ခံရစမြဲဖြစ်ပါသည်။

"လုပ်ပြီ ကိုကိုဟာလေ မဟုတ်တာကို စ,ပြောတော့မယ်။ anniversary ကဖြင့် လွန်ခဲ့တဲ့သုံးလကပြီးသွားပြီဟာကို ကြံဖန်မေးပြန်ပြီ။ ကိုကိုနော် အုံ တကယ်စိတ်ကောက်ချင်လာပြီ"





ပြောပြောဆိုဆို အုံသည် သောက်လက်စ လက်ဖက်ရည်ခွက်ကို စားပွဲပေါ်ဆောင့်ချလိုက်လေရာ ခွက်က ဘောင်ဘင်ခတ်သွားပြီး လက်ဖက်ရည်စက်တချို့ အုံ့အင်္ကျီလက်ရှည် ဖားဖားလေး၏ အဖျားမှာ စင်ကုန်တော့လေသည်။ အင်္ကျီက အဖြူဆွတ်ဆွတ်လေးမို့ လက်ဖက်ရည်စက်တွေ လက်ဖျားမှာ စင်ကုန်တာက တော်တော်သိသာသွားပါသည်။

"ဟယ် ... အင်္ကျီလေး ပေသွားပြီ"

"လက်ဖျားလေးပဲ ရေမြန်မြန်သွားဆေးလိုက်၊ မခြောက်ခင် ရေဆေးပြီးချွတ်လိုက်ရင်ရတယ်"

"ဒါပေမဲ့ လက်က ရေစိုကြီးနဲ့ ကိုကိုရဲ့"

"ကိုကို့ဆီမှာ Hair Dryer ရှိတယ်လေ၊ အဲဒါနဲ့အခြောက်ခံလိုက်"

အုံတစ်ယောက် သုတ်ခနဲ မြန်မြန်ထသွားပြီး အင်္ကျီလက်ဖျားတွေကို ရေဖြင့်ဆေးလိုက်ပါသည်။ ရေဆေးပြီးလျှင် ရေချိုးခန်းထဲဝင်သွားကာ Dryer ဖြင့်မှုတ်နေသံ တဝီးဝီးကို ကြားနေရပါသည်။

ဒီအိမ်မှာ အုံ့အတွက်တော့ ဘယ်နေရာဘာရှိသလဲလို့ လိုက်မေးစရာမလိုအောင် သိကျွမ်းရင်းနှီးပြီးသား ဖြစ်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



နက်ရှိင်းနှင့်အုံတို့က မိဘချင်း မိတ်ရင်းဆွေရင်းဖြစ်ပြီး အဆက်အဆံ အသွားအလာရှိသဖြင့် ငယ်ငယ်တည်းကပင် ရင်းနှီးကျွမ်းဝင်ခဲ့ကြသောသူတွေ ဖြစ်ပါသည်။ နက်ရှိင်းက အုံ့ထက် ငါးနှစ် အသက်ပိုကြီးသဖြင့် အုံသည် ငယ်ငယ်တည်းကပင် "ကိုကို"ဟုခေါ်လာခဲ့သည်မှာ အခု ချစ်သူတွေဖြစ်ပြီးကြသည်အထိပင်။

အခုလောလောဆယ်မှာ နက်ရှိင်း မိဘတွေက ဗန်ကောက်၊ စင်ကာပူ အပျော်ခရီး ခဏသွားနေသည်မို့ အိမ်မှာ နက်ရှိင်းတစ်ယောက်တည်းဖြစ်နေသည်။ သို့ပေမဲ့ အုံက ဒီလို မနက်တိုင်း အတူသွားဖို့လာခေါ်လည်း ဘာမှ ပြဿနာတော့မရှိ။ နှစ်ဖက်မိဘတွေကလည်း သဘောတူပြီးသား မကြာခင်လပိုင်းအတွင်း လက်ထပ်ကြတော့မည့် ချစ်သူနှစ်ဦးလည်းဖြစ်လေရာ ပတ်ဝန်းကျင်အမြင်မှာ ကဲ့ရဲ့စကားလည်းမရှိပါ။ အုံ အိမ်ကိုတံခါးလာခေါက် မနက်စာ လက်ဖက်ရည်အတူသောက်ပြီး အပြင်အတူထွက်ချိန်မှာ ခဏတစ်ဖြုတ်ပဲမို့ အုံလည်း ဘာမှ သိက္ခာကျစရာမရှိပါ။

"အား ... ရှီး ... သေပါပြီ မူလိုက်တာ"

ရေချိုးခန်းထဲမှ အသံကြားသဖြင့် နက်ရှိင်းလည်း အမြန်ပြေးသွားကြည့်သောအခါ လက်ကောက်ဝတ်တစ်ဖက်ကို





ကျန်လက်တစ်ဖက်ဖြင့် ပြန်အုပ်ကိုင်ရင်း တရှီးရှီး အော်နေသော အုံ့ကို တွေ့ရသည်။

"အုံ ဘာဖြစ်သွားတာလဲ"

"Dryer က လေပူဟပ်သွားလို့ အပူနည်းနည်းလောင်သွားတယ် ကိုကို"

"ပြစမ်း ... ပြစမ်း တော်တော်များလား"

အုံ့လက်ကို ဆွဲဖယ်ယူကြည့်လိုက်သောအခါ လက်ကောက်ဝတ်မှာ ခပ်နီနီအကွက်လေးကို တွေ့ရလေသည်။

"ဟာ ... ကြည့်ပါဦး၊ အပူလောင်သွားပြီ အုံရာ၊ မင်းဟာလေ ဘာလို့ အဲဒီလောက်အပူပြင်းပြင်းကြီးတင်ပြီး အခြောက်ခံလဲ လက်အပူလောင်သွားပြီပေါ့။ အကျိုကစါးပါးလေးပဲဟာ၊ ခဏလေးအပူပေးထားလိုက်ရင် နည်းနည်းတော့ ရေစိုကျန်ပေမဲ့ ပြီးရင် သူ့ဟာနဲ့သူ လေသလပ်ပြီး ခြောက်သွားမှာပေါ့၊ ဘာလို့ ဒီလောက်ကြီးပူအောင် လုပ်ရလဲ"

"ကိုကိုကလည်းလေ အဘိုးကြီးကျနေတာပဲ၊ ဆူလိုက်ပူလိုက်တာ တကတဲ အုံ အသားနာနေတာတော့ မသနားဘူး"

"သနားတာပေါ့ အုံရယ်။ အုံ့ကို သနားလို့ ကရုဏာဒေါသောနဲ့ပြောတာ၊ ကဲ ကဲ ... အပူလောင်သက်သာတဲ့ ကရင်(မ)လိမ်းလိုက်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... မလိမ်းချင်ပါဘူး၊ စေးကပ်ကပ်နဲ့ နေပစေ ထား လိုက်။ အုံ နေလို့ရတယ်"

"သေချာလို့လား"

"ရပါတယ်ဆို ကဲ ... ကိုကိုသာဖြေစရာရှိတာဖြေ။ ဒီနေ့ ဘာနေ့လဲ ပြော"

နက်ရှိုင်း စိတ်ရှုပ်ပြီး ခေါင်းက ဆံပင်တွေကို လက်ဝါးချောင်းဖြင့် တစ်ချက်ထိုးသပ်ကာ ခေါင်းခါမိတော့သည်။ အုံက မလွယ်ပါလား။ ဒါကို မရမကမေးနေပြီ။

"ဆောရီးကွာ ကိုကို Meeting ကိစ္စနဲ့ ခေါင်းရှုပ်နေလို့ မေ့နေပြီ၊ ဒီနေ့ ဘာနေ့မို့လို့လဲ"

"ဒီနေ့ အုံ့ကလေးတွေ သူတို့ရှေ့က အတန်း Certificate (ဆာတစ်ဖစ်ကိတ်)ပေးပွဲမှာ သီချင်းတီးရမယ်လေ ကိုကိုရဲ့။ ကိုကိုမဲ့ အုံ့ကလေးတွေ လာအားပေးမယ်ဆို။ ကိုကိုပဲ ကလေးလေးတွေ သီချင်းတီးတာ ကြည့်ချင်တယ်၊ သိပ်ပြီး Cute ဖြစ်တာပဲ သိပ်ချစ်ဖို့ကောင်းတာပဲဆို၊ အခုကျ သူ့ကို သေသေချာချာပြောထားသားနဲ့ မေ့ပြီ။ ကိုကိုကလေ အုံ့ ဘက်ကအရေးကိစ္စတွေဆို ဘယ်တော့မှ ဂရုတစိုက်မရှိဘူး။ မေ့ပစ်တာချည်းပဲ။ ဒါတောင် အုံ ကြိုပြောထားတာ လွန် ခဲ့တဲ့ငါးရက်ကမှနော်၊ အစောကြီးတည်းက ကြိုပြောထား တာမဟုတ်ဘူး မေ့မှာစိုးလို့၊ ကပ်မှပြောထားတာ"





အုံ့သည် လက်သီးဆုပ်နှစ်ဖက်ဖြင့် နက်ရှိုင်း၏ လက်မောင်းကို ထုလည်းဆက်တိုက်ထုရင်း ပြောပါသည်။ ဒီတော့မှ နက်ရှိုင်းလည်း ဒီနေ့ပွဲရှိတာကို သတိရတော့လေသည်။

အုံ့သည် အင်္ဂလိပ်စာသင်ကျောင်းတစ်ကျောင်းမှ Music teacher(မြူးဇစ်တီချာ) ဂီတသင်ဆရာမလေးဖြစ်ပါသည်။ အုံ ကိုယ်တိုင်က အဆိုအတီးဝါသနာပါပြီး စန္ဒရားကို ကျွမ်းကျွမ်း ကျင်ကျင် တီးတတ်ထားပါသည်။ ဒါ့အပြင် အုံက လက်ဟန်မှုရာ တွေဖြင့်ပြရသော ဂီတသင်္ကေတပြနည်းကိုပါ သင်ကြားတတ် မြောက်ထားလေရာ သူမ၏ ကလေးဝိုင်းက တီးကြမှုတ်ကြလျှင် ရှေ့မှ လက်ဟန်ပြပေးရပါသည်။

အုံ့၏ ကလေးဝိုင်းမှာ တစ်ခါမှလည်း ပွဲကြီးကြီး မားမားတွေမှာ ပါဝင်မတီးရသေးလေရာ အခု ကျောင်းဆင်းပွဲ တစ်ခုသည် သူတို့၏ ပထမဦးဆုံးသော ပွဲကြီးဖြစ်နေပါသည်။ ထို့အပြင် အလုပ်ဝင်ပြီး တစ်နှစ်မျှသာကြာသေးသော အုံ့အတွက် လည်း ဒါဟာ တကယ့်ကို အထူးတလည် စိတ်လှုပ်ရှားရသည့် ပွဲကြီးဖြစ်နေသည်။

ညှော်ပရိသတ်အများကြီးရှေ့မှာ တစ်ခါမှ ခေါင်း ဆောင်တစ်ယောက်သဖွယ် မတ်တတ်ရပ်ပြီး လက်ဟန်မှုရာ မပြ ဖူးသေးသော အုံ့သည် ဒီကလေးပွဲလေးကိုတော့ အတော်ပင် စိတ် လှုပ်ရှားတက်ကြွနေသည်မှာ မဆန်းပါ။



www.burmeseclassic.com

www.burmeseclassic.com



"အေးပါကွာ ဆောရီးပါ၊ ကိုကို တကယ်မေ့သွားလို့ပါ။ ဒါကြောင့် မနက်က မိုးလင်းနိုးစက်မြည်တော့ ကိုကို့စိတ်ထဲမှာ ဒီနေ့ သွားစရာတစ်ခုတော့ ရှိတယ်လို့၊ ဘာမှန်းသာ စဉ်းစားမရပေမဲ့ တွေးတော့ တွေးမိသား"

"ဟင်း … ဖြစ်ရမယ် ကိုကိုကလေ၊ အုံနဲ့ ပတ်သက်တာဆိုဘာမှ အလေးအနက်မထားဘူး၊ အုံ့ကို ကိုကိုက သိပ်မချစ်ဘူး၊ ဒါကြောင့် အုံ့ကိစ္စတွေဆို မေ့မေ့နေတာ"

"မဟုတ်ပါဘူးကွာ ကိုကို အုံ့ကို ချစ်ပါတယ်၊ ကိုကိုက အဲဒီလိုပဲ အမေ့လွန်တာပါ။ အုံ့ကိုမပြောနဲ့ ကိုကိုဆို အမေအမေနဲ့ပတ်သက်တဲ့ သူတို့မွေးနေ့လည်းမေ့။ သူတို့ anniversary လည်း မေ့ဖြစ်သေးတာပါ။ ဒါပေမဲ့ ကိုကို အလေးအနက် မထားလို့ မေ့တာမျိုး မဟုတ်ပါဘူး။ တကယ်ပဲ သူ့ဟာသူ မေ့မေ့သွားတာပါ အုံရယ်"

အုံသည် စိတ်ထဲမှာ သိပ်တော့မကြည်ပေမဲ့ နက်ရှိုင်းက နာရီတကြည့်ကြည့်လုပ်နေသဖြင့် အလိုက်သိစွာပင် စိတ်ကို လျှော့ပြလိုက်ရသည်။

ရှစ်နာရီဆယ့်ငါးမိနစ် ရှိနေပြီလေ။ ဒီကထွက်မှာ လမ်းမှာ ကားမောင်းသွားရမှာနဲ့ဆို အလွန်ဆုံး မိနစ်နှစ်ဆယ် နာရီဝက်နီးပါးတော့ ကြာမှာပဲ။ ကိုကို ကုမ္ပဏီကိုသွားရာလမ်းမှာ





ပင် အုံ့ရဲ့အင်္ဂလိပ်စာသင်ကျောင်းက ရှိသဖြင့် ကိုကိုက အုံ့ကို လမ်းမှာချပေးခဲ့ရုံပင်။ အပြန်ကျတော့ ကြိုဖို့၊ မကြိုဖို့က မသေချာပါ။ ကိုကို အလုပ်အားလျှင်တော့ အုံ့ထံ ကြိုပြီး …

"ညနေ ကိုကိုတို့ အတူတူပြန်မယ်၊ အုံလေး ကျောင်းဆင်းရင် စောင့်နေ"

ဟု ဖုန်းဆက်ထားတတ်ပါသည်။

အုံတို့ကျောင်းလေးက မနက်ကိုးနာရီမှ သုံးနာရီကျောင်းပေမဲ့ ဆရာ၊ ဆရာမတွေကတော့ ညနေငါးနာရီ ရုံးဆင်းချိန်ထိဆက်နေပြီး ကိုယ့်အလုပ်ကိုယ်လုပ်ရသည်ဖြစ်ရာ ကိုကိုတို့ ကုမ္ပဏီရုံးဆင်းချိန်နဲ့ တူနေတတ်ပါသည်။

များသောအားဖြင့်တော့ တာဝန်ကြီးကြီးယူထားရသော ကိုကိုက ရုံးဆင်းချိန်ငါးနာရီမှာ အိမ်ပြန်ရသည့်ရက်က တစ်ပတ်မှာ သုံးရက်လောက်သာကြုံပါသည်။

ကျန်တဲ့ရက်တွေမှာ နာရီဝက်လောက်တော့ ပိုနေပြီး အလုပ်ဆက်လုပ်ရတတ်ပါသည်။ ထို့ကြောင့် အုံလည်း ကိုကို့ကားနဲ့ တစ်ပတ်သုံးရက်သာ အိမ်ပြန်ရသည်။ မနက်တော့ အခုလိုပဲ အုံက ကိုကို့ကို လာခေါ်ပြီး အတူထွက်နေကျ ဖြစ်ပါသည်။

အုံက ကားမမောင်းတတ်ပါ။ သင်ကြည့်ဖူးပေမဲ့ အုံကိုယ်တိုင် သတ္တိနည်းလှသဖြင့် ဆက်မမောင်းသေးကြောင့်



www.burmeseclassic.com

www.burmeseclassic.com



အုံ ကားမမောင်းတတ်။ သွားချင်လျှင် အိမ်က လူကြုံရှိတဲ့အခါ တက်လိုက်တာမျိုး၊ မကြုံလျှင် တက္ကစီနဲ့သွားတာမျိုးတွေဖြင့်သာ ဖြေရှင်းတတ်ပါသည်။

ကိုကိုနဲ့အတူ ထွက်လာသောအခါ ပတ်ဝန်းကျင်သည် အသက်ဝင်လှုပ်ရှားသွားလာနေကြပေပြီ။





# အခန်း ၂ ပြီး

"အုံ နေ့ခင်းကျ မြို့ထဲခဏထွက်မလို့ ကိုကို လိုက်ခဲ့ပေးမလား"

ရွှေပိုးအုံသည် ကားထဲတွင်ဖွင့်ထားသော Pussycat Doolls အဖွဲ့၏ သီချင်းသံကို လျှော့လိုက်ပြီး မေးလိုက်ပါသည်။ ကိုကိုနက်ရှိုင်း ကားက အုံ ဘယ်လောက်ပဲရှင်းပေးပေး စက္ကူစုတ်တွေ၊ တစ်ရှူးပေပါကို ပါးစပ်သုတ်ပြီး လုံးထွေးပစ်ချထားတာတွေ၊ Coke ဘူးအခွံအလွတ်တချို့၊ ရေသန့်ဘူးခွံကုန်တာတချို့ မကုန်ဘဲ တစ်ဝက်တစ်ပျက် ဝစ်ထားတာတချို့နှင့် စီဒီချပ်တွေကလည်း သူ့ဟာနဲ့သူ ကာဗာမှန်၊ နေရာမှန်မှာမရှိဘဲ တလွဲစီ ထည့်လိုထည့်ထားတာတွေနှင့် အမြဲရှုပ်ပွနေတတ်စမြဲ။



www.burmeseclassic.com

www.burmeseclassic.com



အုံက ဘာ့တိတာရ တစ်ပတ်တစ်ခါလေး အချိန်ယူပြီး ရှင်းပေးလည်းမရပါ။ ရှင်းပေးပြီး လေးရက်ငါးရက်မြောက်နေ့ ရောက်လျှင် ပုံမှန်အတိုင်း ပြန်၍ရှုပ်ပွစမြဲဖြစ်ပါသည်။ အခုလည်း အုံသည် ကားပေါ် ခဏထိုင်ပါလာသော အချိန်ရသမျှလေးမှာ ရသလောက် အမှိုက်တွေလည်း စုသိမ်းရင်း ကိုကို အကျယ်ကြီး ဖွင့်ထားသော သီချင်းသံ၏ Volume ကို လျှော့ကာ မေးလိုက်သည်။

"နေ့ခင်း ဘယ်အချိန်လဲ"

"ကျောင်းမှာတော့ ဆယ့်နှစ်နာရီကနေ ဆယ့်နှစ်နာရီခွဲအထိကို ထမင်းစားချိန်ပေးတယ်လေ။ အုံက မြို့ထဲလာစရာကိစ္စလေးရှိတယ်လို့ ခွင့်တောင်းပြီး ခဏထွက်လာမယ်ဆိုတော့ တစ်နာရီကျော်မှ ကျောင်းပြန်ရောက်လည်း ရပါတယ်"

"ကိုကို မအားဘူးထင်တယ်"

"Meeting က အခု ရုံးဆက်တက်ချင်း ကိုးနာရီမှာ စ,မှာလေ။ ဆယ်နာရီဆိုပြီးပြီပဲ၊ ကျန်တဲ့အချိန်တွေ ကိုကို အလုပ်လုပ်ရပေမဲ့ တစ်ခါတလေလေး ထမင်းစားချိန် Lunch Break မှာ ကိုကို နာရီဝက်လောက် ထပ်မှိုယူလည်း ဘယ်သူမှ အပြစ်မပြောပါဘူးနော်၊ ကိုကို့လောက် အလုပ်ချိန်မှန်ပြီး ခွင့်ရက်မယူဘဲ အလုပ်လုပ်တဲ့သူကို တစ်ခါ





တလေ အပြင်ထွက်တာ ဘယ်သူကမှ ပြောမှာမဟုတ်ပါဘူး ကိုကိုရဲ့၊ အုံက အုံနဲ့ လိုက်စေချင်လွန်းလို့ပါ"

"အုံ ဘယ်သွားမှာမို့လဲ"

"ဒီဇိုင်နာဆီ"

"အကျႌအပ်မှာမဟုတ်လား၊ မိန်းမအကျႌအပ်တဲ့ဆိုင်ကို ကိုကိုက လိုက်လို့ကောင်းပါ့မလား"

"ကောင်းပါတယ် ကိုကိုရဲ့။ အုံသွားအပ်မှာက ထိုင်မသိမ်းလေ"

ဒီတော့မှ နက်ရှိုင်း သဘောပေါက်သွားသည်။ မကြာမီ လေးလလောက်အတွင်းမှာ နက်ရှိုင်းနဲ့ အုံတို့၏ မင်္ဂလာပွဲကျင်းပမည့်ရက်ကို သတ်မှတ်ပြီးနေလေပြီ။ အုံကတော့ မိန်းကလေးပီပီ မင်္ဂလာဆောင်အတွက် ပြင်ဆင်စရာတွေကို ခုတည်းက စိတ်လှုပ်ရှားစွာ ကြိုတင်ပြင်ဆင်နေပါသည်။

ဟိုတလောကဖင် လက်မှတ်ရေးထိုးပွဲမှာဝတ်ဖို့ မြန်မာဝတ်စုံနှင့် မင်္ဂလာဆွမ်းကျွေးပွဲမှာဝတ်ဖို့ မြန်မာဝတ်စုံတို့ကို တခြားဒီဇိုင်နာထံမှာ သွားအပ်ပြီးပြီဟု သိရသည်။ ညစာစားပွဲဝတ်စုံကိုတော့ ပူစရာမလိုတော့။ နက်ရှိုင်း၏ မိဘတွေကပင် စင်ကာပူကနေ ဝယ်လာပေးမည်ဟု ပြောသွားသဖြင့် အုံ့အတွက် ခေါင်းရှုပ်စရာတစ်ခု လျော့ပုံရသည်။



www.burmeseclassic.com

www.burmeseclassic.com



အခု ဒီနေ့တော့ တကယ့်ညစ်ခံပွဲကြီးမှာ ဝတ်ဖို့ ထိုင်မသိမ်းကို သွားအပ်မည့်အကြောင်း ပြောလာလေပြီ။

"ထိုင်မသိမ်းက နှစ်လလောက်လိုမှ အပ်ရင် မရဘူးလား"

"အံ့က စိတ်ပူတတ်တယ်၊ အားလုံး စောစောပဲအပ်ထားချင်တာလေ"

"ဟိုရောက်ရင် အံ့ပဲ စိတ်ကြိုက်ရွေးမှာပဲ၊ ကိုကိုက ထိုင်ကြည့်နေရမှာ။ နောက်ပြီး မိန်းမအင်္ကျီဆိုင်ဆိုတော့ အားလုံး မိန်းမတွေချည်းပဲ။ ကိုကိုက ထိုင်ကြည့်နေရတာ အူကြောင်ကြောင်ကြီး ဖြစ်နေတယ်၊ ငပေါကြီးလိုလို၊ မိန်းမတွေ လိုက်ချောင်းတဲ့ နှာဘူးကြီးလိုလိုဖြစ်နေတယ်"

"ဟာ ... ကိုကိုကလည်း မဟုတ်ကဟုတ်က လျှောက်ပြောနေပြန်ပြီ၊ ဘယ်သူကထင်မှာလဲ။ ကိုကိုက အံ့နဲ့လိုက်လာတာပဲ၊ ပြီးတော့ သတို့သမီးဝတ်စုံလာအပ်လို့ ကိုကိုကပါ အံ့အတွက် စိတ်ဝင်စားပြီးလိုက်ပေးတာပဲ။ ဘယ်သူမှ အဲဒီလို မဟုတ်တာတွေမထင်ပါဘူး။ သူတို့မြင်ရင် ပိုတောင် အားကျဦးမယ်။ ဟယ် ... ဒီလူက သူ့ချစ်သူလေးကို ဂရုစိုက်လိုက်တာဟယ်၊ ထိုင်မသိမ်း လာချုပ်တာကို လိုက်စောင့်ပေးတယ်ဆိုပြီး အားကျကြဦးမှာ"





"ကိုကို မလိုက်တော့ပါဘူး အံ့လေးရာ။ အံ့ဘာသာပဲ သွားလိုက်ပါ။ ကိုကို လာခေါ်မယ်ပြောပြီး ကတိပေးထားမိမှ ခက်မယ်၊ မတော်တဆ အရေးကြီးတဲ့အလုပ်ကိစ္စ ပေါ်လာခဲ့ရင် ကိုကို မလာဖြစ်ရင် အံ့ တစောင့်စောင့်နဲ့ စိတ်ဆိုးရလိမ့်မယ်နော် ဟုတ်ပြီလား။ အံ့ဘာသာပဲ သွားလိုက်ပါ။ အင်္ကျီရလို့ Fitting ချမှပဲ ကိုကို လိုက်ကြည့်ပေးမယ်လေ၊ အံ့ အစမ်းဝတ်ပြတာကို ကိုကို ကြည့်ပါမယ် ဟုတ်ပြီလား"

အံ့သည် သူမ လက်ကိုင်အိတ်၏ကြိုးလေးကို လက်နှစ်ဖက်ဖြင့် လိမ်ကျစ်ရင်း ခေါင်းငုံ့ကာငြိမ်နေပါသည်။ အံ့ဆီက အသံတိတ်လွန်းသည်မို့ နက်ရှိုင်းလည်း မနေသာတော့ဘဲ လက်တစ်ဖက်က ကားစတီယာရင်ကိုင်ရင်း ကျန်လက်တစ်ဖက်ဖြင့် ခေါင်းငုံ့နေသော အံ့မေးစေ့လေးကို အသာပင့်ရင်း ...

"ဟော့ ... အံ့ ဘာလို့ ငြိမ်နေတာလဲ၊ ကိုကို့ကို စိတ်မကောက်နဲ့လေ။ ကိုကို အလုပ်တစ်ဖက်နဲ့မို့ ထွက်လာဖို့၊ မလာဖို့ မသေချာလို့ပါ၊ ပြီးတော့ မိန်းမအင်္ကျီချုပ်တယ် ဆိုတာက ..."

"သိပါတယ် ကိုကို။ သိပါတယ် ကိုကိုက အံ့အတွက်ဆို ဘယ်တော့မှ အလေးအနက်မထားတတ်တာကို အံ့ သိပါတယ်။ အံ့က ကိုကို့ကို ပိုချစ်ရတယ်။ ကိုကိုက အံ့ကို သိပ်မချစ်ဘူးလို့ အံ့သူငယ်ချင်းတွေပြောတာ ကြားရတယ်လို့



www.burmeseclassic.com

www.burmeseclassic.com



ထင်တယ်။ အုံကချည်း သဲသဲလှုပ်ဖြစ်ပြနေတာ အေးလှ တောင်သိသာတယ်လေ၊ ပြီးတော့ အုံက ကိုကို့ကို ငယ်ငယ် လေးတည်းက ကျိတ်စွဲလမ်းလာရတဲ့သူပါ။ အုံ ဆယ့်လေး နှစ် ဆယ့်ငါးနှစ်အရွယ် ကလေးမက လူကြီးမကျအရွယ်မှာ ကိုကိုကတော့ အရွယ်ရောက်ပြီးတဲ့လူပျိုကြီးဖားဖားမို့ အုံ့မှာ တိတ်တခိုးနဲ့ ကျိတ်ချစ်လာခဲ့ရတာ၊ ငါ့ကို တစ်နေ့ကျ ကိုကိုက ချစ်မှချစ်လာပါ့မလားလို့ စပြီး ရူးခဲ့ရတာမို့ အုံက ပိုချစ်လာရတဲ့သူပါ ကိုကို။ ဒီတော့ ကိုကိုက အုံ ချစ်သလောက် ဘယ်ပြန်ချစ်နိုင်ပါ့မလဲ။ အုံ ဂရုစိုက် သလောက် ဘယ်ဂရုစိုက်ပါ့မလဲ။ ဒါကို အုံ နားလည်ပါ တယ်။ မင်္ဂလာဆောင်ဖို့ကိစ္စတွေမှာ နှစ်ယောက်အတူတူ စိတ်တူကိုယ်တူ လုပ်ရမှာတောင် ကိုကိုက စိတ်မှမပါတာ၊ အဲဒါကိုကြည့်ကတည်းက ကိုကိုဟာ အုံ့အပေါ်မှာ စိတ်ဝင် စားမှု နည်းကိုနည်းမှန်း သိပါတယ်လေ”

နက်ရှိုင်းသည် အုံ့အကျင့်အတိုင်း အသက်မရှူစတမ်း ဆက်တိုက်နီးပါး မျက်ရည်လေးဝဲတဲတဲ၊ အသံဆို့နင့်နင့် ကြေကွဲ သံဖြင့်ပြောသည်ကို လက်ဘယ်လောက်ကာပြီးတားတား အုံက မရပ်ပါ။ သူမ ပြောချင်တာတွေ ရွပ်စွဲချင်တာတွေကို ဆက်တိုက်ပင် ပြောဆို သွားပါတော့သည်။





“လက်မှတ်ထိုးပွဲဝတ်စုံနဲ့ မင်္ဂလာဆွမ်းကျွေးဝတ်စုံကို သွား ချုပ်တုန်းကလည်း ကိုကို မပါဘူး။ အဲဒီတုန်းကလည်း အုံ့မှာ တစ်ခါစိတ်မကောင်းဖြစ်ရသေးတယ်။ ပြီးတော့ ညစာစားပွဲဝတ်စုံကက်တလောက်ကို ကိုကို့အမေ အန်တီနှင်း နဲ့ အုံ တိုင်ပင်ပြီး ရွေးနေတော့လည်း ကိုကို့ကို ဒီပုံလေး ဘယ်လိုနေလဲ ဟိုပုံလေး ဘယ်လိုနေလဲမေးရင် အင်းမလုပ် အဲမလုပ်နဲ့ တစ်ခါတလေများ လှည့်တောင်မကြည့်ဘူး။ ရှင်းရှင်းပြောရရင် အုံက အဲဒီအချိန်တုန်းက ကိုကိုကစား နေတဲ့ X Box game ထဲမှာပါတဲ့ ဘောလုံးသမားတွေ စတီဗင်ဂျဲရာ့ထ်တို့၊ ဟယ်ရီကီးဝဲလ်တို့၊ ဥျန်တယ်ရီတို့၊ ဝိန်းရူနီတို့၊ ပီတာခရောက်ချ်တို့လောက်တောင် အရေးမပါ ခဲ့ပါဘူး”

နက်ရှိုင်းသည် အုံ ပြောပုံကို သဘောကျကာ ဘာမှ ဖြေရှင်းချက်မပြောမိဘဲ တဟားဟားသာ ရယ်မိလေသည်။ နက်ရှိုင်းက မြန်မာလူမျိုးပီသစွာပင် ဘောလုံးကိုတော့ ရူးလျက် အိမ်မှာ ဂိမ်းကစားလို့ရသော X Box စက်ကိုဝယ်ထားပြီး ကစား တာတောင် ဘောလုံးပွဲခွေတွေသာ ကစားသူဖြစ်ပါသည်။ ထိုနေ့က ဖြစ်ချင်တော့ တိုက်တိုက်ဆိုင်ဆိုင် FIFA 2007 ထုတ် ဘောလုံးကစား နည်းအခွေသစ်ကို ရလာလေရာ ထုံးစံအတိုင်း အစွဲကြီးစွဲလျက်



www.burmeseclassic.com

www.burmeseclassic.com



ဂိမ်းကို သဲကြီးမဲကြီးဖြစ်နေတုန်း အမေနဲ့ ဒေါ်ရွှေပိုးအုံတို့ကလည်း ဘေးကတစ်မှောင့် တဂျီဂျီ စာအုပ်တွေ လာလာထိုးပြပြီး ...

"အဖြူလှလား"

"ပန်းရောင်လေး ပိုကောင်းမလား"

"Miss Universe ဝတ်တဲ့ အရောင်လေး လှတယ်နော်"

တွေလုပ်ပြီး တိုင်ပင်လေရာ နက်ရှိုင်းမှာ ထိုမိန်းမ အင်္ကျီတွေကို ဘယ်လိုမှ စိတ်ဝင်စားလို့ မရခဲ့တာတော့ ဝန်ခံပါသည်။

သို့သော် အင်္ကျီကိစ္စ စိတ်မဝင်စားတာနဲ့ပဲ အုံ့ကို အရေးမလုပ်ဘူး၊ ဂရုမစိုက်ဘူး၊ မချစ်ပြဘူးဟူ၍တော့ အပြစ်ပြော၍မရပါ။ နက်ရှိုင်း ရင်ထဲမှာလည်း အုံ့ကို ချစ်ပါသည်။ ဘဝမှာ ဘယ်မိန်းကလေးကိုမှလည်း မချစ်ခဲ့ဖူးပါ။ အုံ့ကိုသာ ပထမဦးဆုံးချစ်မိလျက် အုံနဲ့သာ လက်ထပ်ဖို့အထိ အခြေအနေက ရှိလာခဲ့တာမို့ နက်ရှိုင်းဘဝတွင် အုံသာ အရင်ဆုံးနှင့် နောက်ဆုံး ချစ်ရသူမိန်းကလေးပဲ ဖြစ်ပါသည်။

ဒါပေမဲ့ ခက်တာက နက်ရှိုင်းသည် စိတ်ထဲမှာရှိတာကို ရှိတဲ့အတိုင်းသာထားတတ်ပြီး အပြင်ကို ထုတ်မပြတတ်တာပဲဖြစ်သည်။ အုံ့ကို ဘယ်လောက်ပဲချစ်ချစ် အုံနဲ့ပတ်သက်သော အသေးအဖွဲတွေကို လိုက်ပြီးမှတ်ထားရလောက်အောင်ထိ





တော့လည်း စိတ်ထဲမှာမပါလှပါ။ မှတ်တော့မှတ်ထားပေမဲ့ မေ့သွားတာကတော့ မတတ်နိုင်ပါ။ နက်ရှိုင်းက ကုမ္ပဏီတွင် အရေးပါသောနေရာမှာ အလုပ်လုပ်နေရလေရာ အရေးကြီးသော အလုပ်ကိစ္စတွေလည်း ခေါင်းထဲထည့်ရသဖြင့် မေဖို့လွယ်တာတွေ မေ့ကုန်တာတော့ ဘယ်လိုဖြေရှင်းရမည်နည်း။

"ကိုကို အုံ ဆင်းရမဲ့နေ့ရာရောက်ပြီလေ၊ ဘေးမှာရပ်ပေးဖို့ အချက်ကြိုပြထားလိုက်ဦးလေ"

အုံ အလုပ်လုပ်သော ကျောင်းနားနီးလာသဖြင့် အုံက ကြိုသတိပေးသံကြားမှ ...

"အင်းပါ ... ကိုကို သိပါတယ်"

"ညနေတော့ လာဖြစ်အောင်လာခဲ့ပါ ကိုကို။ ကလေးတွေက ကိုကို့ကိုလည်း ရင်းနှီးနေတော့ ဦးဦးနက်ရှိုင်း လာကြည့်မယ်ဆိုပြီး ဝမ်းသာနေကြတယ်၊ သူတို့တီချာအုံရဲ့ ဦးဦးနက်ရှိုင်းကလည်း သူတို့ကို ဂရုစိုက်တယ်ဆိုရင် သူတို့ ပိုအားတက်မှာပေါ့"

"အေးပါ ... စိတ်ချ လာမှာပါကွာ။ ဩော် ... ဒါနဲ့ အုံ။ မင်း သတို့သမီးဝတ်စုံကိစ္စ ဒီနေ့လိုကြားရက်မသွားဘဲ အခု တစ်ပတ်ပိတ်ရက်ကျမှ သွားပါလား။ အဲဒါဆို ကိုအုံ လိုက်ပေးလို့ရတယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"အုံ့ရဲ့ဒီဇိုင်နာမိန်းမလျာအုပ်စုက အခုလာမဲ့စနေမှာ မလေးရှားသွားကြမှာတဲ့။ ဟိုမှာဖွင့်တဲ့ တစ်လခွဲသင်တန်းပေါ့။ ဒီဇိုင်နာသင်တန်းကို သွားတက်ကြမှာတဲ့။ ဒါကြောင့် အုံ့က စောစောလေးကြိုပြီး ကိုယ့်အကျီကိုယ် သွားအပ်လိုက်တာပါ။ အုံ့ ဒီလောက်ကြိုအပ်မှ သူ ပြန်လာချိန် မြန်မြန်ချုပ်ပေးလိုက်ရင် မင်္ဂလာဆောင်အမီရဖို့ သေချာမှာလေ။ ဒါကြောင့်ပါ။ ရပါတယ် ကိုကို အုံ့ဘာသာပဲသွားပါ့မယ်"

"ကိုကို လိုက်ပေးနိုင်ရင် တကယ်လိုက်မှာပါ၊ အုံ့က စိတ်ပဲကြိုကောက်နေတာကိုး"

အုံ့သည် ကားတံခါးဖွင့် ဆင်းရင်း ခပ်မဲ့မဲ့လေး ပြုံးကာ ...

"ရပါတယ် ကိုကို။ အုံ့ ကိုကို့ကို ပိုချစ်ပါတယ်။ ဒီတော့ အုံ့က ကိုကို့ကို ပိုပြီးနားလည်ပေးနိုင်ပါတယ်"

ဟု ပြောပြီး ကားတံခါးကို အသာပြန်ပိတ်သွားလေသည်။

နက်ရှိုင်းသည် ကားကို ချက်ချင်းမောင်းမထွက်သွားသေးဘဲ ကျောင်းဝင်းထဲ လမ်းလျှောက်ဝင်သွားသော အုံ့ကို ခပ်ပြုံးပြုံးလေး ခေါင်းခါရင်း ကြည့်နေမိပါသည်။





"တယ်ခက်တဲ့ကောင်မလေးပဲ၊ ပြောလိုက်ရင် ငါက သူ့ကို မချစ်တဲ့အတိုင်းပဲ"

နက်ရှိုင်း ရေရွတ်နေစဉ် ကျောင်းဝင်းထဲမှ ကမ္ဘားရှုးထိုး လမ်းလျှောက်ထွက်လာသော အုံ့နှင့်ရွယ်တူလောက်ရှိမည့် ဂျင်းဘောင်းဘီဝတ် ကောင်လေးတစ်ယောက်သည် ကျောင်းဝင်းထဲဝင်လာသော အုံ့နံဘေးမှဖြတ်စဉ် သူ လွယ်ထားသည့် ကျောပိုးအိတ်ကြီးဖြင့် အုံ့ပခုံးကို ပြင်းပြင်းထန်ထန် ဝင်တိုက်သွားပါတော့သည်။ အုံ့မှာ လည်ခနဲဖြစ်သွားလျက် လက်ထဲမှာပိုက်လာသော သီချင်းနုတ်(စ)များ ညှပ်ထားသည့် ဖိုင်လ်လေးပင် လွတ်ကျသွားပါသည်။ သို့သော် ထိုကောင်လေးကတော့ အုံ့ကို လှည့်ပင်မကြည့်၊ 'ဆောရီး' ဟုပင် လှည့်မပြော၊ မိန်းကလေးတစ်ယောက် လွတ်ကျသွားသော ဖိုင်လ်လေးကိုပင် ပြန်ကောက်ပေးဖော်မရဘဲ ဘာတွေအရေးကြီးနေမှန်းမသိ အရေးကြီးနေသောပုံစံဖြင့် ဆက်လျှောက်သွားလေရာ လှမ်းကြည့်နေသည့် နက်ရှိုင်းမှာ ...

"ဟာ ... ဒီကောင် ရိုင်းလိုက်တဲ့ကောင်"

ဟု ရေရွတ်ရင်း ကားပေါ်မှ ဆင်းလာခဲ့သည်။ အုံ့ကလည်း သူမကို ဝင်တိုက်သွားပြီး တစ်ချက်လေးမှတောင် တောင်းပန်သွားဖော်မရသော ကောင်လေးကို မျက်မှောင်ကြုတ် ကြည့်ကျန်ရစ်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ဟေး ... ဘယ်လိုလဲ နည်းနည်းပါးပါးတော့ ဆောရီး ပြောခဲ့ဦးမှပေါ့"

လို့ လှမ်းအော်ပြောနေလေသည်။

ထိုကောင်လေးကတော့ အုံ့အသံကြောင့် တစ်ချက်မျှ လှည့်ကြည့်ပေမဲ့ ခြေလှမ်းတွေကိုတော့ မရပ်လိုက်ဘဲ ...

"ဆောရီး"

ဟု ပြီးပြီးရောသဘောဖြင့် လှည့်အော်ပြောသွားရုံသာ တုံ့ပြန်ပါသည်။

နက်ရှိုင်း အနားရောက်လာတော့ အုံ့က ဖိုင်လ်ကိုပင် ပြန်ကောက်ပြီးနေပြီ။

"အုံ့ ဘယ်နာသွားသေးလဲ"

"ကိုကို ဘာလို့ ဆင်းလာတာလဲ၊ အုံ့ ဘာမှ မဖြစ်ပါဘူး"

"ဟိုကောင် တအားဝင်တိုက်သွားပြီး လှည့်တောင်မကြည့်တော့ ရုတ်တရက်ဒေါသဖြစ်သွားပြီး ဆင်းလာမိတာပါ"

"ကိုကို အလုပ်နောက်ကျနေဦးမယ်၊ သွားတော့ ရတယ် အုံ့ ဘာမှမဖြစ်ဘူး၊ လမ်းမှာ Traffic တွေ သိပ်ကျပ်နေရင် ကိုကို Meeting မမီဘဲနေဦးမယ်"

"ဟုတ်ပြီ ကိုကို သွားပြီ အုံ့ ပန်းနာသွားလား သိချင်လို့ပါ"

"မနာပါဘူး ရတယ်၊ အုံ့ ဘာမှမဖြစ်ဘူး"





ထို့နောက် နက်ရှိုင်းသည်လည်း ကားမောင်းပြီး ထွက်လာ အုံ့လည်း ကျောင်းအဆောက်အအုံထဲဝင်သွားခြင်းဖြင့် ခွဲခွာလိုက်ကြပါသည်။

အုံ့ကတော့ ကိုကို ဂရုတစိုက်ပြေးဆင်းလာပြီး စိတ်ပူပေးဖော်ရသဖြင့် ထိုသို့ဂရုစိုက်ခံရတာလေးကိုပဲ ပီတိအဖြစ်ကြီးဖြစ်လျက် ကိုကို ဒီနေ့နေ့လယ် လိုက်မပေးနိုင်တာကိုတောင် စိတ်အားငယ်ကြေကွဲနေဖို့ မေ့သွားပါပြီ။

❤ ❀ ❤



www.burmeseclassic.com

www.burmeseclassic.com



# ၃

နေ့လယ် ထမင်းစားချိန်တွေမှာ နက်ရှိုင်းတို့လို လခကောင်းပြီး ငွေကြေးသိပ်တွက်ချက်မနေရဘဲ သုံးချင်ရာသုံးနိုင်သော လူပျိုလူလွတ်တချို့ကတော့ ကုမ္ပဏီ အဆောက်အအုံရှိရာနားမှာ ဖွင့်ထားသည့် တရုတ်၊ ဂျပန်၊ ထိုင်း၊ မလေးရှား၊ အိန္ဒိယနှင့် မြန်မာအစားအစာများရောင်းချသော ဆိုင်တချို့မှာ ထွက်စားကြတာများပါသည်။

ဒီနေ့လည်း နေ့လယ်ဆယ့်နှစ်နာရီ ထမင်းစား Break ရသောအခါ နက်ရှိုင်းသည် မနက်က အုံမှာထားသည်ကို သတိရပြီး အုံ့ဆီသွားရင်ကောင်းမလား တွေးနေတုန်း နက်ရှိုင်းနှင့် ကျောင်းနေဖက်လည်းဖြစ်သော အခုလည်း ရာထူးအတူတူ အလုပ်အတူတူ လုပ်နေဆဲဖြစ်သော သူငယ်ချင်း ဒေါက်တာလွင်ဦးက ...





"ဟေ့ ... ဘယ်လိုလဲ နက်ရှိုင်း၊ ဒီနေ့ ဘာစားမယ်လို့ စဉ်းစားထားလဲ"

ဟု သူ့အလုပ်စားပွဲကို ရောက်လာပြီးမေးပါသည်။

"အုံက ငါ့ကို နေ့လယ်အားရင် သူနဲ့ ခဏလိုက်ခဲ့ပေးဖို့တော့ ခေါ်ထားတယ်ကွာ၊ အဲဒါ သွားရင်ကောင်းမလား စဉ်းစားနေတာ"

လွင်ဦးက နက်ရှိုင်း ချစ်သူ ရွှေပိုးအုံကိုလည်း သိကျွမ်းပါသည်။

"သေသေချာချာ ချိန်းထားလို့လား"

"ချိန်းမထားပါဘူး။ ငါလည်း လာဖြစ်အောင်လာမယ်လို့ ကတိမပေးခဲ့ပါဘူး"

"ဒါဆိုလည်း သွားမနေပါနဲ့ကွာ၊ ဟိုလူတွေ ကိုတိုးတို့၊ အောင်သူရတို့ကလည်း မင်းနဲ့ ဆုံချင်တယ်တဲ့။ ဒီနေ့ မဆုံလို့မဖြစ်ဘူးတဲ့"

"ဟား ဟား ... ငါ သိပါတယ်ကွာ၊ ငါနဲ့ UEFA Cup (ယူအီးအက်(ဖ)အေကပ်(ပ)) လောင်းမလို့ပါ၊ ဒီည ပွဲကြီးပွဲကောင်းလေ၊ Liverpool နဲ့ AC Milan တွေ့ကြမှာကွ၊ အေးကွာ ဒါဆိုလည်း အုံ့ဆီမသွားတော့ပါဘူး"

"ဘာစားရင်ကောင်းမလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟိုလူတွေက ဘာစားကြမယ်ပြောလဲ"

"ဆူရှီ (Sushi) စားမယ်ပြောနေတယ်"

"ငါ ဂျပန်စာမကြိုက်ဘူးကွ"

"ဒါဖြင့် မင်း ကြိုက်တာရွေးလိုက်ကွာ၊ သူတို့က ဘာစားရစားရပါ။ မင်းနဲ့ တွေ့ဖို့အဓိက ဖြစ်နေတာပါ။ ကဲ ... လာ သွားကြရအောင်"

နက်ရှိုင်းနဲ့ လွင်ဦးတို့နှစ်ယောက်သား ဓာတ်လှေကားမှတစ်ဆင့် အောက်ကိုအတူဆင်းလာကြသည်။ အောက်ဆုံးထပ်မှာ ဓာတ်လှေကားတံခါး ပွင့်ပွင့်ချင်း မြင်ရတာက အပေါက်ဝတွင် ရပ်စောင့်နေကြသော ကိုတိုးဝေနဲ့ အောင်သူရတို့ပင်ဖြစ်သည်။

ကိုတိုးဝေကတော့ ဆရာဝန်ဘွဲ့ရမဟုတ်။ Finance (ဖိုင်းနန့်(စ))ပိုင်းနှင့်ပတ်သက်သော ဘွဲ့တွေ ဒီပလိုမာတွေ ရထားသူဖြစ်ပါသည်။ သူကလည်း အသက်သုံးဆယ်ကျော် လူပျိုကြီးတစ်ယောက်ဖြစ်နေပြီး မိဘကိုလည်း သိပ်ထောက်ပံ့စရာမလိုသော စီးပွားရေးပြည့်စုံသူဖြစ်ရာ နေ့တိုင်း နေ့လယ်စာအပြင်ထွက်စားဖို့ အမြဲမပါနိုင်လေသည်။

အောင်သူရကတော့ ITနဲ့ ကျောင်းပြီးထားသူဖြစ်ပြီး အခုမှ အလုပ်ဝင်တာခြောက်လပင် မပြည့်သေးသလို နက်ရှိုင်းတို့ထက်လည်းငယ်ပြီး ဘာမှလဲ အပူအပင်မရှိသော ဘဝမို့ သူ





ကလည်း နေ့လယ်စာထမင်းဘူး ယူမလာဘဲ အပြင်မှာထွက်စားနိုင်လေသည်။

ဒီကုမ္ပဏီမှာတော့ နေ့ခင်းသုံးနာရီလောက်ဆိုရင်တော့ ကော်ဖီ၊ လက်ဖက်ရည်တစ်ခွက်စီနဲ့ မုန့်တစ်ခုတော့ လူတိုင်းကို ကျွေးပါသည်။ နေ့လယ်စာကိုသာ ကိုယ့်အစီအစဉ်နဲ့ကိုယ် ဖြေရှင်းကြရတာဖြစ်ပါသည်။

"ကိုနက်ရှိုင်း ဘယ်လိုလဲ ဒီညပွဲအတွက် အဆင်သင့်ပဲလား"

အောင်သူရက နက်ရှိုင်းကို တွေ့တွေ့ချင်း လှမ်းအော်တော့သည်။ ယောကျာ်းလေးတွေပီပီ ဘောလုံးပွဲတော့အသည်းစွဲလျက် တစ်နှစ်ပတ်လုံးကန်နေသော ဘောလုံးပွဲ ဘယ်ပွဲမဆိုဘာ Cupပဲဖြစ်ဖြစ် စိတ်ဝင်စားကြသူတွေထဲမှာ နက်ရှိုင်းကတော့ထိပ်ဆုံးမှပါလေသည်။ ဆေးကျောင်းမှာတုန်းကလည်း ကျောင်းဘောလုံးအသင်းမှာ ပါဖြစ်အောင်ပါလိုက်သေးသည်။ ကျောင်းပြီးတော့ အလုပ်တာဝန်ကိုယ်စီနှင့် ကိုယ်တိုင်မကန်နိုင်တော့သောအခါ သူများကန်သောပွဲတွေ မလွတ်တမ်းကြည့်၊ XBoxစက်ဖြင့်လည်းကစားနှင့် အုံကတော့ ...

"ယောကျာ်းတစ်ယောက်မှာ တစ်ခုခုတော့စွဲတဲ့အကျင့်စရိုက်ရှိကြတယ်တဲ့။ တချို့က အရက်စွဲတယ်၊ တချို့က



www.burmeseclassic.com

www.burmeseclassic.com



လောင်းကစားစွဲတယ်၊ တချို့က မိန်းမပွေတဲ့အကျင့်စွဲတယ်၊ တချို့က ဆေးလိပ်စွဲတယ်တဲ့။ အံ့ရဲ့ ကိုကိုကျတော့ ဘောလုံးစွဲနေတာလေ”

ဟူ၍ ကြိကြိဖန်ဖန်ဝေဖန်တတ်သေးလေသည်။

“ဘယ်မှာစားကြမလဲ”

“ဆူရှီစားကြည့်မလားလို့”

“နေ့လယ်စာဗျာ ဗိုက်ဝအောင် တရုတ်စာပဲ စားကြရအောင်၊ ကျွန်တော် မနက်က ဘာမှ မစားခဲ့ဘူး”

“ရွှေပိုးအုံက လာမပြင်ဆင်ပေးလို့လား”

ကိုတိုးဝေတို့လည်း နက်ရှိုင်း၏ချစ်သူ ရွှေပိုးအုံဆိုတာ မြင်လည်းမြင်ဖူးပြီး သိထားပြီးနေပါသည်။

“သူ လာပြင်ဆင်ပေးပါတယ်၊ ကျွန်တော်ကသာ တီးတစ်ခွက်ပဲသောက်ပြီး မုန့်မစားဖြစ်တာပါ၊ သူ့လက် ဟဲဒရိုင်ယာ အပူလောင်သွားလို့ သွားကူညီပေးရင်း မုန့်ကလည်း ကင်ထားတာကြာတော့ အေးပြီးမာသွားတော့ စားလို့မကောင်းတာနဲ့ ထားခဲ့တယ်၊ အဲ ... ထားခဲ့တာမဟုတ်ဘူးဗျာ။ အုံမမြင်အောင် အမှိုက်ပုံထဲ တိတ်တိတ်ပစ်ခဲ့တာပါ၊ သူက မစားရင် တဖွဖွပြောဦးမယ်လေ”

လွင်ဦးက ရယ်မောပြီးပြောလေသည်။





“ကြောက်တာတော့မဟုတ်ဘူးကွာ၊ မင်း သိတဲ့အတိုင်းပဲ မိန်းမတွေက အကြောင်းအရာတစ်ခုခုကို ထပ်ခါထပ်ခါ ပြောပြီး မပြီးနိုင်မစီးနိုင် ရေရွတ်တတ်တာလေ။ မင်းအမေ ငါ့အမေတွေလည်း အဲဒီလိုပဲပေါ့။ အဲဒီလိုပဲ အုံလည်း သူ့အမေအကျင့်ပါပြီး ခုတည်းက ဗျစ်တောက်ဗျစ်တောက် ပြောတတ်နေပြီ”

“ဟုတ်တယ်ကွာ အိမ်မှာ မင်းကမှ အမေပဲရှိသေးလို့ နားငြီးဒဏ် တစ်ယောက်စီကပဲခံရစရာရှိတယ်၊ ငါ့မှာကွာ အစ်မတွေ ညီမတွေ ပတ်ချာဝိုင်းနေတော့ ပိုဆိုးရောကွာ”

“ဟုတ်တယ် ... ဟုတ်တယ် ဒါကြောင့် မြန်မာစကားတောင်ရှိသေးတယ် “ကျော့ပူတာပဲခံနိုင်တယ်၊ နားပူတာတော့ မခံနိုင်ဘူး”ဆိုတာလေ၊ အဲဒီဆိုရိုးစကားက အလကားနေရင်း ပေါ်လာတာမဟုတ်ဘူး။ ရှေးလူကြီးတွေ သူတို့လက်တွေ့ခံခဲ့ရလို့ ပေါ်လာတာ”

အောင်သူရကပါ ဝင်၍ ထောက်ခံပြောပါသည်။ စားသောက်ဆိုင်လေးမှာ နေ့လယ်ထမင်းစားချိန်မို့ လူလည်းစည်ကားနေပါသည်။ နက်ရှိုင်းတို့လေးယောက်ကတော့ တစ်ဝိုင်းယူပြီး တစ်ယောက်တစ်မျိုး မှာစားရင်း စကားပြောဖြစ်ကြတာ ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



နက်ရှိုင်းက ထမင်းကြော်။ လွင်ဦးက ထမင်းပေါင်း၊ ကိုတိုးဝေက ကြေးအိုးနှင့် အောင်သူရက ဘဲပေါင်းဆီချက် မှာစားကြလေသည်။ စားရင်းစကားပြောရင်း တစ်ချက်မှာ ကိုတိုးဝေက အချဉ်ထည့်ရန်ချထားသော ပန်းကန်ပြားလေးထဲ အချဉ်ရည်ထပ်ဖြည့်ရန် လက်အလှမ်းမှာ မထင်မှတ်ဘဲ သူ မှာသောက်နေသော Max အချိုရည်ပုလင်းကို သူ့တံတောင်ဆစ်နှင့် တိုက်မိသွားပါသည်။ ပုလင်းက ကြမ်းခင်းကြွေပြားပေါ် ကျသွားလျှင် ကျသည့်အရှိန်ဖြင့် ချက်ချင်းကွဲပါသည်။

စားပွဲထိုးက ချက်ချင်းရောက်လာပြီး မတ်တတ်ကော်ပြားနှင့် မတ်တတ်ရပ်၍ လှည်းလျှင်ရသော ဘရုပ်ဖြင့် လာသိမ်းဆည်းလျှင် ...

"ညီလေး ပုလင်းဖိုး လျော်ပေးမယ်နော်၊ ဆောရီး အစ်ကို မတော်တဆ တိုက်မိသွားလို့ မင်း အလုပ်ရှုပ်သွားပြီ"

ကိုတိုးဝေက အားနာပြီးပြောသည်။

"ရပါတယ် အစ်ကို။ ကိစ္စမရှိပါဘူး။ ဒါမျိုးဖြစ်တတ်ပါတယ်၊ အစ်ကို အချိုရည် နောက်ထပ်မှာဦးမလား"

"မမှာတော့ပါဘူးကွာ"

ကောင်လေး သိမ်းဆည်းသန့်ရှင်းပြီး ထွက်သွားမှ ကိုတိုးဝေက ရယ်သလိုမောသလိုလုပ်ရင်း ...





"ဟား ဟား ... ဒီနေ့ ကံမကောင်းဘူးထင်တယ်၊ ညပွဲကို မလောင်းရင်ကောင်းမယ်၊ ငါ ရှုံးလိမ့်မယ်ကွ"

ဟု ပြောပါသည်။

"ကိုတိုး မလောင်းရင်လည်းရပါတယ်၊ ကျွန်တော်နဲ့ ကိုနက်ရှိုင်းကတော့ ပြောပြီးသား"

"အလကားပြောတာပါကွာ၊ ငါက အယူမသီးတတ်ပါဘူး။ အယူသီးပြီး လိုက်နိမိတ်ကောက်တိုင်းသာ ကောင်းတာ၊ မကောင်းတာဖြစ်နေရရင် ဘဝဆိုတာ ဘယ်အဓိပ္ပာယ်ရှိတော့မှာလဲ။ ဥပမာကွာ ဖန်ခွက်ကျကွဲတဲ့ပြကွက်ကိုပြပြီး တစ်နေရာရာမှာ တစ်ယောက်ယောက်က Accident ဖြစ်တာကို ပြတာမျိုးကတော့ ရုပ်ရှင်ထဲမှာပဲ ရှိတာပါ"

"အံ့ကတော့ သိပ်အယူမသီးတတ်ဘူးဗျ"

ဟူ၍ သတိတရ ဝင်ပြောပါသည်။

"ဒါဖြင့် ဘယ်သူက အယူသီးတတ်လဲ"

"ကျွန်တော်လေ ကျွန်တော်က သူ့ထက်တောင် ပိုအယူသီးတတ်သေးတယ်"

"ဟာ ... ဟုတ်လား၊ နက်ရှိုင်းရာ မင်းကအယူသီးတတ်လား"

"သိပ်ပြီးအယူသီးတာတော့ မဟုတ်ပါဘူး၊ တစ်ခါတလေကျရင်ဗျာ ညက အိပ်မက်ဆိုးမက်ထားတာပဲဖြစ်ဖြစ်ပေါ့၊



www.burmeseclassic.com

www.burmeseclassic.com



တချို့ရက်တွေမှာ အိမ်က စ,ထွက်ထွက်လာချင်းကကို အဆင်မပြေတာနဲ့ကြုံရင် တစ်နေကုန်ဆက်တိုက် အဆင်မပြေတော့ဘူးဆိုပြီး တွေးနေတာမျိုးပေါ့။ အဲဒီလိုနေ့တွေဆိုရင် ကျွန်တော့်စိတ်တွေက အယူသီးနေတတ်ရော၊ အုံ့ကိုပြောမိရင် သူကတော့ ပေါတင်ကို ဟားတာပဲ။ အုံ့က မိန်းကလေးပေမဲ့ အယူမသီးတတ်ဘူးဗျ၊ ဒါကြောင့် မင်္ဂလာပွဲမှာဝတ်မဲ့အရောင်တောင် တခြားမိန်းကလေးတွေလို မင်္ဂလာအရောင်ပဲ ဝတ်မယ်တွေ ဘာတွေ မရှိဘူး။ သူ့မျက်စိထဲကြိုက်တဲ့အရောင် ဝတ်တာပဲချတာပဲ။ သူကြိုက်ရင် ဘယ်သူမှ တားမရဘူး ရွေးလိုက်တာပဲ။ ဒါကြောင့် သူ ငယ်ငယ်တည်းက တစ်သက်လုံး အဆင်ပြေလာတဲ့ ကျွန်တော့်အမေနဲ့တောင် မင်္ဂလာဆောင်မှာဝတ်မဲ့ အရောင်ရွေးတဲ့ကိစ္စနဲ့ သိပ်မကျေမလည်တွေဖြစ်လာတယ်၊ အမေတို့ကတော့ အယူသီးချင်တယ်လေ"

နက်ရှိုင်းသည် သတိတရဖြင့် အုံ့အကြောင်းပြောပြသည်ကို ကျန်တဲ့သူတွေလည်း အလိုက်သိစွာ နားထောင်ပေးကြသည်။

တကယ်တော့ နက်ရှိုင်းရဲ့အကျင့်က ပါးစပ်မှ ထုတ်ပြောပြီး တဖွဖွချစ်ပြ၊ သည်းပြ၊ ဂရုစိုက်ပြတာမျိုး မရှိလှပါ။





သို့သော် အချိန်တိုင်း စကားပြောတိုင်းမှာတော့ တစ်နေ့တစ်ခါလောက် အနည်းဆုံး အုံ့အကြောင်းပါတတ်လေရာ ကိုတိုးဝေတို့၊ လွင်ဦးတို့ အောင်သူရတို့အမြင်မှာတော့ နက်ရှိုင်းဟာ အုံ့ကို သိပ်ချစ်သူဟု သိထားကြပါသည်။

အုံ့ကတော့ အမြဲအထင်မြင်လွဲလျက် သူက ပိုချစ်ရသူ၊ ပိုဂရုစိုက်ရသူ၊ ပိုအလေးအနက် ထားရသူဟု စွပ်စွဲလျက် ဝမ်းနည်းပြတတ်မှန်းသိပေမဲ့ နက်ရှိုင်းစိတ်ကတော့ ဘာကြောင့်ရယ်မသိ။ ပြန်ရှင်းပြမနေတတ်ပါ။ ပြန်ဖြေရှင်းမနေတတ်ပါ။ အဲဒါသည် နက်ရှိုင်းရဲ့ ပြင်မရသော အကျင့်ကြီးတစ်ခုကဲ့သို့ပင် ဖြစ်နေသည့်အတွက် ချစ်သူ အုံ့ကို သူ ဘယ်လောက်ချစ်ကြောင်း သေသေချာချာ အသိမပေးမိသလို ဖြစ်နေပါသည်။

"အခု သူက ဘာအရောင်တွေ ရွေးထားလဲ"

လွင်ဦးက မေးလိုက်သဖြင့် နက်ရှိုင်း စဉ်းစားပြီး တစ်ခုချင်းပြောရသည်။

ပွဲကများသဖြင့် ဘယ်ပွဲဘယ်အရောင် ဆိုတာ မနည်းမှတ်ထားရသည်။ မမှတ်ထားမြန်လျှင် ဒေါ်ရွှေပိုးအုံ့တို့က စိတ်ကောက်ပြီး ငိုဦးမည်။

"လက်မှတ်ထိုးတာ တစ်ရက်ကွာ၊ အဲဒီနေ့ကို သူ့အကြိုက် အစိမ်းရင့်တဲ့။ သူက တခြားမိန်းကလေးတွေလို မဟုတ်ဘူး၊



www.burmeseclassic.com

www.burmeseclassic.com



အစိမ်းရင့်ရောင် Crazy ကွ။ အမေကတော့ ကြံဖန်ပြီး စိမ်းကားမဲ့သဘောကြီးမို့ မကြိုက်ဘူးပြောနေတာ။ အဲ့နဲ့ တစ်ပွဲချလိုက်သေးတယ်လေ။ နောက်တော့လည်း အမေပဲ ရှုံးသွားတာပါပဲကွာ"

"ရှုံးမှာပေါ့ သားတစ်ယောက်လုံးကတော့ ကိုယ့်ရည်းစား ဘက်ကိုယ်ပါနေတာကိုး"

"ဒါပေါ့ကွ မင်းလည်း တစ်နေ့ အဲဒီလိုဖြစ်မှာပဲ"

"အမေတွေဘဝကကွာ အထူးသဖြင့် သားရှင်အမေတွေ ဘဝက ပြန်စဉ်းစားကြည့်ရင်း သနားစရာပါကွာ။ တစ်သက်လုံး လူလားမြောက်အောင် ကိုယ် ကျွေးမွေးပြုစုခဲ့တဲ့ သားက မိန်းမလည်းယူရော မိန်းမဘက် လုံးလုံးပါပြီး မိန်းမ တစ်သဘောတည်းဖြစ်ကုန်ကြတော့ သူတို့ဘက်က ကြည့်ရင် ဘယ်လောက်ရင်နာလိုက်မလဲ။ ဒါကြောင့် သမီးမွေးရတာ တန်တယ်လို့ ထင်တယ်။ မိန်းကလေးတွေကတော့ အများစုက အဖေအမေပေါ် ပိုသိတတ်ကြတယ်လေ"

လွင်ဦး အပြောကို နက်ရှိုင်း ပြုံးဖြီးဖြီးဖြင့်သာ နားထောင်နေလိုက်သည်။ အမေ့ကို ချစ်ပေမဲ့ အမေ့ဘက်ကျ သိပ်မပါချင်ဘဲ ချစ်သူဘက် ပိုပြီးပါနေတာတော့ မတတ်နိုင်ပါ။ ပြီးတော့ မင်္ဂလာဆောင်မှာ အဲ့ ဝတ်မဲ့စားမဲ့ ကိစ္စဟာ အမေနဲ့



သိပ်မဆိုင်ဘူးလို့လည်း ထင်မိသည်။ အမေ ဝတ်ရတာမှ မဟုတ်တာ။ အဲ့ ဝတ်တာပဲလို့ သူ တွေးနေခဲ့မိပါသည်။

"လက်မှတ်ထိုးတဲ့နေ့ရယ်၊ မင်္ဂလာဆွမ်းကျွေးနေ့ရယ်၊ ထိုင်မသိမ်းဝတ် ညှော်ခံမဲ့နေ့ရယ်၊ ညဘက်ဒင်နာရယ် ဟာ ... ချဲ့ပါ့ကွာ၊ အေးပေါ့လေ ပိုက်ဆံတတ်နိုင်ရင် တတ်နိုင်သလောက်ချဲ့ကြပေါ့၊ မင်းက တစ်ဦးတည်းသော သားပဲ၊ ပုံအောလုပ်ပေးမှာပေါ့"

ကိုတိုးဇေက အားကျပြီး ပွဲတွေလက်ချိုးရေကာပြောပါသည်။

"သူတို့သဘောကျတဲ့ မိန်းကလေးလည်း ဖြစ်နေလို့ပါ ဟုတ်တယ်မဟုတ်လား ကိုနက်ရှိုင်း။ ရွှေပိုးအဲ့က သူတို့အကြိုက် သတို့သမီးလောင်း မဟုတ်လား"

"အဲဒါလည်းပါမှာပေါ့လေ။ အဲ့နဲ့ ငါက ငယ်ငယ်တည်းက သိကျွမ်းလာကြတဲ့သူတွေ။ မိဘချင်းလည်း မိတ်ရင်းဆွေရင်း အတွင်းသိတွေဆိုတော့ အဲ့ ဆိုတာက သူတို့ မျက်စိအောက်တင် ကြီးလာတဲ့မိန်းကလေးမို့ သူတို့ သဘောကျကြပါတယ်။ ရှင်းရှင်းပြောရရင် အဲ့-ဆယ့်ရှစ်နှစ်မှာ ရည်းစားစထားတဲ့ အရင်ဆုံးရည်းစားကလည်း ငါပဲ။ အဲ့ဘဝမှာ ဘယ်ယောက်ျားလေးနဲ့မှလဲ ရှုပ်ရှုပ်ယှက်ယှက် မရှိဖူးဘူး

www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့ သူတို့က ဒါကို သိပ်သဘောကျကြတယ်။ ငါက အုံ့ကို ကြိုက်မိပေလို့ပဲ၊ မကြိုက်မိခဲ့ရင် တစ်နေ့ကျ သူတို့ ကိုယ်တိုင်ပဲ အတင်းစေ့စပ်ပြီး အတင်းပေးစားကြမယ် ထင်တယ်”

အားလုံး စားသောက်ပြီး စကားတပြောပြောဖြင့် အလုပ်ရှိရာ ရုံးခန်းတွေဆီ ပြန်လာခဲ့ကြပါသည်။ နက်ရှိုင်းနဲ့ လွင်ဦးတို့က ရှစ်ထပ်မှာ ရုံးခန်းရှိသဖြင့် ရှစ်ထပ်ကို ဆက်တက်လာပြီး ကိုတိုးဝေနဲ့ အောင်သူရတို့ကတော့ ခုနစ်ထပ်မှာ ကျန်ခဲ့ကြသည်။

“ညနေကျရင်ကွာ အုံ့ ကျောင်းက ကလေးတွေ တီးကြမှုတ်ကြမဲ့ပွဲကို သွားဖို့ရှိတယ်၊ ရုံးကနေ ငါးနာရီအတိ ထွက်ဖြစ်မှဖြစ်မယ်၊ အိမ်ရောက်တာနဲ့ ရေအမြန်ချိုး၊ အဝတ်အစားလဲပြီး ပြန်ထွက်ရမှာကွ။ အလုပ်ဆင်းခါနီးမှ လုပ်စရာတွေ ပုံမလာပါစေနဲ့ပဲ ဆုတောင်းရမယ်”

“ဘာပွဲလဲ”

“သူတို့ထက်အကြီးတန်းတွေ ကျောင်းဆင်းပွဲ လက်မှတ်ပေးပွဲပေါ့၊ အဲဒီမှာ အုံ့ကလေးတွေက ဝတ်စုံပြည့်နဲ့ပေါ့ကွာ၊ နိုင်ငံခြားမှာ Concert(ကွန်ဆာ့ထ်)တွေမှာ တီးသလိုပေါ့၊ တီးဝိုင်းကြီးနဲ့ တီးကြမယ်၊ ဒီပွဲက အုံ့ သူတို့ကို Music





သင်နေတဲ့ကာလမှာ ပထမဆုံးပွဲကြီးမှာ တီးရတာဆိုတော့ အုံ့က ငါ့ကို လာကြည့်စေချင်တယ်၊ သူ့ရဲ့ ညွှန်သည်စာရင်းမှာတောင် ငါ့နာမည်ပဲ ထည့်ထားတော့ မသွားလို့မဖြစ်ဘူး။ သူ စပ်ထားတဲ့ ကလေးသီချင်းတစ်ပုဒ်ကိုလည်း တီးပြဆိုပြရမယ်ပြောတယ်”

“သူက ဒါဆို တကယ့်အနုပညာရှင်ပဲ။ သီချင်းလည်းရေးတတ်တယ်။ စန္ဒရားလည်း တော်တော်ကို တီးတတ်တာနော်”

“ဝါသနာပါလို့ကို ဆိုနေတီးနေတာကွ။ သူက ဘာအောင်မြင်ကျော်ကြားမှုမှ မလိုချင်လို့ ဒီတိုင်းနေနေတာပါ။ သူ စီးရီးထုတ်ချင်တယ်ဆိုလည်း သူ့မိဘက လုပ်ပေးနိုင်တာပဲ၊ သူက အဲဒီလို မလုပ်ချင်ဘူးတဲ့။ ကလေးတွေကို သင်ရတာ ပိုပျော်တယ်တဲ့”

“အေးကွာ အဲဒါဆိုလည်း မင်း ရောက်အောင်သွားလိုက်ပေါ့။ ရုံးဆင်းခါနီးမှ လုပ်စရာပုံလာရင် ငါ့ကို ခွဲပေးလေ ငါ ကူလုပ်ပေးပါ့မယ်။ ခုလောလောဆယ်တော့ ငါ့မှာက မင်းလို အတွယ်အတာကမရှိတော့ လွတ်လပ်နေတယ် ... ဟား ဟား”

“မြတ်မြတ်ခင်က အဖြေမပေးသေးဘူးလား”



www.burmeseclassic.com

www.burmeseclassic.com



လွှင်ဦးမှာတော့ ကျောင်းတုန်းကတည်းက ကြိုးစားလာသည့် အတန်းတူသူငယ်ချင်း မြတ်မြတ်ခင်ရှိသည်။ မြတ်မြတ်ခင်ကတော့ ဆေးရုံမှာ အလုပ်ဝင်ပြီး ဆေးကုသော်ဆရာဝန်ဘဝကို ခံယူထားပါသည်။ လွှင်ဦး အကြိမ်တစ်ရာမက ဖွင့်ပြောထားပြီးပေမဲ့ ခုထိ ဘာသံမှမကြားရသေး။ မြတ်မြတ်ခင်ထံမှာလည်း ချစ်သူမရှိသေးဘဲ လွှင်ဦးကိုလည်း မရွေးသေးသည်မှာ ဆန်းတော့ဆန်းသည်။

နက်ရှိုင်းနဲ့ အုံတို့ကျတော့ ရယ်ဖို့ကောင်းလောက်အောင် မြန်ဆန်စွာ ချစ်သူဖြစ်ကြသည်ဟု ဆိုရပါမည်။ ငယ်ငယ်ကတည်းက "ကိုကို" "ကိုကို"နဲ့ ခင်မင်ရင်းနှီးစွာ တခေါ်ခေါ်လုပ်နေခဲ့တဲ့ကောင်မလေး ကိုယ့်အပေါ် စိတ်ပြောင်းပြီး စိတ်ကစားပြီး စိတ်ဝင်စားလာသည်ကို ပထမတော့ ရိပ်မိခါစမှာ နက်ရှိုင်းဟာ ရယ်ချင်စိတ်ဖြင့်သာ ကောင်မလေးကို စောင့်ကြည့်အကဲခတ်မိခဲ့တာဖြစ်ပါသည်။

ဒီကောင်မလေး စိတ်ကစားတာပါလို့ ထင်ပြီး ကြာရင် ငါ့ကို စိတ်ဝင်စားတော့မှာ မဟုတ်ပါဘူးဟု တွေးထားခဲ့ပေမဲ့ အံ့သြစရာကောင်းလောက်အောင်ပင် အုံသည် နက်ရှိုင်းကိုသာ အစွဲကြီးစွဲလျက် ချစ်ခင်တွယ်တာသော အကြည့်လေးတွေကို တစ်နှစ်ပြီးတစ်နှစ် မပြောင်းလဲဘဲ ကြည့်နေခဲ့သူပင်။





ကြာတော့ ထိုသို့ကြည့်တတ်သော အကြည့်လေးတွေမှာပဲ နက်ရှိုင်းရဲ့ နှလုံးသားဟာ အရည်ပျော်လာခဲ့ပြီး ထိုအကြည့်လေးတွေကို နှစ်သက်လာခဲ့မိပါသည်။

တစ်နေ့ကျရင် အုံ စိတ်ပြောင်းပြီး ထိုသို့မကြည့်တော့မှာကို စိုးရိမ်ပူပန်မိတဲ့အထိ ဖြစ်လာသည်။ တစ်သက်လုံး မြင်ဖူးလာခဲ့သော အုံ့ရဲ့ချစ်စရာပုံစံလေးကိုပဲ အခုမှ တမြတ်တနိုးဖြင့် ကြည့်မဝဖြစ်လာခဲ့သည်။

အဲဒါနဲ့ပဲ နက်ရှိုင်းသည် အချိန်ဆိုင်းမနေတော့ဘဲ တစ်ရက်မှာ စကားရောဖောရောဖြင့် စကားတွေပြောနေရင်း ...

"အုံ ... အုံ့ကို ကိုကိုလည်း ချစ်နေပြီသိလား။ တစ်နေ့ကျရင် အုံ့ကို လက်ထပ်မှာနော်"

ဟု အတည်လိုလို နောက်ပြောင်ရင်းပြောသလိုလို ညှိုးစားစကားကို စွတ်ပြောချလိုက်မိသည်။

တကယ်တော့ ကိုယ် ချစ်မြတ်နိုးတန်ဖိုးထားသော မိန်းကလေးကို စ,သလို နောက်သလို ပုံစံနဲ့ မပြောသင့်မှန်းသိပေမဲ့ ငယ်ငယ်တည်းက ညီမလေးတစ်ယောက်လို ခင်မင်ခဲ့သော မိန်းကလေးကို အခုကျမှ စိတ်ပြောင်းပြီး "ချစ်တယ်၊ ကြိုက်တယ်" ဆွဲ ဖွဲ့နွဲ့ပြောရမှာ ရှက်ပြီး မျက်နှာပူပြီး ပြောပြီး ပြီးရောသဘောဖြင့် ပြောမိတာလည်းဖြစ်ပါသည်။ အုံ့နေရာမှာ တခြားမိန်းကလေး



www.burmeseclassic.com

www.burmeseclassic.com



သာဆို ငါ့ကို ဒီလိုပြောရသလား၊ တန်ဖိုးမထားရသလား၊ ဒါ စ,သလိုနောက်သလို ပြောစရာလားဆိုပြီး စိတ်မဆိုးချင်ခဲ့ပါ။ မဆွတ်ခင်ကပင် ညွတ်ချင်နေသောမိန်းကလေး၊ ခံစားချက်ကို မူရာမာယာများပြီး ဟန်မဆောင်တတ်ခဲ့သော မိန်းကလေးဖြစ်သည့် အုံသည် ...

"ကိုကို တစ်နေ့ကျရင် အဲဒီလိုမှပြောလာပါ့မလားလို့ အုံ စိတ်ပူလိုက်ရတာလေ။ ကိုကို သိမှာပါ။ အုံက ကိုကို့ကို အစတည်းက အရင်ကြိုချစ်ထားပြီးသားပါနော်"

ဟူ၍ မဆိုင်းမတွပြန်ဖြေခြင်းဖြင့် သူတို့၏ ချစ်သူဘဝ စတင်ခဲ့တာဖြစ်လေသည်။

အုံကတော့ ထိုချစ်သူဖြစ်သောနေ့ကို အမှတ်တရကြီး လုပ်ပြီးမှတ်ထားလိုက်ပေမဲ့ နက်ရှိုင်းကတော့ အမှုမဲ့အမှတ်မဲ့ဖြစ်ခဲ့တာမို့ အုံ ပြောပြောနေသော ချစ်သူနှစ်ပတ်လည်နေ့ဆို မေးလိုက်တိုင်း မဖြေနိုင်သဖြင့် အုံနဲ့ ပြဿနာတက်ရတာလေးကလွဲရင် နက်ရှိုင်းတို့၏ ချစ်သူဘဝကား အခက်အခဲမရှိ၊ အဖုအထစ်မရှိ၊ အဆင်မပြေခြင်းတွေ မရှိလှဘဲ တကယ့်ကို သာယာဖြောင့်ဖြူးခဲ့ပါသည်။

❤ ❃ ❤





## အခန်း ၄

ထင်တဲ့ အတိုင်းပဲ ရုံးဆင်းခါနီးလောက်ကျမှပဲ နက်ရှိုင်းအတွက် လုပ်စရာအလုပ်တချို့ ပုံလာတော့လေသည်။ လွှင်ဦးက သူ့ကို ပေးကူလုပ်ပေးမယ်ပြောထားပေမဲ့ အဲဒီအချိန်မှာ လွှင်ဦး ကိုယ်တိုင်ကလည်း ရုံးမှာမြဲမြဲထိုင်မနေရဘဲ အထက်အမိန့်တာတွေလုပ်ဖို့ တခြားရုံးခွဲကို ပြေးနေရသဖြင့် နက်ရှိုင်းသည် နာရီတကြည့်ကြည့်နဲ့ ရင်တပူပူနဲ့ အလုပ်ကို သိမ်းကျုံးလုပ်နေရလေသည်။

နက်ရှိုင်း၏ စက္ကတေရီဖြစ်သော ဒေါ်မိမိကတော့ နက်ရှိုင်း နာရီတကြည့်ကြည့်ဖြစ်နေသည်ကို သတိပြုမိပြီး ...

"ကိုနက်ရှိုင်း သွားစရာရှိရင်လည်း အလုပ်တွေ အကြွေးထားခဲ့ပါလား။ ကျွန်မ လုပ်ပေးလို့ရသလောက် လုပ်ပေးထားမယ်၊ မနက်ဖြန်မှ ဆက်လုပ်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မိမိက နက်ရှိုင်း၏ အဒေါ်အရွယ်ပေမဲ့ နက်ရှိုင်းကို 'ကိုနက်ရှိုင်း' ဟုသာခေါ်ပါသည်။

"ငါးနာရီနှစ်ဆယ်လောက်ထိတော့ လုပ်လိုက်မယ်။ မပြီးတာတွေအတွက် မနက်ဖြန် ခပ်စောစောအရောက်လာပြီး လုပ်ရမှာပဲ ဒေါ်မိမိရေ"

"သွားစရာရှိနေလား"

"ရှိတယ် ခြောက်နာရီမှာ ပွဲတစ်ပွဲသွားစရာရှိတယ်၊ အုံ့နဲ့ ချိန်းထားတာလေ"

"ဩော် ... ဩော် ... ချွေပိုးအုံ့နဲ့ ချိန်းထားတာဆိုလည်း သွားဖြစ်အောင်သွားရမှာပေါ့"

ဒေါ်မိမိသည်လည်း နက်ရှိုင်းနဲ့ အလုပ်အတူတွဲလုပ်လာခဲ့သည်မှာ သုံးနှစ်ကျော်ပြီမို့ နက်ရှိုင်းနဲ့တော့ အတော်ကြီးခင်မင်ရင်းနှီးနေပါသည်။ ဒေါ်မိမိ၏ ကိုယ်ရေးကိုယ်တာကို နက်ရှိုင်း အကုန်နီးပါးသိသလို နက်ရှိုင်း၏ကိုယ်ရေးကိုယ်တာကိုလည်း ဒေါ်မိမိက သိထားပါသည်။

"ဒါနဲ့ အုံ့ကိုတွေ့ရင် သူ့ရဲ့အောင်မြင်သွားတဲ့ အလုပ်တစ်ခု အထိမ်းအမှတ်အနေနဲ့ လက်ဆောင်ဖြစ်ဖြစ်ပေးချင်တယ်။ အဲဒါ ဘယ်လို လက်ဆောင်မျိုးဆိုရင် သင့်တော်မလဲ စဉ်းစားပေးပါဦး"





"ဘယ်လိုအလုပ်မျိုးလဲ"

"ဩော် ... ဒီလိုပါ အုံ့က အင်္ဂလိပ်စာသင်ကျောင်းမှာ ကျူနီယာတန်းလေးတွေကို Music သင်ပေးရတဲ့ဆရာမလေ။ သူ အလုပ်ဝင်တဲ့ကာလ တစ်လျှောက်လုံးမှာ သူ့ကျောင်းသားလေးတွေက တစ်ခါမှ ပွဲကြီးတွေမှာ မဆိုမတီးဖူးသေးဘူးပေါ့။ အခု ဒီနေ့တော့ သူတို့ရှေ့က အကြီးတန်းတွေ ကျောင်းဆင်းပွဲမှာ အုံ့ ကလေးတွေက ဝတ်စုံပြည့်နဲ့ နိုင်ငံခြားက Concert ကြီးတွေမှာ တီးသလိုပုံစံနဲ့ တီးရမဲ့ပွဲရှိတယ်။ ဒါ အုံ့အတွက် သူ့အလုပ်ရဲ့ အောင်မြင်မှုလေးတစ်ခုပဲမို့ ကျွန်တော်က ဂုဏ်ပြုလက်ဆောင်သဘောလေးပေးရင် ကောင်းမလားလို့ တွေးမိလို့ပါ။ ဘာပေးရမှန်းသာမသိတာမို့ ဒေါ်မိမိဆီက အကြံဉာဏ်တောင်းကြည့်တာပါ"

"အို ... သိပ်ကောင်းတဲ့ အိုင်ဒီယာပါပဲ ကိုနက်ရှိုင်းရယ်။ ကျွန်မတောင် အဲဒီလိုမျိုး တွေးမိမှာမဟုတ်ဘူး။ ကျွန်မသာဆို ဒီတိုင်းသွားကြည့်မိမှာပဲ"

"ဘာပေးရင်ကောင်းမလဲ အကြံပေးနိုင်မလား"

"အင်း ... ပန်းစည်းလှလှလေးပဲ ပေးရင်လည်း ရမှာပါ။ ကျွန်မ ကြည့်ဖူးတဲ့နိုင်ငံခြားကားတွေမှာဆို အောင်မြင်မှု အထိမ်းအမှတ်ဆိုလည်း ပန်းစည်းပေးပြီး ဂုဏ်ပြုကြတာပဲလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပြီ ပန်းစည်းလေးတစ်စည်းလည်း ရှာဝယ်ရဦးမယ်"

"ကဲ ကဲ ... ကိုနက်ရှိုင်း သွားရင်သွားပါ၊ အခုပဲ ငါးနာရီ ကျော်နေပြီနော်။ အိမ်တစ်ခေါက်ပြန် ရေမိုးချိုး အဝတ်လဲ မှာနဲ့ ပန်းစည်းရှာရမှာနဲ့ အချိန်သိပ်မရှိတော့ဘူး"

"ဒေါ်မိမိလည်း ငါးနာရီခွဲရင်တော့ ပြန်လိုက်ပါလေ၊ မနက်ဖြန်မှ ရှစ်နာရီလောက် အရောက်လာပြီး ဆက်လုပ်ကြတာပေါ့"

နက်ရှိုင်းလည်း ခပ်မြန်မြန်ပဲ ကွန်ပျူတာပိတ်စရာရှိတာပိတ်၊ သိမ်းစရာရှိတာသိမ်းပြီး ကားသော့ကောက်ကိုင်ကာ ရုံးအောက်ဆင်းလာသည်။

အိမ်ပြန် ရေမိုးချိုးတာကို နောက်ဆုံးမှလုပ်မည်ဟု တွေးမိပြီး အရင်ဆုံး ဒေါ်မိမိ အကြံပေးသလို အလှဆုံးပန်း တစ်စည်းတော့ ရှာဝယ်ဖို့ ပန်းဆိုင်ဘက် မောင်းလာခဲ့သည်။

Florist ပန်းဆိုင်တစ်ဆိုင်တွေ့တော့ ဝင်ကာ စိတ်ကြိုက်ပန်းစည်းကို ရှာဝယ်ပြီး ပိုက်ဆံချေနေစဉ် မျက်လုံးတွေက ရှိုးကေ့(စ)သီးသန့်လေးဖြင့် ပြသထားသော ဖန်စီလေးတွေကို အလိုလိုကြည့်မိသွားပါသည်။

ဖန်စီဆိုပေမဲ့ စိန်တွေ ရွှေတွေ အတုလုပ်ထားသော ဖန်စီမဟုတ်ဘဲ သလင်းကျောက်လို၊ ကနုကမာလို၊ နောက်ပြီး





နက်ရှိုင်းကိုယ်တိုင် အမျိုးအစားမခွဲခြားတတ်သော ကျောက်အလှလေးတွေကို ခေတ်လူငယ်အကြိုက် လည်ဆွဲတွေ၊ လက်ကောက်တွေ နားဆွဲတွေ၊ နားကွင်းတွေလုပ်ပြီး ရောင်းတာမျိုးဖြစ်ပါသည်။

အုံကလည်း အသက်နှစ်ဆယ့်သုံးနှစ်အရွယ် မိန်းကလေးပီပီ အဲဒီလို ခေတ်ဆန်ဆန်ဖန်စီလေးတွေသာ ဝတ်တတ်တာ နက်ရှိုင်း သတိရသွားသည်။ အုံ့မှာ တန်ဖိုးရှိသော ရတနာနဲ့တူတာဆိုလို့ ဘာမှ ဝတ်ထားတာပင်မတွေ့ရ။ အုံသည် အထူးအဆန်း ဒီဇိုင်းတွေနဲ့လုပ်ထားသော ဖန်စီတွေကို ဘယ်လောက်တောင် ဝယ်ထားမှန်း မမှတ်မိနိုင်အောင် ၊ တစ်ခါလာတစ်မျိုးဝတ်နှင့် တော်တော်များများ ဝယ်စုထားပုံရပါသည်။

အုံ့အမေကတောင် ...

"သူ့ဖန်စီပစ္စည်းတွေ တန်ဖိုးပေါင်းရင် အကောင်းစားစိန်လည်ဆွဲတစ်ခုစာလောက်ဖြစ်နေပြီ မောင်နက်ရှိုင်းရေ။ တစ်ခါတစ်ခါဝယ်ရင် မနည်းဘူး။ ဝယ်လွန်းလို့ တားတောင်ထားရတယ်"

ဟူ၍ပင် တစ်ခါက ပြောဖူးတာ သတိရသွားသည်။

နက်ရှိုင်းသည် စဉ်းစားနေရင်း သူဟာ အုံ့ကို ဒါမျိုးတွေ တစ်ခါမှ လက်ဆောင်ဝယ်မပေးခဲ့ဖူးတာကို တွေးမိသွားသည်။ အုံ့ မွေးနေ့ဆိုရင် နက်ရှိုင်း ဝယ်ပြီးလက်ဆောင်ပေးတတ်



www.burmeseclassic.com

www.burmeseclassic.com



တာက တန်ဖိုးလည်းရှိပြီး တစ်သက်လုံးလည်း ထိန်းသိမ်းထားနိုင်သော လက်ဝတ်ရတနာအစစ်လေးတွေသာ ဝယ်ပေးလေ့ရှိသည်။ ဝယ်သာဝယ်ပေးဖူးသည်။ အုံက နက်ရှိုင်း စိတ်ကြိုက် တစ်ခါလောက်သာ ဝတ်လာပြပြီး နောက်တော့ ဘူးထဲပဲထည့်သိမ်းထားလိုက်ပုံရသည်။ ထပ်ဝတ်တာမျိုး တွေ့ကိုမတွေ့တော့။

နက်ရှိုင်းသည် ကိုယ်ပေးထားပြီးရင် ပေးထားပြီးတဲ့အတိုင်းသာထားပြီး အုံ ဘယ်နှခါဝတ်သလဲတို့၊ ကြိုက်ရောကြိုက်ရဲ့လားတို့ မေးလည်းမမေး၊ ကြည့်ပင်မကြည့်၊ သတိလည်းမထားမိလေရာ ဒီကိစ္စအတွက် နက်ရှိုင်းနဲ့ အုံတို့ကြားမှာ ဘာမှ ဆွေးနွေးစရာပင်မရှိသလို ဖြစ်နေခဲ့သည်။

အခုတော့ အုံ့ကို အုံ နှစ်သက်သော ဖန်စီပစ္စည်းလေးတစ်ခုပါ ဒီနေ့ဝယ်သွားပြီး လက်ဆောင်ပေးလျှင် ဘယ်လိုများနေမလဲ။ အုံ သိပ်ပျော်သွားမလား။ သူမ အကြိုက်ကို ဂရုတစိုက်နှင့် ဝယ်လာပေးသည့်အတွက် အုံ့ကြည်ဝမ်းသာသွားမလား။

"ဖန်စီကျောက်လေးတွေ ကြည့်မလို့လားရှင်၊ ကြည့်မယ်ဆိုရင် ဖွင့်ပြပေးလို့ရတယ်နော်"

အရောင်းပန်ထမ်းမိန်းကလေးက နက်ရှိုင်း၏ မျက်လုံးတွေ ဒီရှိုးကေ့(စ)မှ မခွာနိုင်ဖြစ်နေသည်ကို သတိထားမိပြီး မေးလိုက်ပါသည်။





"ဪ ... အင်း ... ခဏကြည့်ချင်တယ်"

"ရပါတယ် ပြပေးမယ်နော်"

မိန်းကလေးက ရှိုးကေ့(စ)သော့ကိုဖွင့်ပြီး လက်တွန်းဖွင့်ရသော မှန်လျှောတံခါးလေးကို ဖွင့်ပြလိုက်သည်။

"ဘယ်ဟာကြည့်ချင်လဲ အစ်ကို"

"ဟန်းချိန်းလေး အဲဒီဟန်းချိန်းလေး ခဏပြပါ၊ ဘာပုံလေးတွေလဲသိချင်လို့"

နက်ရှိုင်း မျက်ဝန်းထဲ တန်းတန်းမတ်မတ် ဝင်လာသောအရာမှာ ဘာရောင်မှန်းမပြောတတ်သော သလင်းကျောက်နဲ့ လုပ်ထားသည့် ဟန်းချိန်းလေးပင်။

"ကြိုးကတော့ ငွေအစစ်ကြိုးပါ အစ်ကို။ ကျောက်ကတော့ သလင်းကျောက်အမျိုးအစားပဲ။ သူက ရှန်ပိန်ရောင်လေးမို့ ရှန်ပိန်ခရစ်စတယ်လ်လို့ ခေါ်တယ်"

မိန်းကလေးက ကတ္တီပါအနက်ဘူးလေးပေါ် ဟန်းချိန်းလေးကို တင်ကာပြရင်း ရှင်းလည်းရှင်းပြပါသည်။

နက်ရှိုင်း အသေအချာယူကြည့်ပြီး သဘောကျသဖြင့် ဈေးမေးလိုက်တော့ တော်တော် အံ့သြသွားပါသည်။ ဒီလို အလှပစ္စည်းတွေက ဈေးဒီလောက်တောင်လားလို့ မျက်ခုံးပင့်သွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အင်း ... ဒါကြောင့် အုံ့မေမေက တစ်ခါတစ်ခါကျ အုံ့ အဲဒါတွေ ဝယ်ဝယ်လာရင် ဆူဆူပူပူပြောတာကိုး။ ဟုတ်သားပဲ။ ပစ္စည်း တွေက ဈေးမသေးဘူး။

သို့သော် နက်ရှိုင်းကတော့ ဝယ်ဖြစ်သွားပါသည်။ ဝန်းစည်းတစ်စည်းနှင့် ဟန်းချိန်းလေးထည့်သော ကတ်ထူဘူး လှလှလေးကိုင်ကာ ဆိုင်မှထွက်လာချိန်တွင် ညနေ ခြောက်နာရီ ထိုးဖို့ ဆယ့်ငါးမိနစ်သာလိုတော့သည်။

အိမ်ရောက်အောင် အမြန်ဆုံး ဘယ်လောက်ပဲမောင်း မောင်း လမ်းမှာ ကားပိတ်တာနဲ့၊ မီးပွိုင့်မိတာနဲ့ပေါင်းပြီး အနည်း ဆုံး ဆယ်မိနစ်က ပဲ့သွားပြန်သည်။

အိမ်ရောက်တာနဲ့ ရေချိုးခန်းထဲပြေးဝင်ပြီး ဖြစ်သလို ပဲ မြန်မြန်ဆပ်ပြာတိုက်။ ခေါင်းမြန်မြန် ရှန်ပူနဲ့လျှော်ပြီး ငါးမိနစ် နဲ့အပြီးရေချိုး၊ အဝတ်လဲ၊ ဖိနပ်ဝတ်၊ ကားသော့ယူ၊ ပန်းစည်း ယူ၊ ဟန်းချိန်းဘူးလေး ဘောင်းဘီအိတ်ထဲထည့်၊ အောက်ထပ် ကားပါ့ခ်ရှိရာကို ပြန်ဆင်း၊ ကားစက်နှိုး၊ မောင်းထွက် စသဖြင့် ဆက်တိုက်ပင် မနားစတမ်းနီးပါ မိနစ်တိုင်း စက္ကန့်တိုင်းကိုတွက်ပြီး မြန်ဆန်စွာ လုပ်ပုံတာတောင် ဘယ်လိုမှ အမြန်ဆုံးမဖြစ်နိုင်တော့ပါ။ ခြောက်နာရီအတိမှာ ရောက်ပါမည် ကတိပေးထားခြင်းကို တည် အောင်မလုပ်ပြနိုင်ခဲ့ပါ။





နက်ရှိုင်း ကျောင်းဝင်းထဲဝင် ကားရပ်ချိန်မှာပင် ခြောက်နာရီခွဲဖို့ မိနစ်ပိုင်းနည်းနည်းလေးသာ လိုတော့လေသည်။ ခန်းမထဲရောက်သောအခါ ကျောင်းဆင်းလက်မှတ်ပေးပွဲက ပြီးခါ နီးနေပြီ။ ထိုပွဲပြီးမှ ဖျော်ဖြေရေး အစီအစဉ် စ,မှာဖြစ်ရာ ဘာဝဲ ဖြစ်ဖြစ် နက်ရှိုင်းအနေနဲ့ အုံတို့ စတင်တီးကြ၊ ဆိုကြမှာကို အပြည့်အစုံမီသည့်သဘောပင်။

ညှော်ပရိသတ်များထိုင်ရာခုံနေရာတွင် ကိုယ့်နေရာ ကိုယ် ရှာဝင်ထိုင်လိုက်ပါသည်။ အုံ့ထံမှ ညှော်သည်အတွက်ထိုင် ဖို့ခုံနံပါတ်နေရာပါသော ကတ်ပြားလေးကို နက်ရှိုင်း ရထားပြီးဖြစ် ရာ ကိုယ့်ခုံနံပါတ်ကိုယ်ရှာပြီး ဝင်ထိုင်ရုံသာ။ အရင်ရောက်နှင့်ပြီး သော ညှော်သည်တွေကိုတိုးဖြတ်ပြီး အတွင်းပိုင်းရှိခုံဆီ ဝင်ရလေရာ...

"ဟာ ... ဆောရီးပါခင်ဗျာ ဆောရီး ... ဆောရီး ... အား လုံးပဲ ဆောရီးပါ၊ ကျွန်တော့်ခုံနံပါတ်က အထဲမှာမို့ပါ"

စသဖြင့် ပါးစပ်မှ ဆက်တိုက်တောင်းပန်၊ ပန်းစည်း ကြီးတကားကားနှင့်ကိုးရိုးကားရား ဝင်နေရသော နက်ရှိုင်းကိုတော့ အုံ့ စင်ပေါ်မှ လှမ်းမြင်ပါသည်။ အုံ့တို့က မတီးရသေးပေမဲ့ ကလေးတွေ နေသားတကျဖြစ်အောင် ကြိုတင်ပြင်ဆင်နေရာယူ နေရပြီဖြစ်ရာ စင်ရဲ့တစ်ဖက်ခြမ်းမှာ ရောက်နေပြီမို့ စင်အောက် က အဖြစ်အပျက်တွေကို လှမ်းမြင်ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အုံ စင်ပေါ် စ,တက်လာခါစကတော့ ကိုကို့ကို မတွေ့ရသေးသဖြင့် ရင်ထဲမှာ ဝမ်းနည်းပြီး စိတ်မကောင်းတော့ ဖြစ်နေရသေးလေသည်။ ကိုကို ကတိမတည်ဘူး။ ငါ့ကိုဆို ဂရုမစိုက်ဘူး။ ငါနဲ့ပတ်သက်တာတွေဆို အမြဲမေ့ပစ်တယ်။ ငါကသာ တဖွဖွ ပါးစပ်ကနေ ကိုကို့ကိုချစ်တဲ့အကြောင်း တစ်နေ့အကြိမ်နှစ်ဆယ်လောက်ပြောပေမဲ့ ကိုကို့ဆီက ငါ့အတွက်တော့ ချစ်တယ်ဆိုတဲ့ စကားဟာ တကယ့်ကို ရှားပါးပစ္စည်းလိုပဲ။ ကြားရခဲခဲ့တယ်။ ကိုကို ငါ့ကို သိပ်မချစ်ဘူးဆိုပြီး ဝမ်းနည်းကြေကွဲစရာတွေ ကြံဖန်တွေးကာ စိတ်က မပျော်ရွှင်မတက်ကြွခဲ့တော့ပါ။

အုံနဲ့ လုပ်ဖော်ကိုင်ဖက်ဖြစ်ပြီး အုံနဲ့ ကျောင်းလည်း အတူတူပြီးခဲ့သော သူငယ်ချင်း ယမင်းကတော့ အုံ့မျက်နှာရိပ် မျက်နှာကဲကို ကြည့်ပြီး ...

"အုံကလည်းလေ သူ့ကိုကို မတွေ့တာနဲ့ မျက်နှာကမဲ့နေပြီ။ သူ လာမှာပါ။ အလုပ်ကပြန်တာ နောက်ကျလို့ ဖြစ်မှာပါ"

ဟု နှစ်သိမ့်စကားပင်ပြောသေးသည်။

"နင် မသိဘူးနော်။ ကိုကိုဟာ ငါနဲ့ပတ်သက်တာတွေဆို အကုန်မေ့တာဟ။ သူက ငါ့ကို သိပ်အလေးနက်မထားပါဘူး"





"နင်တို့က နီးနေလို့ စိတ်ပူကောက်စရာမရှိကောက်၊ ရန်ဖြစ်စရာမရှိ ကြံဖန်ရန်ဖြစ်တာ၊ ငါနဲ့ ငါ့ရဲ့ကိုလင်းဆိုရင် ဝေးနေရတော့ ရန်ဖြစ်ဖို့ အချိန်လေးမှာ အလွမ်းသယ်ရတာလေ"

ယမင်းချစ်သူ ကိုလင်းရှိန်က နိုင်ငံခြားသင်္ဘောလိုင်းမှ အရာရှိတစ်ဦးဖြစ်သဖြင့် ကမ်းကပ်သောအချိန်ကျမှ ဖုန်းဆက်ရလေရာ ယမင်း ပြောသလိုပင် သူတို့မှာ ရန်ဖြစ်စိတ်ကောက်ချိန်ပင် သိပ်မရှိသလောက်နီးပါး အကြာကြီးခွဲပြီးမှ တစ်ခါပြန်တွေ့ကြရသည်။

အခုတော့ ယမင်း ပြောသလိုပင် ကိုကိုက အုံ့ထံ တကယ်ရောက်လာပါသည်။ နောက်တော့ နောက်ကျပေမဲ့ ပန်းစည်းကြီးတကားကား၊ အရုပ်ကြီးမိုးတိုးမတ်တတ်ဖြင့် ထိုင်ခုံဆီတိုးဝင်နေရသော ကိုကို့ကို မြင်လိုက်ရလျှင်ပဲ အုံ ခုနက စိတ်အားငယ်တာတွေ ဘယ်ရောက်သွားမှန်းပင်မသိတော့။ လူတွေကြားထဲမှာ ကိုကို့ခမျာ လူကြည့်စရာကြီးဖြစ်လျက် သူတစ်ယောက်တည်း ပန်းစည်းအကြီးကြီးနဲ့ ရယ်စရာဖြစ်နေကာ နေရာမှာထိုင်ပြီးသည်ထိပင် သူ့မှာ ပန်းစည်းကို ဘယ်ထားရမှန်းမသိ ဖြစ်နေပုံမှာ ရယ်ချင်စရာ။ လူတွေက ခုံအပြည့်မို့ သူ့ဘေးမှာလည်း နေရာလွတ်မရှိလေရာ သူ့မှာ ထားစရာ ရှားနေသည်။

www.burmeseclassic.com



ကိုကို့စင်ပေါ် တစ်ချက်လှမ်းကြည့်ချိန်ရမှ အုံသည် ကိုကို့ကို သေသေချာချာလေး ပြုံးပြပြီး လက်မသိမသာပြလိုက်ရပါသည်။ ကိုကိုကလည်း ပြန်ပြုံးပြရင်း သူ့လက်ထဲမှာ ကိုင်ထားရသော ပန်းစည်းကိုပါ မသိမသာလေး ထပ်မြှောက်ပြလေသည်။

ကျောင်းဆင်းလက်မှတ်ပေးပွဲပြီးတာနဲ့ ကျောင်းအုပ်ဆရာကြီး Mr. Newman က ...

"မစ္စရွှေပိုးအုံ ဦးဆောင်သော ဂျူနီယာကျောင်းသူကျောင်းသားများရဲ့ တေးသံသာများကို စတင်နားထောင်နိုင်ကြပါပြီ"

ဟု သူ၏ ဗြိတိသျှသံစစ်စစ် အင်္ဂလိပ်စကားဖြင့် မိတ်ဆက်ပေးလိုက်တော့လေသည်။

ထိုသို့ ကျောင်းအုပ်ဆရာကြီး၏ စကားသံအဆုံးမှာ အုံ ကြိုတင်သင်ထားသည့်အတိုင်း အုံ့တပည့်လေးများ၏ သီချင်းကြီး သီချင်းခန့်တစ်ပုဒ် စတင်တီးမှုတ်လိုက်သံပါ ဆက်တိုက်ထွက်ပေါ်လာခဲ့ပါတော့သည်။

အုံသည်ကလေးတွေ ထိုင်ပြီး တီးမှုတ်နေရသည်၏ ရှေ့ဆုံးမှာချထားသော မနိမ့်မမြင့်ခုံလေးပေါ် တက်ရပ်ပြီး ပရိသတ်ကို ဘေးတိုက်အနေအထားပေးကာ လက်ဟန်အမူအရာပြပေးရပါသည်။





ဒီပွဲမှာ အုံ၏ တပည့်လေးတွေထဲမှ သီချင်းဆိုတော်သော တပည့်လေးကတော့ အုံ ရေးစပ်ပေးထားသည့် ကလေးသီချင်းလေးတစ်ပုဒ်ကို နောက်ဆုံးပိတ်မှာ ဆိုပေးရမှာဖြစ်ပါသည်။

အုံသည် ဒီနေ့ညနေခင်းမှာတော့ အပျော်ဆုံးလူသားဖြစ်လျက် သူမ ဝါသနာပါသောအလုပ်ကို စိတ်ဝင်စား တက်ကြွစွာ လုပ်ဆောင်နေတော့လေသည်။

❤ ❀ ❤



www.burmeseclassic.com

www.burmeseclassic.com



## ၅

ပွဲပြီးသောအခါ ညရှစ်နာရီကျော်သာရှိသေးသည်။ နက်ရှိုင်းတစ်ယောက် ပန်းစည်းကြီးဖြင့် စင်နောက်ဘက်ကို ဝင်လာခဲ့ပါသည်။ ကျောင်းကပွဲစင်မြင့်နောက်ဘက်မှာတော့ ကလေးမိဘတွေ၊ ဧည့်သည်တွေ၊ ဆရာဆရာမတွေ၊ ကလေးတွေဖြင့် ဆူညံနေသည်။ ရယ်သံမောသံ စကားပြောသံ၊ ကိုယ်ပါဝင်ဆင်နွှဲခဲ့ရသောပွဲကို ပီတိဖြစ်ပြီး စားမြုံ့ပြန်သံတွေဖြင့် ဆူညံနေသည်။

အုံ့အနားမှာလည်း ကလေးတချို့နှင့် ကလေးမိဘတချို့ ဝိုင်းအုံပြီး စကားတွေပြောနေတာ တွေ့ရပါသည်။ အုံ့သူငယ်ချင်း ယမင်းကတော့ နက်ရှိုင်းကို အရင်ဆုံးမြင်လျက် ...

"ပန်းစည်းကြီးက လှလှချည်လား၊ အုံ့ကို မနာလိုတောင်ဖြစ်သွားပြီ ကိုနက်ရှိုင်း"





ဟု အော်ပြောနှုတ်ဆက်ပါသည်။

အုံ့က ယမင်း အသံကြား၍ လှည့်ကြည့်လာသည်။

"နောက်ကျနေလို့ အုံ့က မလာတော့ဘူးထင်ပြီး ယမင်းကို တဂျီဂျီပြောနေမိတယ်လေ"

နက်ရှိုင်းကို အသိပေးသလို ပြန်ပြောပြနေသည်။

"အလုပ်ကထွက်လာတာ သိပ်အနောက်ကျကြီး မဟုတ်ပါဘူး။ လမ်းမှာ ပန်းစည်း ဝင်ဝယ်နေတာနဲ့ ကြာသွားတာပါ။ ပြီးတော့ ထုံးစံအတိုင်း Trafficကလည်းပိတ်တော့ ခြောက်နာရီခွဲမှပဲ ဒီရောက်တော့တယ်"

"ကိုကို ရောက်လာရင် အုံ့ ကျေနပ်ပါတယ်"

"ဟမ်း ... ကောင်မလေး ရောက်မလာခင်ကတော့ ပြောတာကတစ်မျိုးနော်၊ ဒီလိုမှန်းသိရင် အဲဒီအသံကို အသံသွင်းထားပြီး ကိုနက်ရှိုင်းကို ပြန်တောင်ဖွင့်ပြချင်တယ်"

ယမင်းက အုံ့လက်မောင်းကို လှမ်းရိုက်ဟန်ပြုပြီး အုံ့အကြောင်းတွေ ဖော်ကောင်လုပ်တော့လေသည်။ ကျောင်းသူကျောင်းသားလေးတွေထဲမှာ အုံ့ Favourite အဖြစ်ဆုံး ကလေးလေးဖြစ်သည့် ငါးနှစ်အရွယ် ဖြိုးဖြိုးဆိုသော ကလေးကတော့ အုံ့လက်ကို မလွှတ်တမ်းဆုပ်ကိုင်ထားကာ ပွဲအတွေ့အကြုံတွေ တမော့မော့ဖြင့် ဆက်ပြောနေပါသည်။ ကျန်တဲ့ကလေးမိဘတွေ



www.burmeseclassic.com

www.burmeseclassic.com



ကတော့ အုံ့ရဲ့ ချစ်သူ နက်ရှိုင်း ရောက်လာသဖြင့် အလိုက်တသိပင် နှုတ်ဆက်ပြီး ထွက်သွားကြပေမဲ့ ဒီကလေးလေးကတော့ ထွက်မသွားသေး။ ကလေးရဲ့အဖေဖြစ်ဟန်တူသူတစ်ယောက်သာ ကလေးနားမှာတွေ့ရပြီး အမေလည်း မတွေ့သဖြင့် ဒီက ထွက်သွားကြဖို့တိုက်တွန်းမဲ့သူရှိပုံမရပေ။

နက်ရှိုင်းကတော့ သွားချင်လှပြီ။ ညရှစ်နာရီလည်း ကျော်နေပြီဖြစ်ရာ ဗိုက်လည်းအတော်ဆာနေပြီ။ အုံ့တို့ကတော့ စိတ်လှုပ်ရှားပျော်ရွှင်နေကြသူများဖြစ်ရာ ဗိုက်ဆာကြပုံမရ။ ဒီက ထွက်သွားကြဖို့စိတ်ကူးကြသေးပုံမရ။ ပွဲအတွေ့အကြုံတွေကို သူတပည့်နဲ့ရော၊ ယမင်းနဲ့ပါ ဆက်စကားကောင်းနေဆဲ။

နက်ရှိုင်း ဘေးကရပ်ပြီး ရပ်စောင့်ပေးနေပေမဲ့ သွားချင်လှပြီ။ ညစာစားပြီးတာနဲ့ အိမ်ပြန်၊ ခပ်စောစောအိပ်ရာဝင်ချင်ပေမဲ့ ညဆယ်နာရီကျော်ကျော်လောက်မှပဲ အိပ်ရာဝင်ဖြစ်မည်ထင်ပါသည်။ မနက်တော့ အလုပ်ကို ရှစ်နာရီကျော်လောက်ရောက်မှ ဖြစ်တော့မည်မို့ အိပ်ရာစောစောထပြီး ထွက်ရပါမည်။ ဒီနေ့မပြီးသေးဘဲ တိုးလိုးတန်းလန်းကျန်နေသော အလုပ်တွေကို ဆက်လုပ်ရမည်ဟူသောအတွေးက ခေါင်းထဲမှာ ကြီးစိုးနေသည်။

အုံ့ကို မျက်နှာရိပ်မျက်နှာကဲပြနေလည်း မရတော့သည်ဖြစ်ရာ နောက်ဆုံးတော့ အနားကပ်ကာ ခပ်တိုးတိုးပင် ...





"အုံ့ သွားကြရအောင်လေ။ အုံ့နဲ့အပြင်မှာ ညစာစားဖို့ ကိုကို စဉ်းစားထားတော့ အခုသွားမှဖြစ်မယ်"

ဟု သတိပေးလိုက်ရသည်။

"ဖြိုးဖြိုးက သူ့ခံစားချက်တွေကို ပြောချင်နေတာလေ"

"အေးပါကွာ၊ နောက်နေ့ သူနဲ့တွေ့မှာပဲ။ အဲဒီကျမှ ဆက်ပြောပစေပေါ့"

"ကိုကိုကလည်းလေ ဘာတွေလောနေမှန်းမသိဘူး"

"ကိုကို မနက်ကျ အစောကြီး အလုပ်ထွက်သွားရမှာမို့ စောစောအိပ်ရာဝင်နိုင်ပြီး စောစောအိပ်ဖို့လိုတယ် အုံ့။ ဒီနေ့ အုံ့ဆီလာချင်တာနဲ့ ကိုကို လုပ်လက်စအလုပ်တွေ အကုန်ပစ်ထားခဲ့ရလို့ အလုပ်အကြွေးတင်နေပြီ"

အုံ့သည် မသိမသာ မျက်စောင်းထိုးလိုက်ပြီး သူမလက်ကို ဆွဲထားဆဲဖြစ်သော ဖြိုးဖြိုးကို လက်အသာဆွဲဖြုတ်လိုက်ကာ ...

"ဖြိုးဖြိုးရေ တီချာအုံ့ ပြန်တော့မယ် သားရေ နော်။ နောက်နေ့ ကျောင်းလာတဲ့အခါ Musicအချိန်ကျ တီချာအုံ့နဲ့ ပြန်တွေ့ရမှာပဲ အဲဒီကျမှ ဖြိုးဖြိုး ဆက်ပြောချင်တာတွေ ပြောမယ်နော်"

ဟု ကလေးကို ခေါင်းလေးသပ်ရင်း နှုတ်ဆက်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"မနက်ဖြန် Music ချိန်မရှိဘူးလေ။ သားတို့အတန်းက မန်းဒေး၊ ကျူး(စ)ဒေး၊ ဝင်း(စ)ဒေးပဲရှိတာ တီချာအုံရဲ့။ သားက တီချာအုံကို ပြောချင်ရင် နောက်တစ်ပတ်ရောက်အောင်စောင့်ရမှာမို့ပါ"

အုံလည်း ဘာဆက်ပြောရမှန်းမသိဖြစ်နေစဉ် ကလေးအဖေကပင် အခြေအနေကို အကဲခတ်ရင်း ...

"ကဲ သားရေ တီချာအုံ အိမ်ပြန်ရတော့မယ်ကွာ။ ပြန်ခိုင်းလိုက်ပါ။ သားတို့တီချာက တစ်နေကုန် သားတို့ကို သီချင်းတိုက်ပေးထားရတော့ ပင်ပန်းနေပြီလေ။ နောက်အပတ်မန်းဒေးကျ သား ပြောချင်တာတွေ အများကြီးစုပြောလိုက်ပေါ့ကွာ"

ကလေးက သူ့အဖေစကားနားထောင်ပြီး အုံ့လက်ကို လွှတ်ပေးလိုက်လျှင်ပဲ နက်ရှိုင်းသည် အခြေအနေကို စိတ်ရှည်၍ မရတော့ဘဲ အုံ့လက်ကို ဆွဲပြီး ထိုအုပ်စုနားက အမြန်ဆွဲခေါ်လာခဲ့တော့လေသည်။

အုံသည် နောက်တကြည့်ကြည့်၊ လက်တပြပြလုပ်ရင်း နက်ရှိုင်း ဆွဲခေါ်ရာသို့ ဝရန်းသုန်းကားပါလာခဲ့ရသည်။ ကားပေါ်ရောက်လျှင် ချက်ချင်းပဲ ကားကို ဆောင့်ထွက်လိုက်သော နက်ရှိုင်းကြောင့် အုံမင် ရှေ့ကို ငိုက်ခနဲဖြစ်သွားရသည်။





"ကိုကို ဘာဖြစ်နေတာလဲ"

"အုံတို့ဟာက ပွဲပြီးလို့ လူတွေက ပြန်တာကြာပြီ၊ အဲဒီက ခွာပဲမခွာနိုင်ဖြစ်နေတော့ ကိုကို ဆက်မစောင့်ချင်တော့ဘူးပေါ့။ ဒါကြောင့် မြန်မြန်ထွက်လာတာ ထွက်မလာရင် ဟိုကလေးက အုံ့ကို ဆက်ပြီးတွယ်စရာမရှိ ရှာကြံတွယ်နေဦးမယ်"

"ဩော် ... ကိုကိုရယ် ဖြိုးဖြိုးက သနားပါတယ်၊ အမေမရှိတော့ သူက သူ့အမေအစား အုံကိုပဲ တွယ်တာနေတဲ့သဘောပါ"

"ဘာ ... အမေ မရှိဘူး ဟုတ်လား။ သူ့အမေက ဘယ်ရောက်သွားလို့လဲ"

"သူ နှစ်နှစ်သားလောက်မှာ ကျောက်ကပ်ရောဂါနဲ့ ဆုံးသွားတယ်တဲ့"

"ဩော် ... ဒါကြောင့် ကိုကို ထင်တော့ထင်သား"

"ဘာထင်တာလဲ ကိုကို"

"သူ့အဖေဆိုတဲ့ငနဲက အုံ့ကို ကြည့်ပုံက သာမန်နဲ့မတူဘူးလို့။ ကလေးရဲ့ဆရာမကို ကြည့်တဲ့ပုံစံထက် သူတို့သားအဖရဲ့ လွတ်နေတဲ့ကွက်လပ်တစ်ခုကို ဖြည့်ပေးနိုင်မဲ့သူကလေးဆိုတဲ့ပုံစံနဲ့ ကြည့်တာကွ။ ဘေးမှာ ဒီလောက်



www.burmeseclassic.com

www.burmeseclassic.com



မဏ္ဍပ်တိုင်တက်ပြနေတာတောင် ငနဲက လုံးဝ ဂရုမစိုက်ဘူး။ ဒါကြောင့် ဒေါသဖြစ်လာတာ"

"အြော် ... ဟား ဟား ... ကိုကို ဒါကြောင့် အခုလို ဒေါသကြီးသွားတာကိုး။ အဲဒီလူ သိပါတယ် ကိုကိုရဲ့။ အုံ့မှာ စေ့စပ်ထားပြီး မကြာခင်လက်ထပ်တော့မဲ့ချစ်သူ ရှိမှန်းသိပါတယ်"

"ရှိပေမဲ့ ထည့်မတွက်ဘူးကွ၊ ကိုကို အဲဒီလူပုံစံကို သိတယ်"

အုံ့သည် အစကတော့ ကိုကိုတစ်ယောက် လူရှေ့သူရှေ့ အားမနာစွာ အတင်းကြီးလက်ဆွဲခေါ်ပြီး ထွက်လာပြသည့်အတွက် စိတ်နည်းနည်းဆိုးခဲ့သေးပေမဲ့ ကိုကို ဘာကြောင့် ဒီလိုဖြစ်သွားရသည်ကို အကြောင်းစုံသိရသောအခါမှာတော့ ကိုကို့ကို စိတ်မဆိုးချင်တော့ပြန်ပါ။ အုံ့ကို သဝန်တိုလို့ ကိုကို ဒီလိုလုပ်တာပဲဟု ခွင့်လွှတ်ကာ ကြည်နူးရပြန်သည်။

"အခု ဘယ်သွားမလို့လဲ"

"ရက်စတောရင့်မှာ ညစာဝင်စားလိုက်ကြမယ်လေ။ ဒီနေ့ အုံ့ရဲ့ အောင်မြင်မှုအထိမ်းအမှတ်ပေါ့။ ဒါကြောင့် ပန်းစည်းပေးတာ။ ပြီးရင် ညစာစားပြီးရင် လက်ဆောင်လေးတစ်ခုလည်း ပေးဦးမယ်"

"ဟင် ... အုံ့က ဘာအောင်မြင်လို့လဲ"





"အုံ့ Music တီချာလုပ်နေတဲ့ ကာလတစ်လျှောက်လုံးမှာ အုံ့ရဲ့ တပည့်တွေအတွက် ပထမဦးဆုံးကြိုရတဲ့ပွဲကြီးလေ။ ဒီပွဲကြီးကြိုရတာဟာ သူတို့ရဲ့ အောင်မြင်မှုလည်း ဖြစ်သလို သူတို့ကို အဓိကသင်ပြပေးတဲ့ ဆရာမရဲ့ ပညာရပ်အောင်မြင်မှုလည်းဖြစ်တယ်လေ။ ဒါကြောင့် ဂုဏ်ပြုလက်ဆောင်ပေးတာပါ"

"ဘယ်သူ့အိုင်ဒီယာတွေလဲ"

"ဟာ ... ဒါ ကိုကို့အိုင်ဒီယာပါ။ ဘာလက်ဆောင်ပေးရမလဲလို့ အကြံပေးတာက ဒေါ်မိမိပဲ။ ဒေါ်မိမိက ပန်းစည်းဝယ်ပေးဖို့အကြံပေးတာ၊ ဒါပေမဲ့ ပန်းစည်းရောင်းတဲ့ဆိုင် Florist Shop လေးမှာ အုံ့အတွက် အမှတ်တရလက်ဆောင်လေးတစ်ခုပါဝယ်ပေးဖို့ စိတ်ကူးရတာနဲ့ ဝယ်လာတာလည်းရှိတယ်"

အုံ့သည် ပန်းစည်းလေးကို ဖွေ့ပိုက်နမ်းရှုပ်ရင်း ကြည်နူးနေပါသည်။ ဒီညနေချမ်း၊ ဒီညချမ်းကတော့ အုံ့အတွက် တကယ့်ကို အမှတ်တရနဲ့ ပျော်စရာတွေချည်းပြည့်နေတော့လေပြီ။

ရက်စတောရင့်အကြီးကြီးတစ်ခု၏ ခြံဝင်းထဲကို ကားကွေ့ဝင်လာခဲ့ပါသည်။ ဆိုင်ကတော့ ခုချိန်မှ စတင်စည်ကားအသက်ဝင်နေပါသည်။ စားပွဲဝိုင်းတစ်ခုကို ရွေးထိုင်လိုက်ပြီးသောအခါ မီနူးကြည့်ပြီး စားသောက်စရာတွေ မှာထားလိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာလက်ဆောင်လေးလဲ ကိုကို၊ အခု အုံ့ကို ပေးလို့မရဘူးလား"

"ဟာ ... ဒီကောင်မလေး ကလေးကျနေတာပဲ မစောင့်နိုင်ဘူး"

"ကိုကိုကလည်း ညစာစားပြီးတာနဲ့ မစားခင်နဲ့ အချိန်က အလွန်ဆုံးနာရီဝက်ပဲကွာတာ၊ ဘာလို့ အချိန်တွေအခါတွေ စောင့်နေရတာလဲ"

"ကဲ ... ဒါဖြင့် မျက်စိမှိတ်ထား"

"ဟာ ... ရုပ်ရှင်တွေ ဗီဒီယိုတွေထဲကလိုကြီးလုပ်ဦးမယ်"

"မဟုတ်ပါဘူးကွာ၊ အုံ့ အံ့သြပြီးပျော်သွားစေချင်လို့ပါ"

"ကဲပါ ... ကဲပါ ... မှိတ်ထားမယ်"

အုံ့သည် ပြုံးတုံ့တုံ့လေးလုပ်ကာ မျက်စိကို မှိတ်ထားလိုက်လေသည်။ နက်ရှိုင်းက အုံ့ဘယ်ဘက်လက်ကောက်ဝတ်လေးကို အသာဆွဲယူလိုက်ပြီးလျှင် ဟန်းချိန်းလေးကို ဝတ်ပေးလိုက်ပါသည်။ အုံ့သည် အထိအတွေ့ အေးစက်စက်ကို လက်ကောက်ဝတ်မှာ ခံစားရပြီး မျက်စိမှိတ်ထားသော်လည်း ဒါဟာ လက်ကောက်လား ဟန်းချိန်းလားဟု မှန်း၍ရပါသည်။ နာရီတော့ မဖြစ်နိုင်။ အုံ့ ဘယ်ဘက်မှာ သားရေကြိုးနဲ့ပတ်ရသော လက်ပတ်နာရီလေး ရှိနေပါသည်။ အုံ့က နာရီဆို သားရေကြိုးပါသောနာရီ





သာ ပတ်ကြောင်း ကိုကိုသိသဖြင့် အကယ်၍ နာရီထပ်ပတ်ပေးလျှင်တောင် သားရေကြိုးနဲ့ သတ္တုပစ္စည်းကြိုးရဲ့ အထိအတွေ့ချင်းက မတူကြောင်း အုံ့ ခံစားတတ်ပါသည်။ ဒါကြောင့် ကိုကို ဝတ်ပေးသောအရာမှာ အပျော့စား လက်ကောက်လား၊ ဟန်းချိန်းလား တစ်ခုခုပဲ။

"ရပြီ မျက်လုံးဖွင့်ကြည့်လို့ရပြီ"

အုံ့သည် အသံကြားကြားချင်း ချက်ချင်းပင် ဖြုန်းခနဲ မျက်လုံးဖွင့်ကြည့်တော့သည်။

"ဟယ် ... ဖန်စီကျောက်ဟန်းချိန်းလေး"

"အုံ့ ကြိုက်လား"

"ကြိုက်တာပေါ့ ဒါလေးတွေက တန်ဖိုးမရှိပေမဲ့ အုံ့ သိပ် Crazy ဖြစ်တာ ကိုကိုရဲ့။ ဟယ် ... ဘာပုံလေးတွေလဲ ဒါလေးတွေက ..."

နက်ရှိုင်းက တစ်ခုချင်းကိုင်ပြရင်း ...

"ကျောက်က ရှန်ပိန်ခရစ်စတယ်လ်လို့ ခေါ်တယ်၊ အရောင်က ရှန်ပိန်ရောင်လေးလေ ပုံလေးတွေက ဒါက ဂီတသင်္ကေတလေးတွေပေါ့။ အုံ့က ဂီတသမားဆိုတော့ တမင်ရွေးလာတာ။ ဒါက ကြယ်ပွင့်လေးပါ။ အောင်မြင်မှုအထိမ်းအမှတ်ပေါ့လေ။ ဒါကတော့ အသည်းလေး၊

www.burmeseclassic.com



ဒါက သော့လေး။ အုံ့အသည်းကို ကိုကိုရဲ့သော့လေးက ခတ်ထားပြီးပြီဆိုတဲ့သဘောပဲ၊ ဘယ်သူ့ကိုမှ ထပ်ပြီးမချစ်ရတော့ဘူးပေါ့။ ကြိုးလေးကတော့ ငွေအစစ်လို့ပြောတယ်"

ဟူ၍ ဟုတ်သော်ရှိ မဟုတ်သော်ရှိ ကျောက်လေးတွေကို ပုံဖွင့်ထားတဲ့ပုံစံလေးတွေကို လိုရာဆွဲတွေးပြီး ရှင်းပြလိုက်ပါသည်။

"လှလိုက်တာ ကိုကို ရွေးတတ်သားပဲ"

"အုံ့ကို မွေးနေ့လက်ဆောင်ဆိုရင် တန်ဖိုးရှိတဲ့ ရတနာပစ္စည်းလေးတွေပဲ ဝယ်ဝယ်ပေးနေမိတော့ ဒီတစ်ခါတော့ အုံ့အကြိုက် ဖန်စီဝယ်ပေးမယ်လို့ စိတ်ကူးမိလို့ပါ"

"အုံ ပျော်လိုက်တာ၊ ကိုကိုက အုံ့ကို ဂရုစိုက်သားပဲနော်"

အုံသည် မျိုသိပ်မထားနိုင်တော့ဘဲ ပြောလိုက်မိတော့လေသည်။ အုံ ဒီနေ့ တကယ်ပျော်ပါသည်။ အုံ့ကို သိပ်အရေးမစိုက်ဘူးထင်ထားခဲ့တဲ့ ကိုကို့ဆီက အရေးစိုက်ခြင်း၊ အလိုက်သိခြင်းတွေကို ရှားရှားပါးပါး လက်ခံရသည့်အတွက် အုံ ဒီနေ့ တော်တော်ပျော်ရပါသည်။

မှာထားသော စားသောက်စရာတွေ ရောက်လာသောအခါ အုံသည် အကျင့်ပါနေကျအတိုင်း ကိုကို့ပန်းကန်ထဲပဲ အရင်ထည့်ပေးမိလေသည်။ တစ်ခုခုစားတိုင်း အုံ သတိထားမိတာက ကိုကိုသည် အုံ့ကို ဂရုတစိုက် ထည့်ပေးပြုပေးတာ သိပ်လုပ်ပေးလေ့မရှိ။ အုံကသာ အချစ်ပိုပြီး ကိုကို့ကို ထည့်ပေးမိတတ်စမြဲ။ တစ်ခါတလေများ အုံက စိတ်မကောင်းဖြစ်ပြီး ...

"အုံ သတိထားကြည့်မိတယ် သိလား၊ ကိုကိုက ဘယ်တော့မှ အုံ့ကို စားစရာတွေဘာတွေ ဂရုတစိုက် ထည့်ပေးတာမရှိဘူးနော်၊ အုံကသာ အမြဲထည့်ထည့်ပေးနေမိတာ"

ဟု ပြောမိလျှင် ကိုကိုက ပြန်ပြောတာကြည့်ဦး။

"ကိုကို့အကြောင်းလည်း အုံ သိသားပဲ။ ကိုကိုက အဲဒီလို အပေါ်ယံကြော ချစ်ပြ၊ ဂရုစိုက်ပြနေတာတွေ မလုပ်တတ်ဘူးလေ။ လူမြင်ကောင်းအောင်လုပ်ပြပြီး စိတ်ထဲမှာ ချစ်မနေရင် အလကားပဲ၊ အဲဒါတွေက အပိုအလုပ်တွေလို့ထင်တယ်"

"ဟင် ... ဒါဖြင့် အုံကတော့ အပေါ်ယံဟန်ဆောင်နေတာ။ အပိုအလုပ်တွေလုပ်နေတာ အဲဒီလိုမျိုးပေါ့ ဟုတ်လား"

"ကိုကို အဲဒီလိုမျိုး အုံ့ကို စောင်းပြောတာမဟုတ်ဘူးနော်။ အုံကတော့ ဒါ တကယ်စိတ်ပါလို့လုပ်တာ၊ လုပ်ရိုးလုပ်စဉ်ဖြစ်ပြီး ကိုကို့ကို တကယ်ပဲချစ်လို့၊ ဂရုစိုက်လို့ လုပ်တယ်ဆိုတာ ကိုကို သိပါတယ်။ လူတစ်ယောက်နဲ့တစ်ယောက် အကျင့်ကမတူဘူးလေ။ ကိုကိုက ဒါမျိုးတွေ မလုပ်တတ်




စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ အုံကလုပ်တယ်၊ ကဲ ... အဲဒါ ဘာဖြစ်လဲ။ ဘာမှ မဖြစ်ဘူး။ အုံ စိတ်မပါတော့တဲ့ တစ်နေ့ မလုပ်လည်း ကိုကိုက ဒါကို သတိရပြောမှာမဟုတ်ဘူး။ အင်း ... အဲဒါကို ဘယ်လိုနားလည်အောင်ရှင်းပြရမှန်းတောင် မသိတော့ဘူး။ အဓိကကတော့ ကိုကို အုံ့ကိုချစ်တယ်ဆိုတာ ယုံရင်ပြီးတာပဲ။ လူရှေ့သူရှေ့ ဂရုစိုက်ပြတာတွေဘာတွေတော့ ရှိချင်ရှိမယ် ဆိုတာပဲ"

ကိုကိုကတော့ အုံ့ထက်ငါးနှစ်ကြီးသော အကြီးပီပီ ချက်ကျလက်ကျ ပြန်ရှင်းလျှင် အုံသည် ပြန်ပြောစရာစကားပင် မရှိတော့သလိုဖြစ်လျက် နောက်ဆုံးတော့ ကိုကို့စကားကိုသာ နားဝင်ချိုရသူဖြစ်ခဲ့ပြန်သည်။

အခုလည်း အုံကတော့ အကျင့်ပါနေကျအတိုင်း ကိုကို့ပန်းကန်ထဲ ဘာလိုသလဲ၊ ဘာထပ်ထည့်ပေးရဦးမလဲပဲ စောင့်ကြည့်ပြီး ထပ်ထည့်ပေးရင်း ညစာစားကြရင်း အုံသည် ပြောစရာတစ်ခု ခေါင်းထဲဝင်သွားသဖြင့် စပြောလိုက်သည်။

"ကိုကို အခုလာမဲ့ ဆန်းဒေးကျရင်လေ အုံ့ ဘွားဘွားကြီးဆီ သွားမလို့"

ဘွားဘွားကြီးမှာ အဖေဘက်မှ တော်စပ်သောအဘွား၊ အဖေ့အမေ၏အမေ အသက်ကိုးဆယ့်ငါးနှစ်ရှိနေပြီဖြစ်သောကြောင့်





ရန်ကုန်နဲ့ပဲခူး အနီးလေးကိုပင် တစ်နှစ်တစ်ခါတောင် လာခဲပါသည်။ ဘာရောဂါမှတော့ ကြီးကြီးမားမားမရှိပေမဲ့ အသက်ကြီးလှပြီမို့ မျက်စိလည်းမှုန်၊ မှတ်ဉာဏ်လည်း ဟိုမေ့ဒီမေ့ဖြစ်သဖြင့် အိမ်ထဲမှာသာ အနေများပါသည်။ ထိုဘွားဘွားကြီးမှာ အုံ့အဖေ၏ အစ်မကြီးကလည်း အပျိုကြီးမို့ ထိုမြေးတော်သူ အုံ့အဖေ၏ အစ်မကြီးနဲ့သာ နေပါသည်။ အုံတို့မိသားစုကတော့ ကားလေးမောင်းပြီး သွားလိုက်ပြန်လိုက် တစ်လတစ်ခါလောက် သွားကြည့်ရှုပေးကြစမြဲ။

ဘွားဘွားကြီးကလည်း အုံ့ကိုတော့ မြစ်ထဲမှာ အချစ်ဆုံးဖြစ်သဖြင့် အုံက ပိုအသွားများပါသည်။

"ကိုကို လိုက်ခဲ့နော်"

"ဆန်းဒေး ဘယ်အချိန်လဲ"

"အုံသွားရင် တစ်နေ့ကုန်နေနေကျလေ ကိုကိုရဲ့။ မနက် ရှစ်နာရီလောက်ထွက်သွားမှာပေါ့ ညနေစောင်းမှ ပြန်လာမှာပေါ့၊ ဘွားဘွားကြီးက အုံ့ကိုရော ကိုကို့ကိုရော တွေ့ချင်တယ်ဆိုပြီး ဖုန်းဆက်ထားတယ်"

"ဆန်းဒေး ကိုကို မအားဘူး အုံ။ တကယ်ပြောတာ။ အခုလာမဲ့အပတ်မှာ ကိုကိုနဲ့လွင်ဦး ဇန်ကောက် ခဏသွားစရာကိစ္စရှိတယ်လေ။ အလုပ်ကိစ္စနဲ့ ကိုယ်စားလှယ်လွှတ်လို့



www.burmeseclassic.com

www.burmeseclassic.com



သွားရမှာမို့ ကြိုတင်ပြင်ဆင်စရာ စာရွက်စာတမ်းတွေကို သူနဲ့ကိုကို ဆိုပြီး ပြင်ဆင်စရာရှိတယ်။ ရေးစရာရှိတာရေး ရမယ်၊ ဒါကြောင့် မအားဘူး အုံ”

အုံသည် မျက်နှာလေးငယ်သွားပြီး စားလက်စထမင်း ဟင်းတွေကိုပင် ဆက်မစားတော့ဘဲ ဇွန်းခက်ရင်းတို့ကို ဘေး အသာချလိုက်လေသည်။

“စိတ်မကောက်နဲ့လေ။ အုံ ကိုကို့ကို နားလည်ပေးရမှာပေါ့။ ကိုကို တခြားအလေလိုက်စရာရှိနေလို့ အုံ့နောက် အဖော် မလိုက်တာမှ မဟုတ်ဘဲ။ အလုပ်ကိစ္စကြောင့် မလိုက်နိုင် တာလေ။ ဒီအပတ်မသွားဘဲ နောက်အပတ်မှ သွားရင်ရော မရဘူးလား”

“ဘွားဘွားကြီးကို အုံ လာမယ်လို့ကတိပေးပြီးပြီ၊ ခဏခဏ ပြင်မပြောချင်ဘူး။ လာမယ်ပြောလိုက် မလာဘူးပြောလိုက် လုပ်ရင် ဘွားဘွားကြီး စိတ်မကောင်းဖြစ်လိမ့်မယ်။ သူက သူ့ကို အသက်ကြီးလာပြီမို့ သားသမီးတွေ မြေးတွေက ဂရုမစိုက်တော့ပါဘူးဆိုပြီး အားငယ်နေတာ။ အုံကပါ သူ့ကို မရိုသေမလေးစားသလိုနဲ့ ခုလာမယ် ခုမလာတော့ဘူး ပြောရင် ပိုစိတ်ထိခိုက်လိမ့်မယ်၊ ဒါကြောင့် အုံ ပြန်ပြင် မပြောချင် တော့ဘူး”





“အုံ့အဘွားပဲ။ အုံသွားတွေ့ရင် သူ ကျေနပ်မှာပါ၊ ကိုကို့ကို သူ သိပ်မတွေ့ချင်ပါဘူး။ အုံနဲ့ကိုကိုက တွဲရက်ဆိုပြီး သူ သိထားလို့ စကားထဲ ထည့်ပြောတာပါ”

“ဘွားဘွားကြီးက သူ စိတ်မပါရင် ဘယ်သူ့ကိုမှ လော ကွတ်လုပ်ပြီး တွေ့ချင်ပါတယ်လို့မပြောတတ်ဘူး၊ သူ ကိုကို့ကို တကယ်တွေ့ချင်လို့ပြောတာပါ။ နောက်ပြီး ဘွားဘွားကြီးမှာ အစွဲအလမ်းတစ်ခုလည်းရှိတယ်၊ သူက ဆရာဝန်တွေဆို သိပ်လေးစားပြီး သဘောကျတာလေ။ ဒီတော့ သူ ကိုကို့ကို အလိုလိုနေရင်း ချစ်နေတာ အုံ သိ တယ်။ ကိုကို့ဘာသာ ဆေးကုတဲ့ဆရာဝန်ဖြစ်ဖြစ်၊ မဖြစ်ဖြစ် သူကချစ်နေတာ။ ဒါကြောင့် အုံနဲ့တွဲပြီး တွေ့ချင်တာပါ”

အုံသည် ပြောရင်းနဲ့ အသံတွေတိမ်သွားကာ မျက် ရည်ဝဲလာသည်။

“အုံ ကိုကို့ကို အမြဲတမ်း နားလည်ပေးခဲ့ပါတယ်၊ အုံ ခေါ်တဲ့နေရာတိုင်း ကိုကို မလိုက်ပေးတာကို ခွင့်လွှတ်ပြီး လက်ခံလို့ရခဲ့ပါတယ်၊ ကိုကိုများ တစ်ခါတလေ အလိုက် တသိနဲ့ အုံ့ဘက် အလိုလိုက်မလားလို့ စိတ်ကူးပြီး မေး လိုက်ပေမဲ့ ကိုကိုက ဒီပုံစံကဒီပုံစံပဲ၊ မပြောင်းလဲဘူး။ အုံ ခေါ်ရင် မလိုက်နိုင်ဘူးငြင်းဖို့ ကြိုတင်များပြင်ဆင် ထား သလား မသိဘူး”



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူးကွာ၊ အုံ့ အထင်လွဲနေပြီ။ ကိုကို တကယ် လိုက်ပေးလို့မရလို့ပါ။ ဗန်ကောက်သွားမဲ့ ဆွေးနွေးပွဲမှာ အဓိကက ကိုကိုနဲ့ လွင်ဦးပဲ ရန်ကုန်ရုံးကိစ္စကို အသေးစိတ် ပြောရမှာတွေရှိတယ်။ မှားသွားရင်မကောင်းဘူးလေ၊ ကိုကို တို့က ကုမ္ပဏီတစ်ခုလုံးအတွက် ကိုယ်စားလှယ်ပြုပြီးသွား ရမှာဆိုတော့ ..."

အုံ့သည် နက်ရှိုင်းစကားပင် မဆုံးသေး၊ လက်ကာ ပြပြီး ထရပ်လိုက်ပါသည်။ မျက်ရည်တွေလည်း ဝဲနေကာ မျက် တောင်ကိုတော့ ပုတ်ခတ်ပုတ်ခတ်လုပ်ရင်း ဟန်ဆောင်နေပါသည်။

"အုံ့ စိတ်ကောက်ပြီး ထ,မသွားနဲ့လေ"

"အုံ့ စိတ်မကောက်ပါဘူး၊ စိတ်မကောင်းဖြစ်တာပါ။ နောက်ပြီး အုံ့ဘဝအတွက် ပြန်စဉ်းစားသင့်တဲ့အချက်ကို လည်း ပြန်စဉ်းစားချင်လာလို့ပါ"

"ဘာလဲ ဘာတွေပြောနေတာလဲ အုံ့ ရှူ ... ခဏနေဦး လေ၊ အဲဒီလိုကြီး ထထွက်မသွားနဲ့လေ၊ ကိုကို့ကိုစောင့်ဦး"

အုံ့သည် မပြောမဆိုနဲ့ အိတ်ကောက်လွယ်ပြီး ဆိုင် ပြင်ထွက်သွားတော့မလိုပြင်လျှင် နက်ရှိုင်းလည်း မြန်မြန်ထရပ် လိုက်ရပြီး အုံ့လက်ကောက်ဝတ်ကို ဖမ်းဆွဲထားလိုက်ရသည်။

"အုံ့ မသွားနဲ့ဦးလေ"





"အုံ့ တစ်ယောက်တည်း အေးအေးဆေးဆေး စဉ်းစားပြီး အိမ်ပြန်ချင်လို့"

"ဘာစဉ်းစားမှာမို့လဲ"

"ကိုကို့ကို အုံ့ လက်ထပ်သင့်မသင့် ပြန်စဉ်းစားချင်လာ လို့ပါ"

"ဟာ ... အုံ့ ဘာတွေ ပြောနေတာလဲကွာ၊ ဒုက္ခပါပဲ ဒီလောက်ပြဿနာလေးနဲ့ ကိုကိုတို့ လက်ထပ်သင့်မသင့် စဉ်းစားစရာလား၊ ကိုကို မအားလို့ လိုက်မပေးနိုင်တဲ့ကိစ္စ ဟာ အသေးအမွှားပါ အုံ့ရယ်"

"ဟုတ်ပါတယ် ကိုကို့အတွက် အသေးအမွှားပေမဲ့ အုံ့ အတွက်ကတော့ ကြီးမားနေတယ်၊ အုံ့ကတော့ ရင်ထဲမှာ ကြီးကြီးမားမား ခံစားရတယ် ကိုကို။ ဒါကြောင့် အုံ့ တကယ်ပဲ ပြန်စဉ်းစားချင့်ချိန်လာတယ်။ ကိုကိုဟာ အုံ့ အပေါ် ချစ်သူဘဝမှာတောင် အလိုမလိုက်တာတွေ များ လာရင် အိမ်ထောင်ကျပြီးတဲ့အခါ ဘယ်လိုသဘောထားမှာ လဲလို့ အုံ့ စဉ်းစားကြည့်ချင်လာတယ်။ အုံ့ကို တစ်ယောက် တည်းပေးသွားပါ ကိုကို။ ကိုကို့ကားနဲ့ မလိုက်ဘဲ အုံ့ ဘာသာ တက္ကစီနဲ့ပေးသွားပါနော်"

"ဟာ ... ညဘက်ကြီး မိန်းကလေးတစ်ယောက်တည်း စိတ်မချပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်မချရင် ကိုကို နောက်ကမောင်းလိုက်လာခဲ့"

"အုံ မင်း လုပ်နေတာတွေ မဟုတ်သေးဘူး"

"အုံ စိတ်ချမ်းသာတာမြင်ချင်တယ်ဆိုရင် အုံ့ကို ထပ်မတားပါနဲ့တော့နော်"

နက်ရှိုင်းသည် တားမရသည့်အဆုံး စိတ်လျှော့ကာ အလိုလိုက်ရတော့လေသည်။

"ဒါဖြင့် ကိုကို ပိုက်ဆံရှင်းပြီးတာကို ခဏစောင့် ဟုတ်ပြီလား"

"အုံ့ဘာသာ တက္ကစီနဲ့ပြန်မှာနော်၊ ကိုကို အပြင်ရောက်မှ ထပ်မတားနဲ့။ အုံ တကယ်ဆုံးဖြတ်ပြီးနေပြီ"

"အေးပါကွာ အေးပါ။ ငါ မတားတော့ပါဘူး မင်းသဘောပါ"

အုံသည် နက်ရှိုင်းကို စောင့်ခေါ်သည်ဆိုရုံလေး စောင့်ခေါ်ကာ အပြင်ရောက်တာနဲ့ ကားလမ်းမကို တန်းထွက်တော့သည်။

"ကိုကိုပါ ဝင်တားပေးမယ်၊ ဒါမှ မင်း တက္ကစီကို ကိုကို နောက်ကလိုက်လာမဲ့အကြောင်း ပြောလို့ရမှာ။ တက္ကစီပေါ်တက်တက်ချင်း မောင်းမထွက်သွားနဲ့ဦး။ နောက်က 4WD ကို စောင့်ဦးလို့ မှာရမယ်"





နက်ရှိုင်း သူကိုယ်တိုင်ပဲ လမ်းပေါ်မှာ မောင်းလာနေသော တက္ကစီတစ်စီးကို တားလိုက်ရင်းပြောပါသည်။ တက္ကစီ အနားမှာရပ်သောအခါ မောင်းသူကို ငုံ့ကြည့်လိုက်တော့ အသက် ငါးဆယ်ကျော် ဦးလေးကြီးတစ်ယောက်ကို တွေ့ရသည်။

"ဘယ်သွားမလဲ ကလေး"

"ပြည်လမ်း (……)ဘက်မှာရှိတဲ့ ကွန်ဒိုဝင်းကိုပါ၊ (……)က ကွန်ဒိုဝင်းပါ"

"အဲဒီကိုဆို (……)ပါ"

တက္ကစီမောင်းသူက ဈေးပြောလို့ပင် မဆုံးသေး။ အုံက နောက်ခန်းတံခါး ဖွင့်ဝင်ထိုင်နေပြီ။

"ဦး ဒီနားမှာ ခဏလေးရပ်စောင့်ပေးပါခင်ဗျာ၊ ကျွန်တော် ဒီစားသောက်ဆိုင်ခြံဝင်းထဲမှာ ကျွန်တော့်ကားရပ်ထားလို့ သွားမောင်းယူလာခဲ့ပြီး ဦးကားနောက်က လိုက်ခဲ့ချင်လို့ပါ ဘယ်လိုမှ မထင်ပါနဲ့ခင်ဗျာ။ သူနဲ့ ကျွန်တော် အတူတူ လာကြတာပါ။ သူ ကျွန်တော့်ကို စိတ်ကောက်သွားလို့ ကျွန်တော့်ကားနဲ့ ပြန်မလိုက်ဖြစ်တာမို့ ကျွန်တော် သူ့ကို အိမ်တိုင်ရာရောက် ပို့ပေးရာလည်းရောက်အောင် နောက်က လိုက်မောင်းလာချင်တာပါ"

တက္ကစီမောင်းသူ ဦးလေးကြီးက သဘောပေါက်ပြီး ခေါင်းညိတ်ပြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါပြီ စောင့်နေမယ်"

"ကျေးဇူးတင်ပါတယ် ဦး"

နက်ရှိုင်းသည် ခြံဝင်းထဲ တစ်ခေါက်ပြန်ဝင်၊ ကားပြန်ယူ၊ ခြံပြင်ထွက် လမ်းဘေးမှာရပ်ထားဆဲဖြစ်သော တက္ကစီရှိရာဆီ မောင်းသွားလျှင် အုံက ပြောလိုက်၍ထင်သည်။ တက္ကစီကလည်း အဲဒီတော့မှ အချက်ပြပြီး လမ်းမပေါ် စတင်မောင်းထွက်ပါသည်။

နက်ရှိုင်းကားကလည်း ခပ်မှန်မှန်လေး လိုက်မောင်းလာခဲ့ပါသည်။

နက်ရှိုင်းသည် အုံ တစ်ခါမှ ဒီလောက်ထိ စိတ်ဆိုးစိတ်ကောက်ပြီး လမ်းခွဲပြီး အိမ်ပြန်တာမျိုး မလုပ်ဖူးသဖြင့် စိတ်ထဲမှာ မကောင်းပါ။ ငါ သူ့အပေါ် သိပ်လျစ်လျူရှုမိသလိုများ ဖြစ်နေသလား။ သူ အမြဲစွပ်စွဲသလို ငါဟာ သူ့ကို သိပ်မချစ်ခဲ့ဘဲ ဦးနှောက်နဲ့ စဉ်းစားပြီးတော့များ ဆုံးဖြတ်သွားသလား။ မိဘကလည်း သဘောကျနေ၊ အုံကလည်း ကိုယ့်အပေါ် မဆွတ်ခင်ကညွတ်ချင်နေ ဟူသော အကြောင်းအရာတွေက တွန်းပို့လို့ အုံ့ကို ချစ်တယ်၊ လက်ထပ်မယ်ဆိုတဲ့ အတွေးများဝင်သွားခဲ့သလား။ နက်ရှိုင်းသည် အုံ့ကြောင့် သူ့ကိုယ်သူပင် ဇဝေဇဝါဖြစ်ပြီး တွေးမိတွေးရာ လျှောက်တွေးလာမိပါသည်။





အုံ တောင်းဆိုသမျှ မလိုက်လျောမိတဲ့ သဘောတော့လည်း မဟုတ်ပါ။ အလကားနေရင်း ဈေးဝယ်လည်းလိုက်၊ အင်္ကျီချုပ်ဆိုင်သွားလည်းလိုက်၊ ဆံပင်ညှပ်ဆိုင်သွားလည်း လိုက်ပေးရအောင်ထိတော့လည်း သိပ်ပြီး အခိုပ္ပါယ်မရှိဘူး ထင်သဖြင့် ဆယ်ခါခေါ်ရင် တစ်ခါပဲ လိုက်ခဲ့ပါသည်။ သို့သော် ဒီလိုတကယ်လည်း လိုက်ပေးဖို့လိုအပ်သော အသွားအိမ်သွားတာမျိုးကျ ဖြစ်ချင်တော့ အလုပ်ကိစ္စအတွက် မဖြစ်မနေ ဆွေးနွေးတိုင်ပင်ရမဲ့နေ့ ဖြစ်နေပြန်သည်။ လွင်ဦးနဲ့လည်း ချိန်းထားပြီးသား ဖြစ်နေ၍ ပြန်မပြင်ချင်။ တိုင်ပင်စာတမ်းရေးဖို့က ဒီတစ်ရက်ပဲ အချိန်ရတော့သည်။

တနင်္လာနေ့ ရုံးသွားပြီးလျှင် အင်္ဂါနေ့ကျ မနက်ဆယ်နာရီဖလိုက်နဲ့ ဗန်ကောက်ကို သွားရမည်။ သုံးရက်နေပြီး ညဘက်လေယာဉ်နဲ့ ပြန်လာရမည်။ ကုမ္ပဏီကလည်း အစတည်းက တာဝန်မပေးထားလည်း သွားခါနီး သုံးပတ်လောက်လိုမှ လာပြောသဖြင့် လွင်ဦးနဲ့ နက်ရှိုင်းတို့မှာ စီစဉ်စရာတွေ တက်သုတ်ရိုက် စီစဉ်လိုက်ကြရသဖြင့် ပြင်ဆင်ချိန်က သိပ်မကျန်တော့၍ ဒီတစ်ရက်ကို မဖျက်ချင်တော့ပါ။

နက်ရှိုင်းမှာ အုံနဲ့ ဒီလိုကတောက်ကဆတ် ကြီးကြီးကျယ်ကျယ် ဖြစ်ရသည့်အတွက် စိတ်ထဲမှာ တမြည့်မြည့်တွေးရင်း



www.burmeseclassic.com

www.burmeseclassic.com



မီးပွိုင့်မှာ မီးနီ၍ ရပ်လိုက်သောတက္ကစီ၏နောက်မှာ အသာရပ်လိုက်ပါသည်။

ကားနောက် လေကာမှန်မှတစ်ဆင့် မြင်နေရသော အုံ့ရဲ့ခေါင်းလုံးလုံးလေးကတော့ နက်ရှိုင်း ကားနောက်မှာ ပါလာမှန်းသိပေမဲ့ လှည့်မကြည့်ပါ။

မီးပွိုင့်မှာ မီးစိမ်း၍ ရှေ့ကတက္ကစီထွက်လျှင် နက်ရှိုင်းလည်း လီဗာကို အသာနင်း၍ လိုက်မောင်းထွက်လိုက်ပါသည်။ အဲဒီအခါမှာ မထင်မှတ်သောအဖြစ်အပျက်ကို ရုတ်ခြည်းကြုံလိုက်ရတာဖြစ်သည်။

"ဝုန်း"

ဆိုသော အသံကျယ်ကြီးကို ကြားလိုက်ရချိန်တွင် အုံ့ စီးလာခဲ့သောတက္ကစီကားလေးသည် သုံးလေးပတ်လည်သွားလေပြီ။ တက္ကစီက လမ်းမှန် မီးစိမ်း၍မောင်းထွက်စဉ် တစ်ဖက်မှ မီးနီကို ဖြတ်မောင်းလာသော ကားတစ်စင်းနဲ့ဆုံပြီး ထိုကားက တက္ကစီ၏ ဝမ်းဗိုက်ကို ဖြတ်တိုက်လိုက်ခြင်းဖြစ်သည်။

နက်ရှိုင်းသည် ရုတ်တရက် မျက်လုံးတွေ ပြာဝေထိတ်လန့်သွားပြီး ဘရိတ်ကို နင်းချလိုက်ရင်း ...

"ဟာ ... တိုက်ပြီ၊ အုံ့ကားကို တိုက်ပြီ၊ ဟာကွာ ... ဖြစ်ရလေ အုံ့ရာ"





နက်ရှိုင်းသည် သွေးရူးသွေးတန်းလိုပဲ ပါးစပ်မှ အော်ဟစ်ရေရွတ်ပြီး ကားတံခါးကိုဖွင့်ကာ အုံ့ စီးလာသော တက္ကစီကားဆီ ပြေးသွားမိတော့လေသည်။

ကားမှာ ပိန်လိမ်သွားပြီး အငွေ့တွေတထောင်းထောင်းထွက်နေသည်။ ဘေးဘီဝန်းကျင်မှ လူတွေလည်း ပြေးလာကြသလို နောက်မှပါလာသောကားတွေလည်း ရပ်ကုန်ကြပြီး ပြေးဆင်းသူဆင်းလာကြသည်။

"တက္ကစီက မီးစိမ်းလို့ ထွက်တာကွ"

"ဟိုဘက်ကားက မီးနီကြီး တမင်ဖြတ်မောင်းလာတာ"

"ကားထဲမှာ ခရီးသည်တစ်ယောက်ပဲ ပါလာတယ်"

ဟူသော အော်သံ၊ ပြောသံတွေသည် နက်ရှိုင်း နားထဲမှာ လေတွေ တဝူးဝူး တိုးဝင်သံနဲ့အတူ ကြားနေရသည်။

တက္ကစီကားဆီပြေးသွားနေသော သူ့ခြေထောက်တွေပင် နေ့သည်ဟု ထင်မိခဲ့ပါသည်။ အုံ့ရယ် ဖြစ်ရလေ အုံ့ရယ်။ ကိုကိုနဲ့ စိတ်ကောက်ပြီး ထွက်သွားလို့ အုံ့ ဒီလိုဖြစ်ရတယ်။

အုံ့အလိုကိုသာ မလိုက်ဘဲ ကိုကို့ကားနဲ့ပဲ အတင်းခေါ်ခဲ့ရင် အုံ့ ဒီလိုဖြစ်ချင်မှဖြစ်မှာ အုံ့လေးရယ်။

ကိုကို့အပြစ်ပါ။ ကိုကို့ကြောင့် အုံ့ဒီလိုဖြစ်သွားရတာပါ။

❤ ✱ ❤



www.burmeseclassic.com

www.burmeseclassic.com



# အခန်း ၆

ဆေးရုံတွန်းလှည်းပေါ်မှာ ပါသွားသော အုံ့မျက်နှာမှာ ဖြူဖျော့ပြီး ဒဏ်ရာတွေနဲ့ မြင်မကောင်းအောင်ဖြစ်နေသည်။ အောက်စီဂျင်ပိုက်ကို တပ်ထားရသောအုံ့သည် စကားပြောနိုင်ဖို့ နေနေသာသာ သတိပင်လစ်နေပြီ။

နက်ရှိုင်းသည် အုံ့တွန်းလှည်းနောက်ကို ပြေးလိုက်ရင်း အုံ့ ကြားနိုင်သည် မကြားနိုင်သည်မသိဘဲနဲ့ သွေးရူးသွေးတန်းဖြင့် ...

"အုံ့ ... အုံ့ ... ကိုကို ရှိတယ်နော်။ ကိုကို ရှိတယ်၊ အုံ့အနားမှာ ကိုကို တစ်ချိန်လုံးရှိတယ်။ ကိုကို စောင့်နေမယ်နော်။ အုံ့ ဘာမှမကြောက်နဲ့ သိလား၊ အုံ့ ဘာမှမစိုးရိမ်နဲ့ အုံ့ ပြန်ကောင်းသွားမှာပါ"





ဟု အားပေးစကားတွေ တောက်လျှောက်ပြောလာမိသည်။

အရေးပေါ်ခွဲစိတ်ရမှာမို့ ခွဲစိတ်ခန်းထဲ ဝင်တော့မလို့ အပေါက်ဝရောက်လျှင် နာ့(စ)တွေက ဝိုင်းတားထားကြပြီး ...

"ခွဲခန်းအပြင်ကပဲစောင့်ပါ ဝင်ခွင့်မရှိဘူး"

ဆိုသဖြင့် နက်ရှိုင်းသည် လက်လျှော့ကာ ရပ်ကျန်ခဲ့ရသော်လည်း ...

"အုံ့ ကိုကို အပြင်မှာစောင့်နေတယ်နော်၊ ကိုကို ရှိနေမယ်နော်၊ ကိုကို အဝေးကြီးလည်း မသွားတော့ဘူး၊ အုံ့အဘွားဆီ သွားရင်လည်း ကိုကို လိုက်ခဲ့ပေးမယ်။ အုံ့ပဲ ကိုကို့ဘဝမှာ အရေးကြီးဆုံးပဲ၊ ကျန်တာ ဘာမှအရေးမကြီးဘူး"

ဟူသော နောက်ဆုံး နှစ်သိမ့်စကားကိုတော့ ပြောဖြစ်အောင်ပြောလိုက်သေးလေသည်။

သို့သော် နောက်ထပ်နာရီဝက်ကြာသောအချိန်မှာတော့ နက်ရှိုင်းသည် ကြားလိုက်ရသည့် သတင်းစကားတစ်ခုကြောင့် ယောကျ်ားတန်မဲ့ ရှိုက်ကြီးတငင် ငိုကြွေးမိတော့သည်အထိ ဖြစ်သွားပါသည်။ ငိုရင်းငိုရင်းနဲ့ ခြေထောက်တွေပင် မနိုင်မရပ်နိုင်တော့သလို ဖြစ်သွားပြီး ဆေးရုံ၏ ကြမ်းပြင်မှာ



www.burmeseclassic.com

www.burmeseclassic.com



တွေးတွေးခွေခွေလေး ထိုင်ပြီး ဆောက်တည်ရာမဲ့ ငိုကြွေးနေခဲ့မိပါသည်။

နာရီတာချို့ကုန်ဆုံးပြီးသောအခါ နက်ရှိုင်းအနားကို ရောက်လာခဲ့ကြသော အုံ့မိဘတွေနဲ့ အုံ့အခင်ဆုံး သူငယ်ချင်း ယမင်းတို့ ရောက်လာခဲ့ကြချိန်တွင် နက်ရှိုင်းသည် ဆံပင်စုတ်ဖွား၊ မျက်နှာမို့အစ်၊ မျက်လုံးနီနီ၊ နွမ်းဖတ်ဖတ်မျက်နှာဖြင့် ငူငူကြီး ထိုင်နေသော သူတစ်ယောက်ဖြစ်သွားခဲ့ပါသည်။

"ဘယ်လိုကဘယ်လို သမီးက တက္ကစီနဲ့ပြန်လာလိုက်ရသလဲ မောင်နက်ရှိုင်းရယ်"

ဟူသော မေးခွန်းကို နက်ရှိုင်းသည် ဆို့နစ်ကြေကွဲနေ့ာင်တရစွာ အကျိုးအကြောင်း ပြောပြလိုက်ရပါသည်။

ပြောပြီးလျှင်ပြီးချင်း စကားဆုံးတာနဲ့ နက်ရှိုင်းသည် ယူကျုံးမရသံကြီးဖြင့် ...

"အားလုံး ကျွန်တော့်အပြစ်တွေပါ၊ ကျွန်တော်ကြောင့်ပါဗျာ။ ကျွန်တော့်ကြောင့် အုံ့ အဲဒီကားနဲ့ သီးသန့်ပြန်သွားလိုက်လို့ အုံ့သေရတာပါ၊ ကျွန်တော်သာ သူ့ကို ချော့မော့ဖျောင်းဖျလာတုန်းကလိုပဲ ကျွန်တော့်ကားနဲ့ပဲ အတူတူပြန်လိုက်ခဲ့ရင် အုံ့ ဒီလိုဖြစ်မှာမဟုတ်ဘူး၊ အုံ့ကပြောဖူးတယ် ကျွန်တော် သူ့ဘေးမှာရှိရင် သူ့ဘဝဟာ လုံခြုံတယ်၊ အန္တရာယ်ကင်း





တယ်တဲ့၊ အခုတော့ ကျွန်တော် သူ့ဘေးမှာ မပါခဲ့လိုက်လို့ အုံ့ အန္တရာယ်နဲ့ ကြုံရတာ၊ အသက်ဆုံးရှုံးရတာပါ"

ဟု အရူးကြီးတစ်ယောက်လိုပဲ ရှိုက်ကြီးတငင် ငိုလည်းငို၊ ပြောလည်းပြော၏။ ယမင်းမှာ အဖြစ်အပျက်ကို မယုံနိုင်သလိုဖြစ်ပြီး နက်ရှိုင်းနဲ့အတူ လိုက်ငိုလျက် ...

"လွန်ခဲ့တဲ့နာရီပိုင်းလေးကတင် အုံ့နဲ့ ယမင်း ဒီညကိုယ့်ရဲ့ကလေးတွေ အောင်မြင်မှုအတွက် ပျော်မဆုံး၊ ဂုဏ်ယူမဆုံးဖြစ်နေခဲ့တာလေ။ ယုံတောင်မယုံနိုင်အောင်ပါပဲ။ ဖြစ်ရလေ အုံ့ရယ်"

ဟူ၍ တပြောပြောဖြစ်နေသည်။

အုံ့ Bodyကို ရေခဲတိုက်ထဲ ယူသွားပြီးသောအခါမှာ နက်ရှိုင်းသည် လောကကြီးကို တစ်ယောက်တည်းရင်ဆိုင်လျက် အိမ်ကိုပြန်လာခဲ့ရတော့လေသည်။

အိမ်ရောက်သောအခါ နက်ရှိုင်းသည် အသံထွက် ငိုညည်းနေမိသော်လည်း မျက်ရည်တွေ ခန်းခြောက်သလိုဖြစ်လျက် မျက်ရည်တော့မထွက်ဘဲ လူကသာ တအီးအီးအော်ငိုသလိုဖြစ်နေပြန်သည်။ အဝတ်အစားလည်းမလဲဖြစ်၊ ဝတ်လာသောရှူး(စ)ဖိနပ်ကိုကိုလည်း မချွတ်ဘဲ အိပ်ရာပေါ် တစောင်းခွေခေါက်လှဲအိပ်လိုက်ပြီး လူမှာ တွယ်ရာမဲ့သလိုလို၊ စိတ်အားငယ်သလိုလို ခံစားလာရ

www.burmeseclassic.com



ပြီးလျှင် လက်ကိုပိုက်၊ ခြေထောက်ကိုတွေးပြီး နဖူးနဲ့ဒူး ထိလုနီးပါး ကွေး၍ ငိုညည်းနေမိခဲ့သည်။

အုံ့ သက်ရှိထင်ရှား မရှိတော့ဘူးဆိုတာ သိရမှပဲ သူဟာ အုံ့ကို ဘယ်လောက်ထိတောင် ချစ်မိနေခဲ့ကြောင်း ခံစားလို့ရလာသည်။ အုံ့ မရှိတော့ရင် သူ ဘယ်လိုအသက်ရှင်နေထိုင်ရမလဲ။ နေ့ရက်တွေကို ဘယ်လိုဖြတ်သန်းရမလဲ။ နေ့တိုင်း ကြားနေရတဲ့ အုံ့အသံလေးကို မကြားရတော့ရင် ဘယ်လောက်ထိများ အနေရခက်မလဲ။

အုံ့ ရှိစဉ်က "အုံ့ကို သိပ်ချစ်တယ်"ဆိုသော စကားကိုပင် တစ်နေ့တစ်ခါ သတိတရမပြောမိခဲ့သည်ကို အခုကျမှ နောင်တရမဆုံး ဖြစ်နေခဲ့သည်။ အုံ့ကသာ "ကိုကို့ကို သိပ်ချစ်တယ်"လို့ တစ်နေ့မှာ အခါနှစ်ဆယ်လောက်ပြောဖြစ်ပေမဲ့ သူဟာ ဘာကြောင့်များ ပြန်မပြောခဲ့မိပါလိမ့်။

အုံ့ မကြားနိုင်တော့ဘူးဆိုမှပဲ ...

"အုံ့ကို သိပ်ချစ်တယ်။ သိပ်ချစ်ပါတယ် အုံ့ရယ်"

ဆိုသောစကားကို အခါခါရေရွတ်နေခြင်းမှာ ဘာအဓိပ္ပာယ်မှမရှိတော့ပါ။

❤ ❃ ❤





# အပိုင်း(၂)

www.burmeseclassic.com

www.burmeseclassic.com



# အခန်း ၇

နက်ရှိုင်းသည် နှိုးစက်မှ တု တု … တု တု ဟုမြည်သံဖြင့် နှိုးနေလျှင် ရုတ်တရက် မျက်လုံးတွေဖွင့်ကြည့်ပြီး စားပွဲတင်နာရီကို လှမ်းကြည့်လိုက်မိပါသည်။ နာရီမှာ မနက်ခုနစ်နာရီကို ညွှန်ပြနေဆဲ။ ငါ ညက နှိုးစက်ပေးထားပြီး အိပ်လို့လား။ နှိုးစက်တော့ မပေးမိဘူးထင်တယ်။ ညတစ်ရေးနိုးမှာ အကျင့်ပါပြီး လက်က သတိတရ နှိုးစက်ခလုတ်ကို နှိပ်လိုက်မိသလား။ အုံ့ အတွက် စိတ်ဆင်းရဲ ဝမ်းနည်းကြေကွဲရခြင်းတွေနဲ့ ငိုညည်းပြီး ဘယ်လိုအိပ်ပျော်သွားမှန်းတောင် မသိဘူး။ ဒါပေမဲ့ လူကတော့ အဝတ်အစားမလဲဘဲ ဖိနပ်ပင် မချွတ်ဘဲ အိပ်သွား လိုက်မိမှန်း အသေအချာပင် မှတ်မိနေသည်။

သို့သော် …





အခုမနက် နှိုးစက်ကြောင့် အိပ်ရာက နိုးသောအခါမှာ ညဘက်ဝတ်နေကျ အင်္ကျီပွ၊ ဘောင်းဘီပွ ဝမ်းဆက် (ထိုဝတ်စုံမှာ နက်ပြာရင့်မှောင်မှောင်အောက်ခံပေါ်တွင် တင်းနစ်ရက်ကက်ပုံတွေ၊ ဂေါ့(ဖ)ရိုက်တံတွေ၊ လေယာဉ်အသေးစားလေးတွေ၊ မော်တော်ဘုတ်တွေနဲ့ ကန့်၍ကစားရသော ဘောလုံးပုံတွေပါသည့်အဆင်ဖြစ်ပြီး အုံ့က နက်ရှိုင်း မွေးနေ့တစ်ရက်မှာ လက်ဆောင်ဝယ်ပေးထားတာဖြစ်ပါသည်။)ကိုတော့ လဲဝတ်ထားကြောင်း သတိထားမိသွားပါသည်။

ညက တစ်ရေးနိုးအိပ်ချင်မူးတူးနဲ့ ထ,ပြီး လဲထားမိသလား။ တစ်ရေးနိုးရအောင် ငါ အိမ်ပြန်လာပြီး အိပ်တဲ့အချိန်ကတောင် ညတစ်နာရီတော့ ရှိနေပြီ။ ဘယ်အချိန်မှာများ တစ်ရေးနိုးသလဲ။ တစ်ရေးနိုးပြီး ထ,လုပ်ထားတာတွေ ပြန်မမှတ်မိနိုင်အောင်ထိတော့ ငါ မမေ့တတ်သေးပါဘူးလေ။ ဘာတွေ ဖြစ်ကုန်တာလဲ။

နက်ရှိုင်းသည် နှိုးစက်ကို ပိတ်လိုက်ပြီးလျှင် အိပ်ရာမှ မထသေးဘဲ ဘာတွေဖြစ်ခဲ့သလဲဆိုတာ ပြန်စဉ်းစားတွေးတောနေမိပါသည်။ မနေ့က အုံ့ သေသွားပြီ။ မနေ့ညက။ မနေ့ညဆယ်နာရီခွဲမှာ အုံ့ ငါ့ဘဝထဲက ထွက်သွားပြီ။ အုံ့ရယ် …။ ကိုကို အုံ့ကိုယ်လေးကို ထွေးပွေ့ထားချင်လိုက်တာ။ အုံ့ကို ကိုကို သိပ်



www.burmeseclassic.com

www.burmeseclassic.com



ချစ်ခဲ့တာပါလို့ တဖွဖွ ပြောချင်လိုက်တာ။ အုံ ဘာဖြစ်လို့ သေသွားပေးရတာလဲ။ ကိုကို့ဘဝထဲက ဘာလို့ ဒီလိုပုံနဲ့ ထွက်သွားရတာလဲ။

ထိုအချိန်တွင် ဧည့်ခန်းမှ ဖုန်းခေါ်သံကျယ်ကျယ်ကို ကြားလိုက်ရသည်။ နက်ရှိုင်းသည် ရုတ်တရက်တော့ အုံ့ဆီက ဖုန်းဟုထင်ပြီး ဝမ်းသာသွားမိသေးသည်။ ဘာလို့လဲဆိုတော့ မနက်ဆို သူ့နှိုးဆက်မြည်ပြီး ဆယ့်ငါးမိနစ်လောက်ကြာရင် အုံ့ဆီက ဖုန်းဆက်ပြီးထပ်နှိုးတာကို နေ့တိုင်း (ရုံးပိတ်ရက်လွဲရင်) လက်ခံရရှိ၍ပင်။

သို့သော် ထိုသို့တွေးမိသောအတွေးမဆုံးခင်မှာပင် "မနေ့က အုံ သေသွားပြီ" ဟူသော အသိပြန်သတိရသွားသောအခါမှာ ချက်ချင်း ပြန်ဝမ်းနည်းကြေကွဲသွားပါသည်။ အုံ့ဆီက ဖုန်းတော့ မဖြစ်နိုင်။ ဒါ သတင်းမေးချင်တဲ့ အသိမိတ်ဆွေတစ်ယောက်ယောက်ဆီကဖုန်းပဲ ဖြစ်မှာပါ။

ခုချိန်မှာ ဘယ်သူနဲ့မှ ဖုန်းပြောချင်စိတ်မရှိပါ။ ဝတ္တရားအရ သတင်းမေးတာပဲဖြစ်ဖြစ်၊ တကယ်စိတ်မကောင်းဖြစ်ပြီး ဝမ်းနည်းကြလို့ သတင်းမေးတာပဲဖြစ်ဖြစ် နက်ရှိုင်း မဖြေချင်ပါ။ ထို့ကြောင့် ဖုန်းကို သွားမကိုင်ဘဲ ပေပြီးဆက်အိပ်နေလိုက်ပါသည်။ ဖုန်းက တစ်မိနစ်ပြည့်အောင်ခေါ်၍ ပြတ်သွား





လျှင် နောက်တစ်ကြိမ်ဆက်ကာ ခေါ်ပြန်လေသည်။ နက်ရှိုင်းသည် ဒီဖုန်းကိုရော၊ တစ်နေကုန်လာမဲ့ဖုန်းတွေကိုရော မဖြေဘူးဟု ရုတ်တရက် ဆုံးဖြတ်လို့ရသွားကာ တယ်လီဖုန်းကြိုးကို ပလပ်ဖြုတ်ထားလိုက်တော့လေသည်။ ထိုအခါ သူ့ဘာသာ တစ်ဖက်က ဘယ်လောက်ခေါ်နေနေ ဒီဘက်မှာ ဘာသံမှမကြားရတော့။ ဒါမှ နားငြီးပြီး စိတ်နှောင့်အယှက်ဖြစ်ရသည့်ဒဏ်မှ သက်သာလေသည်။

နက်ရှိုင်းသည် ဆက်လည်းအိပ်မနေချင့်တော့တာနဲ့ ရေချိုးခန်းထဲတန်းဝင်၊ ကိုယ်လက်သန့်စင်၊ ရေပါချိုးပြီး အဝတ်အစား လဲနေတုန်းမှာပင် တံခါးဘဲလ်သံ ကြားရပါသည်။ မနက်စောစော တံခါးလာခေါက်သောသူမှာ တကယ့်ကို ရင်းနှီးသောသူပဲဖြစ်မည်။ အုံ့မိဘတွေများလား။ ဒါမှမဟုတ် အုံ့သတင်းကိုကြားသော် နက်ရှိုင်းရဲ့ဆွေမျိုးတချို့များလား။

စင်ကာပူမှာ အလည်ရောက်နေသော နက်ရှိုင်းမိဘတွေဆိုတော့ ယမင်းကပဲ ...

"ညတွင်းချင်း e.mail ပို့ပေးမယ်၊ ကိုနက်ရှိုင်း ယမင်းကူညီပေးပါ့မယ်၊ ကိုနက်ရှိုင်း အိမ်ပြန်ပြီး အေးအေးဆေးဆေး နားလိုက်ပါ"

ဟု ပြောပြီး တာဝန်ယူလိုက်သဖြင့် နက်ရှိုင်းကိုယ်တိုင် အကြောင်းကြားစရာ မလိုတော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ မေမေတို့ ဒီလောက်မနက်စောစောကြီး ပြန်ရောက်လာစရာလည်း အကြောင်းမရှိဘူးဆိုလျှင် အခုရောက်လာသူတွေဟာ နက်ရှိုင်း မိဘတွေက ပြန်ပြီး တစ်ဆင့်အကြောင်းကြားလိုက်လို့ နက်ရှိုင်းဆီ လာကူညီဖေးမကြမဲ့ ဦးလေး၊ အဒေါ်တွေများလား။

နက်ရှိုင်းသည် လေးကန်သော ခြေလှမ်းတွေဖြင့် အိမ်ရှေ့တံခါးဆီ လျှောက်သွားပြီး အတွင်းသစ်သားတံခါးကို ဖွင့်လိုက်ပါသည်။

အဲဒီအခါမှာ နက်ရှိုင်းသည် ယောက်ျားတန်မဲ့ ထိတ်လန့်တုန်လှုပ်စွာပင် ...

"အား ... ဟာ ... ဟာ ... မင်း ... မင်း ..."

ဟု အော်ချလိုက်မိလေသည်။

သူ တွေ့လိုက်ရသောသူကား ... ... ...။

"ကိုကို ဘာဖြစ်တာလဲ"

လို့ ပြုံးရွှင်ရယ်မောစွာ မေးလိုက်သော အုံ။ ရွှေပိုးအုံ။ နက်ရှိုင်း၏ တစ်ဦးတည်းသော ချစ်ရသူကလေး အုံ။

နက်ရှိုင်းသည် သရဲ။ တစ္ဆေတွေ။ ဝိညာဉ်တွေ အယုံအကြည်လည်း မရှိ။ ကြောက်လည်း မကြောက်တတ်ပါ။ သို့သော် အုံ့ကို အခုလို သေသေချာချာကြီး တွေ့လိုက်ရသော





အခါ လူမှာ ဇောချွေးတွေပြန်၊ ကြက်သီးမွေးညင်းတွေထလျက် တုန်လှုပ်ချောက်ချားသွားပါသည်။ မနေ့ညကပင် ကိုယ့်မျက်စိရှေ့မှာ ရေခဲတိုက်ထဲ ခေါ်သွားခံရတဲ့ အုံ့ကို တွေ့လိုက်ရခြင်းမှာ တကယ့်ကို ချောက်ချားထိတ်လန့်စရာ။

အုံသည် နက်ရှိုင်း အမူအရာပျက် ဖြစ်ပျက်နေသည်ကို ခါးလေးအသာထောက်လျက် မျက်မှောင်ကုတ် ကြည့်နေပါသည်။ မျက်နှာကတော့ ပြုံးစိစိလေး ဖြစ်နေသည်။

"ကိုကို ... ဩော်... ဘယ်လိုများ ဖြစ်နေတာလဲ၊ အုံ့ကိုမြင်တာပဲ၊ သရဲတွေ့တာ ကျနေတာပဲ၊ ကြောက်ပြနေလိုက်တာ။ မျက်လုံးတောင် ပြူးနေပြီ၊ ကိုကိုကမှ သရဲနဲ့ပိုတူသေးတယ်၊ အုံတောင် ကိုကို့ မျက်လုံးပြူးကြီးမြင်ပြီး လန့်လာပြီ"

အုံ ... အုံ ... ဖြစ်ရလေ အုံရယ်။ သူ့ကိုယ်သူ သေပြီး ဝိညာဉ်ဘဝနဲ့ လာနေတာမှန်းတောင် မသိရှာဘူး။ သူ လုပ်ရိုးလုပ်စဉ် အလုပ်ဖြစ်တဲ့ ငါ့အိမ်ကို လာခေါ်ပြီး ငါ့ကားနဲ့အတူသွားပြီး၊ သူ့ကျောင်းကို အလုပ်သွားဖို့ ထွက်လာတယ်ပဲ သူထင်နေရှာတယ်။ ငါ ဖြစ်နေတဲ့ပုံကိုတောင် ကြည့်ပြီး သူက ပြန်ပြောနေရှာတယ်၊ ဖြစ်ရလေ အုံရယ်။

"အုံ ... အုံ ... မလာနဲ့တော့လေ။ အုံ ကိုကို့ဆီလာလို့ မရတော့ဘူး။ ကိုကိုနဲ့ အုံက ဘဝခြားသွားပြီလေ"



www.burmeseclassic.com

www.burmeseclassic.com



အုံသည် နက်ရှိုင်း ထိုသို့ပြောလိုက်တာနဲ့ တအုံတခြေ မျက်လုံးပြူးလျက် တဟားဟား ရယ်ပါသည်။

"ကိုကို ... ဩော် ... ဒုက္ခပါပဲ၊ ကိုကို ဘာဖြစ်နေတာပါလိမ့်။ အုံ့ကို တံခါးတောင် ဖွင့်မပေးဘဲ ဘဝခြားနေပြီတွေ ဘာတွေ ပြောပြန်ပြီ။ ကိုကို ညက ဘာကားကြည့်ပြီး အိပ်တာလဲ၊ ဘာတွေ အိပ်မက်ဆိုးမက်ပြီး ကယောင်ချောက်ချား ဖြစ်နေတာလဲ"

"အုံ ... ကိုကို တကယ်ပြောနေတာ၊ အုံက ... ဟို ... အုံက ... ညကလေ။ ညတုန်းက ကိုကို့မျက်စိရှေ့မှာတင် ဟိုအဲ ... အင်း"

နက်ရှိုင်းသည် အုံ့မျက်လုံးလေးတွေကို စိုက်ကြည့်မိသောအခါ အမှန်အတိုင်း ပြောလိုက်ရမှာ သနားမိသွားပြီး မပြောရက်ဘဲ အင်း ... အဲတွေဖြစ်လျက် ဆက်မပြောမိပြန်။ အုံကတော့ အပြင်ခြင်လုံသံဆန်ခါတံခါးကိုသာ တဘုန်းဘုန်း ပုတ်လိုက်ပြီး ...

"ကဲ ... ကိုကို ပြောစရာရှိလည်း အထဲရောက်မှပြော။ အုံ ဝင်ပါရစေဦး။ ဘယ့်နှယ် လူကို အလှူခံကျနေတာပဲ၊ တံခါးမဖွင့်ပေးဘဲ စကားရပ်ပြောနေတယ်"

အုံ ဝင်လာချင်တယ်တဲ့။ ငါ ဝင်ခွင့်ပေးလိုက်ရမလား။





အုံနဲ့ ငါက ဘဝခြားနေပြီ။ အုံ့ကို သနားလို့ ဖြစ်ပါ့မလား။ အုံ ဝိညာဉ်ဖြစ်နေလည်း ကိုကို မကြောက်ပါဘူး အုံရယ်။ ဒါပေမဲ့ ဝင်လာပါလို့ ဖိတ်ခေါ်လို့ သင့်ပါ့မလား။ လုပ်သင့်ရဲ့လား။ မဝင်လာပါနဲ့ ပြောလိုက်ရင်ရော။ ဝိညာဉ်ဆိုတာက တံခါးတွေ၊ နံရံတွေကာနေလည်း ထိုးဖောက်ဝင်လာလို့ ဖြစ်တာပဲ။ နေဦး ... ဟာ ... ငါ ... ဘာတွေ လျှောက်တွေးနေတာလဲ။ ငါ ရူးများရူးနေပြီလား။

ထင်ချင်တာတွေထင်။ မြင်ချင်တာတွေ မြင်နေမိသလား။ အုံ ရောက်မလာဘဲနဲ့ ရောက်လာတယ်လို့များ ငါ အမြင်မှားနေသလား။

"ကိုကို ... အုံ မနက်က ဖုန်းဆက်ရိုးတော့လည်း မကိုင်ဘူးနော်။ နောက်တစ်ခါ ဖုန်းခေါ်တော့လည်း ဖုန်းကြိုးကို ဖြုတ်ပစ်တယ်။ ဒီဘက်က ခေါ်သံပဲ ကြားပြီး ဟိုဘက်က လာမကိုင်တော့ ဒါ ဖုန်းကြိုးဖြုတ်လိုက်လို့ပဲ ဖြစ်မယ်ဆိုပြီး အုံ တော်တော်ဝမ်းနည်းလာတာ။ ဒါကြောင့် အိမ်ကနေ အစောကြီး ထွက်လာတာ၊ ဒီလည်းရောက်ရော ကိုကိုက တံခါးတောင် ဖွင့်မပေးတာနဲ့ ကြုံရလောက်အောင် အုံ ဘာအပြစ်တွေများ ကျူးလွန်ထားလို့လဲ ကိုကို။ ပြောပါဦး။ အုံ ကိုကို မကြိုက်တာ ဘာလုပ်မိထားလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



အုံသည် မျက်ရည်လေး ဝဲလာလျက် ပြောလာသော အခါ နက်ရှိုင်းသည် ဆက်တင်းမထားနိုင်တော့ဘဲ အတွင်းချက်ကို ဖွင့်ပေးလိုက်တော့လေသည်။

"အုံ ... ဝင် ... ဝင်၊ ကိုကို ဘာမှမဖြစ်ပါဘူး၊ အုံ့ကိုလည်း စိတ်မဆိုးပါဘူး၊ လာ ... အုံလေး"

နက်ရှိုင်းသည် အုံ ဝင်လာလာချင်း မထိရဲ၊ ထိရဲနှင့် အုံ့ကိုယ်လေးကို သိမ်းကျုံးပွေ့ဖက်လိုက်မိပါသည်။ ထိုသောအခါ နွေးသော အထိအတွေ့နှင့် သွယ်ဉ်ပါးနေကျ အုံ့ရဲ့ကိုယ်သင်းရနံ့ရောနေတတ်သော Dior ရေမွှေးနံ့လေးကိုပါ ရှူရှိုက်ခွင့်ရလိုက်ပါသည်။

နက်ရှိုင်းသည် အုံ့သြထိတ်လန့်စွာပင် အုံ့ကို သိုင်းဖက်ထားရင်းမှ ...

"အုံ ... အုံ ... ဘာမှမဖြစ်ဘူးနော်။ အုံ့ကို ကိုကို ဖက်ထားလို့ရတယ်နော်၊ ကိုကို ဝမ်းသာလိုက်တာ အုံရယ်။ အုံ ဘာ့ယ်လိုပုံစံနဲ့ပဲ ပြန်ရောက်လာလာ ကိုကို ဝမ်းသာတယ်၊ ကိုကို ချစ်နိုင်ပါတယ်"

တွေ ဆက်ပြောပြီး အုံ့ မျက်နှာလေးကို ပင့်မော့ယူကြည့်လိုက်ကာ နေရာအနှံ့ အခါခါ နမ်းရှိုက်လိုက်မိသောအခါ အုံသည် ရှက်လန့်တကြား ရုန်းကန်လိုက်လျက် ...





"အား ... ကိုကို ... ကိုကို ဘာဖြစ်နေတာလဲ။ ဘာလဲ ညက ဘီယာတွေ အသောက်များပြီး မနက်ကျ ရူးကြောင်မူးကြောင် ဖြစ်နေတာလား။ ဖယ်ပါ ... ဖယ်ပါ ... ကိုကိုကလည်း၊ တံခါးပေါက်ဝကြီးမှာ၊ တခြားအခန်းကလူတွေ မြင်ကုန်မယ်"

"အုံ ... ကိုကို ဝမ်းသာလွန်းလို့ပါ"

"တကယ်ပဲ ကိုကိုဟာလေ၊ ခုနကတော့ အုံ့ကို ကြောက်ပြီး မျက်လုံးပြူး ကြည့်လိုက်ကြည့်။ အခုကျ တစ်ခါမှ အဖြစ်မသည်းစဘူး အဖြစ်သည်းပြီး ချစ်ပြနေပြန်ပြီ၊ ဘာဖြစ်နေမှန်းကို မသိဘူး"

နက်ရှိုင်းသည် အုံ့ကိုယ်လေးကို လွှတ်လိုက်သောအခါ အုံသည် အိမ်နောက်ဖေး မီးဖိုချောင်သို့ အရင်နေ့တွေကလိုပင် တောက်လျှောက် ဝင်သွားလေသည်။ နက်ရှိုင်းလည်း ဝင်လိုက်သွားသောအခါ အရင်နေ့တွေကလိုပဲ နက်ရှိုင်းကို မနက်စာပြင်ဆင်ကျွေးမွေးဖို့ ရေနွေးအိုးခလုတ်ကို နှိပ်နေလေပြီ။ ကြွေမတ်ခွက်နှစ်ခွက် ယူဉ်ချပြီး Lipton Tea အထုပ်လေးတွေ ထည့်ထားပြီး လက်ဖက်ရည်ဖျော်ဖို့ ပြင်ဆင်နေပြီ။ ပေါင်မုန့်မီးဖိုစက် Toaster ထဲ ပေါင်မုန့်ထည့်ကင်နေလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



နက်ရှိုင်းသည် အုံ လုပ်နေသည်များကို အငေးသား ရပ်ကြည့်နေမိသည်။ ဘုရား ... ဘုရား ... ဘာတွေဖြစ်နေပြီလဲ။ အုံ မသေဘဲ ငါ့ဆီ ပြန်လာတယ်တဲ့။ ငါ ဒါကိုယုံရမလား။ ငါ အိပ်မက်များ မက်နေသလား။ ဒါမှမဟုတ် မနေ့က အဖြစ်အပျက်ဟာ ငါ အိပ်မက်,မက်ခဲ့တာလား။ အိပ်မက်ဆိုရင်လည်း ဘာဖြစ်လို့ ဒီလောက်ကြီး အရာရာဟာ ပီပီပြင်ပြင် မြင်တွေ့ခံစားကြေကွဲရသလဲ။

ဘယ်သူမဆို အိပ်မက်သာ မက်ကြတယ်။ သိပ်မပီမပြင် မသဲမကွဲတွေပဲ မက်ကြတာ။ အဲဒီ မပီမပြင်၊ မသဲမကွဲတွေကိုပဲ ဆက်စပ်တွေးခေါ်ပြီး အိပ်မက်ကနိုးရင် ပြန်ပြောကြတာ။

ငါကြုံတွေ့ခဲ့တာ အိပ်မက်ဆိုရင် ဘာကြောင့် ဒီလောက်ကြီး အသေးစိတ်ကအစ ပီပြင်ပြီး ကြေကြေကွဲကွဲခံစားစေရတာလဲ။

"ကိုကို ဒီနေ့ ဘာနေ့လဲ၊ သိလား"

"ဟင် ... ဘာနေ့လဲ"

နက်ရှိုင်းမှာ အမှန်တော့ အုံသြထိတ်လန့်ပြီး မေးလိုက်တာဖြစ်သည်။ ဘာကြောင့်လဲဆိုတော့ မနေ့ကလည်း အုံ ဒီရောက်လာတော့ ဤစကားဖြင့် စတင်မေးမြန်းခဲ့သောကြောင့်ဖြစ်ပါသည်။





"ကြည့် ... လုပ်ပြီ၊ သူက ပြန်မေးပြန်ပြီ"

အုံသည် မနေ့ကလိုပဲ နက်ရှိုင်း မမှတ်မိရကောင်းလားဆိုတဲ့ ပုံစံလေးနဲ့ စိတ်တိုသလို လုပ်ပြနေသည်။

"အုံ ... ကိုကို တကယ်မသိလို့ပါ။ အုံ့မွေးနေ့တော့ မဟုတ်ပါဘူး။ ဒါဖြင့် ဘာလဲ ... anniversary လား"

နက်ရှိုင်းသည် မြှန်မမေးချင်ပါဘဲ ထိုစကားတွေကို ပြန်မေးလိုက်ရလျှင် မနေ့ကလည်း ငါ ဒီလိုပဲ ပြန်မေးခဲ့မိတယ်ဟု သတိရသွားပြန်သည်။

"လုပ်ပြီ ကိုကိုဟာလေ၊ မဟုတ်တာကို စ,ပြောတော့မယ်၊ anniversary ကဖြင့် လွန်ခဲ့တဲ့ သုံးလက ပြီးသွားပြီဟာကို ကြံဖန်မေးပြန်ပြီ။ ကိုကိုနော် ... အုံ တကယ်စိတ်ကောက်ချင်လာပြီ"

ပြောပြောဆိုဆိုပ် အုံသည် သောက်လက်စ လက်ဖက်ရည်ခွက်ကို စားပွဲပေါ် ဆောင့်ချလိုက်လေရာ ခွက်က ဘောင်ဘင်ခတ်သွားပြီးလျှင် လက်ဖက်ရည်စက်လေးတချို့ အုံ့အင်္ကျီ လက်ရှည်ဖွားဖားလေး၏ အဖျားမှာ စဥ်ကုန်တော့သည်။

နက်ရှိုင်းသည် အဖြစ်အပျက်တွေကို မျက်လုံးပြူးပြီးတော့သာ ငေးကြောင်ကြည့်နေမိသည်။ ဖြစ်နေပြီ၊ ပြန်ဖြစ်နေပြီ။ မနေ့ကအတိုင်းပဲ အဖြစ်အပျက်တွေဟာ တစ်ချွင်း တစ်ခု

www.burmeseclassic.com



ချင်း ပြန်ဖြစ်လာပြီ ထင်တယ်။ အုံ ဝတ်တာလည်း ကြည့်ဦး။ မနေ့ကလိုပဲ အဖြူဆွတ်ဆွတ် လက်ရှည်လေး။ စကတ်ကလည်း အနားမညီတဲ့ စကတ်အသား ပျော့ဖားဖား ကော်ဖီရောင်လေး။

ဘုရား ... ဘုရား။

ငါ အိပ်မက် မက်ခဲ့တယ်ဆိုရင် အုံဟာ ငါ့ အိပ်မက်ထဲကအတိုင်းပဲ ဝတ်လာတာပါလား။ ဝတ်လာတဲ့ အင်္ကျီအဖြူလေးမှာ လက်ဖက်ရည်စက်တွေ စဉ်ကုန်တဲ့အထိ အသေးစိတ်တူနေတဲ့ အိပ်မက်ပါလား။

"ကိုကို ... အုံ့အင်္ကျီလေး ပေသွားပြီ၊ ဘာလို့ မျက်လုံးပြူးကြည့်နေတာလဲ"

"ဟင် ... အဲ ... အင်း ... ဘယ်လိုလုပ်ဖေးရမလဲ တွေးနေတာပါ။ လက်ဖျားလေး ပေသွားတော့ ရေဆေးလိုက်ပေါ့။ အုံ့ အင်္ကျီအသားက ခပ်ပါးပါးလေးပဲ၊ ပြီးရင် ဟဲဒရိုင်ယာနဲ့ မှုတ်လိုက်"

နက်ရှိုင်းသည် ပါးစပ်မှ ပြောမိပြောရာ ပြောပြီးမှ မနေ့က အုံ့လက်ရေစိုအင်္ကျီကို ဟဲဒရိုင်ယာနဲ့ မှုတ်တုန်း အုံ့လက်အပူလောင်သွားတယ်လို့ ချက်ချင်း သတိရသွားပါသည်။ အုံ ရေချိုးခန်းထဲ သုတ်ခနဲ ထသွားတော့ နက်ရှိုင်းသည် ထိုင်မနေနိုင်ဘဲ အုံ့နောက် ပြေးလိုက်သွားကာ ...





"အုံ ... အုံ ..." ဟဲဒရိုင်ယာနဲ့ မှုတ်ရင် သတိထားနော်။ လက်အပူလောင်မယ်၊ စိတ်လောပြီး မြန်မြန်မလုပ်နဲ့"

"မြန်မြန်မလုပ်လို့ မရဘူးလေ၊ ကိုကို ဒီနေ့ ရုံးကိုနည်းနည်းစောစောရောက်ရမယ်လေ။ ဘာလို့လဲဆိုတော့ မနက်ကိုးနာရီအတိမှာ meeting ဝင်ရမယ်ဆို"

"ဘာရယ် ... meeting ဟုတ်လား"

"ဟုတ်တယ်လေ၊ ဪ ... ကိုကို ဘာများဖြစ်နေတာပါလိမ့်။ အရင်တုန်းကဆို အလုပ်ကိစ္စပဲ သူ့ခေါင်းထဲမှာရှိတဲ့လူက ဒီနေ့ကျ ဘယ်လိုဖြစ်ပြီး အရေးကြီးတဲ့ meeting ကို မေ့နေတာပါလိမ့်"

အုံ ထိုသို့ပြောလိုက်သောအခါမှာ နက်ရှိုင်းသည် ရုံးကို သတိရသွားသည်။ ဟုတ်ပြီ ... ငါ အခုဖြစ်ပျက် ကြုံတွေ့နေရတာတွေဟာ မနေ့က အဖြစ်အပျက်ပဲလား။ ဒါမှမဟုတ် မနေ့ကမဟုတ်ဘဲ ဒီနေ့ရဲ့အဖြစ်အပျက်ပဲလား သိရအောင် ရုံးသွားရမယ်။ ရုံးကို သွားကြည့်ရမယ်။ ဒါမှ အဖြေမှန် ထွက်မှာ။ တကယ်လို့ ... အင်း ... ဆက်မတွေးသေးပါဘူး။ မတွေးတာပဲ ကောင်းတယ်။ အခုလို အုံနဲ့ အချိန်ဖြုန်းခွင့်ရတဲ့ နာရီပိုင်းလေးမှာ စိတ်ပျော်စရာပဲ တွေးရင် ကောင်းမယ်။

"အား ... ရှီး ... သေပါပြီ၊ ပူလိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



နက်ရှိုင်း ရပ်ကြည့်နေရင်းပဲ အုံ့သည် သူမ၏လက်ကောက်ဝတ်ကို ဆုပ်ကိုင်ကာ အော်ချလိုက်သံကြောင့် နက်ရှိုင်းသည် ဖျတ်ခနဲ အုံ့လက်ကောက်ဝတ်ကို ဆွဲလိုက်မိသည်။

"ပူသွားပြီ မဟုတ်လား"

"ရှီး ... ပူလိုက်တာ၊ အဲဒီလောက် မပူဘူးထင်လို့"

"ကိုကို ခုနက အပူလောင်လိမ့်မယ်လို့ ကြိုသတိပေးလိုက်သားနဲ့ အုံ့ရယ်"

"အဲဒီလို ဖြစ်မယ် မထင်လို့ပါဆို၊ ကိုကိုကလည်းလေ၊ ဒီမှာ ပူရတဲ့အထဲ ဆူပြန်ပြီ"

အင်း ... ဖြစ်နေပြီ၊ တဖြည်းဖြည်း ဖြစ်လာပြီ။ မနေ့က အတိုင်းပဲ။ ဒါမှမဟုတ် ငါ တစ်ညတာ အိပ်မက်မက်ခဲ့တယ် ဆိုရင်လည်း ဒါဟာ အိပ်မက်ထဲကအတိုင်းပဲ။ အုံ့လက်ကို ဟဲဒရိုင်ယာ အပူလောင်သွားတာကအစ အသေးစိတ် လိုက်ဖြစ်နေတာ။ ထူးဆန်းလွန်းတယ်။

"ကဲ ... ဒါဖြင့်လည်း အပူလောင်ရင် သက်သာတဲ့ဆေး လိမ်းလိုက်၊ ကိုကို့မှာ ကရင်(မ)လိုဆေးတောင့်လေး ရှိတယ်"

"ဟင် ... မလိမ်းချင်ပါဘူး၊ စေးကပ်ကပ်နဲ့။ ဒီတိုင်းထားလိုက်ရင် ရပါတယ် ကိုကိုရဲ့။ ဒီမှာကြည့် သိပ်မနီပါဘူး"





နက်ရှိုင်းသည် အုံ့ကိုကြည့်ရင်း ကြည့်ရင်း ဝမ်းနည်းလာသည်။ မနေ့က (ဒါမှမဟုတ်) အိပ်မက်ထဲကလိုပဲ အဖြစ်အပျက်တွေ တစ်ခုပြီးတစ်ခု ပြန်ဖြစ်လာကာ အခုလို အပူလောင်တော့လည်း ဆေးလိမ်းနိုင်းတာကို မလိမ်းဘူး ဆိုတာကအစ တူနေသဖြင့် အုံ့ဟာ ဒီနေ့ညရဲ့ ဆယ်နာရီခွဲလောက်မှာ တကယ်ပဲ သေရတော့မလားလို့ တွေးပူပြီး ဝမ်းနည်းလာမိတာ ဖြစ်သည်။

"ကိုကို ... ကဲ ... ပြော၊ စဉ်းစားလို့ ရပြီလား၊ ဒီနေ့ ဘာနေ့လဲ"

"ကိုကို မသိဘူး အုံ့"

နက်ရှိုင်း တကယ်ပဲ စဉ်းစားမရပါ။ သူ့ခေါင်းတွေထဲလည်း ရှုပ်ထွေးနေသဖြင့် အုံ့ ဘယ်နေ့ကို မေးနေမှန်း မသိပါ။

"ဒီနေ့ညနေ အုံ့ကလေးတွေ သူတို့ရှေ့က အကြီးတန်းတွေ ကျောင်းဆင်း certificate ပေးပွဲမှာ သီချင်းတီးရမယ်လေ ကိုကိုရဲ့။ ကိုကိုပဲ ကြည့်ချင်တယ်ဆို၊ အုံ့ရဲ့အောင်မြင်မှုလည်း ဖြစ်တာမို့ ကိုကိုပဲ ဂုဏ်ပြုချင်တယ်ဆို၊ ကလေးလေးတွေက နိုင်ငံခြားက Orchestra (အော်ဂက်စထရာ)ကြီးတွေမှာ တီးသလို ဝတ်စုံပြည့်ဝတ်ပြီးတီးရင် သိပ် cute (ကျူ့(ထ်))ဖြစ်မှာပဲဆို၊ ဟမ်း ... မေ့နေပြီ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



နက်ရှိုင်း ရင်ထဲမှာ အုံ မနေ့က အဲဒီပွဲလုပ်ပြီးပြီပဲဟု ပြန်ပြောနေပေမဲ့ အုံ့ကိုသနားပြီး မပြောတော့ပါ။ ဘာတွေဖြစ်နေမှန်းသာ မသိသည့် အခြေအနေကို ခေါင်းနောက်ချင်နေပါသည်။

"အေးပါကွာ၊ ဆောရီး ... ဆောရီး"

"ဟင်း ... ပြောလိုက်ရင် ဆောရီးပဲ၊ တကယ်ဆို အုံနဲ့ ပတ်သက်ရင် ကိုကိုကသာ အလေးအနက်ထားရင် ဘာမှ မေ့စရာ မရှိဘူး"

"မဟုတ်ပါဘူးကွာ၊ ကိုကို တမင်မေ့ပစ်တာ မဟုတ်ပါဘူး၊ ကိုကို အုံ့ကို ချစ်ပါတယ်၊ ကိုကိုက အုံ ဘာမေးမှန်းမသိတာပါ။ အဲဒီပွဲရှိတာကို မေးမှန်းသိရင် အဲဒီပွဲအကြောင်း ပြောပါတယ်"

"ကိုကိုဟာလေ အုံက ကိုကို့ကို သိပ်ချစ်ရမှန်းသိလို့ အုံ့ကို လျစ်လျူရှုတာ"

"မဟုတ်ပါဘူး အုံရယ်။ အုံ့ကို ကိုကို နောက် ဘယ်တော့မှ လျစ်လျူမရှုတော့ပါဘူး။ အုံ ရှိနေချိန်မှာ အုံ့ကို စိတ်အချမ်းသာဆုံး အပျော်ဆုံး ဖြစ်အောင်ထားမယ် သိလား"

"အုံက ဘယ်အချိန်ကျရင် မရှိတော့မှာမို့လဲ"

နက်ရှိုင်းသည် ပြောရင်း ပြောရင်း လွှတ်ခနဲ ထွက်သွားသဖြင့် ဖြေရှင်းရ ခက်နေသည်။ အုံ့ကို ပြောပြထားရင်





ကောင်းမလား။ မပြောရင် ကောင်းမလား။ ပြောရင်ရော အုံယုံပါ့မလား။ မနက်ကတော့ သက်ရှိထင်ရှား ရှိနေပြီး အခုညမှာ သေရမယ်လို့ ဘယ်သူကပြောရင် ယုံပါ့မလဲ။

"ကဲ ... ကဲ ... လာ ... အုံ၊ သွားကြရအောင်၊ ရှစ်နာရီ ဆယ့်ငါးတောင် ရှိနေပြီနော်"

"အုံ မေးတာ ဖြေဦးလေ ကိုကိုရဲ့"

"ဘာမှမဟုတ်ပါဘူး၊ ကိုကို ဒီလိုပဲ ပါးစပ်ထဲ အဆင်ပြေသလိုပြောပြီး ချော့လိုက်တာပါ"

နက်ရှိုင်းသည် ချက်ချင်းပဲ ကားသော့ဆွဲယူ၊ ရုံးဖိုင်လ်တွေထည့်သော လက်ဆွဲအိတ်ပါယူပြီး ထွက်ဖို့ပြင်လိုက်သဖြင့် အုံလည်း ဆက်ဂျီကျမနေတော့ဘဲ နောက်က လိုက်ထွက်လာရပါသည်။ အခန်းသော့တွေပိတ်ပြီး အောက်ဆင်းလာ၊ ကားပေါ်တက်၊ ကားမောင်းထွက်သောအခါ နက်ရှိုင်းသည် တမင်ပဲ ပတ်ဝန်းကျင်ကို လိုက်၍သတိတရ ကြည့်မိပါသည်။ ဘာကြောင့်လဲဆိုတော့ ပတ်ဝန်းကျင်ဟာ အိပ်မက်ထဲမှာ မြင်ထားခဲ့သလိုပဲလားဟု သိချင်၍ပင်။

ပတ်ဝန်းကျင်ကိုတော့ အသေးစိတ်ကြည့်လို့မရပေမဲ့ သူတို့နေထိုင်ရာ ကွန်ဒိုဝင်းပေါက်ဝ,က လုံခြုံရေးဝန်ထမ်းကိုတော့ နက်ရှိုင်း သေသေချာချာ လက်ပြနှုတ်ဆက်လိုက်ခဲ့တာကို ပြန်



www.burmeseclassic.com

www.burmeseclassic.com



မှတ်မိနေသည်။ ဒီနေ့တော့ အဲဒီလို နှုတ်မဆက်ဘဲ နေကြည့်မယ်၊ ဒါဆို ဖြစ်နေကျ အဖြစ်အပျက်ထဲက တစ်ခုလျော့သွားတာပေါ့။ တစ်ခုကို ပြောင်းပစ်လို့ရတာပေါ့လို့ အယူသီးစွာ တွေးရင်း ကွန်ဒိုဝင်းရှေ့က အထွက်မှာ လုံခြုံရေးဝန်ထမ်း လူကြီးကို တမင်မကြည့်မိအောင်နေပြီး လက်လည်းမပြတော့ပါ။ အုံကသာ ...

"ဦးသန်း နေကောင်းလား"

တွေ ဘာတွေ လုပ်ပြီး အိပ်မက်ထဲကလိုပင် နှုတ်ဆက်နေသေးသည်။

နက်ရှိုင်းသည် ကားမောင်းလာရင်း တဖြည်းဖြည်းနဲ့ သိလာသည်မှာ သူသည် ဒီနေ့မှာ ဖြစ်ပျက်မဲ့ အဖြစ်အပျက်တွေကို ကြိုပြီး ညက အိပ်မက်ရှည်ကြီး မနိုးတမ်းမက်ခဲ့တာဖြစ်မည်ဟူ၍ပင်။ ထိုအိပ်မက်ရှည်ကြီးမှာ အသေးစိတ် ဖြစ်လွန်းပြီး တကယ့်အစစ်အတိုင်း ထင်ရစေလွန်းသဖြင့် သူဟာ ဒီနေ့မနက်နိုးထသောအခါ တော်တော့်ကို ကြောကြောင်ကွဲကွဲ ခံစားပြီး ဝမ်းနည်းနေတာ ဖြစ်လိမ့်မည်။

ကားမောင်းလာရင်း တိတ်ဆိတ်နေသော နက်ရှိုင်းကိုတော့ အုံသည် မကြာခဏ အကဲခတ်ရင်း ...

"ဆုံ နေ့ခင်းကျ မြို့ထဲခဏထွက်မလို့ ကိုကိုပါ လိုက်ခဲ့ပါလားဟင်"





ဟူ၍ ပြောလိုက်သောအခါ နက်ရှိုင်းသည် အိပ်မက်ထဲကအတိုင်းပဲ ဖြစ်နေပြန်ပြီဟု ချက်ချင်း သတိရစွာ တွေးမိပြန်သည်။

"နေ့ခင်းဘက် ... ဟုတ်လား"

"နေ့လယ် ထမင်းစားချိန် Break က နာရီဝက်ပေးတယ်လေ။ ကိုကိုတို့လည်း ဆယ့်နှစ်နာရီ ထမင်းစားသလို အုံတို့လည်း အဲဒီအချိန် ထမင်းစားကြတယ်လေ။ အုံကတော့ ဒီနေ့ နာရီဝက်ပိုယူပြီး အပြင်ထွက်မလို့"

"ဘယ်သွားမှာလဲ"

"ဒိဗိုင်နာဆီလေ"

နက်ရှိုင်းသည် အိပ်မက်ထဲကအတိုင်း ဆိုလျှင် အုံသည် ဒီနေ့ည ဆယ်နာရီခွဲမှာ သေရတော့မည်ပဲလို့ အယူသီးလျက် ဒီနေ့ တစ်နေ့လုံး အုံ့ကို အလိုလိုက်မည်ဟု စိတ်ဆုံးဖြတ်နေမိသည်။

"အုံ ... ကိုကို့ကို လိုက်ခဲ့စေချင်လား"

"ဟာ ... ကိုကိုကလည်း လိုက်ခဲ့စေချင်တာပေါ့၊ ကိုယ့်သတို့သမီးလေးဝတ်မဲ့ ထိုင်မသိမ်းဝတ်စုံကို သတို့သားကိုယ်တိုင်က စိတ်ဝင်တစား လိုက်ရွေးပေးတယ် ဆိုရင် အားလုံးက သိပ်သဘောကျကြမှာ"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူးလေ၊ ဘေးလူသဘောကျတာထက် အုံ သဘောကျဖို့က ပိုလိုတယ်လေ။ ကိုကိုက အုံ စိတ်ချမ်းသာအောင် လိုက်ပေးချင်တာပါ ဒါပဲ။ ဘေးလူတွေကို ဂရုမစိုက်ပါဘူး"

"ဩော် ... ကိုကိုကလည်း မေးတတ်တယ်၊ တကယ်ပဲ အုံက ကိုကို့ကို အမြဲတမ်း အုံနဲ့ တတွဲတွဲ လိုက်ပေးစေချင်တာပေါ့။ ကိုကိုကသာ အုံ့ကိစ္စတွေဆို စိတ်မဝင်စားဘဲ အမြဲရှောင်နေတာ၊ အုံ့ကို အမြဲလျစ်လျူရှုနေတာ"

"မဟုတ်ပါဘူးကွာ၊ ကိုကို ဒီလိုပဲ နေတတ်လို့ပါ အုံရယ်။ အုံ့ကို ကိုကို ချစ်တာပဲဟာ၊ ဘာကြောင့် လျစ်လျူရှုရမှာလဲ"

"ဒီနေ့ တယ်ထူးဆန်းပါလား ကိုကို"

"ဘာကြောင့်လဲ"

"ကိုကို အုံ့ကို ချစ်တယ်ဆိုတဲ့စကား ခဏ ခဏ ပြောနေလို့ ... ဟီး ဟီး"

အုံသည် ကလေးလိုပဲ ပြောရင်း သဘောကျကာ တဟီးဟီး ရယ်လေသည်။ နက်ရှိုင်းသည် စိတ်မကောင်းဖြစ်ရလွန်းပြီး ဝမ်းနည်းနေသည့်စိတ်ကို ချိုးနှိမ်ကာ အုံ့ ငယ်ထိပ်လေးကို ဖိလိုက်ရင်း ...





"ကိုကို ထွက်လာခဲ့မယ်၊ ထွက်လာဖြစ်ခဲ့ရင် အုံ့ဆီမလာခင် နာရီဝက်လောက် အလိုမှာကတည်းက ကြိုအကြောင်းကြားမယ်နော် ဟုတ်ပြီလား။ အုံက ဆယ့်နှစ်နာရီမှာ ထွက်ချင်တယ်ဆိုတော့ ဆယ့်တစ်နာရီခွဲကို ကိုကို ဖုန်းဆက်မယ်"

"ဆယ့်တစ်နာရီခွဲဆို အုံ ပီယာနိုအတန်းမှာ ရောက်နေပြီ ကိုကို"

"ဟုတ်ပြီ၊ ဒါဆို ကျောင်းရုံးခန်းကို ပီယာနိုအတန်းက ဒေါ်ရွှေပိုးအုံနဲ့ စကားပြောပါရစေလို့ ကိုကို လိုင်းတောင်းလိုက်မယ်"

အုံသည် စိတ်မရှည်စဖူး အထူးပင် စိတ်ရှည်နေသော နက်ရှိုင်းကို အနည်းငယ်တော့ အုံသြနေပေမဲ့ ဘာမှတော့ ဝေဖန်ချက် မပေးတော့ပါ။

အုံ့ ကျောင်းရှေ့မှာ ကားရပ်ပြီး ချပေးသော အခါမှာ နက်ရှိုင်းသည် အယူသီးစွာပင် အဖြစ်အပျက် တစ်ခုကို ထပ်သတိရသွားပြန်သည်။ အုံ ကျောင်းဝင်းထဲ လမ်းလျှောက်ဝင်သွားတုန်း ကျောင်းဝင်းထဲက အရေးတကြီး ကမူးရှူးထိုး ထွက်လာတဲ့ ကျောပိုးအိတ်လွယ် ကောင်လေးတစ်ယောက်နဲ့ တိုက်မိတယ်၊ အုံ့ လက်ထဲက ဖိုင်လ်လေးတောင် လွတ်ကျသွားတယ်လို့ အိပ်မက်ထဲမှာ မက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဘုရားရေ ... အခုရော အဲဒီအတိုင်းများ ဖြစ်နေမလား။ အဖြစ်အပျက်တွေ တစ်ခုပြီးတစ်ခု အစဉ်အတိုင်း ဖြစ်နေတာကို မဖြစ်အောင် ကွဲပြားအောင် လိုက်တားနိုင်ခဲ့ရင်ရော ဘာတွေပြောင်းလဲလာနိုင်မလဲ။ အုံ ဒီနေ့ည ဆယ်နာရီခွဲမှာ သေရမယ်ဆိုတဲ့ အဖြစ်အပျက်ကို စိတ်တန်ခိုး power နဲ့ ကြိုသိထားတဲ့သဘောဆိုရင် အဲဒီလိုမဖြစ်အောင် တားလို့ရော မရဘူးလား။

နက်ရှိုင်းသည် ဟုတ်သော်ရှိ မဟုတ်သော်ရှိ။ ပြောင်းလဲကြည့်ချင်လာသည်။ ဒါနဲ့ပဲ ...

"အုံ ... အုံ ... လာ ပြန်လာခဲ့။ ကားပေါ်တက်လိုက်"

အုံသည် ကျောင်းဝင်းထဲ လမ်းလျှောက်ဝင်သွားသည်မှာ ခြေလှမ်းငါးလှမ်းလောက်ပင် ရောက်ပြီးနေပြီ။ သို့သော် နက်ရှိုင်း ခေါ်သံကြားတော့ လှည့်ကြည့်ပါသည်။

"ကိုကို ဘာလဲ၊ ဘယ်သွားဦးမလို့လဲ။ အုံ ဒီနေ့ကျောင်းလစ်လို့ မရဘူးနော်"

"မဟုတ်ပါဘူး၊ အုံ့ကို ကျောင်းလစ်ခိုင်းတာ မဟုတ်ဘူး။ ကိုကို အုံ့ကို ကျောင်းဝင်းထဲထိ ကားနဲ့လိုက်မောင်းပို့မလို့"

"ဪ ... ရပါတယ် ကိုကိုရယ်။ ခြံဝင်းထိပ်နဲ့ ကျောင်းထဲနဲ့က မဝေးပါဘူး ရတယ်"

"မဟုတ်ဘူး၊ ဒီနေ့ ကိုကို ဝင်ပို့ပေးချင်လို့၊ လာပါကွာ၊ ကဲပါ ... တက်ပါ။ လိုက်ပို့ပေးပါ့မယ်"





"ဟင်း ... ရှုပ်နေတာပဲ၊ ဘာမှန်းကို မသိဘူး။ သူနဲ့ဒီနေ့ တွေ့ရတာ လူကို ရူးတောင်ရူးချင်လာတယ်၊ တကယ်"

အုံသည် စိတ်ရှုပ်သလိုလေး (သို့သော်) သူ့မကို ဂရုစိုက် အသည်းပိုပြသဖြင့် ကြည်နူးစွာ နှုတ်ခမ်းလေး စူပြောပေမဲ့ ကားပေါ်သို့ ပြန်တက်ထိုင်ခဲ့ပါသည်။

"ကိုကို ဒီနေ့ ဘာဖြစ်နေတာလဲ"

"ဘာမှမဖြစ်ပါဘူး၊ ညက အုံ့ကို အိပ်မက် မက်လို့"

"အင်း ... ပြောပါဦး။ ဘာဖြစ်ခဲ့လဲ အိပ်မက်ထဲမှာ"

နက်ရှိုင်းသည် မပြောရက်ဘဲ လည်ချောင်းထဲ ဆို့နင့်နေကာ ခေါင်းသာ အသာခါလျက် ...

"အိပ်မက်ထဲမှာ အုံနဲ့ ကိုကို စကားများပြီး စိတ်ကောက်ကြရတယ်တဲ့။ အုံက ကိုကို့ကို အထင်လွဲတယ်တဲ့။ အုံ့ကို မချစ်ဘူးထင်ပြီး အုံ ဝမ်းနည်းတယ်တဲ့၊ ဒါကြောင့် ကိုကို အုံ့ကို သနားပြီး ဒီနေ့မနက်မှာ အလိုလိုက်မယ် ဂရုစိုက်မယ်လို့ တွေးမိလို့ပါ"

ဟုရှိ အလိမ်အညာတို့ဖြင့် ပြည့်နေသော အဖြေကိုသာ ပေးလိုက်ပါသည်။

"ဟား ဟား ... တော်တော်ကောင်းတဲ့ အိပ်မက်ပဲ၊ ဒီလို အိပ်မက်မျိုး များများမက်ပါစေလို့တောင် ဆုတောင်းရ



www.burmeseclassic.com

www.burmeseclassic.com



တော့မလိုပဲ။ ဒါမှ ကိုကို အုံ့ကို နေ့တိုင်း အလိုလိုက်မှာ လေ"

ကျောင်းဝင်းထဲ ကားမောင်းဝင်လာစဉ် နက်ရှိုင်းသည် သုတ်သီးသုတ်ပျာ ထွက်လာမည့် ကျောပိုးအိတ်အကြီးကြီး လွယ်သော ကောင်လေးတစ်ယောက်များ တွေ့မလားဆိုပြီး လိုက်ရှာကြည့်မိပါသည်။

ထင်တဲ့အတိုင်းပင် အဲဒီကောင်လေး ကျောင်းဝင်းလှသွားလမ်းမှာ အိပ်မက်ထဲကလိုပင် အရေးတကြီးပုံစံနဲ့ လျှောက်လာတာ မြင်လျှင် နက်ရှိုင်း ကျေကျေနပ်နပ်ကြီး ပြုံးလိုက်မိသည်။

ဟုတ်ပြီ။ ဒီကောင်လေးနဲ့ အုံ့ကို မတိုက်မိအောင် ငါ လိုက်ပြောင်းနိုင်လိုက်ပြီ။ ဒီအဖြစ်အပျက်ဟာ မဖြစ်တော့ဘူးဆိုရင် နောက်ဆက်ဖြစ်လာမဲ့ အဖြစ်အပျက်တွေကိုလည်း ဆက်ပြီး ပြောင်းလဲပစ်နိုင်မှာပဲ။ နက်ရှိုင်းသည် အခုလို အခြေအနေကို ပြောင်းနိုင်လိုက်သည့်အတွက် နည်းနည်း အားတက်သွားပါသည်။ ဒါဆို ဒီည အုံ့ သေမဲ့အဖြစ်အပျက်ကိုလည်း ရအောင်ကို ပြောင်းလဲပစ်ရမယ်။ ဟုတ်တယ် ...။ ဘာလို့မပြောင်းနိုင်ရမှာလဲ။ ငါ့ကို စောင့်ရှောက်နေတဲ့ မမြင်ရတဲ့သူတွေကပဲ တမင်သတိပေးပြီး အိပ်မက်ပေးခဲ့တာ ဖြစ်မယ်။





အုံ့ကို ကျောင်းအဆောက်အအုံရှေ့မှာ အသေအချာပင် ကားရပ်ပေးလိုက်သည်။ အုံ့သည် ဖိုင်လ်လေးပိုက်၊ သူမကိုင်နေကျ ခရီးသွားသော ဆွဲအိတ်ကြီးနဲ့တူသည် ဒီဇိုင်းလက်ကိုင်အိတ်ကြီးကို တံတောင်ဆစ်မှာ ချိတ်ထားလိုက်သည်။ နက်ရှိုင်းကတော့ လူထက် လက်ကိုင်အိတ်ကြီးက ပိုကြီးနေသဖြင့် ထိုတံတောင်ဆစ်မှာ ချိတ်ရသော လက်ကိုင်အိတ်ကို မကြိုက်သေမဲ့ အုံ့က ပြောတော့လည်း ...

"ဒါမျိုးတွေ အခုခေတ်စားနေပြီ ကိုကိုရဲ့။ ကိုကို သတိမထားမိဘူးလား၊ နိုင်ငံခြားမဂ္ဂဇင်းတွေထဲမှာဆို Celebrity မိန်းမတွေ အကုန်လုံး အဲဒီလို အိတ်အကြီးကြီးတွေပဲ ကိုင်ပြကြတယ်၊ ဘယ်သူမှ အိတ်သေးသေးလေး မကိုင်ဘူး။ အိတ်ထဲမှာ ဘာတွေထည့်ထားမှန်း မသိအောင် ဖောင်းနေတာလေ။ အုံ့ရဲ့အိတ်က Diana Ferrari (ဒိုင်ယာနာဖက်ရာရီ)တံဆိပ်လေ့"

ဟု မိန်းကလေးပီပီ ဖက်ရှင်သစ် စိတ်ဝင်စားပြီး ကြိုက်ပြနေတော့သည်။

အုံ့ ကားပေါ်မှဆင်းပြီး ကျောင်းထဲ လှေကားလေးတွေကတစ်ဆင့်တက်ပြီး ဝင်သွားသည်အထိ ငေးကြည့်နေစဉ် အုံ့နောက်မှ ပြေးတက်လာသော ကျောင်းယူနီဖောင်း ဂါဝန်ရှည်



www.burmeseclassic.com

www.burmeseclassic.com



နှင့် ခြေအိတ်ဖူးအထိ အရှည်ဝတ်ကာ ရှုးဖိနပ်စီးထားသော မိန်းကလေးတစ်ယောက်ကို တွေ့ရသည်။ ထိုမိန်းကလေးသည် ဘာအရေးကြီးမှန်းမသိ ပုံစံဖြင့် အလျင်အမြန်ပဲ ပြေးတက်သွားကာ အုံ့ကို ကျော်ဖြတ်လျှင် အုံ၏ ဖိုင်လ်ကိုင်ထားသောလက်ကို ဝင်တိုက်ဖြစ်အောင် တိုက်သွားပါတော့သည်။ ဖိုင်လ်သည် အုံ့လက်ထဲမှ လွတ်ကျသွားပါသည်။

နက်ရှိုင်းမှာ အဖြစ်အပျက်တွေကို အုံသြငေးကြောင်ပြီး လက်မခံနိုင်သလို၊ မယုံနိုင်သလို ဖြစ်ပြီး ကားပေါ်မှ ပြေးဆင်းသွားမိသည်။ အုံ့ကို တစ်စုံတစ်ယောက်က ဒီနေ့ ဝင်တိုက်ဖြစ်အောင်ကို တိုက်မယ် အုံ၊ လက်ထဲက ဖိုင်လ်လေး လွတ်ကျမယ် ဆိုတဲ့ အဖြစ်အပျက်လေးဟာ ဘယ်လိုမှ ပြောင်းပစ်လို့မရနိုင်ခဲ့ပါလား။ နက်ရှိုင်း အရူးတစ်ယောက်လို ပြေးသွားပေမဲ့ ဒီနေ့ ဝင်တိုက်သည့် မိန်းကလေးကတော့ ကျောင်းသူမလေးဖြစ်ပြီး အုံ့တပည့်လည်း ဖြစ်ပုံရသဖြင့် သူမကတော့ အုံ့ကို ...

"ဆောရီး ... ဆောရီးပါ တီချာအုံ။ သမီး အလောတကြီး ပြေးတက်မိလို့ပါ"

ဟု တောင်းပန်ရင်း အုံ့ဖိုင်လ်ကို ပြန်ကောက်ပေးနေပါသည်။

"ရပါတယ်၊ တီချာ ဘာမှမဖြစ်ပါဘူး"





အုံ ပြန်ပြောနေတုန်းမှာ သူမအနား ရောက်လာသော နက်ရှိုင်းကိုတော့ တအုံ့တသြ ပြန်လှည့်ကြည့်လိုက်ပါသည်။

"ကိုကို ဘာလို့ဆင်းလိုက်လာတာလဲ၊ အုံ ဘာမှမဖြစ်ပါဘူး"

"အုံ ဒီနေ့ တစ်ယောက်ယောက် ဝင်တိုက်မိမယ်လို့ ကိုကို ကြိုမြင်ထားတယ်၊ ဒါကြောင့် တမင် ကျောင်းအဆောက်အအုံရဲ့ အဝင်ဝထိ ကားရပ်ပို့ပေးတာ၊ ဒါပေမဲ့ အုံ ဒီလိုဖြစ်ရလိမ့်မယ် ဆိုတာကို ရှောင်လွှဲလို့ မရခဲ့ဘူးကွာ"

"ကိုကို ဘာတွေ လာပြောနေတာလဲ"

တိုက်မိသော မိန်းကလေးကတော့ ပြုံးစိစိလေးကြည့်ပြီး အုံ့ကို နှုတ်ဆက်ကာ ထွက်သွားပါသည်။

"ရုံးနောက်ကျနေဦးမယ် ကိုကို သွားတော့လေ။ အုံလည်း ရုံးခန်းထဲ ဝင်တော့မယ်နော်"

နက်ရှိုင်း တစ်ယောက်ကား လောကကြီးကို အူကြောင်ကြောင် ရင်ဆိုင်လျက် ကားဆက်မောင်းလာခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ရုံးရောက်လျှင် အဖြေသိရမည်ဟု တွေးပြီး ရုံးပေါ်တက်လာခဲ့သောအခါ မြင်ကွင်းတွေကတော့ အရင်နေ့ကလိုပင်ဘာမှ မပြောင်းလဲဘဲ တွေ့ရသည်။ နက်ရှိုင်း သေသေချာချာသတိမထားမိတာတွေလည်း ရှိသဖြင့် တချို့ကို မမှတ်မိပေမဲ့ကိုယ်နဲ့ အနီးစပ်ဆုံးဖြစ်ခဲ့သော စက္ကူတော်ရီဒေါ်မိမိကိုတော့ မနေ့ကဘာဝတ်တယ်ဆိုတာကအစ အသေအချာ မှတ်မိသဖြင့် ဒေါ်မိမိကိုတော့ သတိထားကြည့်မိသည်။

ဒေါ်မိမိသည် မနေ့က (သို့မဟုတ်) အိပ်မက်ထဲကလိုပင် ပါတိတ်ခရမ်းရင့်ရောင် ဝမ်းဆက်ပေါ်တွင် ကုတ်အင်္ကျီအနက်ရောင်တစ်ထည် ထပ်ဝတ်ထားသည်။ နက်ရှိုင်းတို့ရုံးခန်းအတွင်းမှာက အအေးဓာတ် ခပ်ပြင်းပြင်းကို အမြဲလွှတ်ထားတတ်





လေရာ အပြင်မှာ ရာသီဥတု ဘယ်လောက်ပဲပူနေနေ ဒီထဲတော့ အေးစိမ့်နေလေရာ အချမ်းမခံနိုင်ကြသော အမျိုးသမီးတော်တော်များများကတော့ ကုတ်အင်္ကျီလေးတွေ ထပ်ဝတ်စမြဲ။ ဒေါ်မိမိမှာလည်း ကုတ်အင်္ကျီနီညို၊ နက်ပြာ၊ အနက်၊ အညိုရင့်တွေ အမျိုးစုံရှိမှန်း နက်ရှိုင်း မှတ်မိပါသည်။ သို့သော် ဒေါ်မိမိသည် မနေ့ကဟု နက်ရှိုင်း ထင်မိသော (သို့မဟုတ်)အိပ်မက်ထဲမှာဟု ထင်မိသော အကြောင်းအရာ ဖြစ်ပျက်ခဲ့သည့် နေ့ကလိုပင် ကုတ်အင်္ကျီအနက်ကို ထပ်ဝတ်ထားတာလည်းတူ၊ ပါတိတ်ခရမ်းရင့်ရောင် ဝမ်းဆက်ဝတ်ထားတာလည်းတူ ဖြစ်နေသည်။

တစ်ဖန် ကိုးနာရီမှာ အထက်လူကြီးများနဲ့ meeting လုပ်ရမှာလည်း တကယ်ဖြစ်နေသည်။ နက်ရှိုင်း စိတ်ထဲမှာ ပြီးခဲ့ပြီထင်ခဲ့သော အရာတွေသည် ဒီနေ့မှ တကယ်ပြန်စနေသဖြင့် နက်ရှိုင်းသည် အခုမှ အခြေအနေကို လက်ခံလို့ ရလာသည်။ တကယ်တော့ သူဟာ တကယ့်ကို သိသိထင်ရှားပြီး ပီပြင်လွန်းလှသော အိပ်မက်ရှည်ကြီးတစ်ခုကို ညက တကယ်မက်ခဲ့တာဖြစ်ကြောင်း လက်ခံရ၍ ရသွားသည်။

သို့သော် ... ...။ ... ...။

အိပ်မက်၏ အဆုံးသတ်ကား မကောင်း။ ဓာတ်သိမ်းမလှ။ ချစ်သော အုံလေးကို ယေကွဲ ခွဲရမည်တဲ့။ ဒီတော့ အဲဒီလို

www.burmeseclassic.com



မဖြစ်အောင် ဘယ်လိုများ ကြိုတင်တားဆီးလို့ ရပါ့မလဲ။ အုံမသေအောင် ဘယ်လိုလုပ်ရမလဲ။ ဒီနေရာ ဒီဒေသ ဒီအချိန်တစ်ခုမှာ အုံဟာ အဲဒီနားမရောက်နေရင် သေစရာဘာအကြောင်းမှမရှိဘူး။ ဒီတော့ အုံ့ကို အဲဒီအချိန်မှာ ခေါ်ထုတ်သွားနိုင်ရမယ်။ ဒါမှမဟုတ် အဲဒီအချိန်မတိုင်ခင် အုံကအိမ်ပြန်ရောက်နေရမယ်။ ဟုတ်ပြီ ... ဒါဆို ဒီတစ်ရက်မှာဖြစ်မဲ့ အဖြစ်အပျက်ကို ပြောင်းပစ်လို့ ရပြီ။

meeting ပြီးသောအခါ နက်ရှိုင်း အလုပ်စားပွဲကို လွင်ဦး ရောက်လာလေသည်။

"ဟော့ကောင် နက်ရှိုင်း၊ ဒီနေ့ နေ့လယ်စာ အပြင်မှာပဲ စားမယ်မဟုတ်လား"

နက်ရှိုင်းသည် လွင်ဦး လာရပ်လိုက်ကတည်းက ဒါကို ပြောတော့မယ်ဆိုတာ ကြိုသိပြီးနေပြီ။ အိပ်မက်ထဲမှာလည်း လွင်ဦး ဒီလို လာပြောခဲ့လေသည်။

"အုံ့ကို နေ့လမ့်ခ် break ကျရင် သူနဲ့အတူတူ ဒီဇိုင်နာဆီ လိုက်ပေးမယ်လို့ ကတိပေးလိုက်မိပြီကွာ"

"သေသေချာချာ ချိန်းလိုက်တာလား"

"ဆယ့်တစ်နာရီခွဲထိ ငါ့မှာ အလုပ်ကိစ္စလုပ်ဖို့ သိပ်မကျန်တော့ဘူးဆိုရင် အုံ့ဆီ ဖုန်းဆက်ပြီး ဒီနေ့ထွက်လာဖို့ သေချာတယ်၊ စောင့်နေဖို့ ပြောမယ်လို့ ချိန်းလိုက်တယ်"





"ကိုတိုးတို့ အောင်သူရတို့က မင်းကို တွေ့ချင်နေကြတာကွ၊ ဒီနေ့ မဆုံလို့ မဖြစ်ဘူးဆိုပဲ"

"ဒီနေ့ UEFA cup ပွဲ ရှိသေးလား"

နက်ရှိုင်းသည် အဲဒီပွဲက မနေ့က (သို့မဟုတ်)အိပ်မက်ထဲမှာ ပြီးခဲ့ပြီဟု ရုတ်တရက် မေ့ပြီး ထင်နေမိပြန်သည်။

"ရှိတယ်လေ"

"ဘယ်သူနဲ့ ဘယ်သူတဲ့လဲ"

"Liverpool နဲ့ AC Milan တဲ့"

နက်ရှိုင်း စိတ်ထဲမှာ ဩော် ... ဒီနေ့မှ သူတို့ တကယ်ကန်ကြမှာပါလားလို့ ပြန်သတိရသွားပါသည်။

"အုံ့ဆီလည်း သွားချင်တယ်ကွာ၊ သူတို့အကျီချုပ်တဲ့ကိစ္စမှာ တစ်ခါမှ အဖော်လိုက်မပေးရသေးဘူး"

"မင်းကလည်းကွာ၊ အခုမှ အဖြစ်သည်းနေပြန်ပြီ၊ အရင်တုန်းကဖြင့် မလိုက်ပေးဘဲနဲ့။ အခုတစ်ခါ မလိုက်လည်း ရှေပိုးအုံ စိတ်ထဲမှာ ရှိးနေပြီမို့ ဘယ်လိုမှ ခံစားရမှာမဟုတ်ဘူး။ မင်း လိုက်ပေးလို့လည်း သူက အခုပျော်တာထက် 20% လောက် ပိုပျော်မှာပဲ ရှိတယ်"

"ငါက မင်္ဂလာဆောင်ကိစ္စကို စိတ်ဝင်တစား မရှိဘူးလို့ သူ ထင်နေတယ်"

www.burmeseclassic.com



"မင်း မကြားဖူးဘူးလား။ မိန်းမတွေကတော့ မင်္ဂလာဆောင် လုပ်ချင်လို့ အိမ်ထောင်ပြုကြတယ်၊ ယောက်ျားတွေကတော့ မိန်းမရချင်လို့ အိမ်ထောင်ပြုကြတယ်လေကွာ"

"အဲဒီတော့ ဘာဖြစ်လဲ"

"အဲဒီတော့ မင်းက မင်္ဂလာဆောင်ကိစ္စကို စိတ်မဝင်စားတာဟာ အပြစ်တင်စရာ မရှိပါဘူး၊ မင်း စိတ်ထဲမှာ ရွှေပိုးအုံကို ပိုင်ဆိုင်ရရင် ပြီးပြီပဲ မဟုတ်လား"

"ဒါတွေ ထားပါကွာ၊ ငါ ဒီနေ့ အုံ့ကို အလိုလိုက်ချင်နေလို့ပါ"

"ဒါဆိုလည်း မင်းသဘောပါ၊ တော်ကြာ ငါဝင်ဖျက်လို့ မင်းတို့ စိတ်ကောက်ကြရတယ်ဆိုရင် ငါလည်း ဝင့်လည် နေပါဦးမယ်၊ ခုတောင်မှ တစ်ယောက်တည်း ချစ်ပြီး ဒီ တစ်ယောက်ကိုပဲ ကြိုးစားပါတယ်၊ သူက ပြန်မချစ်နိုင်ဘူး ဆိုတော့ အသည်းကွဲရတော့မလိုလို ဖြစ်နေရတဲ့အထဲလေ၊ သူများအချစ်ရေးကို မပါတာ ကောင်းပါတယ်"

လွင်ဦး ရယ်ရယ်မောမော ပြောဆိုပြီး နက်ရှိုင်း၏ စားပွဲမှ ထွက်သွားပါသည်။ နက်ရှိုင်းသည် သူတို့နဲ့ နေ့တိုင်း နေ့လယ်စာ ထွက်စားပေမဲ့ ဒီနေ့ကိုတော့ မစားတော့ဘူးဟု တွေးပြီး တောင့်ခံထားသည်။ ဒီနေ့ ဖြစ်ရမဲ့ အဖြစ်အပျက်တွေ





ထဲက တစ်ခုကို မဖြစ်အောင် တားနိုင်ရင် အခုညဖြစ်မဲ့ အဖြစ်ဆိုးကိုပါ တားနိုင်မဲ့ နည်းလမ်းကို ရှာတွေ့လိမ့်မယ် ဆိုသော အယူသီးစိတ်ဖြင့် နေ့လယ်ကျ အုံ့ဆီပဲ သွားမယ်ဟု စိတ်ကို သတိပေးနေခဲ့သည်။

သို့သော် ... ဖြစ်ချင်တာတော့ ဆယ့်တစ်နာရီလောက်မှာ နက်ရှိုင်းနဲ့ စကားပြောချင်သည်ဟု အထက်လူကြီး၏ message (မက်ဆေ့(ချ်))က ဝင်လာခဲ့ပါသည်။

အိပ်မက်ထဲမှာတုန်းကလည်း အထက်လူကြီးလည်းဖြစ်၊ နက်ရှိုင်း၏ ဆရာကြီးလည်းဖြစ်သော ဆေးဝါးဗေဒကျွမ်းကျင်ဒေါက်တာကြီး ဦးခင်အောင်က နက်ရှိုင်းနဲ့ ဆွေးနွေးတိုင်ပင်စရာတွေ လုပ်နေခဲ့၍ ထမင်းစားချိန် ဆယ့်နှစ်နာရီထိုးခါနီးကျမှ ပြီးခဲ့တာကို သွားသတိရခဲ့ပါသည်။ အခုလည်း အဲဒီအတိုင်း တကယ်ဖြစ်လာပြန်သောအခါ ...။

ကိုယ့်အထက်လူကြီးဆရာ၏ စကားကို မလွန်ဆန်ချင်၍ နက်ရှိုင်းသည် ...

"ကျွန်တော် ခုပဲလာခဲ့ပါ့မယ်"

လို့ အကြောင်းပြန်ပြီးလျှင် ချက်ချင်းပဲ အုံ့ဆီဖုန်းဆက်လိုက်ရတော့သည်။

"အုံ့ ... ကိုကိုပါ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... သိတယ်၊ သိတယ်၊ ကိုကို ဆက်မယ်ဆိုတာ သိလို့ အုံ ဖုန်းမျှော်နေတာ"

"အေးကွာ ... ကောင်းသတင်းတော့ မဟုတ်ပါဘူး။ ကိုကို အုံနဲ့ ဒီနေ့ နေ့လယ် လိုက်ပေးချင်တာ မဖြစ်နိုင်တော့ဘူး ကွာ၊ ဆောရီးကွာ၊ ကိုကို စိတ်မကောင်းပါဘူး"

အုံသည် ဘာမှ ချက်ချင်းမတုံ့ပြန်ဘဲ တိတ်ဆိတ်သွားပါသည်။ အုံ စိတ်မကောင်းဖြစ်သွားပြီ။ သူ့ကိစ္စတွေဆို ဘယ်တော့မှ လိုက်ပေးလေ့မရှိတဲ့အတိုင်း ဒီတစ်ခါလည်း ကိုကို လိုက်မပေးချင်ပါဘူး ဆိုတဲ့ အတွေးနဲ့ ဝမ်းနည်းသွားပြီ။ နက်ရှိုင်းသည် အုံ့စိတ်ကို ခန့်မှန်းလို့ ရပေမဲ့ ဒီဘက်မှာလည်း ဘယ်လိုမှ အဆင်ပြေအောင် မညှိနိုင်တာမို့ ...

"ဆရာကြီး ဒေါက်တာခင်အောင်က ကိုကို့ကို ဗန်ကောက်သွားဖို့အတွက် ပြင်ဆင်စရာတွေ အကြံပေးဆွေးနွေးချင်လို့တဲ့ကွာ၊ ဒါကြောင့် ကိုကို ခုပဲ သူနဲ့သွားစကားပြောရတော့မယ် ပြောတယ်၊ ဆွေးနွေးကြတယ်ဆိုတော့ ချက်ချင်းကြီး ခုပြော၊ ခုပြီး ဖြစ်ချင်မှဖြစ်မှာမို့ ကိုကို ထွက်လာရင် မီမှာလည်း မဟုတ်ဘူး။ ဒါကြောင့် အုံ့ကို ကြိုအကြောင်းကြားထားတာပါ။ အုံ ဒီနေ့မသွားလို့ရရင်မသွားဘဲ စနေ၊ တနင်္ဂနွေ ပိတ်ရက်မှ သွားပါလား။ ကိုကို လိုက်ပေးမယ်"





ဟု နက်ရှိုင်း နှစ်သိမ့်ပေမဲ့ အုံ ပြန်ပြောမဲ့ "အုံ့ရဲ့ ဒီဇိုင်နာ မိန်းမလျှာအုပ်စုက အခုလာမဲ့ စနေမှာ မလေးရှားသွားပြီး တစ်လခွဲသင်တန်း တက်တော့မှာမို့ အုံက ခုတည်းကကြိုသွားအပ်ထားရမှာ"ဆိုသော စကားကို ပြန်မှတ်မိနေသဖြင့် အုံ ဒါပဲပြောမယ်လို့ ကြိုတွေးနေမိသည်။

တကယ်ပဲ နက်ရှိုင်း အိပ်မက်ထဲက အတိုင်းပင် အုံသည် ဤသို့ပင် ပြန်ပြောခဲ့ပါသည်။ အဆုံးသတ် စကားမှာတော့ ...

"ရပါတယ် ကိုကို။ အုံက ကိုကို့အပေါ် အမြဲနားလည်တဲ့ မိန်းကလေးပဲလေ။ ကိုကိုပြောတာကို အခုတစ်ခါလည်း နားလည်ပြီး ခွင့်လွှတ်နိုင်ပါတယ်"

ဟူသော အုံပြောနေကျ စကားလေးပဲ ဖြစ်ပါသည်။ နက်ရှိုင်းသည် စိတ်ရှုပ်ထွေးနောက်ကျိစွာ ဖုန်းချလိုက်ရပါသည်။

ဆရာကြီးနဲ့ သွားတွေ့၊ ပြောဆို တိုင်ပင်စရာတွေ ပြီးသောအခါမှာ ထမင်းစားချိန် Break ဝင်နေပြီ။ လွင်ဦး၊ ကိုတိုးနှင့် အောင်သူရတို့ကတော့ နက်ရှိုင်း ဒီနေ့မှ ထူးထူးခြားခြား မလိုက်တော့ဘူးထင်ကာ အောက်ထပ်ဆင်းဖို့ ဓာတ်လှေကားထိပ်ပင် ရောက်နေပြီ။ နက်ရှိုင်းလည်း သူတို့နောက် အမြန်လိုက်သွားပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် လွင်ဦး၊ ငါလာပြီ ခဏစောင့်ဦးကွ၊ ဓာတ်လှေကားတံခါး ပြန်မပိတ်နဲ့ဦး"

ဓာတ်လှေကားထဲ ဝင်သွားပြီဖြစ်သော လွင်ဦးက နက်ရှိုင်း ပြေးလာတာ မြင်သဖြင့် ခလုတ်ကို Hold လုပ်ထားလိုက်သည်။

နက်ရှိုင်း ဝင်လိုက်မှ တံခါးကို ပိတ်လိုက်သည်။

"ဘယ်လိုလဲ ရွှေပိုးအုံဆီ မသွားဖြစ်တော့ဘူးလားကွ"

"ဆရာဦးခင်အောင်နဲ့ ဗန်ကောက်သွားပေးရမဲ့ကိစ္စ သွားစီစဉ်နေတာနဲ့ အုံဆီ ထွက်သွားဖို့အချိန်က မလောက်တော့ဘူးကွာ၊ ဒါကြောင့် ဖုန်းဆက်ပြီး ချိန်းထားတာကို ဖျက်လိုက်ရတယ်"

"ကိုနက်ရှိုင်းကဗျာ၊ ဒီတစ်ခါပဲ ထူးထူးဆန်းဆန်း Liverpool နဲ့ပွဲကို မလောင်းတော့ဘူး ဖြစ်နေလို့ ကိုတိုးဝေက တပြောပြော ဖြစ်နေတာ"

"ဟဲ ဟဲ ... စိတ်မပါလို့ပါဗျာ၊ ဒါနဲ့ နေပါဦး၊ ခင်ဗျားတို့က အောက်ဆုံးထပ်မှာ စောင့်နေရမှာ မဟုတ်ဘူးလား။ ဘာဖြစ်လို့ ဒီထိတက်လာတာလဲ။ ကျွန်တော် သိထားတာက ကျွန်တော်နဲ့ လွင်ဦး ဒီအထပ်က ဆင်းလာမှ ခင်ဗျားနဲ့ အောင်သူရက အောက်ဆုံးထပ် အပေါက်ဝမှာ စောင့်နေရမှာလေ"





နက်ရှိုင်းသည် သူ့အိပ်မက်ထဲမှ မြင်ထားသည့်အတိုင်း ပြောလျှင် ကိုတိုးဝေနဲ့ အောင်သူရတင်မက လွင်ဦးကပါ ဘာတွေပြောနေတာလဲဟု အကဲခတ်ပြီး ကြည့်ပါသည်။

နက်ရှိုင်း ရုက်ကိုးရုက်ကန်း ဖြစ်သွားပြီး ...

"ဘာကြည့်ကြတာလဲဗျာ"

"သြော် ... မင်းက ကြိုပြီးသိထားသလိုလိုနဲ့မို့ပါ"

"ခါတိုင်းလည်း အောက်ထပ်မှာ ဆုံနေကျလေ"

နက်ရှိုင်းက သူ့အိပ်မက်ကို မဝန်ခံချင်သေး၍ သင့်သလို ဖြေလိုက်ပါသည်။ ကိုတိုးဝေကတော့ ...

"ဒီနေ့ အပေါ်ထပ်ကို ကိစ္စနဲ့ လာရတော့ ပြန်ဆင်းချိန်မှာ ထမင်းစားချိန်လည်း ဖြစ်နေပြီမို့ မထူးတော့ပါဘူးဆိုပြီး မင်းတို့ကို ဝင်ခေါ်တာပါ"

"ကဲ ... အောက်တော့ ရောက်ပြီ၊ ဘယ်ဆိုင်ဝင်မလဲ"

နက်ရှိုင်းသည် အိပ်မက်ထဲမှာတော့ တရုတ်စာ စားကြတယ်ဟု သတိရသွားသည်မို့ အားလုံးမပြောခင်ကြိုပြီး ...

"ဂျပန်စာ၊ ဂျပန်စာ ဆူရှီစားမယ်ကွာ"

ဟု ပါးစပ်ထဲမှာပေါ်လာသော တစ်ခုကို ကောက်ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ထူးထူးဆန်းဆန်းပဲ့ပါလား၊ နက်ရှိုင်း မေးလိုက်ရင် ဘယ်တော့မှ ဂျပန်စာ စားချင်တဲ့အထဲမှာ မပါဘူး၊ ဒီတစ်ခါ သူက စပြောတယ်"

"ဩော် ... အဟဲ၊ ဘာရယ်မဟုတ်ပါဘူး၊ တရုတ်စာ စားမိကြမှာစိုးလို့ပါ"

"ဘာဖြစ်လို့လဲ၊ ဘာသတင်းကြားလို့လဲ"

"မဟုတ်ပါဘူးဗျာ၊ ညနေကျလည်း အုံနဲ့ ကျွန်တော် အပြင်မှာ စားကြဖို့ ချိန်းထားပြီးနေတော့ မနက်လည်း တရုတ်စာ။ ညလည်း တရုတ်စာ ဖြစ်နေမှာစိုးလို့ပါ"

ဒီလိုနဲ့ပဲ ဂျပန်စာရောင်းသောဆိုင်ကို ဝင်ခဲ့ပါသည်။ ဂျပန်စာမှာ အလွန်လတ်ဆတ်ပြီး ကိုယ်မှာသော်အခါမှ ကိုယ်ရှေ့မှာပင် ချက်ချင်း ငါးအသားကိုလှီး၊ ရေညှိတွေ၊ ကောက်ညှင်းတွေနဲ့ ကျွမ်းကျင်လျင်မြန်စွာ လိပ်ပေးပြီး ပန်းကန်ထဲ ပြင်ဆင်သဖြင့် ကျန်းမာရေးနဲ့ ညီညွတ်ကာ အဆီမပါဘူးဟု လူတိုင်းက ပြောကြသည်။ သဘောလည်း ကျကြသည်။ သို့သော် နက်ရှိုင်းကတော့ မကြိုက်ပါ။ အရသာခံစား၍ မရပါ။ အုံကတော့ကြိုက်လေသည်။ ပြောရရင် အုံက အပြင်စာဆို အကုန်ကြိုက်သော မိန်းကလေးဖြစ်ပြီး ဘာစားစား အများကြီးလည်း မစားနိုင်။ မှာစားပြီး မကုန်ဘဲထားခဲ့တာ များသည်။





"အုံလိုလူက အပြင်မှာစားရင် မတန်ဘူး။ ဆိုင်က ဝယ်လာပြီး အိမ်မှာစားပါလား"

ဆိုတော့လည်း အုံက မကြိုက်ပြန်။

"ဆိုင်မှာ ပြင်ဆင်ပေးတာကို စားရတာ အရသာရှိတယ်၊ အိမ်ကို Take Away ဝယ်လာပြီးစားရင် အရသာက ပြောင်းသွားသလိုပဲ ခံစားရတယ်"

ဟု ရှင်းပြတတ်သေးသည်။

အုံက အခုတော့ အသက်လည်း ငယ်သေး၊ အစားလည်း နည်းသေးသဖြင့် ပိန်ပိန်သွယ်သွယ်လေး ဖြစ်နေပေမဲ့ အုံက တစ်ခါ တစ်ခါမှာတော့ ...

"အုံ အသက်ကြီးလာရင် ဝ,လာမှာ သိလား။ အုံ့အဖေရော အမေရော ဝတယ်၊ ဝတာက မျိုးရိုးလိုက်တတ်တယ်တဲ့၊ အုံလည်း ဝမှာပါပဲ၊ အဲဒီကျ ကိုကိုက အပြစ်ပြောမှာလား"

ဆိုပြီး ပူစရာမရှိ ရှာကြံပူသေးသည်။

နက်ရှိုင်းသည် လူကသာ ဆိုင်ထဲထိုင်နေပေမဲ့ စိတ်ကတော့ အုံ့အကြောင်းတွေ တွေးနေမိလေရာ ဘေးက လွင်ဦးတို့ သုံးယောက် ဘာတွေပြောနေမှန်းပင် မကြားလိုက်သလို ဖြစ်နေပါသည်။ သို့သော် တစ်ချက်မှာတော့ ကိုတိုးဝေသည် စားပွဲအလယ်မှာ ချထားသော တစ်ရှူးဘောက်(စ)ထဲမှ တစ်ရှူးကို လှမ်းအယူ



www.burmeseclassic.com

www.burmeseclassic.com



မှာ သူ့ဘေးတွင် ချထားသော Max အချိုရည်ပုလင်းကို လက်ဖြင့် အမှတ်မထင် တိုက်မိသွားသည်ကိုတော့ နက်ရှိုင်း မျက်စိထဲ ဖျတ်ခနဲ မြင်လိုက်လျှင် မြင်လိုက်ချင်း သူ့လက်တွေသည် ပုလင်းအောက်ကို ပြုတ်ကျမည့် နေရာလောက်မှာ ကြိုရောက်ပြီး ပုလင်းကို ဖမ်းထားနှင့်လိုက်သည်။

"ဟာ ... တော်ပါသေးရဲ့၊ နက်ရှိုင်းက ကြိုသိတာကျနေတာပဲ၊ ပုလင်းကျလာမှ လမ်းကြောင်းမှာ လက်ကိုကြိုခံပြီး စောင့်နေလို့ ပုလင်းကျမကွဲတော့ဘူး။ တော်လှချည်လားကွ"

ကျန်တဲ့လူတွေကပါ ကိုတိုးဝေ ပြောတာ လက်ခံပြီး အံ့အားတသင့် ဝိုင်းကြည့်ကြလေသည်။ နက်ရှိုင်းသည် ပုလင်းကျမကွဲအောင် ကြိုတင်ကာကွယ်နိုင်လိုက်သည့် ဘာမဟုတ်သော အဖြစ်အပျက်လေးကိုပဲ ဝမ်းသာအားရဖြစ်လျက် သတိလက်လွတ်ပင် ...

"ဟာ ... ရပြီ။ ရသွားပြီ၊ ဒါ ဖြစ်ကိုဖြစ်မယ်ဆိုတာကို ပြောင်းလဲပစ်လိုက်နိုင်ပြီ"

ဟု ပြောလိုက်မိလေသည်။

"ဘာလဲ နက်ရှိုင်း၊ ဘာကိုပြောတာလဲ၊ မင်း ဘာတွေရေရွတ်နေတာလဲ"





လွင်ဦးကတော့ နက်ရှိုင်းနှင့် အရင်းနှီးဆုံး သူငယ်ချင်းဖြစ်လေရာ နက်ရှိုင်းကို မဆိုင်းမတွပဲ မေးလိုက်လေသည်။

နက်ရှိုင်းသည် ကိုယ့်ကို အရူးပဲထင်ထင်၊ အယူသီးတတ်သူပဲထင်ထင် ဂရုမစိုက်တော့ဘဲ ရင်ထဲမှာ မျိုသိပ်ထားရတာတွေကို ပြောပြကြည့်လိုက်ဖို့ ဆုံးဖြတ်လိုက်မိပါသည်။

"ဒီလိုကွာ၊ ငါ မနေ့က အဖြစ်အပျက်လိုလို၊ အိပ်မက်ပဲမက်သလိုလို အဖြစ်အပျက် တစ်ခုကို ကြိုသိထားနေတယ်ကွာ"

ဟု အစချီပြီး သူသည် အိပ်မက်အစအဆုံးကို အသေးစိတ် ဖွင့်ပြောလိုက်မိတော့သည်။

အားလုံးက မယုံသလိုလို၊ အံ့ဩသလိုလိုတွေနှင့် နက်ရှိုင်း ပြောသမျှကိုတော့ အနှောင့်အယှက် မပေးဘဲ နားထောင်နေခဲ့ကြသည်။ နက်ရှိုင်း စကားဆုံးတော့မှ လွင်ဦးက ...

"ဟုတ်ရော ဟုတ်ပါ့မလားကွာ၊ မင်းပြောပုံကြီးက မင်းနဲ့ ရွှေပိုးအံ့တို့ သေကွဲခွဲရမလိုပဲ"

ဟု လက်မခံချင်သလို စ,ပြောလာသည်။

ကိုတိုးဝေကလည်း ...

"သေချာလို့လားကွာ၊ အသေးစိတ်ကအစ လိုက်တူနေတယ်ဆိုတာ ဟုတ်ရော ဟုတ်ရဲ့လား၊ နည်းနည်းမှတောင် မကွဲဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"နည်းနည်းလေးလောက်ပဲ ကွဲပြားတာတော့ ရှိပါတယ်၊ ဒါပေမဲ့ အဲဒါတွေကလည်း ကျွန်တော်တမင် လိုက်ပြောင်းနေလို့ ကွဲပြားသွားတာပေမဲ့ ဒီနေ့မနက် အုံ့လက်ကိုအပူ ဟပ်မယ်ဆို ဟပ်တာပဲ၊ လူတစ်ယောက်နဲ့ ဝင်တိုက်ရမယ်ဆိုရင် တိုက်မိတာပဲ၊ ပြီးတော့ ... သူ့ကို ကျွန်တော်ဒီဇိုင်နာဆီ လိုက်မပို့ဖြစ်ဘဲ ကိုတိုးဝေတို့နဲ့ နေ့လယ်စာ လာစားတော့လည်း ခုပဲကြည့် အိပ်မက်ထဲမှာ ကိုတိုးဝေရဲ့ Max အချိုရည် ကျကွဲလို့ ကျွန်တော် ကြိုမြင်ပြီး လက်နဲ့ ဖမ်းထားနိုင်တာတော့ ပြောင်းလဲသွားတဲ့ အရာပေါ့၊ ဒါပေမဲ့ အဖြစ်အပျက်တွေက ဆက်တိုက်ပဲ။ ဖြစ်နေကျတွေပဲ ဖြစ်ဖြစ်နေတယ်"

အားလုံးက နက်ရှိုင်းကို လေ့လာအကဲခတ်သလို ဝိုင်းကြည့်နေကြပြန်သည်။ သူတို့စိတ်ထဲမှာ နက်ရှိုင်းဟာ အယူသီးတတ်သူမို့ အိပ်မက်ဆိုးကြောင့်ပဲ အယူသီးပြီး ပြောသလားလို့ ပြိုင်တူနီးပါး တွေးလိုက်မိကြသည်။

"ကျွန်တော် ကိုယ်တိုင်လည်း စကြိုခါစက အံ့သြပြီး မယုံနိုင်ခဲ့ဘူး၊ တိုက်ဆိုင်တာလား ဘာလား ဆိုပြီး ဇဝေဇဝါဖြစ်နေပေမဲ့ အခု နေ့တစ်ဝက် ကျိုးလာပြီ၊ အိပ်မက်ထဲမှာ ဖြစ်ခဲ့တာတွေအတိုင်း တစ်ခုပြီး တစ်ခုက ဖြစ်နေတာ





ဘာမှ မပြောင်းလဲသေးဘူး၊ ကျွန်တော် ပြောတာ ယုံချင်မှ ယုံပါ၊ တကယ်တော့ ခင်ဗျားတို့ ယုံမယ်မထင်ပေမဲ့ ရင်ထဲမှာ အံ့သြရလွန်းလို့ ထုတ်ပြောမိတာပါဗျာ။ ကျွန်တော်က ညရောက်မှာကို ကြောက်နေရပြီမို့ပါ၊ ညဆယ်နာရီခွဲရောက်ရမှာကို ကြောက်နေလို့ပါ"

လွင်ဦးကတော့ နက်ရှိုင်း၏ အရင်းနှီးဆုံး သူငယ်ချင်းပီသစွာ နက်ရှိုင်းဘက်က မျှတွေးနိုင်လျက် ချက်ချင်းပဲ အကြံပေးနိုင်လေသည်။

"ဒါဖြင့် ဒီလိုလုပ်ကွာ၊ မင်းရဲ့ ရွှေပိုးအုံ့ကို အဲဒီအချိန်မှာ အဲဒီနေရာ ရောက်မနေအောင် လုပ်ပေါ့။ ဒါပဲ ရှိတယ်။ ဒါမှမဟုတ် ရန်ကုန်ထဲမှာဆို စိတ်မချရင်လည်း ရန်ကုန်နဲ့ဝေးတဲ့ တစ်နေရာဆီ ခဏခေါ်သွား"

"ညဘက်ကြီး ဘယ်မိန်းကလေးက လိုက်မလဲ"

ကိုတိုးဝေက လူကြီးပီပီ ဝင်သတိပေးလိုက်သည်။

"ဒါဖြင့်လည်း ကိုနက်ရှိုင်း သူ့ကို အဲဒီနား ခေါ်မသွားနဲ့ပေါ့၊ အိမ်ပဲပြန်ပို့ရင် ပို့လိုက်ပေါ့"

အောင်သူရကပါ ဝင်အကြံပေးပါသည်။

"အုံ့ကို ညစာအတူစားမယ်လို့ ကတိပေးထားပြီးနေပြီ။ သူနဲ့ ငါ အရင်ကမှ ခဏခဏ ညစာအတူတူစားဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သေးတယ်။ အခုတလော အတူတွဲမသွားဖြစ်တာ သုံးလလောက် ရှိနေပြီ၊ ဒီနေ့တော့ သူ့ရဲ့အောင်မြင်မှုကို ဂုဏ်ပြုချင်လို့ ငါပဲ ကြိုပြောထားပြီး ညစာ အတူသွားစားမယ်လို့ ကတိပေးထားမိတယ်”

“အဲဒီဆိုင် မသွားနဲ့ပေါ့။ အဲဒီလမ်းကို မသွားနဲ့ပေါ့”

“ဟုတ်တယ်၊ ဒီနည်းပဲ ရှိတော့တယ်၊ အံ့ကို ပြောရင် အံ့က ယုံမှာမဟုတ်ဘူး။ ငါ အယူသီးတယ်ပဲထင်မှာ။ သူက မိန်းကလေးဖြစ်ပြီး အယူမသီးဘူး၊ ငါက ယောကျ်ားလေးဖြစ်ပြီး အယူသီးလို့ သူက ခဏခဏဖျောင်းဖျရတာကွ”

“အိပ်မက်ကတော့ စိတ်စွဲရင် မက်တာပဲ၊ တစ်ခါတလေလည်း ညဘက် အစာမကြေတဲ့ အစာတွေ စားပြီး ဗိုက်တင်းနေလို့ အိပ်မက်ဆိုး မက်တာလည်း ရှိပါတယ်။ ဒါပေမဲ့ ကြားဖူးတာတော့ အိပ်မက်ဆိုတာ ပြောင်းပြန်ယူရတယ်တဲ့”

“မဟုတ်ဘူး လွင်ဦးရ၊ အခုဟာက ပြောင်းပြန်မဖြစ်ဘဲ အတည့်အတိုင်းပဲ ဖြစ်နေပြီ”

“အေး ... ဒါဖြင့်လည်း ငါတို့အကြံပေးတဲ့အတိုင်း အဲဒီအချိန်မှာ အဲဒီနေရာမရောက်အောင် ရှောင်လိုက်ပေါ့”





အဲဒီလိုနဲ့ပဲ နေ့လယ်ထမင်းစားချိန် အပြီးမှာ ရုံးပေါ် အားလုံး ပြန်တက်ခဲ့ကြတော့သည်။ နက်ရှိုင်းကတော့ ဓာတ်လှေကားထဲမှာ ရပ်နေရင်း ရုတ်တရက်ပဲ အကြံတစ်ခု ရလိုက်ကာ ထိုအကြံကို ချက်ချင်းပဲ အကောင်အထည်ဖော်ဖို့ ဆုံးဖြတ်လိုက်မိတော့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ၉

“ဟင် ... ကိုကို၊ ဘာလာလုပ်တာလဲ”

အုံသည် သူမ၏ music မြူးဇစ်သင်ရာ အတန်းရှေ့ လာရပ်လိုက်သော နက်ရှိုင်းကြောင့် အံ့အားသင့်ပြီး ချက်ချင်း ပြေးထွက်လာသည်။ ကလေးတွေကိုတော့ သီချင်းတစ်ပုဒ် ဆက်ကျင့်ခိုင်းထားလိုက်တာ တွေ့ရသည်။

“ကိုကို နေ့တစ်ဝက် ခွင့်ယူလာပြီး အုံ့ကို လာခေါ်တာ”

“ဟင် ... ဘာဖြစ်လို့လဲ”

“ဘာမှမဖြစ်ဘူး၊ ကိုကို တစ်ခါတလေကျ စိတ်ကိုလွှတ်ပေးပြီး လုပ်ချင်ရာလုပ်မယ်လို့ တွေးမိတယ်၊ အမြဲတမ်း အလုပ်နဲ့အိမ်၊ အလုပ်နဲ့အိမ် ဖြစ်နေရတော့ အုံနဲ့တောင် မနက်အလုပ်သွားတွေ့ရုံအပြင် ပိုမတွေ့ခဲ့ရတာ ကြာပြီ။





သူများတကာ ရည်းစားတွေလိုပဲ လျှောက်လည်းမလည် ဖြစ်တော့ဘူး။ ဒါကြောင့် ဒီနေ့တော့ ကိုကို အုံနဲ့လျှောက်လည်ချင်လာလို့ ထွက်လာလိုက်တာ”

အမှန်တော့ နက်ရှိုင်းရဲ့စိတ်ထဲမှာ အယူသီးစွာ တွေးမိနေသည်မှာ (တစ်နည်းအားဖြင့်) စိုးကြောက်နေမိသည်မှာ အုံ့ကို ဒီနေ့ ဆုံးရှုံးလိုက်ရမလားဟူသော စိတ်ပင်။ အကယ်၍များ အုံ့ကို ဒီနေ့ တကယ်ပဲ လက်လွှတ်လိုက်ရရင် သူဟာ အိပ်မက်ထဲကလိုပဲ ကြေကွဲဝမ်းနည်းစွာ၊ ယူကျုံးမရစွာ ငိုကြွေးရမှာလည်း အမှန်ပင်။

အုံ မရှိတော့မှ အုံနဲ့ အချိန်အတူတူ မဖြုန်းခဲ့ရတာတွေ ပြန်နှောင်တရတဲ့ အဖြစ်မျိုး သူ မဖြစ်ချင်။ ဒါကြောင့် ဒီနေ့တော့ အုံ့ကို အလိုလိုက်မည်။ အုံနဲ့အတူ လျှောက်လည်မည်။ အုံ စိတ်တိုင်းကျ နေပေးမည်ဟု တွေးမိပြီး ချက်ချင်း နေ့တစ်ဝက် ခွင့်စာကောက်ရေးတင်လျက် ထွက်ချလာတာ ဖြစ်သည်။ တကယ်တော့ သူ, အားနေတာ မဟုတ်။ ဇန်ကောက်ဆွေးနွေးပွဲ သွားရမည့်ကိစ္စအတွက် စီစဉ်စရာ၊ တိုင်ပင်စရာ၊ ပြင်ဆင်စရာတွေမှ တစ်ပုံတစ်ပင်နဲ့ပါ။

သို့သော် အခုချိန်မှာ အလုပ်နဲ့ ချစ်သူကို ရွေးရလျှင် ချစ်သူကိုပဲ ရွေးလိုက်ဖို့ စိတ်က ဆုံးဖြတ်ပြီးနေပြီ။



www.burmeseclassic.com

www.burmeseclassic.com



"အုံ့ ကလေးတွေ ညနေပွဲရှိတယ်လေ ကိုကို"

"ဒါဖြင့်လည်း ကိုကို ဘယ်မှမသွားဘဲ အုံ့နဲ့နေချင်တယ် ရမလား"

အုံ့သည် ကိုကိုတစ်ယောက် ဒီလိုအဖြစ်မသည်းစဖူး သည်းပြလျှင် အုံ့အနား တကပ်ကပ်လုပ်နေမည်ဆိုသောအခါ စိတ်ထဲမှာ အုံ့သြတုန်လှုပ်ပြီး အသည်းနှလုံးတွေ ပူနွေးရအောင်ထိ ကြည်နူးမိပါသည်။

မှတ်မိပါသေးသည်။ စပြီး ချစ်သူဖြစ်ကြကတည်းက အုံ့ကိုဆို သိပ်လည်းအလိုမလိုက်၊ အုံ့နဲ့ပတ်သက်တာတွေလည်း သိပ်ပြီး ဂရုတစိုက်မရှိ၊ လျစ်လျူရှုခဲ့နိုင်လွန်းသော ကိုကိုကြောင့် အုံ့မှာ အခါများစွာတွင် သူ ငါ့ကို တကယ်ချစ်ရောချစ်ရဲ့လား လို့ သံသယဖြစ်ရပေါင်းလည်းမနည်းခဲ့။ ကျိတ်မျက်ရည်ဝဲ၊ မျက်ရည်ကျ၊ ငိုညည်းခဲ့ရတာလည်း ခဏခဏပါ။

အုံ့အကြောင်းသိတဲ့ မေမေကတော့ ...

"သူ ကိုယ့်အပေါ် သိပ်မချစ်ဘူးဆိုလည်း သမီး ဘာဖြစ်လို့ အရှုံးပေးပြီး ချစ်နေလဲကွယ်။ မှတ်ထား နှစ်ယောက်မှာ တစ်ယောက်က ပိုချစ်နေခဲ့ရင် အဲဒီပိုချစ်ရတဲ့သူက ပိုခံစားရတတ်တယ်"

ဟူ၍ ကိုကို့ကို မချစ်ဘဲနေနိုင်ရင်ကောင်းမယ်လို့ အကြံပေးခဲ့ဖူးသေးသည်။





အုံ့နဲ့ ကျောင်းတုန်းကတည်းက သူငယ်ချင်း၊ အခုလည်း အတူအလုပ်လုပ်ဖက်ဖြစ်သော ယမင်းကလည်း ...

"ဟုတ်ပါတယ် အုံ့ရယ်။ နင်ပြောမှ ငါလည်း သတိထားကြည့်မိပါတယ်၊ နင်တို့နှစ်ယောက်မှာ နင်က ပိုချစ်ပြီး ပိုဂရုစိုက်နေရတယ်နော်။ ကိုနက်ရှိုင်း ကြည့်ရတာ ခပ်အေးအေးပဲ။ သူက နင့်ကို နှလုံးသားက ချစ်တာထက် ဦးနှောက်ထဲမှာ ပိုလက်ခံလို့ ရွေးလိုက်တာဖြစ်မယ်"

ဟု အတိအကျကို ဝေဖန်ခဲ့ဖူးပါသည်။

အခု မင်္ဂလာပွဲကိစ္စ စီစဉ်ကြသည်အထိ (ဒါကလည်း လူကြီးတွေက လုပ်ပေးသင့်ပြီယူဆပြီး စတင်လို့ပါ၊ ကိုကိုကတော့ လက်ထပ်ကြရအောင်လို့ တစ်ခါမှစ,မပြောခဲ့ဖူးပါ) ကိုကိုသည် အဲဒီကိစ္စအပေါ် စိတ်ဝင်စားမှုနည်းခဲ့ပြီး အုံ့ကသာ တက်တက်ကြွကြွ စီစဉ်ရသူသာဖြစ်ခဲ့သည်။

ဒီနေ့တော့ ကိုကို ဘာဖြစ်နေသည်မသိ။ မနက်တည်းက အုံ့ကို စတွေ့ကတည်းကကိုပဲ အဖြစ်သည်းသည်၊ အကဲပိုပို ချစ်ပြ၊ ယုယပြ၊ ဂရုစိုက်ပြနေခဲ့သဖြင့် အုံ့သည် အိပ်မက်ထဲပင် ရောက်နေသလားလို့ ထင်ယောင်ထင်မှား ဖြစ်ရတော့လေသတည်း။

"ကိုကို ဘာများဖြစ်နေသလဲ အုံ့ စဉ်းစားလို့ကိုမရဘူး တကယ် တကယ်။ မနက်တည်းက ပုံစံပြောင်းနေတယ်။



www.burmeseclassic.com

www.burmeseclassic.com



အမှုအရာတွေ ပြောင်းနေတယ်၊ ရုပ်ရှင်တွေထဲကလို ကိုကို့နေရာမှာ တခြားလူများ အစားဝင်သလားလို့တောင် မဟုတ်ကဟုတ်ကတွေးမိတယ်သိလား"

နက်ရှိုင်း အသာအယာပြုံးလိုက်ရင်း ...

"ကိုကို အုံ့ကို ထူးဆန်းတာတစ်ခုလည်း ပြောပြချင်နေတယ်၊ အဲဒီအရာကြောင့် ကိုကို ဒီနေ့ပြောင်းလဲနေတာဖြစ်ရင်ဖြစ်မယ်"

"ကဲ ... ကောင်းပါပြီ၊ ကိုကို ဒီအတန်းထဲမှာပဲ ထိုင်နေရရင် ပျင်းလည်းပျင်းမယ်။ ကလေးလက်သံနဲ့ တီးတာဆိုတာတွေက ဝါသနာလည်းမပါဘူး၊ ကြာနေကျလည်း မဟုတ်ဘူးဆိုရင် ငြီးငွေ့လာလိမ့်မယ်"

"အဲဒီလိုမထိုင်နေလည်း မရဘူးလေ။ အုံ့ကမှ ကိုကို့နဲ့အတူ မလိုက်နိုင်တာ။ ဒီတော့ အုံ့အနားမှာ နေချင်တဲ့ကိုကိုက ထိုင်နေရုံရှိတော့တာပေါ့"

"ဒါဆို ခဏနေဦး၊ အုံ့ ယမင်းကို အကူအညီတောင်းကြည့်မယ်။ ယမင်း ကူညီမယ်ဆိုရင်တော့ အုံ့ နေ့တစ်ဝက်ခွင့်ယူပြီး ထွက်လာခဲ့မယ်၊ ဒါပေမဲ့ ညနေတော့ အုံ့ကို ကိုကို လေးနာရီခွဲလောက်တော့ အိမ်ပြန်ပို့နော်၊ အုံ့ ရေမိုးချိုး ဝတ်စားပြင်ဆင်ပြီးတာနဲ့ ကျောင်းကို ငါးနာရီခွဲအရောက်





ပြန်ထွက်လာရမယ်၊ တပည့်လေးတွေ အားရှိအောင် အုံ့က လာမျက်နှာပြနေရမှဖြစ်မယ်"

"အုံ့သဘောပါ။ အုံ့ အဆင်ပြေမယ်ထင်သလိုသာ စီစဉ်လိုက်။ ယမင်း မကူညီနိုင်လည်း ကိစ္စမရှိဘူး၊ ကိုကို ဒီမှာ တစ်နေကုန်ထိုင်ဆို ထိုင်နိုင်တယ်"

အုံ့သည် ပြုံးပြုံးလေးကြည့်ပြီး နက်ရှိုင်းကို ကလေးတစ်သိုက်နှင့်ထားခဲ့ကာ ယမင်းရဲ့အတန်းကို ထွက်သွားပါသည်။ ယမင်းက အဆိုသင်တန်းဆရာမဖြစ်သလို အကနည်းပြလည်း ဖြစ်သည်။ ယမင်းကိုယ်တိုင် ငယ်ငယ်တည်းက မြန်မာအကလေး မျိုးလောက် ကျွမ်းကျွမ်းကျင်ကျင်ကတတ်ခဲ့ရာမှာ မော်ဒယ်လ်တွေ Dancer တွေ ခေတ်စားလာသောအခါ မော်ဒယ်လ်သင်တန်း၊ dancer(ဒန်ဆာ)သင်တန်းတွေ တက်ခဲ့လေရာ နိုင်ငံခြားအကတွေ လည်း တော်တော် က,တတ်ခဲ့သည်။ ဒါကြောင့် အုံ့နှင့်အတူ ဒီကျောင်းမှာလာလျှောက်ကတည်းက အုံ့ကတော့ တူရိယာပစ္စည်းများ ထဲမှ ပီယာနိုတီးနည်းနှင့် ဂီတနုတ်(စ)များ ဖတ်နည်းကိုသင်သော ဆရာမအဖြစ်လည်းကောင်း၊ ယမင်းကတော့ အဆိုအက ဆရာမ အဖြစ်လည်းကောင်း၊ တမင်ရွေးလျှောက်ခဲ့ကြတာ ဖြစ်ပါသည်။

နက်ရှိုင်း တစ်ယောက်တည်း ထိုင်စောင့်ကျန်ခဲ့သော အခါ ကလေးတွေက နက်ရှိုင်းကို အရင်တည်းက မြင်တွေ့သိကျွမ်း



www.burmeseclassic.com

www.burmeseclassic.com



ထားဖူးပြီး ဖြစ်လေရာ လာစပ်စုသူ စပ်စု၊ စကားပြောသူ ပြောတော့လေသည်။

"ဦးဦးက တီချာအုံလို တီချာလာလုပ်တာလား"

ကလေးတစ်ယောက်က စ,မေးလေသည်။

"ဦးဦးက တီချာမဟုတ်ပါဘူး ဒေါက်တာပါ"

"ဟာ ... ဒါဆို ဆေးထိုးတတ်လား"

နက်ရှိုင်းက တဟားဟားရယ်ရင်း ...

"ထိုးတတ်တာပေါ့ကွ၊ ဦးဦး အဖေနဲ့အမေဆို အားဆေးထိုးချင်ရင် ဦးဦးပဲ ထိုးပေးရတာ၊ ဒါပေမဲ့ ဦးဦးက ဆေးခန်းထိုင်တဲ့ ဒေါက်တာတော့ မဟုတ်ဘူးကွ၊ ရုံးမှာလုပ်တဲ့ ဒေါက်တာကွ"

ဖြိုးဖြိုးဟု နက်ရှိုင်း အရင်တည်းက သိထားသော အုံ့ အချစ်တော်ကလေးလေး (အင်း ... သူ့အဖေကတော့ မုဆိုးဖိုဆိုတော့ အုံ့ကိုများ ချိန်နေသလားပဲ)ကတော့ နက်ရှိုင်းကို မကြည့်သလို ရှုတည်တည်ကြည့်ရင်း ...

"ဖြိုးဖြိုးတို့ ညနေကျ တီးမဲ့ပွဲမတွေ့က် သီချင်းတိုက်နေတာမျ၊ ဦးဦးက တီချာအုံကို လာခေါ်ထုတ်သွားရင် ဖြိုးဖြိုးတို့တော့ ဒုက္ခပဲ"

ဟု အမြစ်တင်သလို ပြောလေသည်။





"မင်းတို့တီချာအုံက သူ့သဘောနဲ့သူ ဦးဦးနဲ့ အပြင်လိုက်လာတာပါကွာ၊ ဦးဦး ပြောသားပဲ။ မအားရင် အပြင်မသွားဘူး ဒီမှာပဲ ထိုင်စောင့်မယ်လို့၊ သူက ဦးဦးနဲ့ အပြင်ထွက်ချင်လို့ပါ"

"ဒက်ဒီက ပြောတယ်၊ တီချာအုံက ငယ်ငယ်လေးရှိသေးတာ ဘာလို့ အစောကြီး မင်္ဂလာဆောင်ရလဲတဲ့။ အဲဒါဦးဦးကြောင့်လား မသိဘူး၊ ဦးဦးက မင်္ဂလာဆောင်ချင်တယ်ပြောလို့ တီချာအုံကပါ သဘောတူတာလား"

အံမယ် ... ဒီကောင် အလာကြီးပါလား။ သူ့အဖေက ကျိတ်ပြီးချိန်နေမှန်းသိတော့ အဖေဘက်ပါပြီး ငါ့ကို ပ,ထုတ်ချင်တယ် ထင်တယ်။

နက်ရှိုင်းသည် ကလေးနဲ့ပြိုင် စိတ်လုပ်ပြီး ဖြိုးဖြိုးကိုခပ်တည်တည်ကြည့်ကာ ...

"ပြောလိုက် မင်းဒက်ဒီကို။ တီချာအုံက ဦးဦးနက်ရှိုင်းကလွဲရင် ဘယ်သူ့ကိုမှ မယူချင်ဘူးလို့"

ဟု ပြန်ပြောနေစဉ် အုံ အနားရောက်အလာမို့ တစ်ခွန်းတစ်စ ကြားသွားပါသည်။

"ဟယ် ... ကိုကို၊ ကလေးတွေကို ဘာတွေပြောနေတာလဲလေ"



www.burmeseclassic.com

www.burmeseclassic.com



"သြော် ... အဟဲ့၊ သူတို့မေးတာတွေ ပြောတာပါကွာ၊ ဘာမှ မဖြစ်ပါဘူး၊ ကဲ ... ဘယ်လိုတဲ့လဲ၊ ယမင်းက ...

ကလေးနဲ့ ဖက်ပြိုင် ရန်ဖြစ်နေမိသဖြင့် နက်ရှိုင်းလည်း ရှက်ကိုး ရှက်ကန်း လိမ်ညာရင်း စကားမြန်မြန်လွှဲလိုက်ပါသည်။

"ယမင်းက အုံ့ဘက်သားပါ၊ အုံ့ သွားချင်ရင်သွားတဲ့၊ သူ တာဝန်ယူပြီး သိချင်းဆက်တိုက်ထားပေးလိုက်မယ်တဲ့။ အဲဒါနဲ့ အုံ့လည်း တစ်ခါတည်း Principle (ကျောင်းအုပ်ကြီး)ကိုပါ ဝင်ခွင့်တောင်းခဲ့တယ်"

"ရရဲ့လား"

"ရပါတယ်၊ အုံ့က ခွင့်မှသိပ်မယူတာ၊ တစ်ခါတလေ တောင်းတော့ ရတာပေါ့"

"ဒါဖြင့် သွားရအောင်"

အုံ့သည် သူမ၏လက်ကိုင်အိတ်ကြီးကို တံတောင်ဆစ်တွင် ချိတ်လိုက်ပြီးနောက် ကလေးတွေကိုလည်း ...

"ကလေးတို့ရေ ... တီချာအုံ့ သွားလိုက်ဦးမယ်နော်၊ ညနေ ငါးနာရီခွဲမှာ ပြန်တွေ့မယ်၊ ဟုတ်ပြီလား။ တီချာ ယမင်း စကားကို သေသေချာချာ နားထောင်ပြီး သေသေချာချာ လေ့ကျင့်ထားကြနော်"





အုံ့သည် ကလေးအုပ်စုကို သံယောဇဉ် မပြတ်နိုင်စွာ တမှာမှာနှင့် မပြီးနိုင်တော့တာမို့ နက်ရှိုင်းကပဲ လှမ်းမိုက်လုပ်ပြီး အုံ့ကို လက်အတင်းဆွဲခေါ်ခဲ့ရတော့လေသည်။

အားလုံးထဲမှာ ဖြိုးဖြိုး ဆိုရှာသော ကောင်လေးကတော့ အုံ့ ထွက်သွားမည် ဆိုလျှင်ပဲ လက်ကိုမလွှတ်စတမ်း ကိုင်ပြီး ဘာတွေ တတွတ်တွတ် ပြောမှန်းမသိ ပြောနေလေသည်။

နက်ရှိုင်းက အုံ့လက်ကို အတင်းဆွဲခေါ်လာသဖြင့် အုံ့မှာ ထိုကလေးလေးလက်ကို သူမဘာသာ အသာဆွဲဖြုတ်ပြီး ထွက်လာခဲ့ရသည်။ ကားပေါ်ရောက်သောအခါ အုံ့က ...

"ကိုကိုကလည်းလေ ဖြိုးဖြိုးလေး သနားပါတယ် ... သူမှာနေတာတွေတောင် မပြီးသေးဘူး၊ အတင်းကို ဆွဲခေါ်နေလို့ အုံ့မှာ လက်ဖြုတ်ချခဲ့ရတယ်"

ဟု စိတ်မကောင်းသလို ပြောပါသည်။

"မင်း ဘာသိလို့လဲ အုံ့ရဲ့။ အဲဒီကောင်လေးက အုံ့ကို သူ့ အမေနေရာ အစားထိုးချင်နေတာ၊ အဖေကပါ ကလေး အကြောင်းပြပြီး ဝင်ပိုးချင်နေတာ"

"ဟင် ... ကိုကို ဘယ်လိုလုပ် သိနေလဲ၊ ဖြိုးဖြိုးမှာ အမေ မရှိဘူးလို့"

နက်ရှိုင်း ရုတ်တရက် ဘာပြေရမှန်းမသိ ဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



-"အုံ ပြောပြဖူးတယ် မဟုတ်လား"

"မပြောပြဖူးပါဘူး ကိုကိုရဲ့။ အုံ့ကလေးတွေအကြောင်း အုံ ပြောတော့ ပြောပေမဲ့ ကိုကိုလည်း သိပ်စိတ်မဝင်စားမှန်းသိလို့ တစ်ယောက်ချင်းစီရဲ့ မိသားစုအကြောင်းတွေတော့ မပြောမိခဲ့ပါဘူး"

အိပ်မက်ထဲမှာ အုံ ပြောပြလို့ ဟူသော အဖြေကို အခု မဖြေချင်သေးပါ။ အုံ့ကို အေးအေးဆေးဆေး စကားတွေ ထိုင်ပြောရင်းမှ ထိုအကြောင်းအရာကို အသိပေးချင်နေသည်။ အုံ ယုံသည်။ မယုံသည်ထား အုံ သိအောင်တော့ ပြောပြလိုက်ချင်နေလေသည်။

❤ ❀ ❤





# အခန်း ၁၀

"အုံ့ကို အခုမေးမယ်၊ ရန်ကုန်နဲ့ သိပ်မဝေးတဲ့ နေရာတစ်ခုကို သွားမယ်ဆိုရင် အုံ့ အခုသွားမလား"

"ဟင် ... ကိုကိုကလည်း၊ မြို့ထဲပဲ လည်လည်းရတာပဲ။ ဘာကြောင့် ရန်ကုန်မြို့ပြင် ထွက်ချင်ရတာလဲ"

"ဘွားဘွားကြီးကို သွားတွေ့ရအောင်လေ"

"ကိုကို ဒီနေ့ ထူးဆန်းတာတွေ လျှောက်လုပ်နေတာပါလား၊ ဘာဖြစ်နေတာလဲဟင်"

"နောက်မှ အေးအေးဆေးဆေးပေါ့၊ အဲ ... ပဲခူးသွားနေရင်း လမ်းမှာ မုန့်ဖြစ်ဖြစ် ဝင်စားတော့မှ ကိုကို ပြောမယ်"

"ခုနလေးတင် နေ့လယ်စာ ထမင်းစားထားတာ အုံ မဆာသေးဘူး"



www.burmeseclassic.com

www.burmeseclassic.com



အချိန်က နေ့လယ်တစ်နာရီခွဲသာ ရှိသေးသည်။ အုံနဲ့ ဒီဇိုင်နာဆီ မလိုက်ပေးနိုင်ဘဲ သူငယ်ချင်းတွေနဲ့ အချိန်ဖြုန်းပြီး နေ့လယ်စာ ထိုင်စားနေမိသည့် အဖြစ်ကိုပင် ပြန်နှမြောသွားသည်။

တကယ်ဆို အဲဒီအချိန်တည်းက အုံနဲ့လာတွေ့ရင် တစ်နာရီကျော်လောက် ပိုတွေ့ရလည်းပဲ မနည်းဘူးပေါ့။

နက်ရှိုင်း စိတ်ထဲမှာ အုံ့ကို သူတွေ့ရမဲ့အချိန် တဖြည်းဖြည်း နည်းနေသည်ဟု ထင်မိသည်။ နာရီတွေ တစ်နာရီပြီး တစ်နာရီ ပြောင်းသွားတိုင်း လူက တုန်ယင်ချောက်ချားကြေကွဲနေလေသည်။

"မဆာသေးလည်း ကော်ဖီ လက်ဖက်ရည်သောက်ရင်း ပြောပြမယ်၊ ခုတော့ ကိုကိုပေးတဲ့ အကြံကို လက်ခံနော်၊ သွားကြရအောင်ပါ။ ဘွားဘွားကြီးကို ကိုကို လိုက်မတွေ့ရတာလည်း ကြာပြီ။ အုံလည်း အခုလို မပြောမဆို ရောက်သွားပြီး သူ့ကို surprise လုပ်ရင် သူ သိပ်ဝမ်းသာမှာပဲ"

"အုံ ဒီအပတ် တနင်္ဂနွေကျမှ သွားမလို့၊ သူ့ကို ဖုန်းတောင် ဆက်ထားပြီးပြီ။ သူက ကိုကို့ကိုပါ ခေါ်ခဲ့မှာထားတယ်လေ၊ အဲဒီကျမှ သွားရအောင်လား"





အုံရယ်။ မင်းအတွက် ဒီအပတ် တနင်္ဂနွေဆိုတာကို ကြုံတော့မှာ မဟုတ်ဘူးဟု နက်ရှိုင်း ရင်ထဲမှာ ငိုညည်းပြီးပြောလိုက်မိပြန်သည်။ သို့သော် သူ့မျက်နှာမှာတော့ ဟန်ဆောင်ပြုံးတွေ ပြုံးထားရဆဲ။

"ကိုကိုက အခုပဲ သွားချင်လာလို့ပါ"

"သွားတာက ဟုတ်ပါပြီ။ အုံက ရန်ကုန်ကို ဘယ်နည်းနဲ့မှ လေးနာရီခွဲ ပြန်မရောက်တော့ဘူးပေါ့။ ရောက်ပြန်ကြီးဖြစ်ရင်တောင် ဖြစ်နေမယ်"

"ဘွားဘွားကြီးအိမ်မှာပဲ ရေမိုးချိုး ပြင်ဆင်လိုက်၊ အုံ့အိမ်ကို ငါးနာရီခွဲအရောက်ပြန်၊ ညဘက်ပွဲမှာ ဝတ်ရမဲ့ဝတ်စုံကိုလဲ။ အဲဒါဆို ဖြစ်တယ်လေ"

"ကျောင်းကို ငါးနာရီခွဲ ပြန်ရောက်ချင်တာ၊ ကလေးတွေကို အုံ့မျက်နှာ စောစောပြထားရမယ်လေ"

"အုံတို့ တကယ်တီးရမှာက ခုနစ်နာရီမှပါ"

"ဟင် ... ကိုကို ဘယ်လိုလုပ်သိလို့လဲ"

"ကျောင်းသားတွေ ertificate ပေးပြီးမှ တီးရမှာလေ။ ခုနစ်နာရီထိုးမှ တီးရမယ်၊ ကိုကို ကြိုသိတယ်"

အမှန်တော့ အိပ်မက်ထဲမှာ ကြိုသိထားသဖြင့် နက်ရှိုင်း ပြောနိုင်တာ ဖြစ်သည်။ အုံကတော့ မသိ။ ကိုကိုအချိန်မှန်းပြီး ပြောသည်ထင်ကာ ခေါင်းအသာညိတ်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ ... ဒါဆိုလည်း ကိုကို့သဘောပါ။ ကိုကိုလည်း ဒီနေ့ကျမှ သိဂ်သွားချင်နေတော့လည်း အုံ ကိုကို့ကို လိုက်လျောပါ့မယ်၊ ဒါပေမဲ့ အုံ့ကို ခြောက်နာရီအတိမှာ ကျောင်းထဲရောက်နေစေရပါမယ်လို့တော့ ကတိပေးပါနော်"

"စိတ်ချပါ အုံရဲ့"

ဒီလိုနဲ့ပဲ နက်ရှိုင်းရဲ့ကားသည် ရန်ကုန်မြို့ပြင်ကို မောင်းထွက်လာခဲ့တော့လေသည်။ တိုးလ်ဂိတ်ကြီးများ ဖြတ်ကျော်ပြီးသောအခါ အဝေးပြေးလမ်းမကျယ်ကြီးပေါ်တွင် နက်ရှိုင်း၏ ကားသည် မြင်ကွင်းတွေကို တရိပ်ရိပ် ကျန်ခဲ့အောင် မောင်းနှင်လာခဲ့လေသည်။ အုံကတော့ လမ်းဘေးရှုခင်းတွေကို ငြိမ်၍ ငေးမောလိုက်ပါသည်။

ကားထဲမှာ တိတ်ဆိတ်နေသဖြင့် နက်ရှိုင်းက စီဒီခလုတ်ကို အသာနှိပ်ပြီး ဖွင့်လိုက်လျှင် Justin Timberlake ၏ "What Goes Around ... Comes Around"ဟူသော သီချင်း အရင်ဆုံး ထွက်ပေါ်လာသည်။ သီချင်းသံကြားတော့မှ အုံက နက်ရှိုင်းဘက် ပြန်လှည့်ကြည့်လာသည်။

"ကိုကိုနဲ့ အ်ခုလို ခရီးတစ်ခုတော့ အတူတူ သွားချင်ပါတယ်လေ၊ ဒါပေမဲ့ အေးအေးဆေးဆေး အချိန်ယူ ပြင်ဆင်ပြီးသွားချင်တာ"





"အခုလိုသွားရလည်း အုံ့အတွက် excited (အိပ်ဇိုက်တက်(ထ်))ဖြစ်ရတာပဲ မဟုတ်လား"

"အကယ်၍ ဒီနေ့ညနေသာ ကျောင်းမှာပွဲမရှိဘူးဆိုရင် အုံ အပြည့်အဝ ပျော်မှာ၊ စိတ်လှုပ်ရှားမှာပေါ့၊ အခုကျ ညနေအမီ ပြန်ရောက်ဖို့ စိုက်ကတွေးနေမိတယ်လေ"

"ပြန်ရောက်မှာပါ အုံရယ်။ ကိုကို ကတိပေးပါတယ်။ ကဲ ထားလိုက်ပါဦး၊ ပြန်ရောက်မဲ့ကိစ္စကို၊ အကယ်၍ပေါ့ အုံ မပါခဲ့ရင်ရော အုံ့ကလေးတွေ ဘီးလို့ဖြစ်မလား၊ ကိုကို မေးကြည့်တာနော်၊ သိချင်လို့ပါ"

"အုံ မပါလို့ ဘယ်ဖြစ်မလဲ ကိုကိုရဲ့။ အုံက အဓိကသင်ထားတဲ့သူလေ"

"ဩော် ... ဒီလိုလား"

အမှန်တော့ နက်ရှိုင်းသည် အုံ့ကို အဲဒီပွဲလည်း မသွားစေချင်တော့သလို စိုးရိမ်နေသည်။ အဲဒီပွဲက အပြန်မှာ ခင်နှာ ဝင်စားပြီး၊ နောက်ပိုင်းဖြစ်တဲ့ အဖြစ်ဆိုးကို သူ တကယ် ထိတ်လန့်နေမိသည်။

"အုံ့ကို ကိုကို ပြောပြစရာရှိတယ် သိလား"

"ပြောလေ"



www.burmeseclassic.com

www.burmeseclassic.com



"အခု ကားမောင်းနေရင်းတော့ မပြောပါဘူး၊ အုံ ကော်ဖီ လက်ဖက်ရည် သောက်ချင်လာတဲ့ အချိန်ကျ ဆိုင်တစ်ဆိုင်ဝင်ပြီး သောက်မယ်လေ။ အဲဒီကျမှ ပြောတော့မယ်"

"ဘွားဘွားကြီးကို သွားသာတွေ့ရတယ်၊ သူ့အတွက် ဘာမှတောင် ဝယ်မသွားရသေးဘူး၊ အုံက ဒီအပတ် တနင်္ဂနွေ သွားမှ သူကြိုက်တဲ့ ငှက်ပျောရွှေချည်မုန့်ကို ရွှေပုစွန်ဆိုင်က ဝယ်သွားမယ်လို့ စဉ်းစားထားတာ"

"အုံက မြို့ထဲက မထွက်ခင်မှာပြောရင် ကိုကို အဲဒီဘက် ဝင်ပို့ပြီး မုန့်ဝယ်ပြီးမှ သွားပါတယ်"

"ကိစ္စမရှိပါဘူးလေ၊ လမ်းမှာ ဘုရားပန်းလှလှတွေ ရောင်းတာတွေ့ရင် ဆင်းဝယ်ပြီး ယူသွားလိုက်မယ်၊ ဘုရားပန်း ပေးလိုက်ရင်လည်း ဘွားဘွားကြီး ဝမ်းသာမှာပါ။ သူက ဘာမှမမျှော်ပါဘူး၊ သူ့အနားကို သတိတရနဲ့ ခဏခဏ လာတာကိုပဲ သဘောကျတာ။ ကိုကိုကဆို ဟိုးကြာလှပြီ နှစ်နှစ်လောက်ရှိပြီ၊ လိုက်မတွေ့တာနော်။ သီတင်းကျွတ် တစ်ခါသွားကန်တော့ပြီး နောက်ပိုင်း နှစ်နှစ်လောက် မတွေ့ဖြစ်ဘူး"

"ကိုကိုမှ မအားတာ အုံ မြင်သားပဲ။ တမင်မတွေ့ချင်တာ မှ မဟုတ်တာ။ အခုတော့ သွားတွေ့ပြီလေ"





"ကိုကို အုံနဲ့ အချိန်ဖြုန်းချင်တာတော့ ဟုတ်ပါပြီ၊ ဘွားဘွား ကြီးဆီအထိ အတူသွားမဲ့ယ်ဆိုတဲ့ စိတ်ကူးကို ဘယ်လိုဖြစ် ပြီး ရသွားတာလဲ"

အုံ ဘွားဘွားကြီးကို မတွေ့လိုက်ရမှာစိုးလို့။ နက်ရှိုင်းသည့် ရင်ထဲတွင် စိတ်မကောင်းစွာပင် ထိုသို့ ပြန်ပြောလိုက်မိလေသည်။ ဒီည ဆယ်နာရီခွဲဆိုတာဟာ ဘာမှမရေရာ၊ မသေချာသေး။

အိပ်မက်ထဲကအတိုင်း ဖြစ်မလား၊ မဖြစ်ဘူးလား ဆိုတာ ဘာမှ သေချာမပြောနိုင်သေး။

"ဒီနေ့ နေ့လယ်မှာ အုံနဲ့ ဒီဗိုင်နာဆီ လိုက်ပေးမယ်လို့ ကတိပေးပြီးမှ မလိုက်ပေးနိုင်ခဲ့တာကို ကိုကို တော်တော် စိတ်မကောင်း ဖြစ်သွားတယ် အုံ၊ ဒါနဲ့ အုံ့ကို အလျော် ပေးတဲ့အနေနဲ့ ကိုကိုရဲ့ အချိန်တွေကို နေ့ခင်းပိုင်း တစ် ပိုင်းလောက် အုံ့အတွက် ပြန်ပေးလိုက်တာပါ။ ကိုကို ကိုယ်တိုင်လည်း အလုပ်ထဲမှာ သိပ်မွန်းကျပ်သလို ခံစား နေရတော့ အုံနဲ့ အပေးကို ခဏထွက်သွားကြည့်ချင်တယ်။ ရန်ကုန်မြို့ထဲမှာကျ အသံတွေ ဆူညံပြီး လူတွေလည်း ကျပ်သိပ်နေတော့ စိတ်အပန်းမပြေဘူးလို့ ထင်မိတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုက အလုပ်လောဘကြီးလွန်းတာကိုး။ ပြီးတော့ စိတ်ကလည်း သိပ်မြန်တယ်။ ပူလည်း ပူပင်တတ်တယ်၊ အစိုးရိမ်လည်း ကြီးတယ်လို့ အုံ ထင်တယ်။ ဒါကြောင့် အလုပ်လုပ်တဲ့အခါ သူများထက်ပိုပြီး စိတ်ပင်ပန်းရတာပေါ့"

နက်ရှိုင်းသည် ကားကို ဂရုတစိုက် မောင်းလာရင်း အုံ့စိတ်ကို စမ်းလိုသောကြောင့် မေးခွန်းတစ်ခုကို ဖျတ်ခနဲမေးလိုက်မိသည်။

"အုံ ဘာရယ် မဟုတ်ဘူး။ ကိုကို တစ်ခုမေးမယ်နော်"

"အံမယ် … ဘာများ မေးမှာမို့လဲ"

"ဩော် … ဒီလိုပါ၊ မနက်ဖြန် သေရမယ်လို့ ကြိုသိတဲ့ လူတစ်ယောက် ရှိခဲ့ရင် အဲဒီလူဟာ ဒီလိုနေ့မှာ ဘာတွေ လုပ်မယ်ထင်လဲ"

"ဘယ်ကရလာတဲ့ မေးခွန်းလဲ"

"ကြားဖူးနေကျ မေးခွန်းပါကွာ၊ ကိုကိုကို ကျေနပ်စရာကောင်းလောက်တဲ့ အဖြေမျိုး ဘယ်သူမှ မပေးသေးလို့"

"ကိုကို ဆိုရင်ရော ဘာလုပ်မလဲ"

သူ့ကို ပြန်မေးခလိုက်ရ၍ နက်ရှိုင်း ဟက်ခနဲ ရယ် လိုက်ရင်း …





"မသိဘူးကွ၊ ဘဝကျေးကောင်းအောင် ချက်ချင်းပဲ ဘုန်းကြီး ပြေးဝတ်ပြီး ဘုန်းကြီးဘဝနဲ့ပဲ ပျံလွန်ရင် ကောင်းမလားလို့ တွေးမိတော့လည်း အဲဒီစိတ်ကူးကို မကြိုက်ဘူး။ တစ်သက်လုံး မကောင်းတာတွေ လုပ်လာပြီးမှ သေခါနီးမှ ကုသိုလ်ယူဖို့ မသင့်ဘူး ထင်လို့"

"ဟင် … ကိုကိုက ဘာမကောင်းတာတွေ လုပ်လို့လဲ"

"ဩော် … လူပီသစွာ သူတစ်ပါးအပေါ် မနာလိုဝန်တို စိတ်တွေ ရှိခဲ့တယ်။ လောဘဇောတွေ ကြီးခဲ့တယ်။ သူတစ်ပါးအပေါ် မကောင်းတဲ့စိတ်နဲ့ သူ ပျက်စီးရာပျက်စီးကြောင်းတော့ မလုပ်ခဲ့ပေမဲ့ သူ့ကိုနိုင်အောင် သူ့ထက်သာအောင်တွေ လုပ်ခဲ့တာတွေ ရှိတယ်၊ ဒါ့အပြင် ဝိုးဟပ်၊ ခြင်၊ ယင်၊ ပုရွက်ဆိတ်၊ ကြမ်းပိုး၊ ကြွက်၊ လင်းနို့ဆိုတဲ့ လူကို ရောဂါပိုးတွေ ပေးနိုင်တဲ့၊ ပုရွက်ဆိတ်ဆိုလည်း သူ့ကို ထိလိုက်တာနဲ့ ကိုက်တဲ့အတွက် ဒေါသတကြီး သတ်ပစ်ခဲ့တာ ခဏခဏပါလေ။ ဒါလည်း သူတစ်ပါး အသက်ကို သတ်မိတာပဲပေါ့။ ပြီးတော့ အပေါင်းအသင်း ကောင်းရင် ဘီယာဝိုင်းလည်း ဖွဲ့ဖူးသေးတာ။ အရက်သေစာ သောက်စားတဲ့ အပြစ်လည်း မကင်းဘူး။ ဒါကြောင့် ပြန်တွေးကြည့်ရင် မကောင်းမှုတွေ ကျူးလွန်ခဲ့တာက များပြီလို့ ထင်ဓနေတယ်ကွာ"



www.burmeseclassic.com

www.burmeseclassic.com



နက်ရှိုင်းသည် တမင်ပဲ ရှာကြံဇာတ်လမ်းဖွဲ့ပြီး လျှောက်ပြောလေရာ အုံက အူတက်မတတ် ရယ်မောကာ၊ "ကိုကိုကလည်းလေ"ဟု တဖွဖွ ပြောနေတော့လေသည်။ အုံ ပျော်နေ၊ ရယ်မောနေတာကို မြင်ရသဖြင့် နက်ရှိုင်း စိတ်ချမ်းသာမှု အနည်းငယ်ရသလို ခံစားလိုက်ရပါသည်။ ဘာကြောင့်လဲဆိုတော့ အိပ်မက်ထဲမှာတုန်းက နက်ရှိုင်းဟာ အုံ့ကို တစ်နေ့ကုန် မတွေ့ ဖြစ်ခဲ့ရဘဲ ညနေပိုင်းမှ တွေ့ရကာ တွေ့ရပြန်တော့လည်း အုံ ကြည်နူးပျော်ရွှင်ဖို့ကို တစ်နာရီပြည့်အောင်တောင် မလုပ်ပေးနိုင် ခဲ့မိ၍ အိပ်မက်ထဲမှာ အုံ သေရသောအခါ သူသည် ယူကျုံးမရဖြစ်ရှာ ငိုကြွေးခဲ့ရသည် မဟုတ်လား။

"အုံလည်း ကိုကို့လိုပဲ သိလား"

"ဘာကိုလဲ"

"ကိုကိုပြောပြမှ စဉ်းစားမိတယ်လေ။ တောက်လျှောက် လောဘဒေါသတွေနဲ့ တစ်နေ့ တစ်နေ့ကို ကုန်ဆုံးခဲ့ပြီးမှ မနက်ဖြန် သေမယ်လည်းကြိုသိရော ချက်ချင်းကြီး တရား ပြေးထိုင် ချက်ချင်းကြီး တစ်နေကုန် ဘုရားရှိခိုးပြနေဖို့တော့ မသင့်ဘူး ထင်တယ်လို့ အုံတွေးမိတယ်"

"ဒါဖြင့် အုံသာဆိုရင် ဘာလုပ်မလဲ"





"မနက်ဖြန် သေမယ်ဆိုတာ ကြိုသိမှတော့ ဒီနေ့ ဘာပဲလုပ်လုပ် ပျော်ပါတော့မလား ကိုကိုရယ်၊ မသေချင်သေးဘူး ဆိုပြီး ထိုင်ငိုနေရရင် ကောင်းမလား၊ ဒါမှမဟုတ် မနက် ဖြန်ကိစ္စကို မေ့အောင် ဒီနေ့တစ်နေ့လုံး ရှော့ပင်တွေသွား ဝတ်ချင်တာတွေ အကုန်ဝယ်။ ဈေးကြီးလည်းဝယ်၊ ကြိုက် တာတွေ့တိုင်းဝယ် လုပ်ပစ်ရင် ကောင်းမလား၊ ဘယ်ဟာ ပိုကောင်းမလဲ မသိဘူး"

"အေးပေါ့၊ အုံတို့ကတော့ မိန်းကလေးပီပီ ရှော့ပင်းကြိုက် တော့ ရှော့ပင်းလုပ်ရရင် ကောင်းမလားပါ ထည့်စဉ်းစား မှာပေါ့"

"ရှော့ပင်းထွက်နေမှုရယ် မဟုတ်ပါဘူး၊ မိန်းကလေးမို့ ရှော့ပင်းကြိုက်တာလည်း ကြိုက်တာပေါ့လေ၊ ဒါပေမဲ့ ရှော့ပင်းလုပ်ရတာထက်စာရင် ကိုယ်ချစ်တဲ့သူနဲ့ တစ်နေ့ လုံး အချိန်ဖြုန်းခွင့် ရရင်လည်း ပျော်မှာပါပဲ"

ဒါကြောင့် ကိုကို အုံ့အနားမှာ တစ်နေ့ကုန် ရှိနေ ပေးချင်တာပဲပေါ့ အုံရယ်။

"ကိုကို ဟိုဆိုင်လေး မဆိုးဘူးနော်၊ ကော်ဖီ လက်ဖက် ရည်တင် မကဘူး တခြားမုန့်တွေပါရောင်းတဲ့ လက်ဖက် ရည်ဆိုင်ကြီးပဲ၊ အဲဒီ ဝင်ရအောင်။ အုံ လက်ဖက်ရည် သောက်ချင်လာပြီ"



www.burmeseclassic.com

www.burmeseclassic.com



ပဲခူးအဝင်မှာ စတွေ့ရတဲ့ သားနားသပ်ရပ်လှသော လက်ဖက်ရည်ဆိုင်တစ်ဆိုင်ရှိရာ ချိုးကွေ့ဝင်လိုက်ပါသည်။ ဆိုင်မှာ စားသောက်ဆိုင်ကိုပါ တစ်ဖက်ခြမ်းတွင် တွဲဖွင့်ထားသော ဆိုင်အကြီးကြီး ဖြစ်သလို လက်ဖက်ရည်အခြမ်းမှာလည်း မုန့်အမယ်စုံလင်စွာ ရောင်းတာတွေ့ရသည်။ ရန်ကုန်ရှိ စိတ်တိုင်းကျလို၊ Lucky Seven တို့လို လက်ဖက်ရည်ဆိုင် ပုံစံမျိုး ဖြစ်လေသည်။ သူတို့ ဆိုင်ထဲ ဝင်ထိုင်လိုက်ကြပါသည်။

❤ ❀ ❤





## အခန်း ၁၁

"ကိုကို ပြောပြမဲ့အကြောင်းက ဘာလဲ၊ အခုပြောတော့လေ။ အုံ သိချင်နေပြီ"

အုံက လက်ဖက်ရည်ခွက်ကို ယူသောက်ရင်း စပြီး မေးပါသည်။ သူတို့နှစ်ဦးတွင် ရယ်စရာ ကောင်းတာက အုံက မိန်းကလေးဖြစ်ပြီး လက်ဖက်ရည်ကြိုက်လျက် အိမ်မှာဖျော်သောက်တာထက် ဆိုင်ဖျော်ကိုမှ ပိုကြိုက်ပါသည်ဟု မကြာခဏ ပြောဖူးသူဖြစ်သည်။ နက်ရှိုင်းကတော့ လက်ဖက်ရည်၊ ကော်ဖီ သိပ်မကြိုက်လှပါ။ ကြုံရင်သောက်လိုက်ပေမဲ့ အချိန်ကျလို့ မသောက်ရရင် မနေနိုင်ပါ ဆိုသော လူစားမျိုး မဟုတ်ပေ။

အုံတို့ကတော့ တကယ်ကြိုက်သော လူစားမျိုးဖြစ်သည်။ မနက်လည်း သောက်ကိုသောက်ရမှ။ နေ့လယ်ဆိုလည်း နေ့လယ်မို့၊ ညဆိုလည်း ညမို့။



www.burmeseclassic.com

www.burmeseclassic.com



"မသောက်ရရင် ဘိန်းစွဲတဲ့လူလိုပဲ၊ စိတ်ထဲမှာ မကြည်မလင်နဲ့လေ။ အဲဒီအချိန် ဘာစားစား သောက်သောက် အာသာမပြေဘူး။ သောက်နေကျ ကော်ဖီဖြစ်ဖြစ်၊ လက်ဖက်ရည်ဖြစ်ဖြစ်ကို သောက်လိုက်ရမှ နေသာထိုင်သာရှိတယ်"

ဟုလည်း သွေ့သေချာချာ ပြောပြတတ်သေးသည်။

နက်ရှိုင်းကတော့ အုံ မှာလိုက်လို့သာ လိုက်မှာပြီး လက်ဖက်ရည် သောက်ရပေမဲ့ သူ့စိတ်ထဲမှာ ဒီနေ့ ဘာစားစား၊ ဘာသောက်သောက် စိတ်မပါသလို ဖြစ်နေတာလည်းတစ်ကြောင်း၊ သိပ်မကြိုက်တာလည်း တစ်ကြောင်းကြောင့် သူ့အတွက်မှာထားသော လက်ဖက်ရည်ကို ထိပင်မထိသေးပါ။ လူက ငွေတွေငေးငေး ဖြစ်နေပြီး စိတ်ထဲမှာ လေးနေသည်။ အိပ်မက်ထဲကအတိုင်း ဖြစ်ကိုဖြစ်မယ်လို့ ယုံကြည်နေမိလေသည်။

အိပ်မက်ထဲမှာတော့ အုံနဲ့ ဒီလိုမျိုး မြို့ပြင်ထွက်လာခဲ့တာတော့ မပါဘူးပေါ့။ အဲဒီ အိပ်မက်ထဲမှာတုန်းက အုံ ဒီည သေရမယ်မှန်း မသိလို့ ကိုယ်လုပ်စရာရှိသော တာဝန်ဝတ္တရားတွေကိုသာ ကျုံးလုပ်နေမိတာပါ။ အခု ဒီလို ထွက်လာလိုက်တာဟာ အိပ်မက်ထဲမှာ အစဉ်အတိုင်း မက်ခဲ့တာရဲ့ သွေဖည်ပြီး ဖြစ်ပျက်လာတဲ့ အကြောင်းအရာပေမဲ့ နက်ရှိုင်း တမင်ထွက်လာလိုက်လို့ ဒီလိုဖြစ်လာတာပဲဟု စိတ်ထဲမှာ သိနေပါသည်။





"ကိုကို ... ကိုကို ... ဟောတော့၊ ထိုင်နေရင်းများ သတိမေ့နေသလား မသိဘူး၊ ဘာဖြစ်နေတာလဲ ပြောပါဦး"

"ဩော် ... အင်း၊ အေးကွာ ကိုကို အုံ့ကို ပြောတော့ပြောပြချင်ပါတယ်၊ ဒါပေမဲ့ အုံ စိတ်အနှောင့်အယှက်များ ဖြစ်သွားမလား မသိဘူး၊ အဲဒါကြောင့်ပါ"

"ဘာလဲ ... ကိုကို့မှာ အုံ့ထက် ပိုချစ်ရမဲ့ ချစ်သူအသစ်ရှာတွေ့သွားပြီဆိုတဲ့ အကြောင်းလား"

"ဟာ ... မဟုတ်ပါဘူး၊ ကြံကြံဖန်ဖန် ဘယ်က ဘယ်လိုရှာတွေ့ရမှာလဲ၊ ကိုကို့မှာ အုံ ရှိပြီးသားပဲ။ ဘာလို့ အသစ်ထပ်ရှာရမှာလဲ"

"အုံ့ဘဝမှာ မကြားချင်ဆုံး စကား၊ ရင်ဆိုင်ဖို့ မရဲဆုံး အဖြစ်၊ စိတ်အဆင်းရဲရဆုံး အခြေအနေဟာ အဲဒါပဲ။ ကိုကို အုံ့ကို မချစ်တော့ဘဲ တခြားတစ်ယောက်ကို ချစ်သွားမဲ့ အဖြစ်အပျက်ပဲ၊ အဲဒါကို အုံ အကြောက်ဆုံးပါပဲ။ ကျန်တာ ဘာမဆို အုံ မကြောက်ဘူး၊ ရင်ဆိုင်ရဲတယ် ကိုကို။ ကိုကို့ ချစ်သူအသစ်တွေ့တယ် ဆိုတဲ့ စကားမဟုတ်ဘူး ဆိုရင်တော့ ပြောသာပြော။ အုံ နားထောင်ရဲတယ်"

အုံလေးရယ် ... ...။



www.burmeseclassic.com

www.burmeseclassic.com



နက်ရှိုင်းသည် အုံ့ကို သန္တားကြင်နာစွာပင် စိတ်ထဲမှာ ရေရွတ်ပြီး အုံ့လက်ဖဝါးလေးနှစ်ဖက်ကို အသာအုပ်ကိုင်ထားလိုက်မိလေသည်။ စိတ်ထဲမှာ ညက အိပ်မက်ကို ပြန်မြင်ယောင်လာခဲ့ပြီး အုံ့ကို ပြောပြမိသည်။

"အုံ့ ... ကိုကို အိပ်မက်တစ်ခု မက်ခဲ့တယ်၊ အဲဒီအိပ်မက်ဟာ စင်းလွန်းလို့ ကိုကို့ရင်ထဲမှာ တော်တော့်ကို ထိခိုက်ကြေကွဲသလိုပဲ ခံစားခဲ့ရတယ်၊ ယူကျုံးမရတွေလည်း ဖြစ်ခဲ့ရတယ်၊ သိလား၊ ဘာဖြစ်လို့လဲဆိုတော့ အိပ်မက်ထဲမှာ အုံ့ သေသွားတယ်တဲ့၊ ကိုကို့မျက်စိရှေ့မှာတင် အုံ့သေသွားခဲ့တယ်"

အုံ့သည် နက်ရှိုင်း ပြောပြသည်ကို အပြုံးမပျက် နားထောင်နေသည်။ အုံ့မျက်နှာမှာ ထိတ်လန့်သွားတာ၊ ကြောက်သွားတာတွေ မတွေ့ရဘဲ တည်ငြိမ်နေသည်။

"အိပ်မက်,မက်တာများ ကိုကိုရယ်။ ဘာဖြစ်လို့ အဲဒါကြီးကိုတွေးပြီး စိတ်ညစ်နေစရာလဲ၊ အိပ်မက်ဆိုတာ လူတိုင်းမက်တတ်တာပဲဟာ၊ အိပ်မက်ထဲမှာ လူတိုင်းလည်း ကိုယ်သေရတာပဲဖြစ်ဖြစ်၊ ကိုယ်နဲ့ရင်းနှီးပတ်သက်တဲ့သူတွေ သေရတာပဲဖြစ်ဖြစ် ခဏ ခဏ မက်ဖူးတာပဲ၊ အုံ့ သေတာမဆန်းပါဘူး"





"မဟုတ်ဘူး ... မဟုတ်ဘူး အုံ့။ အုံ့ ဒီလိုပြန်ပြောမယ်ဆိုတာ ကိုကို သိတယ်။ ကိုကို့အိပ်မက်က အဲဒီလိုမဟုတ်ဘူး။ တကယ်ပဲ ဒီနေ့ ဖြစ်မှာကို ကြိုမြင်သလိုမက်တာ"

"ကိုကိုက အစတည်းက အယူသီးတတ်လွန်းလို့ပါ။ အုံ့တော့ မကြောက်ပါဘူး။ အယူလည်း မသီးပါဘူး။ ဒါကြောင့်မင်္ဂလာဆောင်မှာဝတ်မဲ့ အရောင်ရွေးတဲ့ကိစ္စနဲ့ ကိုကို့အမေအုံ့ရဲ့ယောက္ခမလောင်းနဲ့တောင် တခြိမ်းခြိမ်း ချနေရတာသာကြည့်တော့"

"ကိုကို အယူသီးတတ်တာတော့ ဝန်ခံပါတယ်၊ ဒါပေမဲ့ အခုကိစ္စက ကိုကိုကြိုပြီး အာရုံရသလိုလို၊ ကြိုမြင်ရသလိုလိုဖြစ်ထားတာကွ။ အုံ့ သေပြီဆိုပြီး ကိုကိုတစ်ယောက်တည်း အိပ်ရာပေါ် လှဲအိပ်ငိုယိုပြီး အိပ်သွားရတယ်လို့မက်ပြီး နောက်တစ်နေ့မနက် နိုးလာတော့ အုံ့ တံခါးလာခေါက်လို့ ကိုကို ကော်တော်လန့်သွားသေးတယ်လေ။ အုံ့ သရဲလာခြောက်တယ်ထင်လို့"

အုံ့က တဟားဟား ရယ်ပါသည်။ နက်ရှိုင်းကိုလည်း တမင်ပဲ ခေါင်းကြီးစောင်း၊ မျက်လုံးကြီးပြူး၊ လျှာကြီးထုတ် ပုံစံဖြင့် သရဲကားတွေထဲကလို ပုံစံမျိုးပင် လုပ်ပြလိုက်သေးသည်။ အုံ့က နက်ရှိုင်းကို စ,နောက်ပြီး လုပ်ပြခြင်းကို ဆား



www.burmeseclassic.com

www.burmeseclassic.com



လူတချို့ သတိထားမိပြီး ပြုံးစိစိတွေဖြစ်ကာ ကြည့်တာတော့ ခံလိုက်ရသည်။

"အခု ဒီနေ့တစ်နေ့လုံးလည်း အိပ်မက်ထဲက အတိုင်းပဲ အစဉ်လိုက် ဖြစ်ပျက်နေတာတွေ ကြုံရတော့ ကိုကိုကြောက်လာတယ်။ ဒီနေ့ဖြစ်မဲ့ အကြောင်းအရာကို ငါ ကြိုပြီးမြင်ထားသလားလို့ ကြောက်လာတယ် အုံရယ်"

"အိပ်မက်ထဲမှာ အခုလို နေ့ခင်းကြီး အလုပ်ကခွင့်တွေယူပြီး ဘွားဘွားကြီးဆီ ထွက်လာတာရောပါလား"

"အဲဒါတော့ မပါဘူး၊ ဒါပေမဲ့ အုံက ညဘက် ကိုကိုနဲ့ dinner အတူသွားစားတုန်းမှာ ဘွားဘွားကြီးဆီ ဒီတနင်္ဂနွေကျ သွားမယ်လို့ပြောတယ်၊ ကိုကို့ကိုပါ လိုက်လာခဲ့ဖို့ ခေါ်တယ်၊ ကိုကိုက မလိုက်နိုင်ဘူး၊ လွင်ဦးနဲ့ ဗန်ကောက် ဆွေးနွေးပွဲသွားဖို့ကိစ္စတွေ ပြင်ဆင်စရာရှိလို့ မအားဘူး ပြောမိတယ်။ အဲဒီမှာ အုံနဲ့ ကိုကို စကားများ ကတောက်ကဆတ်ဖြစ်ပြီး အုံ ဝမ်းနည်းသွားရတယ်တဲ့။ ဒါကြောင့် ကိုကို စိတ်မကောင်းဖြစ်ပြီး အိပ်မက်ထဲမှာ ကိုကို လိုက်မပို့လိုက်ရတဲ့ ဘွားဘွားကြီးဆီကို ဒီနေ့ပဲ ချက်ချင်းလိုက်ပို့လိုက်ဖို့ ဆုံးဖြတ်တာပါ။ အိပ်မက်ထဲမှာတော့ အုံနဲ့ကိုကို တစ်နေကုန် မတွေ့ရဘဲ ကိုယ့်အလုပ် ကိုယ်လုပ်ရင်း





ညနေခြောက်နာရီခွဲမှာ တွေ့ရတယ်တဲ့၊ ကိုကို အုံတို့ရဲ့ Concert ကြီးကို မီရုံတင်လေး ရောက်သွားရတယ်တဲ့"

အုံသည် နက်ရှိုင်းမျက်နှာမှာ တကယ့်ကို serious ဖြစ်ပြီး အတိအကျကြီး ပြောနေသဖြင့် ဆက်၍မနောက်ပြောင်ဖြစ်တော့ပါ။ အုံ့စိတ်ထဲမှာ ယုံတော့မယုံပေမဲ့ ကိုကိုက အဲဒီလိုပဲ ခဏခဏ အယူသီးတတ်လို့ ကိုကို အယူသီးနေတာဟူ၍တော့ နားလည်ပေး၍ ရပါသည်။

မှတ်မိပါသေးသည်။ ချစ်သူဖြစ်ခါစ ဆိုရင် ...

"ဝတ္ထုတွေထဲမှာ ဖတ်ဖူးတယ်၊ ချစ်သူကို လက်ကိုင်ပဝါ လက်ဆောင်မပေးရဘူးတဲ့ကွ၊ လက်ကိုင်ပဝါဆိုတာ မျက်ရည်သုတ်ဖို့ဆိုတဲ့ သဘောပါတော့ ချစ်သူချင်းကွဲပြီး ငိုရတတ်တယ်တဲ့၊ ဒါကြောင့် အုံ ကိုကို့ကို လက်ကိုင်ပဝါ လာမပူဆာနဲ့နော်၊ မဝယ်ပေးဘူး"

ဟု သူ့သဘောနဲ့သူ အုံနဲ့ ရှော့ပင်းအတူတူ အဖော်လိုက်ပေးရင်း ပြောခဲ့ဖူးလေသည်။

အုံကတော င် ရွှတ်နောက်နောက်သမားမို့ ...

"လက်ကိုင်ပဝါဆိုတာ ဟီး ဟီး ... ညစ်ညစ်ပတ်ပတ် ပြောရရင် နှပ်ချေးသုတ်ဖို့လည်း သုံးတာပဲ၊ နွေရာသီ ချွေးသိပ်ထွက်ရင် ချွေးသုတ်ဖို့လည်း သုံးရတာပဲ ကိုကိုရဲ့။ ခင်း



www.burmeseclassic.com

www.burmeseclassic.com



မျက်ရည်သုတ်ဖို့လို့ ပြောပြီး ဝယ်မပေးရင် ပြီးတာပဲ။ ဝတ္ထုတွေက ဖတ်ကောင်းအောင် လျှောက်ရေးတာပါ အုံ့တော့ မယုံပါဘူး"

ဟူ၍ ပြန်ပြောသေးသည်ဖြစ်ရာ ကိုကိုကတော့ ...

"မယုံဘူးဆိုပြီး အတင်းလာမဝယ်ခိုင်းနဲ့၊ လုံးဝဝယ်မပေးဘူး မှတ်။ စိတ်ကောက်ချင်သလောက် ကောက်၊ မဝယ်ပေးဘူး"

လို့ အတိအလင်းကို ပြန်ပြောတော့တာ ဖြစ်ပါသည်။ အုံ့ ကြိုက်တတ်တဲ့ မွေးပွအရုပ်လေးတွေဝယ်ပြီး လက်ဆောင်ပေးရင်လည်း အမြဲ နှစ်ကောင်ဝယ်ပေးတတ်သည်။

"တစ်ကောင်တည်းဆိုရင် အဖော်မဲ့တဲ့ သဘောမို့ အမြဲ နှစ်ကောင် ဝယ်ပေးတာ"

လို့လည်း ပြောတတ်သည်။

အုံ့က တစ်ခါကတော့ သားလေးကို ကျောမှာပိုးထားသည့် Koala (ကွားလား)ကောင်လေးတွေ့တော့ ဝယ်မည်လုပ်လျှင် ကိုကိုက မဝယ်ဖို့ တားပါသည်။

"ဘာဖြစ်လို့လဲ ကိုကိုရဲ့၊ ချစ်စရာလေးပါ၊ မြန်မာပြည်မှာ သိပ်မတွေ့ရတဲ့ Koala ရုပ်လေး ရှားရှားပါးပါးတွေ့တုန်း ဝယ်ချင်လို့ပါ"





ပြောတော့ ကိုကိုက ဘာပြောသလဲဆိုရင် ...

"အုံ့ ကလေးတစ်ယောက်အမေဖြစ်ပြီး ကျန်ခဲ့နေဦးမယ်၊ မဝယ်နဲ့။ ဥပမာ Koala မိသားစုပုံပေါ့၊ သားရယ် အဖေ အမေရယ်ပါတဲ့ အုပ်စုလေးတွေ့ရင်တော့ ဝယ်ပါ၊ အခုဟာက ကလေးတစ်ယောက်အမေကြီးကွ"

ဟု အသည်းအသန် တားမြစ်နေတာနဲ့ပဲ အုံ့မှာမဝယ်ခဲ့ရပါ။

"နောက်နေ့မှ တိတ်တိတ်လေး ကိုကို မသိအောင် လာမဝယ်နဲ့နော်။ တော်ကြာ တကယ်ဖြစ်လာမှ ကိုကိုပြောတာသိပ်မှန်ပါလားလို့ နောင်တရနေရမယ်"

ဟူ၍လည်း လူကို ခြောက်လှန့်သွားသေးသဖြင့် အုံ့သည် အယူတော့မသီးပေမဲ့ ကိုကို မကြိုက်ဘူးမှန်းသိ၍ သွားပြန်ဝယ်ဖို့ မကြိုးစားခဲ့တော့ပါ။

အခုတစ်ခါလည်း ထူးဆန်းတာတစ်ခု ပြောလာပြန်သည်။ ညက အိပ်မက်ထဲမှာ အုံ့ သေရသည်ဟု မက်ပြီး ဒီနေ့တစ်နေ့လုံးလည်း တိုက်ဆိုင်တာတွေ သုံးလေးမျိုး ဖြစ်နေသဖြင့် အယူသီးနေပြန်သည်။

"အုံ့က ဘယ်လိုလုပ် သေရတာတဲ့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို့ကို စိတ်ကောက်ပြီး ကိုကိုတို့နဲ့အတူ အိမ်မပြန်တော့ဘဲ အုံ့ဘာသာ တက္ကစီငှားစီးပြီး ပြန်သွားတယ်၊ အဲဒီ တက္ကစီက လမ်းမှန်မီးစိမ်းလို့ ထွက်သွားတာကို တစ်ဖက်ကလာတဲ့ကားက မီးနီဖြတ်မောင်းလာတော့ ဝင်တိုက်မိသွားတယ်တဲ့။ အုံ့ ချက်ချင်း သတိမလစ်ဘဲ ကိုကို ပြေးလာမှ တော့ "ကိုကို နာလိုက်တာ"လို့ ကိုကို့ကို အားကိုးတကြီး ပြောတယ်တဲ့၊ အုံက ဆေးရုံရောက်ပြီး ခွဲစိတ်ခန်းပေါ်တင်မှ အင်း ... အဲ ... အုံ့ကို အချိန်မီ ခွဲစိတ်ခွင့်မရလိုက်ဘဲ ဆုံးသွားတယ်တဲ့ အုံ့ရယ်"

အုံ့သည် နက်ရှိုင်း အတိအကျကြီး ပြောပြီး မျက်နှာပင် ညို့မှိုင်းနေကာ မျက်ရည်လည်း ဝဲလာသည့်အတွက် တော်တော် အုံ့ဩသွားပါသည်။ အယူသီးတတ်တာလည်း သီးတတ်တာပေါ့လေ။ ဒါပေမဲ့ ကိုကို့လို ယောကျ်ားရင့်မကြီးက အသံတွေတိမ်ဝင်၊ မျက်ရည်တွေ ဝဲလာတဲ့အထိ ခံစားရတယ် ဆိုတော့လည်း သူ ဒီအိပ်မက်ကို တကယ်ခံစားရလို့ ဖြစ်မှာပါဟု အုံ နားလည်တာနာသွားပါသည်။ အုံကတော့ ကိုယ်ကိုယ်တိုင် အရှင်လတ်လတ်ကြီး သေရမယ့်ဆိုတာတောင် စိတ်ထဲမှာ ကြောက်ရွံ့တုန်လှုပ်သွားတာ တစ်ချက်မှ မဖြစ်မိပါ။ အုံ့ မယုံခဲ့ပါ။





"ဒါဆိုလည်း ကိုကိုရယ်။ အဲဒီအချိန်မှာ အဲဒီနေရာရောက်မနေအောင် အုံတို့ ရှောင်ကြတာပေါ့။ ဒင်နာသွားစားမဲ့အစီအစဉ်ကို ဖျက်ရင်ဖျက်ပြီး ကိုကို့အိမ်မှာဖြစ်ဖြစ် အတူတူဝယ်စားကြတာပေါ့။ ဥပမာ ဆိုင်ကနေ Take Away ဝယ်လာ၊ အိမ်မှာကျမှ သေသေချာချာ ပြင်ဆင်စားပေါ့၊ အဲဒါမျိုးလုပ်ရင်လည်း ရတာပဲ"

"ကိုကို အုံ့ကို အပြင်မှာစားမယ်လို့ ကတိပေးထားပြီးပြီလေ။ မဖျက်ချင်ဘူး။ ကိုကိုတို့နှစ်ယောက် ဒီလိုထွက်မစားဖြစ်တာတောင် ကြာလှပြီလေ။ ပြီးတော့ အုံ့ရဲ့လုပ်ငန်းတစ်ခု အောင်မြင်တဲ့ အထိမ်းအမှတ်မို့ ကိုကို ဂုဏ်ပြုချင်တယ်၊ ဒါကြောင့် ဒင်နာစားမယ်လို့ ကိုကိုပဲ စီစဉ်ခဲ့တာလေ"

"ဒါဆိုလည်း ဆိုင်ပြောင်းစားပေါ့၊ ဘာလဲ ... အဲဒီဆိုင်ကိုကြိုတင်ဘွတ်(ခ)လုပ်ထားလို့လား"

"လုပ်တော့ လုပ်ထားတယ်၊ မလာဖြစ်ရင်တော့ တစ်နာရီကြိုဖုန်းဆက်ပြီး ဖျက်လိုက်ပေါ့။ အချိန်မမီခဲ့ရင်လည်း သူတို့ နေရာထိုင်ခင်း ချန်ထားပေးရတဲ့အတွက် charge (ချာ့ချ်)လုပ်လည်း ပေးလိုက်ပေါ့။ ကိုကို့စိတ်ထဲမှာ အဲဒီဆိုင် မသွားရဖို့ အဓိကပဲလေ၊ ပိုက်ဆံပေးရတာကိုကြည့်



www.burmeseclassic.com

www.burmeseclassic.com



မနေနဲ့ပေါ့။ ကဲပါ ကိုကိုရယ်၊ စိတ်ပျော်ပျော် နေလိုက်ပါ အုံ မသေဘူး၊ စိတ်ချ၊ ကိုကို့နားမှာ အဘွားကြီးဖြစ်တဲ့ထိ နေမယ်”

ဆိုင်ထဲက ထွက်လာသောအခါမှာတော့ အုံသည် ကိုကို့ကို တစ်ပြန်အားပေးလျက် ကိုကို့လက်မောင်းကို ပါးအပ်ပြီး ပျော်စရာတွေပဲ ရှာကြံပြောပေးလာခဲ့မိပါသည်။

ပဲခူးမြို့ရဲ့ အစည်ကားဆုံး လမ်းမကြီးမှာရှိသော ဘွားဘွားကြီးရဲ့ နှစ်ထပ်တိုက်ကြီးရှေ့ ရောက်တဲ့အထိ အုံက ကိုကို့လက်မောင်းမှာ ပါးအပ်ပြီး ပါလာခဲ့ပါသည်။

❤ ✻ ❤



# အခန်း ၁၂ [illegible]

တံခါးဘဲလ်ကို တီးလိုက်သောအခါ သံဘာဂျာတံခါး ပိတ်ထားသော အိမ်အတွင်းမှ ကောင်မလေးတစ်ယောက် ဒရော သောပါး ပြေးထွက်လာသည်။ သနပ်ခါးတွေ ဖွေးနေသော အသား ညိုစိမ့်စိမ့် ကောင်မလေးကို အုံ့ကိုတွေ့တော့ အုံသြတကြီးနဲ့ ...

“ဟယ် ... မကြီးအုံ လာတယ်တော့်”

ဟု အော်လည်းအော်၊ သော့တွဲကြီးလည်းကိုင်ကာ ပြေးလာပြီး ဘာဂျာတံခါးကို ခတ်ထားသော သော့ခလောက်ကြီး ချောက်ခနဲ ထိုးဖွင့်ပါသည်။

အုံ့နောက်မှာ ရပ်နေသော နက်ရှိုင်းကို မြင်ပေမဲ့ ကောင်မလေးက သိပ်မှန်မတူ။ ရှူးစမ်းပြီးတော့သာ ကြည့်သည်။ နက်ရှိုင်းလည်း၊ ဒီအိမ်ကို အရောက်အပေါက် နည်းလေ[illegible] ဒီ

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေး ဘယ်သူမှန်းမသိသလို သူမကလည်း နက်ရှိုင်းကို သိဟန်မတူ။

"ကိုကို ... ဒါ အုံတို့နဲ့ သုံးဝမ်းကွဲလောက်တော်မဲ့ ဆွေမျိုးထဲကပဲ။ ပဲခူးဟိုးဘက်ခြမ်းရွာမှာ နေတာလေ။ အခုတော့ ဘွားဘွားကြီးနဲ့ ကြီးကြီးတို့ အဖော်ရအောင် ခေါ်ထားတာပေါ့၊ သူက အခုမှ ငါးတန်း ပြန်တက်ရမှာတဲ့။ ရွာမှာ လေးတန်းအောင်ပြီး ကျောင်းထွက်နေတာ သုံးနှစ်လောက်ကြာပြီ၊ အခုမှ ကျောင်းပြန်နေရမှာ၊ သူ ဒီရောက်တာတော့ ကြာပြီ။ ကိုကိုက ဒီကို ရောက်ခဲလို့ သူ့ကိုမသိတာပါ။ သန်းနု ... နင်ကလည်း ကိုနက်ရှိုင်းကို မသိဘူး မဟုတ်လား"

အုံသည် နက်ရှိုင်းကို ရှင်းလည်းရှင်းပြရင်း ကောင်မလေးကိုပါ ဆက်မေးလိုက်ပါသည်။ ကိုနက်ရှိုင်း ဆိုသောနာမည်ကြားမှ ကောင်မလေးက နက်ရှိုင်းကို ထပ်ကြည့်ပြီး ...

"သြော် ... မကြီးအုံ့ရဲ့ သတို့သားကိုး။ သန်းနု ခုမှတွေ့ဖူးတော့တယ်၊ အစ်ကိုကြီး နာမည်ကိုတော့ သိတာကြာပြီ"

နက်ရှိုင်းသည် တောသူမလေးပေမဲ့ စကားပြောယဉ်ကျေးသော ကလေးမကို အသာပြုံးပြလိုက်ပြီး ...





"ညည်းကိုတော့ ငါ အခုမှ လူလည်းတွေ့၊ နာမည်လည်း သိရတော့တယ်"

"အစ်ကိုကြီးက ဒီသိပ်မလာဘူးနော်"

"အလုပ်တွေ မအားလို့ပါ"

"ဘွားဘွားကြီး ရှိလား သန်းနု"

အုံက ဝင်မေးလိုက်သည်။ ဒီတော့မှ သန်းနုလည်း သတိရသွားပြီး ...

"သြော် ... ရှိတယ် ... ရှိတယ်၊ ခုလေးတင် ရေနွေးနဲ့ရေချိုးပြီးလို့ သူ့ဘာသာ သနပ်ခါးလူးနေတယ်၊ သန်းနု ဘွားဘွားကြီးကို သနပ်ခါးတစ်ပြင်ကြီး သွေးပေးနေတုန်း အိမ်ရှေ့က ခေါင်းလောင်းသံကြားလို့ တံခါးလာဖွင့်တာပါ"

"ကြီးကြီးကရော"

"ကြီးကြီး ဟိုဘက်အိမ်မှာ လူနာသတင်းသွားမေးနေတယ်၊ မကြီးအုံ ရောက်တာ သွားပြောလိုက်ရင် ချက်ချင်းပြန်လာမှာပါ"

"ဟိုဘက်အိမ်က ဘာဖြစ်လို့လဲ"

"ကလေးလေးပါ၊ သွေးလွန်တုပ်ကွေးဖြစ်လို့တဲ့၊ ရန်ကုန်မှာတောင် ဆေးရုံတင်လိုက်ရတယ်၊ အခုတော့ ပြန်ကောင်းလာလို့ ဆင်းလာပြီ"

www.burmeseclassic.com

www.burmeseclassic.com



နက်ရှိုင်းကတော့ သူ အရောက်အပေါက်နည်းလှသော ရှေးတိုက်ပုံစံ တိုက်ကြီးထဲ ဟိုခေတ်ပုံရေ့ ရပ်ကြည့်၊ ဒီခေတ်ပုံရှေ့ ရပ်ကြည့်နှင့် အခုမှ အသစ်အဆန်းလိုဖြစ်ပြီး လျှောက်ငေးကြည့်နေပါသည်။

"ဝေး ... ဘယ်သူတွေများလဲလို့"

နံ့သာဖြူနံ့ သင်းနေသော ဘွားဘွားကြီးကို သန်းနတွဲလာစရာမလိုပါ။ အသက်ကြီးသဖြင့် ခါးတော့ကိုင်းနေပေမဲ့ ဖြူဖြူပိန်ပိန်၊ ဆံပင်တစ်ခေါင်းလုံး ဖွေးနေသော ဘွားဘွားကြီးက သူ့ဘာသာ တောက်တဲ့ တောက်တဲ့ဖြင့် သန်မာစွာ လျှောက်လာနိုင်သည်။

ရှေးအဘွားကြီးတွေပုံစံအတိုင်း ချည်သားရင်ဖုံးအဖြူရောင် ခပ်ပွပွကြီးဝတ်လျက် သနပ်ခါးတော့ ခြေဆုံးခေါင်းဆုံးလိမ်းထားကာ နံ့သာဖြူနံ့က ဘွားဘွားကြီး ဧည့်ခန်းထဲ ဝင်လာတာနဲ့ သင်းကြိုင်နေတော့သည်။

"မောင်နက်ရှိုင်း မဟုတ်လား"

နက်ရှိုင်းကို အတွေ့အမြင် နည်းပေမဲ့ ဘွားဘွားကြီးက အုံနဲ့ပါလာသူဟာ ဘယ်သူဘယ်ဝါ ဖြစ်နိုင်မလဲဟု ခန့်မှန်းလျက် မေးလိုက်ပုံရသည်။ မျက်လုံးတွေထဲမှာတော့ တရင်းတနှီးသိရှိနေဟန် မပြပါ။





နက်ရှိုင်းလည်း ခေတ်ပုံတွေ ငေးနေရာမှ ချက်ချင်းပင် ပြောင်လက်အောင် တောက်ပအောင် တိုက်ထားသော ကြမ်းခင်းသန့်သန့်ပေါ် ထိုင်ချလိုက်ရင်း လက်အုပ်ပါချီလိုက်ကာ ...

"ဟုတ်ပါတယ်ခင်ဗျာ၊ ကျွန်တော် နက်ရှိုင်းပါ၊ ဘွားဘွားကြီးကို ခဏ ခဏ လာမတွေ့နိုင်တာကတော့ အလုပ်ကိစ္စတွေနဲ့ အမြဲမအားလို့ပါ၊ ဒါကြောင့် အုံ ခေါ်တိုင်းမပါနိုင်လို့ ဒီကို အရောက်အပေါက် နည်းနေတာပါ"

ဦးချကန်တော့လိုက်ရင်း ပြောပြလိုက်ပါသည်။

"သာဓုပါကွယ်၊ သာဓုပါ ... သာဓုပါ၊ မလာဖြစ်တာကို ဘွားဘွားကြီး နားလည်ပါတယ်လေ၊ လူငယ်လူရွယ်တွေဆိုတာက တို့လူအိုတွေနဲ့တော့ ဘယ်တူပါ့မလဲလေ။ ကိုယ့်အရေးကိစ္စတွေ၊ ကိုယ့်ဘဝတက်လမ်းအတွက် လုပ်စရာတွေတစ်ပုံကြီးရှိတာ မဟုတ်လား။ ဒီတော့ အချိန်တိုင်းဟာ တန်ဖိုးရှိနေတာပေါ့၊ ဘွားဘွားကြီးတို့ကတော့ လုပ်စရာမရှိတော့ တစ်နေ့ တစ်နေ့ ဧည့်သည်ပဲ ထိုင်မျှော်ပြီး အချိန်ကို ကုန်ခိုင်းနေတာလေ။ ကဲ ... ပြောပါဦး ဘာကိစ္စကြောင့် ရုံးဖွင့်ရက်ကြီး မွန်းလွဲကြီးအချိန်မှာ ဒီရောက်လာရသလဲ"



www.burmeseclassic.com

www.burmeseclassic.com



အုံက နက်ရှိုင်းကို လှည့်ကြည့်ပြီး အကြံတောင်းပါသည်။ နက်ရှိုင်းကပဲ အဆင်ပြေသလို ဖြေလိုက်ဖို့ စဉ်းစားပြီး (လူကြီးသူမ တစ်ယောက်ကိုတော့ စိတ်အနှောင့်အယှက်ဖြစ်အောင် မပြောချင်ပါ) ဖြေလိုက်ပါသည်။

"ဩော် ... ဒီလိုပါ၊ အခုလာမဲ့ တနင်္ဂနွေမှာ အုံက ဒီလာဖို့ ဘွားဘွားကြီးကို ပြောထားတယ်၊ ကျွန်တော့်ကိုပါခေါ်ခဲ့မယ်လို့ ပြောတယ်ဆိုတာသိရတော့ ဒီအပတ်လည်း ကျွန်တော်က မလိုက်နိုင်ဘူး ဖြစ်နေတယ်လေ။ လာမဲ့ အင်္ဂါနေ့မှာ ဇန်ကောက်ကို ဆွေးနွေးပွဲအတွက် ကုမ္ပဏီကလွှတ်လို့ သွားဖို့ကိစ္စ၊ စာတမ်းတင်ဖို့ကိစ္စတွေကို အတူသွားရမဲ့ သူငယ်ချင်းနဲ့ တစ်နေကုန် တိုင်ပင်ပြီး ပြင်ဆင်ရမှာမို့ မအားဘူး ခင်ဗျ။ ဒါကြောင့် ကြားရက်ပဲ တမင်ထွက်လာပြီး ဘွားဘွားကြီးကို တစ်ခေါက်လာတွေ့လိုက်တာပါ။ ကျွန်တော်မလိုက်လာဖြစ်တာ များနေတော့ လူကြီးသူမ တစ်ယောက်ကို မရိုမသေလုပ်သလို ဖြစ်နေမှာလည်း စိုးရိမ်လို့ပါ"

နက်ရှိုင်း အဖြေကောင်းလှသဖြင့် ဘွားဘွားကြီးမှာ သဘောတွေကျပြီး ပြုံးနေလိုက်သည်မှာ ပါးစပ်ပင် ပြန်မစေ့တော့။ ထိုအချိန်တွင် တစ်ဖက်အိမ် ရောက်နေသော အုံ့ရဲ့ကြီးကြီးကိုလည်း သန်းနု သွားခေါ်သဖြင့် ကြီးကြီး ပြန်ရောက်လာသည်။





"သမီးရယ် ... အလုပ်ပိတ်ရက်လည်း မဟုတ်ဘဲ ရောက်လာရသလား"

အုံက ပြုံးပြုံးလေး ဖြေပါသည်။

"ကြီးကြီးတူပေါ့၊ တနင်္ဂနွေ သူ မအားပါဘူးဆိုပြီး ချက်ချင်းကြီး ဒီလာမယ်ဖြစ်ပြီး ကျောင်းမှာ လာစောင့်ခေါ်လို့ အုံက ပါလာပေးရတာလေ"

"ဒါဖြင့် အခုတနင်္ဂနွေကျ သမီး မလာတော့ဘူးလား"

နက်ရှိုင်း ရင်ထဲမှာတော့ ထိုမေးခွန်းအတွက် စိတ်မကောင်း ဖြစ်ရလွန်းပြီး ဝမ်းနည်းနေသည်။ အကယ်၍သာ အိပ်မက်ထဲကအတိုင်း အုံသာ ဒီည သေရမယ်ဆိုရင် အခုလာမဲ့ တနင်္ဂနွေ ဆိုတာကို အုံ မကြုံရတော့ဘူး။

"သမီး ထပ်လာဦးမှာပါ၊ အခုချက်ချင်းကြီး ထွက်လာရတော့ ဘွားဘွားကြီးကြိုက်တဲ့ ရွှေပုစွန်က ငှက်ပျောရွှေချည်လည်း ဝယ်မလာခဲ့ရဘူး။ ကြီးကြီးမှာထားတဲ့ ပါတိတ်တို့၊ ရေမွှေးတို့လည်း ဝယ်ပြီးပြီ။ ယူမလာခဲ့ရဘူး။ ဒါကြောင့် တနင်္ဂနွေနေ့ကျမှ တစ်ခေါက် ပြန်လာမယ်လေ။ မေမေကတော့ ခုတလော arthritis (အသာရိုက်တစ်(စ))ပြန်ထ‌နေလို့ လိုက်ဖြစ်မယ် မထင်ဘူး။ ဖေဖေနဲ့ အုံပဲ လာခဲ့ကြရဖို့များတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အခု ဘာစားခဲ့ကြပြီးပြီလဲ၊ အိမ်မှာ ညနေစာစားပြီးမှ ပြန်လေ"

"ဟာ ... မဖြစ်ဘူး ကြီးကြီးရဲ့။ အုံ ရန်ကုန်ကို ငါးနာရီခွဲ ရောက်မှဖြစ်မယ်"

"ဘာဖြစ်လို့လဲ"

"အုံတို့ကျောင်းမှာ စီနီယာတန်းတစ်တန်း ကျောင်းဆင်းပွဲရှိတယ်၊ အဲဒီပွဲမှာ အုံရဲ့ဂျူနီယာကလေးလေးတွေက ဆိုကြတီးကြရမဲ့ပွဲရှိတယ်၊ အုံ မပါလို့ မဖြစ်ဘူး"

"သြော် ... သြော် ... ဒါဆို ညည်းတို့ဟာကလည်းအေး၊ ရောက်,ပြန်ကြီးပေါ့"

"အေးလေ ... ခုပဲ သုံးနာရီခွဲနေပြီ"

ဘွားဘွားကြီးကပါ ဝင်ပြောလျှင် အုံက နက်ရှိုင်းကို အဓိပ္ပာယ်ပါပါ လှည့်ကြည့်ရင်း "ကဲ ... အုံ မပြောဘူးလား၊ သူတို့ဆီ ရောက်,ပြန်ကြီးလုပ်ရင် မကြိုက်ကြဘူး"ဆိုသော သဘောပါသည့် အကြည့်ဖြင့် ကြည့်ပါသည်။

"မောင်နက်ရှိုင်းကလည်း ရောက်လာခဲ့တယ်နော်"

ကြီးကြီးက နက်ရှိုင်းကို အပြစ်တင်သလိုလေး ခနဲ့ပါသည်။ နက်ရှိုင်း ရယ်ကျဲကျဲလုပ်ရင်း လက်ညှိုးလေးဖြင့် နဖူးကုတ်လိုက်၊ နားဆင်ကုတ်လိုက် လုပ်ရင်း ဖြေရပါသည်။ ကိုယ့်အပြစ်နဲ့ကိုယ်မို့ အပြောခံဖို့သာ ပြင်ရပါမည်။





"အလုပ်တွေ မအားလို့ပါ"

"ဟုတ်ပါ့ ... ဟုတ်ပါ့၊ မင်းရဲ့ ပိုးအုံက အမြဲ မင်းဘက်က ကာကွယ်ပြီး ပြောပါတယ်။ အလုပ်ဘယ်လိုများကြောင်း၊ တော်ကြာ ဗန်ကောက်၊ တော်ကြာ ချင်းမိုင်၊ တော်ကြာ စင်ကာပူ၊ တော်ကြာ မလေးရှားနဲ့ ခဏခဏလည်း ခရီးထွက်ရကြောင်း ပြောပါတယ်၊ မင်းသာ ဆေးကုတဲ့ဆရာဝန်လုပ်ရင် ဒီလောက် အလုပ်များမယ် မထင်ဘူး။ အခုတော့ ကုမ္ပဏီအလုပ် ရွေးလိုက်တာကိုး"

ဒီနေရာမှာ ကြီးကြီးကလည်း အုံ့ဘွားဘွားကြီးလိုပင် ယူဆပုံရသည်။ သူတို့က ရှေးအယူအဆရှိသော လူကြီးတွေပီပီ ဆရာဝန်ဆိုတာ ဆေးပဲကုရမည်ဟု တွေးထားပုံရသည်။ ဆရာဝန်ဖြစ်ပြီး ဆေးမကုဘူးဆိုလျှင် သူတို့မှာ တအံ့တသြတွေ ဖြစ်နေသည်။

"ထားပါတော့၊ အခုခေတ် အဆိုတော်တွေ မင်းသားတွေထဲမှာလည်း ဆေးကျောင်းကပြီးတဲ့သူတွေ ရှိတော့ သူတို့ကျောင်းပြီးလို့ ဆရာဝန်လုပ်မစားရင် သိပ်မအံ့သြပါဘူး။ မောင်နက်ရှိုင်းကတော့ ဘာလို့ ဆရာဝန်မလုပ်သလဲ"

ဆိုသော မေးခွန်းမှာ အတော်ပင် ဖြေရှင်းယူရသော မေးခွန်းဖြစ်ခဲ့ရဖူးသည်။ သူတို့နဲ့ စတွေ့,သိရခါစကတော့ နက်ရှိုင်း



www.burmeseclassic.com

www.burmeseclassic.com



ဟာ ဆရာဝန်ဘွဲ့ရပေမဲ့ ကာကွယ်ရေးနှင့် လူမှုရေးဆေးပညာ ဘာသာရပ်ကိုသာ အဓိက ဆက်သင်ယူပြီး ဘွဲ့လွန်ယူခဲ့သဖြင့် ဆေးကုတဲ့အပိုင်းကို အားမသန်ကြောင်း၊ သူ့ရဲ့ဘာသာရပ်နဲ့ဆိုင်သော အပိုင်းကိုသာ ပိုတာဝန်ယူ အလုပ်လုပ်ရကြောင်းတွေ အတော်ကြီး နားလည်လက်ခံအောင် ပြောခဲ့ရဖူးပါသည်။

"ဒါဖြင့် မင်းက ဆေးတစ်လုံးတောင် မထိုးဘူးလား"

ဟု ကတ်သီးကတ်သတ် မေးသဖြင့် ...

"ဆေးထိုးပေးလို့တော့ ရပါတယ် ဘွားဘွားကြီးရဲ့၊ ကိုယ့်မိသားစုဝင်တွေကိုတော့ ကုချင်ရင် ရပါတယ်"

ဟူ၍ စိတ်ကျေနပ်အောင် ရှင်းပြရဖူးပါသည်။

"ကဲ ... ပြောပြကြပါဦး၊ မင်္ဂလာဆောင်ကိစ္စ ဘာတွေစီစဉ်ပြီးပြီလဲ"

"အဝတ်အစားတွေတော့ စ,ပြီးချုပ်နေပါပြီ"

"လေးငါးပွဲလောက်တောင် ရှိမယ်ဆို၊ တယ်လည်းချဲ့ကြတဲ့ သူတွေပါလား"

ဘွားဘွားကြီးတို့က ရှေးလူကြီးတွေပီပီ ကုန်ကျစရိတ်တွေကိုတွက်ပြီး နှမြောသလို ပြောသည်။

"သူ့ဘက်ကရော အုံ့ဘက်ကရော တစ်ဦးတည်းသောသားတွေ သမီးတွေ ဖြစ်နေတော့ ပုံအောလုပ်ချင်တာပါ





ဘွားဘွားရဲ့။ တစ်ယောက်နှစ်ပွဲစီလောက် တာဝန်ယူလိုက်ရတော့လည်း ကုန်တယ်လို့ကို မထင်ရပါဘူးတဲ့"

ကြီးကြီးက လက်ချိုးရေရင်း ...

"မင်္ဂလာလက်မှတ်ထိုးမှာကလည်း ဟိုတယ်ပွဲပဲဆို"

"အဲဒါက တကယ့်ဆွေမျိုးအရင်းတွေရယ်၊ သိပ်ရင်းနှီးတဲ့ မိတ်ဆွေတွေရယ်၊ ကိုယ့်အလုပ်က အကြီးအကဲတွေရယ်ပဲ ဖိတ်မှာ"

"ဒါတောင် လူတစ်ရာဆို ညည်းအဖေ ပြောပါတယ်"

"ဟီ ဟီ ... အဲဒါကြောင့် မြရိပ်ညိုမှာ ခန်းမငှားလိုက်ရတာပေါ့"

"လက်မှတ်ထိုးပြီးတဲ့နေ့ပဲလား၊ ဆွမ်းကျွေးလုပ်မှာ"

"မဟုတ်ဘူး၊ နောက်တစ်ရက်လေ ကြီးကြီးရဲ့ မဟာသန္တိသုခမှာပါ"

"ရှုပ်နေတာပဲအေ၊ ညည်းတို့ပွဲတွေကလည်း၊ ညည်းအဖေက သမီးကို တော်တော်အလိုလိုက်တာပဲ။ သူပဲ စိတ်ရှုပ်ခံ၊ အပင်ပန်းခံပြီး လုပ်သေးတယ်။ ငွေကုန်တာလည်း ထားပါ သမီးလေးတစ်ယောက်တည်းမို့ လုပ်ပေးတာ အပြစ်မပြောပါဘူး။ ဒါပေမဲ့ ပွဲတွေက ဆက်နေတော့ လူပင်ပန်းတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



သူတို့တူဝရီး မြေးအဘွားတွေ ပြောနေသော စကားဝိုင်းမှာ နက်ရှိုင်းကတော့ နားထောင်လိုက် ပြုံးရယ်သမားလုံးလုံး ဖြစ်နေလေသည်။ ဘွားဘွားကြီးခြေရင်းမှာ ထိုင်ချရင်း ခြေဖဝါးတွေ ခြေသလုံးတွေကိုလည်း လက်ဖြင့်နှိပ်ပေးလျက် ကြီးတော်ဖြစ်သူနှင့် စကားကြွယ်နေသော အုံသည် တကယ်တော့ သူ့ဘဝမှာ တစ်ဦးတစ်ယောက်တည်း အချစ်ရဆုံးသော မိန်းကလေးလည်း ဖြစ်ပါသည်။

အနေနီးစပ်ပြီး ငယ်ငယ်ကတည်းက အတူတူမြင်တွေ့သိကျွမ်းခဲ့သော သံယောဇဉ်ကြောင့် ချစ်မိလာခဲ့သည်ဆိုသော်လည်း အမှန်တကယ်မှာ သူ့ရင်ထဲတွင် နင့်နေအောင် ချစ်မိမှန်းယခုမှ တဖြည်းဖြည်း ခံစားပြီး သိတတ်လာသည်။ အုံ သေသွားရသည်ဟု အိပ်မက်,မက်ခဲ့ရစဉ်ကဆိုလျှင် သူ့အသည်းနှလုံးတွေ တစ်ခုချင်း ပြုတ်ကျကုန်သကဲ့သို့ ခံစားရပြီး ငိုကြွေးခဲ့ရတာလည်း ဖြစ်သည်။ ညက အိပ်မက်မှာ ငိုခဲ့ရသည်ကို ခုထိ ပြန်သတိရ ခံစားရပြီး ခုထိ ရင်ထဲမှာ ကြေကွဲနေဆဲလည်း ဖြစ်ပြန်သည်။

“ပွဲက အဲဒီနှစ်ခု ဆက်တိုက်ပြီးရင် တစ်ပတ်ခြားပါတယ် ကြီးကြီးရဲ့။ တစ်ပတ်ခြားပြီးမှ တနင်္ဂနွေနေ့မှာ နေ့လယ်ညေ့ခံပွဲနဲ့ ညဘက်ဒင်နာလုပ်မှာပါ၊ အဲဒီလေးပွဲပြီးရင် ပြီးပါပြီ”





“ဟဲ့ ... လေးပွဲဘယ်ကပါမလဲ၊ အုံလေးရဲ့။ သမီးတို့နေဖို့ ကွန်ဒိုအခန်းမှာ အိမ်တက်ဆွမ်းကျွေးတော့ လုပ်ရဦးမယ်ဆို၊ ဒီတော့ ငါးပွဲမဖြစ်ဘူးလား”

“ဆွမ်းကျွေးက အိမ်တက်နေပြီး တစ်လလောက်ကြာမှ လုပ်မှာပါ ဘွားဘွားကြီးရဲ့”

“ဒါပေမဲ့ ငါးပွဲဖြစ်သွားတာပဲပေါ့”

“ဖေဖေ မေမေရယ်၊ ဟိုဘက် ဖေဖေ မေမေရယ် လုပ်ပေးတာ နှစ်ပွဲစီ၊ ကိုကိုနဲ့ အုံ့ဘာသာ လုပ်မဲ့ပွဲက အိမ်တက်ဆွမ်းကျွေးလေ၊ ကိုယ့်အိမ်ဆိုတော့ ကိုယ့်ပိုက်ဆံလေးနဲ့ ဆွမ်းကျွေးလုပ်ရရင် ပိုကုသိုလ်ရတာပေါ့”

“မောင်နက်ရှိုင်းက လခဘယ်လောက်ရတုန်း”

“အို ... အဘွားကလည်း မမေးပါနဲ့”

ကြီးကြီးက အဘွားဖြစ်သူကို မမေးစေဖို့ လှမ်း၍ သတိပေးသလို ပြောပါသည်။ ကြီးကြီးတို့ ဘွားဘွားကြီးတို့ဆိုတာက နက်ရှိုင်းအတွက်တော့ သူစိမ်းတွေလိုပဲ ဖြစ်နေသဖြင့် သူတို့အနေနှင့် သိပ်ပြီး တရင်းတနှီး မမေးရဲ၊ မပြောရဲသလို ဖြစ်နေပါသည်။

ဘွားဘွားကြီးကတော့ မရ။ လူကြီးပီပီ သူ သိလိုတာကို မေးဖို့သာ အာရုံစိုက်ပုံရသည်။ မြေးဖြစ်သူ အုံ့ရဲ့ကြီးတော်က ဟန့်လည်း ဂရုမစိုက်ပါ။



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ် ကြီးကြီးရဲ့၊ မေးလို့ရပါတယ်၊ ကျွန်တော်က ဆွေမျိုးအရင်းပဲဟာ"

"အေးလေကွယ်၊ ဘွားဘွားကြီးက သိချင်လို့ပါ၊ မင်းတို့ ဒေါ်လာတွေနဲ့ပြောလည်း မသိပေါင်ကွယ်၊ မြန်မာငွေဘယ် လောက်ဆိုတာသာ ထည့်ပြောပါ။ အုံလေးလည်း ဒေါ်လာ နဲ့ရတာပဲ မဟုတ်လား"

"ဟုတ်ပါတယ် ဘွားဘွားကြီး"

"ဒါဆို နှစ်ယောက်စလုံး လခကောင်းကြတာပေါ့။ ဒေါ်လာ နဲ့ရရင် ဝင်ငွေကောင်းကြတယ်ဆို"

"အဟင်း ... ဒီလိုပါပဲ၊ ကျားကြီးတော့ ခြေရာကြီးဆိုတဲ့ စကားလိုပါပဲ။ ဝင်ငွေဘယ်လောက်ကောင်းကောင်း လိုငွေ က ပြနေတာပဲ"

နက်ရှိုင်းက ရယ်မောပြီး ရှင်းပြလျှင် ဘွားဘွားကြီး က အုံ့ကိုသာ ငယ်ထိပ်လေးပွတ်ရင်း ...

"အုံလည်း အပျိုဘဝကလို အသုံးအစွဲများတာတွေ သိပ် မလုပ်နဲ့ပေါ့။ တန်ဖိုးမရှိတာတွေ လျှောက်ဝယ်တတ်တဲ့ အကျင့်ကို လျှော့ပေါ့၊ ဒါမှ စုမိဆောင်းမိမှာ"

ဟု ဆုံးမပါသည်။

"ဟုတ်ပါ့၊ အဘွားမြေးမက သူ့အမေလည်း တစ်ခါတစ်ခါ တိုင်လည်း တိုင်ရရာလေ။ တန်ဖိုးမရှိတဲ့ အလှဆင်ကျောက်





နဲ့လုပ်ထားတဲ့ ဆွဲကြိုး၊ လက်ကောက်၊ နားဆွဲတွေ အတော် ဝယ်ဆိုပဲ။ အဲဒါတွေက ဈေးတွေကလည်း ကြီးလိုက်တာ လေ။ နည်းနည်းငွေထပ်ဖြည့်ရင် ရွှေဝယ်စုလို့ရတဲ့ ဈေး နှုန်းတွေတဲ့။ အုံက သိပ်ဝယ်သတဲ့၊ ဟုတ်လား"

အုံသည် ခေါင်းလေးပုကာ လျှာထုတ်ပြီး ငြိမ်နေ သည်။ သို့သော် အဆူခံရပေမဲ့ အုံ ပျော်နေမှန်းသိလျှင် နက်ရှိုင်း ရင်ထဲမှာ လိုက်ပို့ရကျိုး နပ်သည်ဟု တွေးမိနေသည်။

"ဟယ် ... လေးနာရီတောင် ထိုးတော့မှာနော်၊ အုံ ဒီကပဲ ရေမိုးချိုးပြီး တစ်ခါတည်း ပြင်ဆင်သွားလိုက်မယ်၊ ညဘက် ပွဲမှာဝတ်မဲ့ ဝတ်စုံလေးကိုတော့ မသယ်လာမိလို့ အိမ်တစ် ခေါက်ဝင် ပြန်လဲရဦးမယ်"

"ဘာဝတ်စုံ ဝတ်ရမှာလဲ"

"ရိုးရိုးပါပဲ၊ တံတောင်ဆစ်လောက်ရောက်တဲ့ အင်္ကျီအဖြူ လေးပေါ့။ ရှပ်အင်္ကျီပုံစံ အဖြူလေးနဲ့ အောက်က စတိုင်လ် ပင်န်အနက်လေးပါပဲ"

"ပွဲပြီးရင် ဓာတ်ပုံရိုက်ထားပြီး ယူလာပြပါဦး၊ ကြည့်ချင်လို့"

နက်ရှိုင်းသည် တဖြည်းဖြည်းနဲ့ ရန်ကုန်ပြန်ရမည့် အချိန် နီးလာသောအခါ ခနက ပျောက်ကွယ်သလိုလို ဖြစ်နေသော စိုးရိမ်စိတ်တွေလည်း တစ်ဖန်ပြန်၍ ထကြွပေါ်ပေါက်လာသလို ခံစားနေရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အုံကတော့ ရေချိုးခန်းထဲ ဝင်သွားပြီဖြစ်ရာ နက်ရှိုင်း တစ်ယောက်တည်း ဘွားဘွားကြီးနားမှာ ခြေဆုပ်လက်နယ်လုပ်ရင်း ကျန်ခဲ့သည်။ ကြီးကြီးကတော့ အုံ အလှပြင်ဆင်ဖို့ ထုတ်ပေးစရာတွေ ထုတ်ပေးရန်ဆိုကာ အုံ့နောက် ပါသွားပါသည်။

"သားရယ် ဘွားဘွားကြီး မြစ်မလေး အုံဟာ ဘွားဘွားကြီး အချစ်ဆုံး မြစ်ပါ။ ဒါကြောင့် သား သူနဲ့လက်ထပ်ပြီးတဲ့အခါ တကယ့်ကို ကြင်ကြင်နာနာနဲ့ ပေါင်းပါနော်။ အုံက အခုမှ နှစ်ဆယ့်သုံးနှစ်ပဲ ရှိသေးတာပါ။ ငယ်လည်း ငယ်သေးတယ်လေ။ တစ်ဦးတည်းသော သမီးလည်းဖြစ်တာမို့ အိမ်မှာ ကလေးလိုပဲ နေနေတာဆိုတော့ မရင့်ကျက်တာတွေ ရှိနေဦးမှာပါ။ သူ အပြစ်လုပ်မိရင် ခွင့်လွှတ်ပါကွယ်လို့ ဘွားဘွားကြီး ကြိုပြောထားချင်တယ်။ သားကို ဆုံးရတုန်း ပြောစရာလေးတွေ ကြိုပြောထားရတာပါ။ သားက ဒီကိုပါလာခဲ့တယ်လေ။ မင်္ဂလာဆောင်လုပ်မဲ့ အချိန်ကျမှ တွေ့ရရင်လည်း အလုပ်ကိစ္စတွေနဲ့ဆိုတော့ အခုလို အေးအေးဆေးဆေး စကားမပြောနိုင်ဘူးလေ"

နက်ရှိုင်းလည်း ကတိတွေ အထပ်ထပ် ပေးနေခဲ့ရပေမဲ့ "ဒီညဆယ်နာရီခွဲမှာ" ဆိုသော အသိက သူ့စိတ်ကို ချောက်ချားစေလေရာ ကတိပေးရတာ အသက်မပါသလို ဖြစ်နေသည်။





အဲဒီအချိန်ကို မြန်မြန်ကျော်ဖြတ်ပစ်လိုက်လို့ရရင် ကျော်ဖြတ်လိုက်ချင်သည်။ ရီမုဒ်ကွန်ထရိုးမှာပါသော fast for ward (ဖတ်(စ) ဖော်ဝေါ့ထ်)လုပ်ပြီး အမြန်ရစ်ကြည့်လို့ရရင် ကြည့်ချင်သည်။ ဒါမှမဟုတ် Next (နိ(စ်)) ခလုတ်ကိုနှိပ်ပြီး နောက်တစ်ကွက်မှာ ဘာဖြစ်မလဲကို ခဏလေး ကြိုကြည့်လို့ရရင်လည်း ကြည့်ချင်သည်။ အကယ်၍ မကောင်းတာ ဖြစ်မယ်မှန်း ကြိုသိရရင်လည်း ဒီနေရာ ဒီအချိန်ကနေ မပြောင်းလဲအောင် pause (ပေါ့(စ်))လုပ်ပြီး ရပ်ထားလို့ရရင်လည်း အကောင်းသား။

❤ ❋ ❤



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ၁၃

ပဲခူးအိမ်မှ ပြန်ထွက်လာသောအခါ တစ်အိမ်လုံး လက်ပြပြီး ကျန်ခဲ့ကြသည်။ အုံသည် အပျော်ကြီးပျော်လျက် တရိပ်ရိပ် ကျန်ခဲ့သော မြင်ကွင်းတွေကို ကြည့်လိုက်၊ နက်ရှိုင်းကို စကားလှည့်ပြောလိုက်ဖြင့် အုံ့အသံဟာ ကားထဲမှာ ဆူညံနေသည်။ Kelly Clarkson ၏ "Because of you"သီချင်းသံကို ပင် လွှမ်းအောင် အုံ့မှာ စကားတွေ ပြည့်လျှံနေသည်။

"ကြီးကြီးက ပြောတယ်၊ မောင်နက်ရှိုင်းကို ခုမှ သေသေ ချာချာ ကြည့်ဖူးတော့တယ်တဲ့၊ တော်တော်ချောတာပါလား တဲ့ … ဟီ ဟီ။ တကယ့်ကို ယောကျ်ားပီပီသသရုပ်နဲ့ ချောတာတဲ့၊ အုံ့အနားမှာ တပြောပြော လုပ်နေတာလေ"

နက်ရှိုင်းက ပြုံးကာ နားထောင်နေခဲ့သည်။





"အုံ့ကိုလည်း ဆုံးမလိုက်တာ မပြောပါနဲ့။ နားထဲက အပူရည်တွေတောင် ကျလာသလိုပဲ။ ပိုက်ဆံသိပ်မသုံးဖို့၊ ရွှေဝယ်စုဖို့တွေ စုံနေတာပဲ၊ သူတို့ခေတ်ကလိုပဲ ရွှေတွေ အတုံးလိုက် အတစ်လိုက် စုစေချင်တာ ရယ်ရတယ်"

အုံက ရယ်စရာလုပ်ပြီး တဟားဟား ရယ်ပြီးပြော သဖြင့် နက်ရှိုင်းကပါ အုံ့သဘောကျ လိုက်ရယ်ပေးရပါသည်။

နက်ရှိုင်းကတော့ ကားအရှိန်ကို နှေးနိုင်သမျှနှေး အောင် မောင်းနေပေမယ့် အဝေးပြေးလမ်းမကြီးပေါ်မှာ မောင်း နှင်နေသော သူ့ကားဟာ ပဲခူးကနေ တစ်စတစ်စ ဝေးလာပြီး ရန်ကုန်ကို တစိမ့်စိမ့် ချဉ်းကပ်လာနေသည်ကို စိတ်ပင်ပန်းခက်ခဲ စွာ ရင်ဆိုင်နေရသူတည်း။

"ကိုကိုကရော ဘွားဘွားကြီးကို ဘာတွေပြောလိုက်သေးလဲ"

"ဘာတွေ ပြောရမှာလဲ"

"ဩော် … ကိုကို့ရဲ့ အိပ်မက်ဆိုးကြီး အကြောင်းများ ယောင်ယမ်းပြောလိုက်မိမလားလို့ အုံ့မှာ တွေးပူနေရတယ်။ လူကြီးတွေက ပိုအယူသီးတယ် ကိုကိုရဲ့။ တော်ကြာမြူးမြူး ပျာပျာတွေ ဖြစ်ကုန်မှာစိုးလို့"

"မပြောပါဘူးကွာ၊ ကိုကို သိပါတယ်၊ လူကြီးတွေ စိတ် ပူအောင် မလုပ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို့အဖေအမေတွေဆီလည်း e-mail ပို့ပြီး မပြောနဲ့နော်"

"မပြောပါဘူး၊ e-mail ပို့ဖို့ အချိန်တောင် မရှိပါဘူး"

"ဟယ် ... ကိုကို၊ ဟိုမှာကြည့်စမ်း။ နေလုံးကြီး မိုးကုပ်စက်ဝိုင်းမှာ မေးတင်နေတာ သိပ်လှတာပဲနော်။ ပန်းချီကားတွေ၊ ဓာတ်ပုံတွေထဲက အတိုင်းပဲ၊ လယ်ကွင်းပြင်ကျယ်နဲ့ ကောင်းကင်အပြာရောင်နဲ့ စုံနေတာပဲ၊ သိပ်လှတာပဲ"

"အုံ ကြည့်ချင်ရင် ဆင်းကြည့်ရအောင်လေ"

"အချိန်မီပါ့မလား"

"မီပါတယ်၊ အုံ အကျိုလဲပြီး ပြန်ထွက်ရုံပဲ၊ ကျောင်းကို ခဏလေးနဲ့ ရောက်ပါတယ်။ ကိုကို ပြောသားပဲ၊ အုံတို့ ခုနစ်နာရီမှ တီးရမှာပါကွာ"

"ခြောက်နာရီတော့ လူစုမိမှ ဖြစ်မှာပေါ့"

"စိတ်ချ ... စိတ်ချ၊ ခြောက်နာရီ အုံ အဲဒီရောက်နေစေရမယ်ကွာ"

"ကိုကို လိုက်ပို့မှာလား"

"ပို့မှာပါ"

အုံသည် နေဝင်သွားသည့် ရှုခင်းကိုလည်း ကြည့်ချင်၊ တစ်ဖက်ကလည်း အလုပ်တာဝန်ကို နောက်ဆံတင်းနှင့်





ချီတုံချတုံ ဖြစ်နေပါသည်။ နက်ရှိုင်းကတော့ ရန်ကုန် ပြန်မရောက်သေးလေ ကောင်းလေလို့ သဘောထားသူပီပီ အုံ့ဆီက အကြံဉာဏ်ကို စောင့်မနေတော့ဘဲ ကားကို လမ်းဘေးထိုးဆင်းချပြီး ရပ်လိုက်သည်။

ကားတံခါးဖွင့်ဆင်း၊ တစ်ဖက်မှ အုံ့ကားတံခါးကို ပါသွားဖွင့်ပေး၊ ပြီးလျှင် အုံ့ကို လက်ကမ်းပေးလိုက်ပါသည်။ အုံသည် နက်ရှိုင်းလက်ကိုခို၍ အားပြုပြီး ဆင်းလာသည်။

သစ်ပင်ကြီးတစ်ပင်၏ သစ်မြစ်ကြီးမှာ ဖောင်းကြွတက်နေပြီး ခုံတန်းလေးသဖွယ် ဖြစ်နေသဖြင့် နက်ရှိုင်းက အုံ့ကို ညွှန်ပြရင်း ...

"ဟိုမှာ ... ထိုင်ကြည့်ရအောင်"

အုံသည် နက်ရှိုင်း လက်မောင်းကိုကိုင်ပြီး ပါလာခဲ့သည်။

သစ်မြစ်ကြီးပေါ် ထိုင်သောအခါ အုံက နက်ရှိုင်း၏ ခါးကို နောက်ဘက်မှ သိုင်းဖက်ပြီး ထိုင်သလို၊ နက်ရှိုင်းကလည်း အုံ့ ခါးလေးကို အသာထွေးပွေ့ထားရင်း ထိုင်မိပါသည်။ သူတို့ ထိုင်ကြည့်နေရာ တည့်တည့်သည် လယ်ကွင်းပြင်ကျယ်ကြီး တစ်မျှော်တစ်ခေါ် ရှိနေပြီး ညနေဘက်မို့ ပြန်သိမ်းလာသော နွားအုပ်တွေ၊ ကျွဲအုပ်တွေ၊ အလုပ်ပြန်လာသော လယ်သမားတွေ၊ ဖောက်



www.burmeseclassic.com

www.burmeseclassic.com



စိုက်သမတွေနှင့် သစ်ပင်မြင့်ကြီးများဆီသို့ အိပ်တန်းစ,တက်နေပြီဖြစ်သော ငှက်အုပ်တွေကို ရုပ်ရှင်ပြကွက်သဖွယ် တွေ့နေရသည်။

နေလုံးကြီးကတော့ အခုမှပင် ဝိုင်းစက်စက်ပုံသဏ္ဍာန်မှန်း အသေအချာ ကြည့်လို့ရအောင် အပူရှိန်ရော၊ အလင်းရောင်ပါ လျော့ကျနေပြီး လိမ္မော်နုရောင် တောက်ပနေဆဲ။ တိမ်မရှိသော ကောင်းကင်သည် ပြာလဲ့နေသဖြင့် ဘာတစ်ကွက်မှ အပြစ်ပြောစရာမရှိအောင် ပြည့်စုံလှပနေသော ရှုခင်းကြီးဖြစ်နေပါသည်။

သူတို့နှစ်ဦးသား ဘာစကားမှပင် မပြောနိုင်ဘဲ ထိုမြင်ရခဲသော မြင်ကွင်းလှလှကို တမေ့တမောပင် အကြာကြီးထိုင်ကြည့်နေမိခဲ့ကြသည်။

ဒီတဒင်္ဂသည် ဘယ်လိုအရာနဲ့မှ လဲယူ၍ မရနိုင်သော အလှမဆုံး၊ အပြည့်စုံဆုံး၊ ဂိတ်အချမ်းသာရဆုံးသော တဒင်္ဂပါပဲဟု နက်ရှိုင်းတွေးနေမိသည်။ အကယ်၍သာ သူသာ စိတ်ရှုးပေါက်ပြီး အုံ့ကို ဒီလို မြို့ပြင်ခေါ်မထုတ်လာခဲ့ဘူး ဆိုလျှင် ဒီလိုမြင်ကွင်းကို သူတို့ အသက်ကြီးသွားတဲ့အထိပင် နှစ်ယောက်အတူတွဲ ထိုင်ကြည့်ပြီး ခံစားနိုင်ခဲ့မည် မထင်။

အကယ်၍သာ ညက အိပ်မက်ဆိုးကြီးအကြောင်း ခေါင်းထဲမှာ မရှိဘူးဆိုလျှင် အခု ကြုံတွေ့ရသော တဒင်္ဂရဲ့စိတ်





ချမ်းသာမှုထက်ပင် အဆများစွာပိုသော စိတ်ချမ်းသာမှုမျိုးကို ခံစားရလိမ့်မည်လားလို့လည်း တွေးကြည့်နေမိပြန်သည်။

နေလုံးကြီး အဝိုင်းပုံစံပေါက်ပြီး တစ်ခြမ်းနည်းနည်း ပျောက်လာသော အချိန်တွင် ...

"ကိုကို ဘာတွေတွေးပြီး ကြည့်နေတာလဲ"

လို့ အုံ့ဆီက အသံစ,ထွက်လာပြီး မေးသံကြားရ၏။

"စုံနေတာပါပဲကွာ"

"အိပ်မက်ဆိုးကြီး အကြောင်းရော ပါမှပါပါ့မလား"

"ပါတာပေါ့၊ အဲဒီ အိပ်မက်ဆိုးကြီးသာ မမက်ခဲ့ဘူးဆိုရင် ကိုကို အခုချိန်မှာ ရနေတဲ့ စိတ်ချမ်းသာမှုဟာ ဒီထက်ပိုလိမ့်မယ်လို့ တွေးမိလိုက်တယ်"

"အယူမသီးပါနဲ့ ကိုကိုရယ်၊ အုံတို့ တိုင်ပင်ထားပြီးပြီပဲ။ အဲဒီအချိန်ကျ အဲဒီနေရာကို မသွားဘူးလေ။ ရောက်လည်း ရောက်မနေစေရဘူး၊ သူနဲ့ လုံးဝဆန့်ကျင်ဘက်ကို သွားမယ်လေ၊ အစီက,က ဒီနေ့ပြီးရင် ပြီးပြီမဟုတ်လား။ ကိုကို့ စိတ်ထဲမှာ ဒီနေ့ ဒါတွေဒါတွေဖြစ်နေပြီမို့ ညကျ ဒါလည်း ဖြစ်တော့မယ်လို့ တွေးကြောက်နေတာ မဟုတ်လား"

"ဟုတ်ပါတယ်၊ အုံ ပြောသလိုပါပဲ။ ကိုကို တွေးသလို ဖြစ်ချင်မှ ဖြစ်မှာလေ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို့ အိပ်မက်ထဲမှာ အုံတို့ ဒီလိုလယ်ကွင်းထဲ ဆင်း ထိုင်နေတာရော ပါလား"

"ဟား ဟား ဟား ... မပါပါဘူးကွာ။ ကိုကိုက အဲဒီ အိပ်မက်ထဲက အတိုင်း ဖြစ်မှာစိုးလို့ တမင်ပဲ မြို့ပြင်ကို ပြောင်းလဲပြီး ထွက်လာတာပါ၊ မြို့ပြင်သာ ထွက်မလာရင် ကိုကိုတို့ ဒီမြင်ကွင်းကို ဘယ်မြင်ရမလဲ။ အကြောင်းမတိုက် ဆိုင်ခဲ့ရင် အသက်ကြီးတဲ့ အထိတောင် မြင်ဖူးမှာ မဟုတ် ဘူးနော်"

"ဟုတ်တယ် ... ဟုတ်တယ်၊ အုံလည်း ခုနက အဲဒီလို တွေးမိသေးတယ်"

"အုံလည်း တစ်ခါမှ မမြင်ဖူးဘူး မဟုတ်လား"

"နေထွက်တာ နေဝင်တာတော့ တမင်တကာ ထိုင်ကြည့် ဖူးလို့၊ ပုဂံသွားတုန်းက တစ်ခါ၊ ချောင်းသာသွားတုန်းက တစ်ခါတော့ မြင်ဖူးခဲ့တာပေါ့။ ဒါပေမဲ့ အခုလို လယ်ကွင်း ပြင်ကြီးထဲမှာ နေလုံးကြီးဝင်သွားတဲ့ မြင်ကွင်းတော့ မမြင် ဖူးဘူး။ ပင်လယ်ထဲ ဝင်သွားတဲ့ မြင်ကွင်းလည်း လှတာပဲ။ လယ်ကွင်းထဲ ဝင်သွားတဲ့ မြင်ကွင်းလည်း လှတာပဲ"

နက်ရှိုင်းသည် သူ့လည်ပင်း မေးဖုံအောက်ရောက် နေသော အုံ့ငယ်ထိပ်လေးကို နမ်းမွှေးရင်း ...





"အုံ ဒီနေ့ ပျော်ရဲ့လားဟင်"

ဟု မေးမိသည်။

"ပျော်ပါတယ် ကိုကိုရဲ့။ အုံ သိပ်ပျော်တာပေါ့။ အုံ့ကို ကိုကို ဂရုတစိုက် ချစ်ပြရင် အုံ ပျော်တာပေါ့၊ အုံ အမြဲ တမ်း သံသယ ဖြစ်လာတာလေ။ ကိုကိုက အုံ့ကို တကယ် မချစ်ခဲ့ဘူး ထင်တယ်လို့။ နေ့ခင်းက အထိပါပဲ၊ ထိုင်မ သိမ်းချုပ်ဖို့ ဒီဇိုင်နာဆီ လိုက်မယ်ပြောပြီးမှ မလိုက်ဖြစ် တော့ဘူးဆိုတာ သိရတော့ ဝမ်းနည်းပြီး စိတ်မကောင်း ဖြစ်နေသေးတာ"

"နေ့ခင်းကကိစ္စကို ကိုကို တကယ်ပဲ တောင်းပန်ပါတယ် အုံရယ်၊ ဆရာက ဆယ့်တစ်နာရီ မထိုးခင်လေး ကိုကို့ကို သူ့ရုံးခန်းထဲလာဖို့ အခေါ်ခိုင်းလိုက်တော့ အုံ့ကိုနီးမှမလာ ဘူး ပြောပြီး ပြန်ဖျက်ရသလို ဖြစ်သွားခဲ့တယ်နော်"

နေလုံးကြီးကတော့ လုံးဝဝင်သွားတော့မလောက် နီးပါး ဖြစ်နေပြီ။ ပတ်ဝန်းကျင်မှာတော့ အမှောင်ထုက လုံးဝ ရောက်မလာသေး။ နေရောင်၏ အလင်းဓာတ်ဖြင့် ထင်းလင်းလှပ နေသည်။ အုံကတော့ ညနေပွဲကို စိတ်စောနေသူပီပီ လက်ပတ် နာရီလေး တကြည့်ကြည့် လုပ်နေသဖြင့် ...



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ကြည့်လို့ဝရင် သွားကြတာပေါ့"

ဆိုသော မပြောချင်သည့် စကားကို နက်ရှိုင်းမှာ ပြောထွက်လိုက်ရတော့လေသည်။

❤ ✽ ❤





# အပိုင်း(၃)

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ၁၄

မြို့ထဲကို ပြန်ရောက်သောအခါ ငါးနာရီကျော်ကျော်လေးသာ ရှိသေးသည်။ ဒါတောင် အနေးဆုံးနှုန်းနဲ့ မောင်းတာတောင် ဘယ်လိုဖြစ်ပြီး ခပ်စောစော ပြန်ရောက်သည် မသိ။ အုံကတော့ ပြန်ရောက်ပြီ ဆိုတာနဲ့ စိတ်က သူ့ကျောင်းကိစ္စတွေပဲ သတိရကာ ...

"စောစောရောက်တော့လည်း ကောင်းတာပေါ့၊ စောစောစီးစီး ကလေးတွေကို မျက်နှာပြလို့ ရတာပေါ့"

အုံ့ကို အိမ်တိုင်ရာရောက် ဝင်ပို့သောအခါမှာ နက်ရှိုင်း၏ မိုဘိုင်းလ်ဖုန်းလည်း အသံမြည်လာသည်။ ဖုန်းကိုယူကြည့်လိုက်သောအခါ လွင်ဦးထံမှ ဖုန်းဖြစ်နေသည်။

"ဟဲလို ... လွင်ဦး၊ ဘာလဲကွ"





"ဟေ့ကောင် ... ဟာ ... အတော်ပဲ။ မင်းကို ခေါ်လို့ရပါ့မလား။ ဖုန်းများ ပိတ်ထားမလားလို့ စိတ်ပူပူနဲ့ပဲ ခေါ်လိုက်ရတာ"

"အေး ... ပြောကွာ၊ ဘာကိစ္စလဲ"

"မင်း ... အခု ရန်ကုန် ပြန်ရောက်ပြီလား"

နက်ရှိုင်းသည် အစကတော့ အလုပ်မှ နေ့တစ်ဝက်ခွင့်ယူစဉ်က ဘယ်သွားမယ် မပြောခဲ့ပေမဲ့ ရန်ကုန်မှ တကယ်ထွက်ဖြစ်သောအခါ လွင်ဦးဆီတော့ ..."ပဲခူးခဏထွက်သွားတယ်" ဆိုသော SMS message (အက်(စ)အမ်(မ)အက်(စ)မက်ဆေ့ချ်) တစ်ကြောင်းတော့ ပို့ထားသဖြင့် လွင်ဦး တစ်ယောက်သာ သူ ဘယ်သွားသလဲဆိုတာ သိနေပါသည်။

"ရောက်ပြီ၊ အခုမှ ရောက်တာ"

"ရုံးခဏလာလို့ ရမလား"

"ရုံးမှာ ဘာဖြစ်လို့လဲ"

"အခု ရုံးဆင်းခါနီးလေးမှ မင်းရော ငါရော လုပ်ပေးရမဲ့ အလုပ်တစ်ပုံ ဝင်လာတယ်ကွာ၊ မင်း အလုပ်တွေတော့ မနက်ဖြန်မှလုပ်ရင် ရပါတယ်။ ဒါပေမဲ့ နှစ်ယောက်စာ ဝင်လာတာ တစ်ယောက်တစ်ဝက်တော့ ခွဲရမယ်ဆိုတော့ မင်း ဘယ်ဖေါင်းစဉ်တွေ ယူမလဲလို့ မေးချင်လို့ပါ၊ ငါက



www.burmeseclassic.com

www.burmeseclassic.com



ငါ့သဘောနဲ့ ရွေးယူထားရင် မကောင်းဘူး ထင်လို့လေ။ မင်းကိုတော့ သိပ်ဟဲဗီးကြီးတွေပဲ ပေးမိသလို ဖြစ်သွားမှာ စိုးရိမ်လို့ပါ”

“ရပါတယ်ကွာ၊ မင်းကြိုက်သလို ရွေးလိုက်ပါ”

“ခဏလာလို့ရရင် လာခဲ့ပါကွာ၊ သိပ်မကြာပါဘူး၊ ရွှေပိုးအုံကိုလည်း အကျိုးအကြောင်း ပြောပြလိုက်ပါ”

နက်ရှိုင်းသည် သူ ဖုန်းပြောတာကို ရပ်စောင့်ပေးနေသော အုံ့ကို တစ်ချက်ကြည့်ရင်း ...

“အုံ ... ကိုကို ရုံးမှာ အလုပ်ကိစ္စလေး ပေါ်လာလို့ ခဏသွားရင် ရမလား။ အုံ့ဆီကို အမီတော့ ပြန်လာခဲ့မယ်လေ”

“အုံက အဝတ်အစား လဲပြီးတာနဲ့ ပြန်ထွက်တော့မှာ ကိုကို”

“ခဏလေး စောင့်လို့မရဘူးလား”

“ဒီလိုလုပ်ပါ၊ ကိုကို နှောက်ဆံမတင်းနဲ့၊ ရုံးကိုသွားစရာရှိတာသာ သွားလိုက်ပါ။ အုံ ကိုကို့ကို အခုနားလည်လာပါပြီ။ ကိုကို့မှာ တကယ်ပဲ အလုပ်များလို့ အုံ့ကို ဂရုမစိုက်နိုင်မှန်း အုံ နားလည်လို့ရပါပြီ။ ဒီတော့ ကိုကို့ဘာသာ အလုပ်ကိုသာ သွားလိုက်။ အုံ့ကို ဒီအိမ်မှာ ပြန်လာ





ခေါ်မနေနဲ့တော့။ အုံ ဖေဖေ့ကိုဖြစ်ဖြစ် လိုက်ပို့ခိုင်းလိုက်မယ်၊ ကိုကိုသာ အုံ့ကျောင်းကို ပြန်လိုက်လာခဲ့၊ ဟုတ်ပြီလား”

အုံသည် နားလည်သိတတ်စွာပင် သူမကပဲ လူကြီးလုပ်ပြီး စီစဉ်ပေးပါသည်။

နက်ရှိုင်းသည် အမှန်တော့ ဒီနေ့မှာ အုံ့အနားက တစ်စက္ကန့်မှပင် မခွာချင်သော စိတ္တဇကလည်း ရှိနေသဖြင့် အခု အုံ့ကို ခွဲသွားရဦးမည်ဆိုလျှင် ဒီအခြေအနေကို လက်မခံချင်သလို ဖြစ်နေသည်။ သို့သော် အဖြစ်အပျက်တို့ဓာလည်း တိုက်ဆိုင်စွာ ရုံးမှာ အလုပ်တွေက ပုံနေပြန်သဖြင့် နက်ရှိုင်း ထပ်သွားရဖို့ရှိလာသည်တဲ့။

“အေးကွာ၊ အုံလေးရာ ... ကိုကို အုံ့ကို ခွဲမသွားချင်ပါဘူး။ တကယ်ပါ”

“သွားလိုက်ပါ ကိုကိုရဲ့။ ဟုတ်တာပေါ့၊ တစ်နေကုန် အလုပ်မှာ မရှိတော့ ကိုကို့အလုပ်တွေ ပုံနေပြီပေါ့”

“အုံ့ဆီ ကိုကို ဆက်ဆက်လာမယ်နော်”

“အင်းပါ ... အုံ ယုံပါတယ် ကိုကိုရဲ့”

“ကဲ ... ဒါဖြင့် ကိုကို အပေါ်တက်မလိုက်တော့ဘူး၊ သွားပြီကွာ၊ ခနဲ့ခင်းက မဲ့နူးခဏသွားတဲ့အကြောင်း အုံ အသိ



www.burmeseclassic.com

www.burmeseclassic.com



ပေးလိုက်ပါဦး။ ကိုကိုလည်း လိုက်တော့ ပြောချင်ပါတယ်၊ ဒါပေမဲ့ အပေါ်တက် စကားပြောနဲ့ဆို အချိန်ပိုကြာသွားမှာစိုးလို့ ... နော်။ အုံပဲ သေသေချာချာလေး ရှင်းပြပေးလိုက်နော်"

"စိတ်ချပါ၊ အုံ ပြောပေးမှာပါ"

နက်ရှိုင်းသည် အုံ့ကို လှေကားအကွယ်လေးထိ ပို့ပေးပါသည်။ ခွဲခါနီး အုံ့ နဖူးလေးကို နှုတ်ဆက်ပြီး နမ်းလိုက်ကာ ချက်ချင်း ပြန်ပြေးထွက်သွားပါသည်။

အုံ့သည် အရင်နေ့တွေကနဲ့ မတူဘဲ သည်းသည်းလှုပ်ချစ်ပြ၊ ယုယပြခဲ့သော ကိုကို့ အချစ်တွေ၊ အကြင်နာတွေကို တမ်းမက်မိရင်း လှေကားထစ်တွေကို ဒီတိုင်း တက်လာခဲ့သည်။ ကွန်ဒိုအထပ်မြင့်ကြီးတွေမို့ လှေကားနဲ့တက်ရင်လည်း တက်လို့ရသလို ဓာတ်လှေကားလည်း ထားပေးပါသည်။ သို့သော် အုံကတော့ ကျောင်းအသွားတစ်ခေါက်၊ အပြန်တစ်ခေါက်တော့ လှေကားမှ အဆင်းအတက် လုပ်မည်ဟု ဆုံးဖြတ်ထားသူမို့ လှေကားထစ်တွေကိုသာ အသုံးများပါသည်။ ပြီးတော့ အုံ့မိဘတွေ အခန်းကလည်း သိပ်မမြင့်လှသဖြင့် အုံက လှေကားအဆင်းအတက်ကိုသာ အသုံးများသည်။ သိပ်နေလို့မကောင်းသော အခါမျိုးတွေမှသာ ဓာတ်လှေကားကို သုံးပါသည်။





"အုံက ပိန်ပြီးသားပဲ၊ လှေကား အဆင်းအတက်လုပ်ပြီး exercise (အိပ်(စ)ဆိုက်(စ်))ယူစရာ မလိုပါဘူး။ အပင်ပန်းခံပြီး လေးထပ်ကို တက်မနေပါနဲ့"

ဟု မေမေကတော့ အုံ တက်လာတိုင်း မကြာခဏ ပြောတတ်စမြဲ။

ဖေဖေ၊ မေမေတို့ လူကြီးတွေကတော့ အသက်လည်း ကြီးသဖြင့် လှေကားအဆင်းအတက်များလျှင် ဒူးနာသည်မှာ ညည်းညူသဖြင့် သူတို့ကတော့ ဓာတ်လှေကား မရှိလို့ကို မဖြစ်သော အခြေအနေပင်။ ကိုကိုကလည်း ဒီနေရာမှာကျ အပျင်းကြီးသား၊ အုံကသာ လှေကားအဆင်းအတက် လုပ်ပေမဲ့ ကိုကိုကတော့ သူ့အထပ်လည်း သုံးထပ်လောက်မှာပဲရှိပြီး သိပ်မမြင့်လှတာကိုပင် အပျင်းထူပြီး ဓာတ်လှေကား အသုံးများသည်။

"ရုံးမှာလည်း အောက်ထပ်ဆင်းဖို့ သိပ်လည်း အထပ်မမြင့်လှတာကို ဓာတ်လှေကားနှိပ်ဖို့ အကျင့်ပါပြီး လူက အမြဲ ဓာတ်လှေကားထဲပဲ ဝင်ဝင်သွားမိတယ်"

ဟု အုံ့ကို ပြောပြဖူးလေသည်။

ဒီနေ့ ကိုကို့ကြည့်ရတာ ညကျ အုံ တကယ်ပဲသေရတော့မယ်ပဲထင်ပြီး အစွမ်းကုန် အလိုလိုက်၊ လိုက်လျောနေတာပေမဲ့ ကိုကို့စိတ်ထဲမှာ ဒါကို တကယ်ပဲ ခံစားထိခိုက်နေရတယ်လို



www.burmeseclassic.com

www.burmeseclassic.com



အုံ အကဲခတ်လို့ ရပါသည်။ ကိုကိုက သိပ်ကို အယူသီးပြီး အပူအပင် သိပ်ကြီးသည်ဟု အုံ ထင်သည်။

အုံကတော့ အယုံအကြည်လည်းမရှိ။ ကြောက်လည်း မကြောက်ပါ။ ကုသိုလ်ကံဆိုတာကို အုံ ယုံပေမဲ့ ဒီကံကိုပဲယုံပြီး ထိုင်နေလို့လည်း ကိုယ်ဖြစ်ချင်တာတွေ အလိုလို ဖြစ်လာမှာ မဟုတ်သလို ကိုယ့်မဖြစ်ချင်တာလည်း အလိုလို ဖြစ်လာမှာ မဟုတ်ဟု ထင်သည်။ အကျိုးအကြောင်း တစ်ခုခုကြောင့်သာ တိုက်ဆိုင်ပြီး ကောင်းတာတွေ၊ မကောင်းတာတွေ ဖြစ်လာသည်ဟု ထင်သည်။

အုံ အိမ်တံခါးသော့ကို အပိုပါလာသော သော့ဖြင့်သာ ဖွင့်ဝင်လိုက်သည်။ ဖေဖေရော မေမေပါ အိမ်မှာရှိနေကြပါသည်။ အုံ အိမ်ထဲ တန်းဝင်သွားလိုက်ပြီး ညနေစာ ချက်ပြုတ်နေသော မေမေ့နားသွားရပ်လျှင် ...

"သမီး နောက်ကျလှချည်လား။ ညနေပွဲအတွက် ပြင်ဆင်ဖို့ ကျောင်းက စောစောတော့ ပြန်ခဲ့မယ်ထင်တာ"

ဟု အုံ့ကို တစ်ချက်လှည့်ကြည့်ပြီး ပြောပါသည်။

"အုံ အင်္ကျီအဝတ်အစား လဲရုံပါပဲ၊ ရေချိုးပြင်ဆင်စရာ မလိုတော့ဘူး"

"ဘာဖြစ်လို့လဲ"





"အုံ ... ဘွားဘွားကြီးတို့ဆီ ရောက်ခဲ့တယ်လေ"

"ဘာရယ် ... ဘယ်လို မဲခူးကိုလား"

"ဟုတ်တယ်၊ နေ့ခင်းက ကိုကို နေ့တစ်ဝက်ကြီး လာခေါ်လို့ ပဲခူးကို ခဏထွက်သွားဖြစ်ကြတယ်"

"ဟယ် ... ညည်းတို့ဟာကလည်း လမ်းမှာတင် အချိန်ကုန်ရောပေါ့၊ ဘယ်လိုများ ဒီအချိန်ရောက်အောင် ပြန်လာခဲ့ကြလဲ"

"ကိုကို့ကားက ကောင်းပြီး၊ သူကလည်း ကားမောင်းကျွမ်းတော့ ညင်ညင်သာသာပဲ မောင်းတာတောင် အမြိပြန်ရောက်ပါတယ်"

"ဟိုရောက်တော့လည်း ရောက်ပြန်ကြီးပေါ့"

"ခဏတစ်ဖြုတ်တော့ စကားပြောရပါတယ်"

"ဘာကိစ္စရှိလို့ သွားကြတာလဲ"

"ကိုကိုပေါ့၊ အုံခေါ်တိုင်း ဘွားဘွားကြီးဆီ သူ မလိုက်နိုင်ဘူးတဲ့။ ဒီတနင်္ဂနွေကျ သွားဖို့ရှိတာလည်း သူ ဇန်တောက်သွားရမဲ့ကိစ္စ အလုပ်ရှုပ်မှာမို့ မသွားနိုင်ဘူးတဲ့။ ဒါကြောင့် ဒီလိုနေ့ကြီး နေ့ခင်းဘက် ခွင့်ယူပြီး သွားတွေ့ချင်တယ်ဆိုပြီး လာခေါ်လို့ အုံ လိုက်ပေးလိုက်ရတယ်၊ အဲဒါနဲ့ ကြီးကြီးဆီမှာ ရေချိုးအလှပြင်လာခဲ့လိုက်တယ်။ အိမ်ရောက်ရင် အဝတ်လဲရုံပဲလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ မောင်နက်ရှိုင်းကရော"

"အခုလေးတင် အောက်မှာ သူ့ရုံးက ဖုန်းဆက်ခေါ်လို့ ခဏပြေးရတယ် မေမေ။ နောက်မို့ မေမေတို့ဆီပါ ဝင်တွေ့ပြီး သူ အုံ့ကို အဝေးခဏ ခေါ်သွားမိတဲ့အကြောင်း ခွင့်လွှတ်ဖို့ ဝင်ပြောမလို့တဲ့"

"တကယ်တော့ မောင်နက်ရှိုင်းဟာ သူ့ခေါင်းထဲမှာ အလုပ်ကိစ္စကို သိပ်ဦးစားပေး ရှေ့တန်းတင်တာကလွဲရင် ဘာမှ အပြစ်ပြောစရာ မရှိတဲ့သူပါ၊ သမီးအတွက် ဖေဖေမေမေတို့ တကယ်ပဲ စိတ်ချရပြီလေ။ ဒါကြောင့် ကိုယ့်သမီးလေး အသက်နှစ်ဆယ့်သုံးနှစ်အရွယ် ခပ်ငယ်ငယ်ပဲ ရှိသေးတာပေမဲ့ မြန်မြန်ပဲ သူနဲ့စီစဉ်ပေးရတာပါ။ သူများတွေကပြောချင်သေးတယ်၊ ကိုယ့်သမီးလေး တစ်ယောက်တည်းရှိတာ နှစ်ဆယ့်ခုနှစ် ရှစ်လောက်မှ အိမ်ထောင်ချပါလားတွေ ဘာတွေ ပြောချင်ကြတယ်၊ အမှန်အတိုင်း ပြောရရင် ကောင်းတဲ့သူတွေ့တုန်း စီစဉ်ထားရတာပဲ"

"ဒါပေမဲ့ အုံ့က ကျေနပ်ပါတယ်၊ ပျော်ပါတယ် မေမေရဲ့"

မေမေက အုံ့ ရှုတ်နောက်နောက်လေး ပြောလျှင် မျက်စောင်းအသာထိုးရင်း ...





"အေးပါ ... အေးပါ။ ပျော်ပါ ကျေနပ်ပါ၊ ကိုယ့်သမီး အကြောင်း ကိုယ်သိပါတယ်နော်။ ဟိုက ဘာမှမစခင်တည်းက သူ့မှာ 'ကိုကို' 'ကိုကို'နဲ့ ပါးစပ်ဖျားက မချဘူး။ ငယ်ငယ်ကခေါ်တဲ့ 'ကိုကို'နဲ့ ကြီးမှခေါ်တဲ့ 'ကိုကို'ချင်း ဝေါဟာရတူပေမဲ့ အဓိပ္ပာယ်မတူတော့ဘူးဆိုတာ မေမေတ အကဲခတ်တတ်ပါတယ်နော်"

အုံ့က ရှက်ပြီး တဟင်းဟင်း ရယ်နေမိသည်။ ညဘက်ပွဲမှာ ဝတ်ရမဲ့ ဝတ်စုံအသစ်လေး ဝတ်ဖြီးသောအခါ အုံ့သည် သွားခါနီးကျမှ မေမေ့ကို ပြောပြချင်သွားတာနဲ့ အမှတ်မထင် ပြောလိုက်မိသည်မှာတော့ ကိုကို့ရဲ့ ညကအိပ်မက်ဆိုးအကြောင်းပဲ ဖြစ်လေသည်။

"မေမေ ... ပြောရဦးမယ် သိလား။ ကိုကိုကလေ ဘာမှန်းလဲမသိဘူး။ ညက သူ့အိပ်မက်ထဲမှာ အုံ့က သေသွားရတယ်လို့ မက်တယ်ဆိုပြီး ဒီနေ့ သူ တော်တော်စိတ်မကောင်း ဖြစ်နေတယ်၊ ဒီနေ့ တစ်နေ့လုံး သူ့အိပ်မက်ထဲမှာ မြင်ထားသလိုတွေပဲ၊ မိုးလင်းကတည်းကစ,မြင်တယ်ဆိုပြီး အယူသီးပြီး အုံ့ ဒီညဆယ်နာရီခွဲမှာ သေရမယ်လို့ သူ ထင်ကို ထင်နေပုံရတယ်၊ အဲဒါ တကယ်များလား ဟင်"

www.burmeseclassic.com



"ဟယ် ... ဘယ်လိုကြီးပါလိမ့်၊ သေမှာပဲ အချိန်အတိအကျ တောင် သိတဲ့အထိ သူ့အိပ်မက်က သေချာလှချည်လား"

မေမေက မယုံသလိုဖြင့် ရေရွတ်သည်။ အုံ့ကို ကျောင်းအထိ ကားမောင်းလိုက်ပို့ပေးဖို့ ကားသော့ကိုင်နေသော ဖေဖေကတော့ ပိုပြီးမယုံဘဲ ရယ်လိုက်ကာ ...

"ဒီကောင့်လိုမျိုး သေချာတိကျတဲ့ အိပ်မက်မျိုး မက်ချင် စမ်းပါ့ကွာ။ ဖေဖေ မက်ချင်တဲ့ အိပ်မက်မျိုးကတော့ ငါ ကြိုက်တဲ့နှစ်သင်း ကန်ရင် ဘယ်အသင်းနိုင်မလဲပဲ မက် ချင်တယ်။ 1st half (ဖတ်(စ)ဟပ်(ဖ))မှာ ဘယ်အသင်းက အရင်စသွင်းမလဲ။ 2nd half (စက္ကင်းဟပ်(ဖ))မှာ ဘယ်သူက ပြန်ချေမလဲတွေ အတိအကျ အချိန်ပါ ထည့်မက်တာမျိုး အိပ်မက်, မက်ချင်ပါရဲ့ကွာ ... ဟား ဟား ဟား"

ဖေဖေကလည်း မြန်မာလူမျိုး ပီသစွာ ဘောလုံးပွဲ ဝါသနာကြီးလျက် ဘောလုံးအကြောင်းတွေသာ ထည့်ပြောတတ် သည်။

"သူ့အိပ်မက်က ဘယ်လောက်ထိ စင်းလဲဆိုတော့ သူက အုံ့ ညက တကယ်ပဲ သေပြီးပြီ ထင်နေတာတဲ့။ မနက်ကျ အုံ့ တံခါးသွားခေါက်တော့ သူ့ကို သရဲလာခြောက်တယ် ထင်ပြီး လန့်နေသတဲ့လေ"





"ဟာ ... ဒီကောင် ဆရာဝန်ဖြစ်ပြီးတော့ သရဲကြောက်ရ သလား"

"အလကားပါ သမီးရယ်၊ မောင်နက်ရှိုင်းလည်း အလုပ်ကိစ္စ တွေ အတွေးလွန်၊ စိတ်အပင်ပန်းလွန်ပြီး သွေးလေချောက် ချားပြီး ပေါက်ကရအိပ်မက်တွေ မက်တာဖြစ်မှာပါ။ မယုံ ပါနဲ့။ အုံ့လည်း မကြောက်နဲ့နော်"

ဖေဖေရော မေမေပါ အယုံအကြည်မရှိဘဲ အုံ့ကို ဝိုင်းနှစ်သိမ့်နေသေးလေသည်။

"အုံ့လည်း မယုံပါဘူး၊ သူတို့မိသားစုကတော့ သိတယ် မဟုတ်လား၊ အယူခပ်သီးသီးတွေလေ၊ ဒီတော့ ကိုကို့မှာ လည်း အဲဒီစိတ်က နည်းနည်းပါနေတာပါ"

"ဟုတ်တယ် ... ဟုတ်တယ်၊ သူ့အဖေအမေတွေလည်း သား မင်္ဂလာဆောင်မှာကိုပဲ တွက်လိုက် ချက်လိုက် ရက်တွေရွေးလိုက်ရတာလေ။ မိန်းကလေးရှင်ကတောင် အဲဒီလောက် စိတ်မပူရဘူး။ ဖေဖေကတော့ မင်္ဂလာရှိတဲ့ ကိစ္စ လုပ်တာပဲ၊ နေ့တွေ ရက်တွေ ရှောင်စရာမလိုပါဘူး လို့ ယူဆတဲ့လူ၊ သူတို့ကတော့ မဟုတ်ဘူး။ ဒီရက်ဆို ဒီရက်မှ ဒီဂဏန်းဆို ဒီဂဏန်းမှ အစွဲအလမ်းလည်း ရှိ သေးတာ"



www.burmeseclassic.com

www.burmeseclassic.com



"အုံက အရောင်တွေ စိတ်ကြိုက်ရွေးဝယ်တာကို အမေဖြစ်ပြီး မပြောဘူး၊ မဆုံးမဘူး၊ မတားမြစ်ဘူး ဆိုပြီး မေမေ့ကိုလည်း မမွန်က မကြည်ဘူးလေ။ သူက မင်္ဂလာအရောင်ဆို အဖြူ၊ အဝါ၊ ပန်းရောင်ပဲ စိတ်ထဲရှိတာတဲ့။ အုံက ခရမ်းတွေ၊ အစိမ်းတွေ၊ ကြက်သွေးရောင်တွေ လုပ်ချနေတော့ မမွန်နဲ့လည်း တခြိမ်းခြိမ်း ချနေရပြီ မဟုတ်လား"

"ကဲ ... ကဲ ... အတင်းပြောတာလည်းပြော။ သမီးပြန်လာမှ ပြောကြပေါ့။ သမီးပွဲ အချိန်နီးနေပြီ မဟုတ်လား၊ သွားရအောင်"

ဖေဖေက စကားဖြတ်ခိုင်းတော့မှပဲ အုံလည်း မေမေနဲ့ ကိုကိုတို့ မိသားစုတွေ အယူသီးကြတဲ့အကြောင်း အတင်းပြောမိရာမှ စကားပြတ်ရတော့လေသည်။

အုံ ကိုယ်တိုင် သိပ်အစိုးရိမ်ကြီး၊ အကြောက်ကြီး မဖြစ်ခဲ့သော ကိုကို့ရဲ့ အိပ်မက်ဆိုးကို အုံ့မိဘတွေကပါ ကြားပြီး သိပ်မယုံကြပါဘူး ဆိုတာများ ကိုကို ကြားလျှင် ဘာပြောမလဲတော့ မသိ။

❤ ❀ ❤





## ၁၅

ရုံးရောက်သွားသောအခါ လွင်ဦး ရုံးခန်းထဲသာ တန်းဝင်သွားလိုက်သည်။ လွင်ဦးနှင့်အတူ သူ့ရဲ့စက္ကတေရီ ဒေါ်သီရိရော၊ နက်ရှိုင်း၏ စက္ကတေရီ ဒေါ်မိမိပါ မပြန်သေးဘဲ အလုပ်တစ်ပုံကို ဝိုင်းဝန်းဖြေရှင်းနေသော မြင်ကွင်းကို တွေ့ရတော့ နက်ရှိုင်း အားနာသွားသည်။ မကြာမီရက်မှာပဲ ဗန်ကောက်သွားပေးရမည့်ကိစ္စလည်း ရှိတာမို့ ဘာပဲဖြစ်ဖြစ် နက်ရှိုင်းနဲ့လွင်ဦးတို့အတွက် ပြင်ဆင်စရာ၊ ဆွေးနွေးစရာ၊ ဖြေရှင်းထားစရာတွေကလည်း အပြတ်ဖြတ်စရာရှိ၊ ဖြတ်ရမှာပင်။ နက်ရှိုင်းက ဒီနေ့လိုကြီးကျမှ နေ့တစ်ဝက်ကြီး ချက်ချင်း ကောက်ကာငင်ကာ ထပြီး ခွင့်ယူသွားသဖြင့် အလုပ်တွေ မပြီးမပြတ်တာတွေ၊ ကမောက်ကမတွေ ဖြစ်ကုန်တာတော့ သေချာသည်။ အလုပ်မှ ခွင့်လည်းယူခဲ့



www.burmeseclassic.com

www.burmeseclassic.com



လုပြီး ဒီအလုပ်ကိုပင် စိတ်ဝင်တစား အားကြိုးမာန်တက် လုပ်တတ်သော နက်ရှိုင်းက ရှားရှားပါးပါး ခွင့်နေ့တစ်ဝက်တင်တော့လည်း ဘယ်လူကြီးကမှ အကန့်အကွက်၊ အမေးအမြန်း မရှိဘဲ အသာတကြည် ခွင့်ပေးခဲ့ပါသည်။ သို့သော် ထိုသို့ကြိုတင်မပြောမဆို ခွင့်ယူလိုက်ခြင်းက နက်ရှိုင်းနဲ့အတူတူ တွဲဖက်အလုပ်လုပ်ကြရသော သူတွေ ပိုပြီး အလုပ်တာဝန်ပိ,စေဖို့ ဖန်တီးပေးလိုက်သလို ဖြစ်သွားပါသည်။

"ဟာ ... အလုပ်တွေ တော်တော်များကုန်ကြလား၊ ဒေါ်မိမိရော၊ ဒေါ်သီရိရော ဆောရီးဗျာ၊ အားနာလိုက်တာ၊ အန်တီတို့က အိမ်မှာလည်း မိသားစုတွေနဲ့ဆိုတော့ ရုံးက ငါးနာရီဆင်းရင် ချက်ချင်း အိမ်ပြန်ချင်ကြမှာပဲ။ အခုတော့ ကျွန်တော့်ကြောင့် အချိန်ပို နေပေးနေရပြီ၊ မဖြစ်ဘူး ကျွန်တော် အထက်လူကြီးတွေကို ပြောပေးမယ်။ ဒေါ်မိမိတို့နှစ်ယောက် အချိန်ပို နေပေးတဲ့အတွက် အိုဗာတိုင်ကြေးရဖို့ ပြောပေးမယ်"

ဒေါ်မိမိကတော့ နက်ရှိုင်းလူမို့ ...

"ကိုနက်ရှိုင်းက ကျွန်မကို အမြဲစောစောပြန်ခိုင်းပြီး အလုပ်လုပ်ပေးနေကျလေ။ ဒီတစ်ခါတော့ ကျွန်မ ပြန်အကြွေးဆပ်တဲ့ သဘောပါပဲ။ နာရီဝက်တော့ ပိုနေနိုင်ပါတယ်"





ဟု ဖြိုးဖြိုးရယ်ရယ် တုံ့ပြန်လေသည်။

ဒေါ်သီရိကတော့ ခေါင်းနည်းနည်း ရှုပ်နေဟန်ဖြင့် ...

"ငါးနာရီခွဲရင်တော့ ပြန်မယ်လို့ ကိုလွင်ဦးကို ခွင့်တောင်းထားလိုက်ပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မတို့ ဖယ်ရီလည်း မမီတော့ဘူးမို့ ဘတ်(စ)နဲ့ ပြန်ရမှာလေ။ ဘတ်(စ)က ဘယ်လောက်တောင် စောင့်ရမယ်မှန်း မသိဘူး။ အိမ်မှာ ကိုယ်စောစောလေး ပြန်မရောက်ရင် ညစာ မြန်မြန်ချက်မထားမိရင် ကလေးတွေက ဗိုက်ဟောင်းလောင်းနဲ့မို့ တွေ့ကရာတွေ ဝယ်စားထားရင် ပိုက်ဆံလည်းကုန်၊ သူတို့လည်း ရောဂါရမှာ၊ အဲဒါတွေ စိတ်ကပူရသေးတော့လေ"

ဟူ၍ သူမ၏ မိသားစုတာဝန်တွေအကြောင်း ညည်းညူ၍ ပြောပြနေပါသည်။

နက်ရှိုင်းလည်း အားနာသွားသဖြင့် ...

"ဒီလိုလုပ်ပါ၊ ငါးနာရီခွဲမှာ အားလုံး ပြန်ကြတာပေါ့။ ကျွန်တော်တို့ ဒေါ်မိမိရော ဒေါ်သီရိရော နှစ်ယောက်စလုံးကို ကျွန်တော့်ကားနဲ့ လိုက်ပို့ပေးပါ့မယ်"

လွင်ဦး တစ်ယောက်ကတော့ fax ပို့နေရခြင်းနဲ့ မအားလပ်သည်ဖြစ်ရာ နက်ရှိုင်းကိုပင် မနှုတ်ဆက်အားသေးပါ။ နက်ရှိုင်းလည်း လွင်ဦးနား သွားထိုင်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ဘာတွေ ထပ်ဝင်လာတာလဲ"

"အခု နောက်ဆုံးရက်ကနေစပြီး ပြီးခဲ့တဲ့ တစ်နှစ်အတွင်းက MMR နဲ့ IMR (maternal mortality rate) နဲ့ (infant mortality rate)တွေ အသစ်ထပ်ရေးခိုင်းတယ်။ DHF incidence နဲ့ GI incidence (dengue haemorragic fever incidence)နဲ့ (gastro-ingestinal tract incidence) အတွက် လုပ်ထားတဲ့ data မှာ ဒီ့ထက်တိကျတဲ့ အချိုးကို လိုချင်တယ် ပြောတယ်။ ကလေးပေမဲ့ 0-5 (zero to five) ကို တစ်အုပ်စု 5-10 (five to ten)ကို တစ်အုပ်စုနဲ့ 10-12 (ten to twelve) ကို တစ်အုပ်စုဆိုပြီး သုံးမျိုးရချင်တယ် ပြောလာတယ်၊ ရုံးဆင်းခါနီးလေးမှ ဇန်ကောက်ကဝင်လာတဲ့ fax တွေ ပြလာတာကွ"

နက်ရှိုင်းသည် စာတမ်းတစ်ပုံကြီးကို ကြည့်ရင်း မယုံနိုင်သလို ဖြစ်နေသည်။ သိပ်ကို တိကျလှပါလား။ ဒီလို ရုံးဆင်းချိန်လေးမှာကပ်ပြီး ဝင်လာမဲ့ fax ကအစ အဲဒီ fax မှာပါတဲ့ အကြောင်းအရာကအစ တူလှချည်လား။ ဒါဟာ လုံးဝအိပ်မက်မက်တာ မဖြစ်နိုင်တော့ဘူး။ ဒီနေ့ဖြစ်မဲ့ အဖြစ်အပျက်တွေကို တန်ခိုးရှိသော တစ်စုံတစ်ဦးက နက်ရှိုင်းကို ကြိုတင်သတိပေးလာတာမျိုးပင် ဖြစ်ဖို့များနေလေပြီ။





"နက်ရှိုင်း ဘာကြောင့်ကြည့်နေတာလဲ။ ဒီအချက်အလက်တွေကို ငါတို့ ဇန်ကောက်မသွားခင်မှာ ပြန်ရှာပြီး စာတမ်းပြန်ရေးဖို့ မိုပါ့မလား၊ အချိန်က သိပ်မကျန်တော့ဘူးနော်။ အခုပဲ ကြာသပတေးနေ့ ဖြစ်နေပြီ။ ကြားမှာ သောကြာ၊ စနေ၊ တနင်္ဂနွေ ရှိတယ်။ သောကြာ စနေမှာ ငါတို့အပြီးပြင်ဆင်ထားမှ တနင်္ဂနွေနေ့မှာ မင်းနဲ့ငါ တစ်နေကုန်တိုင်ပင်ပြီး ရေးလို့ရမှာ။ တနင်္လာမှာ ဘာမှလုပ်ချိန်မရတော့ဘူး၊ အင်္ဂါနေ့ဆို ငါတို့က သွားရပြီ"

"ဒီလို ဖြစ်လာမယ်လို့ ငါကြိုပြီး အိပ်မက်,မက်ထားခဲ့တယ်သိလား ... လွင်ဦး။ မင်းကို ငါ မနက်က ပြောပြတဲ့ အိပ်မက်ထဲမှာ ဒီဟာကအစ ပါတယ်။ ရုံးဆင်းခါနီးလေးမှာ ကပ်ဝင်လာလို့ ငါတို့ ဦးနှောက်ခြောက်ကြရတယ်ဆိုတာ ငါကြိုသိနေခဲ့တယ်။ ပြီးတော့ အံ့သြစရာကွာ၊ ဒီမှာပါတဲ့ data တွေ အသစ်ပြန်ရေးပြရမဲ့ ခေါင်းစဉ်ကအစ ငါအကုန်မြင်ပြီးသလိုလို ဖြစ်နေအောင် ငါအိပ်မက်ထဲမှာ မြင်ခဲ့တယ်"

လွင်ဦးက မျက်ခုံးကြီး ပင့်ပြရင်း "ဟုတ်လား"ဟု သိပ်စိတ်မဝင်စားသလို တုံ့ပြန်သည်။ သူ့ပုံစံက အလုပ်များရတဲ့ကြားထဲ ဒီကောင် ဘာတွေလာပြောနေမှန်း မသိဘူးလို့ ယူဆနေပုံပင်။



www.burmeseclassic.com

www.burmeseclassic.com



"အကယ်၍သာ ငါ့အိပ်မက် မှန်ခဲ့ရင် အဲ့လည်း ဒီည တကယ်သေသွားရင် ငါ ဘယ်လိုလုပ်ပြီး ဒီအလုပ်ကိစ္စတွေကို တာဝန်ယူနိုင်တော့မလဲ လွင်ဦးရာ"

"အဓိပ္ပာယ်မရှိတာတွေ ပြောမနေပါနဲ့ကွာ၊ ငါ မင်းကို သတိပေးထားသားပဲ။ ရွှေပိုးအုံ အဲဒီအချိန် အဲဒီနေရာမှာ သေရမယ်ဆိုရင် မင်း အဲဒီလိုမဖြစ်အောင် ရှောင်လိုက်ပေါ့လို့။ နေရာလွှဲလိုက်ရင် ဘာမှမဖြစ်ပါဘူး စိတ်ချ"

"မဖြစ်ချင်ပါဘူးကွာ။ ငါ ရှောင်နိုင်သလောက် ရှောင်မှာပါ။ ရှောင်လို့မရခဲ့ရင် သူသေရမဲ့နေရာမှာ ငါပဲအစားဝင်သေပေးလိုက်ချင်ပါတယ်"

"ဟော့ကောင် ... သေတော့ မသေလိုက်ပါနဲ့ကွာ၊ ငါတစ်ယောက်တည်း data တွေ မနိုင်မနင်းနဲ့ ဇန်ကောက်ကို သွားနေရပါဦးမယ်၊ ရက်နီးမှဆိုတော့ လူစားထိုးဖို့လည်း ရှာလို့လွယ်မယ် မထင်ဘူး"

လွင်ဦးက ရယ်မောရင်း ပြောသည်။ နာရီကြည့်လိုက်တော့ ငါးနာရီခွဲနေပြီဖြစ်ရာ ...

"ကဲ ... ကဲ ... အလုပ်တွေ လက်စသတ်လိုက်ကြပါ။ ဒေါ်မိမိနဲ့ ဒေါ်သီရိ ငါးနာရီခွဲနေပြီ၊ မနက်ဖြန် မနက်ကျမှပဲ ဖြေရှင်းကြတာပေါ့"





ဟု စက္ကတေရိုကြီး နှစ်ယောက်တို့ အလိုက်တသိပင် ပြန်ကြဖို့ ပြောပေးလိုက်သည်။

"လွင်ဦး ... မင်းလည်း ပြန်လိုက်ပါ။ ငါ့ကို ဒီဘက်က အပုံ ပေးလိုက်။ ငါ အဲဒါယူလုပ်မယ်"

"ဟင် ... ဒါဖြင့် ငါက MMR နဲ့ IMR ပဲလုပ်ရမှာပေါ့"

"ရပါတယ်၊ DHF နဲ့ GI ကိစ္စ ငါ ပိုင်ပါတယ်၊ ငါရှင်းပါ့မယ်"

လွင်ဦးကို ပေးလိုက်သော စာတမ်းမှာ မြန်မာပြည်တွင် ပြီးခဲ့သည့် တစ်နှစ်အတွင်း ဖြစ်ပွားခဲ့သော မိခင်နှင့် တစ်နှစ်အောက်ကလေး အဆုံးအရှုံး ဖြစ်ပွားနှုန်းအချို့ကို သုတေသနလုပ်ပေးမည့်စာတမ်း ဖြစ်ပါသည်။

နက်ရှိုင်း ယူလိုက်သော စာတမ်းမှာ သွေးလွန်တုပ်ကွေး ဖြစ်ပွားနှုန်းနှင့် အစာအိမ်အူလမ်းကြောင်းရောဂါဟု လွယ်လွယ်ခေါ်လိုက်သော ရောဂါပေမဲ့ အမှန်မှာ ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားနှုန်းတို့ကို အသက်အပိုင်းအခြားအလိုက် မွေးစမှ ငါးနှစ်အတွင်း၊ ငါးနှစ်မှ ဆယ်နှစ်အတွင်းနှင့် ဆယ်နှစ်မှ ဆယ့်နှစ်နှစ်အတွင်းဟု ခွဲခြားပြီး data (အချက်အလက်)ကောက်ယူကာ သုတေသနစာတမ်း ရေးပေးရမှာ ဖြစ်ပါသည်။ နက်ရှိုင်း ရေးရမှာ များနေသဖြင့် လွင်ဦးက အားနာသလို ပြောတာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်း အိပ်မက်ထဲမှာရော ဒီလိုပဲလား"

လွင်ဦးက ကွန်ပျူတာပိတ်၊ ပစ္စည်းတွေ ကောက်သိမ်းရင်း ရယ်သလို မောသလို မေးပြန်သည်။

"ဘာလဲ ... DHF နဲ့ GI ပဲ ငါယူတာကိုလား"

"အိပ်မက်ထဲမှာ မင်းကို DHF နဲ့ GI ပေးပြီး ငါက MMR နဲ့ IMR လုပ်တယ်ဆိုပြီး မက်ထားလို့ တမင် ပြောင်းပစ်လိုက်တာ"

"ဩော် ... ဒီလိုလား"

"အေးပေါ့၊ မင်းပဲ အိပ်မက်ထဲကအတိုင်း မဖြစ်အောင် ပြောင်းပစ်ဆို"

"ဒါဖြင့် မင်း ဒီနေ့ နေ့တစ်ဝက် ခွင့်ကောက်တင်ပြီး ပဲခူးထွက်သွားကျတော့ရော"

"အဲဒါလည်း အိပ်မက်ထဲမှာ မပါဘူး၊ ငါ တမင်ပြောင်းပစ်နေတာ"

"တွေ့လား ... ငါမပြောဘူးလား။ အိပ်မက်ဆိုတာ သွေးလေချောက်ချားလို့ မက်ချင်သလို မက်တာပါ၊ အိပ်မက်ထဲမှာ မြင်ထားတာကို အဖြစ်မခံဘဲ မင်းလျှောက်ပြီး ပြောင်းပစ်ရင် ရနေတာပဲ။ အဓိက,ကတော့ လူသာအဓိကပါကွာ၊ လူကိုယ်တိုင် ဝင်ပြောင်းရင် ရတာပဲ။ မင်းက အစိုးရိမ်ကြီးနေတာ"





"ကဲ ... မင်းပဲ ရုံးခန်းမီးတွေ ပိတ်ခဲ့ကွာ၊ ငါ ဟိုအဘွားကြီးနှစ်ယောက်ကို လိုက်ပို့လိုက်ဦးမယ်"

"မင်း အိပ်မက်ထဲမှာရော"

"ဘာလဲ ... မင်းကလည်း၊ တစ်ခုခုပြောတိုင်း မေးပြန်ပြီ"

လွင်ဦးက ထပ်မေးနေသဖြင့် နက်ရှိုင်းလည်း ရယ်ချင်သွားပြီး ပြန်မေးလိုက်ပါသည်။

"အိပ်မက်ထဲမှာရော စက္ကတေရီကြီး နှစ်ယောက်ကို လိုက်ပို့ရသေးလားလို့ပါ"

"ဟား ဟား ဟား ... မပို့ပါဘူးကွာ၊ မင်းကို ငါပြောသားပဲ။ အိပ်မက်ထဲကအတိုင်း မဖြစ်အောင် လိုက်ပြောင်းလဲပစ်နေတာပါကွာ"

လွင်ဦးကို ထားခဲ့ပြီး ဒေါ်မိမိတို့နောက် အပြေးလိုက်သွားခဲ့ပါသည်။ ဒေါ်မိမိနဲ့ ဒေါ်သီရိ နှစ်ဦးတွင် ဒေါ်မိမိကတော့ အားနာပြီး နက်ရှိုင်း လိုက်ပို့မှာစိုး၍ မြန်မြန်သွားနေပုံရသည်။ ဒေါ်သီရိကတော့ နက်ရှိုင်း ပို့မည်ပြောထား၍ မြန်မြန်မသွားချင်ဟန်ဖြင့် ခပ်မှန်မှန်သာ လျှောက်နေပါသည်။

ဒေါ်မိမိကတော့ အိမ်အမြန် ပြန်ရောက်စရာမလိုတာလည်း ပါပါသည်။ ဒေါ်မိမိမှာ အိမ်ထောင်ရှိသော်လည်း ကလေးမရှိသဖြင့် လင်မယားနှစ်ယောက်တည်းမို့ အိမ်စောစောပြန်ချက်



www.burmeseclassic.com

www.burmeseclassic.com



မထားနိုင်လည်း ပူစရာမလို။ ဒေါ်မိမိ ယောကျ်ားက အရင်ပြန်ရောက်လျှင် ထမင်းတော့ တစ်အိုးချက်ထားတတ်ပြီး ဒေါ်မိမိပြန်ရောက်လာမှ ဈေးကဝယ်လာသော ဟင်းလျာတွေ ကူချက်ပေးသည်ဟု သိထားပါသည်။ ဒါကြောင့် ဒေါ်မိမိမှာ အေးအေးဆေးဆေး ပြန်လို့ရနေသည်။ ဒေါ်သီရိမှာသာ သူမ,ပြောဆို ညည်းညူသလိုဆိုရင် ကလေးတွေလည်းရှိသောမိသားစုမို့ အမေပြန်လာမှ ချက်မှ ကလေးတွေ ထမင်းနဲ့ဟင်း စားရမည့်ပုံပင်။ ပြီးတော့ ဒေါ်သီရိ ယောကျ်ားကလည်း အချိန်မှန် အိမ်ပြန်ရသော ဝန်ထမ်းလည်း မဟုတ်။ အငှားကားမောင်းသူဟု သိထားသဖြင့် ကားသိမ်းမှပဲ အိမ်ပြန်လာပုံရသည်။ နက်ရှိုင်းကတော့ ကိုယ်ကဘဝမှာ အခက်အခဲတွေ သိပ်မကြုံရပေမဲ့ အားလုံးရဲ့ဘဝကို ကိုယ်ချင်းစာပြီး နားလည်ပေးထားကာ ဒေါ်သီရိကို ကူညီပေးလိုက်ဖို့ တွေးလာသည်။

သို့သော် နာရီကြည့်တော့လည်း အိပ်မက်ထဲကလိုပင် အုံ့ရဲ့ပွဲကို သွားရဖို့ အချိန်က တော်တော်ကို နီးကပ်နေလေပြီ။ နက်ရှိုင်း အရောက်နောက်ကျရင် အုံက နားတော့နားလည်ပေးမှာပါ။ ဘာလို့လဲဆိုတော့ နေ့ခင်း တစ်နေ့ခင်းလုံး အုံ့အနားမှာ ရှိနေပေးခဲ့ပြီး အုံမက်မောတောင့်တသော နက်ရှိုင်း၏ ချစ်ခင်ကြင်နာယုယမှုတွေကို အုံ ရခဲ့၍ ဖြစ်ပါသည်။ ဒီတော့ နောက်ကျရင်လည်း အုံ ဝမ်းနည်းအားငယ်နေမှာ မဟုတ်ပါဘူးလေ။





"ကိုနက်ရှိုင်း ကျွန်မကို လှည်းတန်းဈေးမှာပဲ ချပါ။ ကျွန်မ ဈေးဝယ်ပြီးမှ အိမ်ပြန်မှာပါ"

ဒေါ်မိမိက ကားပေါ်ထိုင်လာရင်း ပြောပါသည်။

"ဒေါ်သီရိကရော ဘယ်ဈေးမှာ ဆင်းမလဲ"

"ဈေးမဝင်နေတော့ပါဘူး ကိုနက်ရှိုင်းရယ်၊ အိမ်ဝဲတန်းပြန်တော့မယ်၊ အိမ်ရောက်မှ ခပ်မြန်မြန်ပဲ ပဲနီလေးဟင်းချိုချက် အထဲမှာ အာလူးရောပေါ့။ ငါးသလဲထိုးခြောက်လေးတွေ ဝယ်ထားတာရှိတော့ အဲဒါလေးတွေ ကြော်လိုက်ရင်နောက်ဟင်းတစ်ခွက် ရပြီလေ။ အိမ်မှာ ဘာလချောင်တို့၊ သရက်သီးသနပ်တို့လည်း ကျွန်မ အားတိုင်းလုပ်လုပ်ပြီးပုလင်းလေးတွေနဲ့ သိမ်းထားတော့ အဲဒါလေးတွေလည်း အရံဟင်းအဖြစ် စားလို့ရပါတယ်။ ဒါကြောင့် အခုလိုသိပ်နောက်ကျမှ ပြန်ရရင် ဟင်းစားဝယ်နေစရာ မလိုတော့ဘူး။ အိမ်ရောက်မှ ကောက်စီစဉ်ရုံပဲ"

"ဟာ ... တော်လိုက်တာဗျာ။ ချက်ချင်း ခေါင်းထဲမှာ ဟင်းအမယ်တွေ စီစဉ်လိုက်တာ၊ တော်တော် အဆင်ပြေတာပဲ။ ကျွန်တော်တောင် အဲဒါမျိုး စားချင်သွားပြီ"

နက်ရှိုင်း စိတ်ထဲမှာ တကယ်လည်း အဲဒီလို မြန်မာဆန်သော ထမင်းဝိုင်းကို သဘောကျသွားပြီး ပြောလိုက်မိတာဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကလေးတွေက စားကြတာပဲလား"

ဒေါ်မိမိက သိချင်ပြီး မေးတော့ ...

"ချေးများတဲ့ကောင်လည်း ပါတာပေါ့။ ဒါပေမဲ့ အမေပဲလေ ခြိမ်းခြောက်မာန်မဲပြီး ကျွေးတော့လည်း တစ်ပန်းကန်တော့ ဝင်သွားတာပဲပေါ့။ ကလေးဆိုတာက သိတဲ့အတိုင်းပဲ ဟင်းသေသေချာချာ ချက်မထားရင် မစားချင်ကြဘူးလေ။ အပြင်ထွက် ဝယ်စားတော့လည်း ပိုက်ဆံလည်း ကုန်သေး အဆင်မသင့်ရင် ဗိုက်နာတာက ဖြစ်လာသေးတာ မမိရဲ့။ ဒါကြောင့် အပြင်မှာ မစားစေချင်တာ"

"ကလေးရှိတာကမှ ဟုတ်သေးတယ်၊ ခြိမ်းခြောက်မာန်မဲပြီး ကျွေးလို့ရသေးတာနော်။ ကျွန်မအိမ်လူကတော့လေ ကလေးထက် ဆိုးသေး။ အမြဲတမ်း အသားဟင်းတစ်ခွက်။ အရည်သောက်လေးတစ်ခွက်၊ အကြော်လေးတစ်ခွက်ပါမှ စားဝင်တာလေ။ ဟင်းကောင်းကောင်း မချက်မိရင် ဗျစ်တောက် ဗျစ်တောက် ပြောရော၊ အပြင်မှာ သွားဝယ်စားလိုက်ပါဆိုလည်း မစားဘူး။ အိမ်က မိန်းမလက်ရာပဲ စားတယ်။ တစ်ခါတလေကျ တမင် လူကို ဗိုလ်ကျတယ် ထင်ပြီး ချက်မပေးချင်ဘူး"

"ဒါဆို အခုမချက်နဲ့လေ မမိရဲ့၊ အိမ်တစ်ခါတည်း တန်းပြန်ပေါ့၊ ဈေးဆင်းဝယ်မနေနဲ့ပေါ့"





"ဈေးဝယ်ဟင်းချက်ရလို့ ပင်ပန်းတာပဲ လက်ခံလိုက်တော့မယ် မသိရိုရယ်။ အိမ်ကလူ နားပူအောင် ဂျီတိုက်တာတော့ မခံတော့ပါဘူး"

အဘွားကြီးနှစ်ယောက်မှာ (အမှန်မှာ အသက်လေးဆယ်ပိုင်းတွေသာ ရှိသေးသော အသက်တွေပေမဲ့ နက်ရှိုင်းတို့လို အသက်သုံးဆယ်ပင် မပြည့်သေးသော လူငယ်တွေကတော့ ထိုသို့သာ ကွယ်ရာမှာ သုံးနှုန်းမိပါသည်) တစ်ယောက်အကြောင်း တစ်ယောက် ပြောကြရင်း ရယ်မောနေကြပါသည်။

"ကိုနက်ရှိုင်း ကြားပြီး အိမ်ထောင်ရေးကို စိတ်ကုန်နေပါဦးမယ်လေ"

ဒေါ်မိမိက ရယ်မောရင်း နက်ရှိုင်းကို လှမ်းပြောနေသည်။

နက်ရှိုင်း အသာရယ်နေရပေမဲ့ ဒီညမှာသာ အုံတကာယ်သေခဲ့ရင် ငါ့ရဲ့ဘဝမှာ အိမ်ထောင်ရေး ဆိုတာကို ထပ်စိတ်ကူးချင်ပါတော့မလားလို့လည်း ခေါင်းထဲမှာ တွေးနေမိသည်။

"ကိုနက်ရှိုင်းတို့လို အစစအရာရာ ပြည့်စုံပြီး နှစ်ဖက်မိဘကလည်း ချမ်းသာနေတဲ့ မိသားစုက,လာသူတွေမှာတော့ အိမ်ထောင်ရေး အခက်အခဲ မိသားစု အခက်အခဲတွေဆိုတာ သိပ်ကြုံရမယ် မထင်ပါဘူး။ နေ့တိုင်း ဘတ်စ်ကားတိုးစီးစရာ မလိုဘူး၊ နေ့စဉ် အိမ်သုံးစရိတ်ကို စိတ်ပူနေ



www.burmeseclassic.com

www.burmeseclassic.com



စရာ မလိုဘူး ဆိုရင်ပဲ အခက်အခဲတွေရဲ့ ရှစ်ဆယ်ရာခိုင်နှုန်းလောက် ဖြေရှင်းပြီးသား ဖြစ်နေပါပြီ”

ဒေါ်သီရိကတော့ နက်ရှိုင်းတို့ဘဝကို အားကျပြီး ပြောလိုက်သည်။ အခက်အခဲတွေ တစ်ရာ,ရာနှုန်းပြည့် ရှိရင်လည်း ရင်ဆိုင်လိုက်ချင်ပါရဲ့။ အခုလောလောဆယ် ဒီနေ့ည ဆယ်နာရီခွဲ ဆိုတဲ့ အခက်အခဲကို မကြုံခဲ့ရရင် ဘယ်လောက်ကြီးကျယ်တဲ့ အခက်အခဲကိုပဲဖြစ်ဖြစ် ရင်ဆိုင်ရဲပါတယ်လေ။

ဒေါ်မိမိကို လှည်းတန်းဈေးမှာ ချပြီးမှ ဒေါ်သီရိ နေထိုင်သော ရပ်ကွက်ကို ဆက်မောင်းလာပြီး အိမ်တိုင်ရာရောက် ပို့ပေး။ နာရီကြည့်လိုက်သောအခါ ခြောက်နာရီအတိ ဖြစ်နေပြီ။ အိမ်ပြန်၊ ရေအမြန်ချိုး၊ ကားမောင်း၊ ထွက်လာ အဲဒါဆိုရင် အုံ့ဆီ ခုနစ်နာရီထိုးခါနီးမှပဲ ရောက်တော့မည်။

ကိစ္စမရှိပါ။ အုံ့တို့ ခုနစ်နာရီထိုးမှသာ စပြီး တီးမှုတ်သီဆိုကြရမည်ဟု ကြိုမြင်ထားပြီးသောအိပ်မက်ကို ယုံကြည်သည်ဖြစ်ရာ အဲဒီအတိုင်း လက်ခံလိုက်ရုံပေါ့လေ။

မနက် ရှစ်နာရီကျော်ကတည်းက သော့ပိတ်ထားခဲ့သော အိမ်တံခါးကို သော့ဖွင့်ဝင်လိုက်ပါသည်။ ဒီည ဒီအိမ်ကို ပြန်လာဖြစ်ခဲ့ရင် ဘယ်လိုပုံစံနဲ့များ ပြန်လာရတာ ဖြစ်မလဲလို့ တစ်ချက်တော့ တွေးလိုက်မိပြန်ပါသည်။

❤ ✱ ❤





# အခန်း ၁၆

“ကိုကို ခုထိ ရောက်မလာသေးဘူး”

အုံ့သည် ပရိသတ်ဆီ အတွင်းခန်းမှ ချောင်းကြည့်ပြီး တစ်ယောက်တည်း ရေရွတ်လိုက်ပါသည်။ ကျောင်းဆင်း လက်မှတ်ပေးပွဲပင် ပြီးလုနီးနေပြီ။ မကြာမီ အုံ့တို့အဖွဲ့တွေ စင်မြင့်ပေါ် တက်ရတော့မည်။ ကိုကိုက ခုထိ ရောက်မလာသေး။ ဘယ်လိုလဲ ကိုကိုရယ်၊ နေ့ခင်းကတော့ အဖြစ်သည်းပြီး အလိုလိုက်ပြခဲ့ပြီး အခုညနေကျမှ အုံ့ကိစ္စကိုဆို အရေးမစိုက်တော့ဘဲ ရုံးအလုပ်တွေကို မဲနေပြန်ပြီလား။ ရုံးတစ်ခေါက် ပြန်သွားမယ် ဆိုကတည်းက သိဖို့ကောင်းနေပြီ။ ရုံးကိစ္စတွေ မပြတ်ရင် ကိုကိုက ဘယ်သူ့ကိုမှ ခေါင်းထဲ ထည့်တွေးတော့တာ မဟုတ်ဘူးလေ။



www.burmeseclassic.com

www.burmeseclassic.com



အုံသည် မျက်နှာလေးညှိုးလျက် တွေးနေစဉ် ယမင်းက သတိထားမိသွားပြီး ...

"ဘယ်လိုလဲ၊ ချစ်ကိုကိုကြီး ရောက်မလာသေးလို့ ငိုချင်နေပြီလား"

ဟု မေးတော့သည်။

"ပွဲက ခြောက်နာရီ စ,မှာ။ သူ ခြောက်နာရီခွဲလောက်တော့ ရောက်ဖို့ကောင်းတယ်"

"ငါကတောင် နင်တို့ အတူတူ ဒီလာမယ် ထင်နေတာ။ နေ့ခင်းက အဖြစ်သည်းပြီး အသည်းအသန်ပဲ လာခေါ်သွားလို့လေ။ ပဲခူးက အဘွားဆီ အတူတူ သွားမှတော့ အိမ်လည်း အတူတူပြန်ပြီး အတူတူ ဒီပြန်ထွက်လာမယ် ထင်ထားတာ"

"အဲဒီလို လုပ်မလို့ပါပဲ၊ သူ ငါ့အိမ်ရှေ့ရောက်မှ အလုပ်က သူ့သူငယ်ချင်း ကိုလွင်ဦး လှမ်းခေါ်လို့ ထွက်သွားရတယ်၊ အဲဒီထဲက ထင်တော့ ထင်သား။ အလုပ်ကိစ္စရောသွားရင် သူ ငါ့ဘက်က ကိစ္စတွေ မေ့သွားမယ်လို့လေ"

"ဒေါ်လာထောင်ကျော်ရတဲ့ အလုပ်ဆိုတော့လည်း တန်အောင် အခိုင်းခံရတာပေါ့ဟယ်၊ စိတ်မပူပါနဲ့ ကိုနက်ရှိုင်း အချိန်မီတော့ ရောက်လာမှာပါ"





"တစ်ခါတလေကျ ဘွားဘွားကြီးတို့ ကြီးကြီးတို့ ပြောသလိုပဲ၊ ကိုကို့ကို ရိုးရိုးဆေးကုတဲ့ ဆရာဝန်ပဲ လုပ်စေချင်တယ်၊ ဆေးရုံမှာလုပ်လည်း သူ့ဂျူတီချိန်အတိုင်းသွား။ ဂျူတီပြီးရင် အိမ်ပြန်။ ဆေးခန်းထိုင်လည်း ဆေးခန်းပိတ်ရင် အိမ်ပြန်၊ အဲဒါဆို သူ ဘယ်အချိန် ကိုယ့်အနားရောက်လာနိုင်မလဲ မှန်းလို့ရတာပေါ့။ အခုကျတော့ သူ့ကုမ္ပဏီအလုပ်ကြီးက လခကောင်းကောင်း ပေးထားရတယ်ဆိုပြီး အားတိုင်းလျှားတိုင်း ခေါ်ခိုင်းနေတာလေ။ သူတို့လို လခကောင်းတဲ့လူတွေကျ အချိန်ပို ဘယ်လောက်ပဲနေနေ အိုဗာတိုင်ကြေး ရတာမဟုတ်ဘူး။ ပိုက်ဆံမရရင် နေပါဟယ်၊ လူက အိမ်မှာနေရတယ်ကို မရှိလို့ သဘောမကျတာပါ"

"နင်ကမှ ရန်ကုန်တစ်မြို့တည်း အတူတူနေပြီး အိမ်ချင်းမနီးမဝေးမို့ တွေ့ချင်ရင် ပြေးတွေ့လို့ ရပါသေးတယ် အုံရယ်။ ငါတို့က ပင်လယ်ခြားနေတာ။ သူ ပြန်လာတဲ့အချိန်လေးပဲ တွေ့ရတာနော်"

"အဲဒီလိုဆိုလည်း တစ်မျိုးပေါ့။ သူ ဘယ်တော့ပြန်လာမယ်ဆိုတာ သိပြီး မျှော်နေကျမို့ နေသားကျသွားမှာပေါ့။ သူ အဝေးကြီး ရောက်နေလို့ မတွေ့ကြရတာပါလားဆိုပြီး ဖြေသာသေးတယ်လေ၊ အခုတော့ နီးရက်နဲ့ ဝေးနေတာ"



www.burmeseclassic.com

www.burmeseclassic.com



အုံသည် စိတ်ထဲမှာ ခံစားရတိုင်း ညည်းပြပြီးမှ ယမင်းကိုပြန်၍ အားနာသွားမိသည်။ ကိုယ်ကချည်း ညည်းနေတာ ယမင်းကတော့ အေးချမ်းတယ်။ အမြဲ နှားထောင်သမား၊ ဖျန်ဖြေရေးသမား။

"ဆောရီး ... ငါ နင့်ကို ညည်းပြနေမိပြီ"

"ရပါတယ်ဟဲ့၊ နင်နဲ့ ငါက အရင်းနှီးဆုံး သူငယ်ချင်းတွေပဲ"

"ယမင်းရယ် ... နင့်ကို ပြောရဦးမယ်ဟယ်၊ ကိုကို သူ့ဘာသာ အိပ်မက်,မက်ပြီး အယူသီးနေတဲ့ အကြောင်းလေ"

"ဟုတ်လား ... ဘာတဲ့လဲ"

"ဒီနေ့ဖြစ်မဲ့ အဖြစ်အပျက်ကို သူ ကြိုပြီး အိပ်မက်,မက်ထားတယ်တဲ့၊ မနက်မိုးလင်းကတည်းက စပြီးဖြစ်လာတဲ့ အဖြစ်အပျက်တွေဟာ သူ့အိပ်မက်ထဲကအတိုင်း ဖြစ်နေလို့ဆိုပြီး သူ အရမ်း အယူသီးပြီး ပူပန်နေတာ တစ်ခုတော့ ရှိနေတယ်"

အုံသည် အယုံအကြည်တော့ မရှိပေမဲ့ ယမင်းကို ပြောပြချင်လာသဖြင့် ပြောပြမိသည်။

"ဘာကို ပူပန်နေတာလဲ"

"ဒီည အုံ သေရမယ်တဲ့လေ"





"ဟယ် ... မဟုတ်က ဟုတ်ကတွေ"

"သူနဲ့ ဒင်နာအတူတူသွားစားရင်း အုံက စိတ်ကောက်ပြီး ကိုယ့်ဘာသာ တက္ကစီတက်စီးပြီး ပြန်တော့ အဲဒီ တက္ကစီက accident ဖြစ်လို့ အုံက သေသွားသတဲ့။ ကိုကိုက အတိအကျကို ယုံကြည်ပြီး တော်တော်လည်း ပူပန်နေတယ်"

"အိပ်မက်ထဲမှာ သေတယ်မက်ရင် အပြင်မှာ အရမ်းကို ကျန်းမာပြီး ပျော်ရွှင်နေရတတ်တယ်၊ အိပ်မက်ထဲမှာ ဝတ်ကောင်းစားလှတွေဝတ်ပြီး ပြုံးပျော်နေရင် အပြင်မှာတော့ နေမကောင်းဖြစ်ပြီး စိတ်ဆင်းရဲနေရတတ်တယ်ဆိုတဲ့ ပြောင်းပြန်အယူအဆကို မကြားဖူးဘူးလား"

"အုံလည်း ကိုကို့ကို ပြောပြပါတယ်၊ ဒါပေမဲ့ သူကပြောမရဘူး၊ အိပ်မက်ထဲမှာ ဖြစ်တဲ့ အသေးစိတ်ကအစ တူနေလို့ဆိုပြီး စိတ်ပူနေတယ်"

"ဘာတွေ တူနေလို့လဲ"

"ဒီနေ့မနက် အုံ့ အင်္ကျီလက်ရှည်အဖျားမှာ လက်ဖက်ရည်စက်တွေ စဉ်သွားလို့ ရေနည်းနည်းဆေးပြီး အခြောက်ခံရတယ်။ အဲဒီမှာ ဟဲဒရိုင်ယာနဲ့ပဲ အခြောက်ခံတော့ မထင်မှတ်ဘဲ လက်ကိုအပူဟပ်သွားတယ်ဟယ်။ အုံ အဲဒီ



www.burmeseclassic.com

www.burmeseclassic.com



လိုဖြစ်မယ်လို့ သူ ကြိုမက်ထားတယ်တဲ့။ ပြီးတော့ ... အင်း ... ဘာပါလိမ့် ... နောက်တစ်ခုက၊ အဲ ... ဟုတ်ပြီ သတိရပြီ။ အုံ ကျောင်းဝင်းထဲဝင်တော့ လူတစ်ယောက်နဲ့ ဝင်တိုက်တယ် ဆိုတာလည်း သူ့အိပ်မက်ထဲမှာ ကြိုမက် ထားတယ်တဲ့၊ ပြီးတော့ သူ့ဘက်က အပိုင်းပေါ့၊ ရုံးမှာ ဖြစ်တဲ့ အဖြစ်အပျက်တွေကလည်း နည်းနည်းလေး ကွဲပြား တာကလွဲရင် အကုန်လုံး ဒါပြီးရင် ဒါဖြစ်မယ်လို့ သူ့ အိပ်မက်ထဲမှာ ကြိုမက်ပြီးသားတဲ့၊ ကဲ ... ဘယ်လောက် ထူးဆန်းလဲ"

ယမင်းက မျက်လုံးလေး ပြူးပြရင်း ...

"အတိအကျကြီးပါလား၊ ငါလည်း အဲဒီလို မက်ကြည့်ချင် လိုက်တာ။ ဒါမှ ဒီနေ့ ဘာတွေကြုံရမလဲ ဆိုတာ ကြိုသိ ပြီး ကြိုပြင်ဆင်ထားနိုင်မှာနော်"

ဟု ရယ်မောပြီး ပြောသည်။ ပြီးမှ ...

"အိပ်မက်ဆိုတာ စိတ်စွဲရင်လည်း မက်တာပဲ။ အိပ်မက် ထဲမှာ တွေ့ရတဲ့ အခြေခံတွေဟာ ကိုယ် နိစ္စဓူဝ လုပ်ကိုင် ကြုံတွေ့နေရတဲ့ အဖြစ်အပျက်တွေကိုပဲ အခြေခံပြီး မက် တာများတယ်တဲ့။ ငါ အဲဒီလို သိထားတာပဲ၊ ငါဆို အိပ် ခါနီး ကြည့်မိတဲ့ ရုပ်ရှင်ကားထဲကအတိုင်း ညကျစိတ်စွဲ





ပြီး မက်တော့တာ အကျင့်လို ဖြစ်လို့ ဟီ ဟီ၊ ညကဆို The Departed ဆိုတဲ့ကား ကြည့်ပြီး မက်လိုက်တဲ့ အိပ် မက်လေ။ ပြန်နိုးလာတော့တောင် အိပ်မက်ကို နှမြောနေ သေးတယ် သိလား"

"ဟုတ်လား ... ဘာဖြစ်လို့လဲ"

"ဟဲ့ ... အံ့ရဲ့ The Departed ကြည့်ရတာ တန်တယ်။ ကိုယ်ကြိုက်တဲ့ မင်းသားတွေ အကုန်တွေ့ရတယ်။ မင်းသား တွေကလည်း ချောလိုက်ကြတာ တော်လိုက်ကြတာလေ၊ မျက်တောင်,တောင် မခတ်ချင်ဘူး။ ကြည့်ရတာ မ,ဝလို့ Leonardo Dicaprio (လီယိုနာဒို ဒီကာပရီယို)လည်း ပါ တယ်၊ Matt Damon (မက်ထ်ဒေမွန်)လည်း ပါတယ်၊ Mark Wahlberg (မာ့(ခ)ဝါလ်ဘာ့(ခ်))လည်း ပါတယ်၊ Alec Baldwin (အဲလ်လီဘော်လ်ဒွင်)လည်း ပါတယ်၊ နောက် အဘိုးကြီးတွေပေမဲ့ အခုထိ ကြည့်ကောင်းတုန်း ချောတုန်းဖြစ်နေတဲ့ Martin sheen (မာတင်ရှင်း)တို့၊ Jack Nicholson (ဂျက်(ခ)နစ်ကိုလ်ဆင်)တို့လည်း ပါတယ်၊ ကြည့်ရတာ တစ်ကားတည်းနဲ့ကို တန်တယ်လေ၊ မင်းသား တွေ အကုန်လုံးကလည်း တော်လိုက်ကြတာ၊ အားလုံးထဲ မှာ ငါက လီယိုနာဒိုကို အသနားဆုံးပဲ၊ စိတ်တောင်

www.burmeseclassic.com



မကောင်းဘူး။ ဓာတ်လိုက် သေသွားလို့ သူ့ခမျာ FBI (အက်(ဖ)ဘီအိုင်)ယူနီဖောင်းနဲ့ တောင် ရှိုးသိပ်မပေးလိုက်ရဘူး။ လူဆိုးဂျပိုးလိုနေပြီး သေသွားရလို့”

ယမင်းက ရုပ်ရှင်သရဲဖြစ်ကာ ဘယ်ကားလေးက ဘယ်လိုကောင်းတယ်ဟု တသသ ပြောနေတတ်သူလည်း ဖြစ်သည်။

ယမင်းမို့ အိပ်မက်မက်ပြီဆိုရင် ဟောလိဝုဒ်ကမင်းသားတွေ မပါတာ မရှိ။ သူ့အိပ်မက်ထဲမှာ အမြဲပါကြောင်း အုံ ကြားဖူးနေကျ ဖြစ်ပါသည်။

“အဲဒီတော့ အိပ်မက်ထဲမှာ နင်က လီယိုနာဒိုနဲ့ တွဲရတယ်လို့ မက်ရောလား”

“ဟီ ဟီ ... ဒါပေါ့၊ လီယိုနာဒို သေတော့မယ်ဆိုတာ ကြိုသိလို့ အိပ်မက်ထဲမှာ သတိပေးနေတာတဲ့”

“ကိုကိုကကျတော့ အိပ်မက်ထဲမှာ အုံ သေတယ်ဆိုတာ ကြိုသိလို့ အပြင်မှာ တစ်ချိန်လုံး သတိပေးနေတာလေ”

“အယုံအကြည်တော့ မရှိပေမဲ့ တစ်ယောက်က သိပ်စိုးရိမ်နေရင်လည်း သူ ဖြစ်ချင်သလို လိုက်လျောပေးလိုက်ပေါ့ အုံရယ်”

အုံသည် ခပ်အက်အက် အသံဖြင့်ရယ်ရင်း ...





“လိုက်လျောပေးပါတယ်၊ အလိုက်သိပေးပါတယ် ယမင်းရယ်။ ကိုကို့အပေါ် အုံ ဘယ်လောက်ထိ နားလည်လိုက်လျောပေးခဲ့ရတယ်ဆိုတာ ယမင်း အသိဆုံးပါ”

အုံနဲ့ ယမင်း စကားပြောလို့ အဆုံးမှာပင် ကျောင်းအုပ်ဆရာကြီး Mr.Newman ၏ ကြေညာသံသဲ့သဲ့ကို ကြားလိုက်ရသဖြင့် အုံတို့အားလုံး စင်ပေါ်တက်ဖို့ အသင့်တန်းစီလိုက်ရတော့သည်။ အုံသည် ကလေးတွေကို တစ်ယောက်ချင်းစီ စီရပ်ခိုင်းရင်း အထပ်ထပ် မှာကြားပြီးပေမဲ့လည်း စိတ်မချနိုင်ဘဲ နောက်ဆုံးအကြိမ် ထပ်မှာနေသေးပြန်သည်။

“စင်ပေါ်ကို တစ်ယောက်ချင်း တက်မယ်နော်၊ တီချာအုံနဲ့ တီချာယမင်း အရင်ဆုံး တက်မယ်၊ သားတို့ သမီးတို့က နောက်ကနေ တစ်ယောက်ချင်း စနစ်တကျ လိုက်တက်လာမယ်။ မတိုးရဘူး။ အလောမကြီးရဘူး။ ကျော်မတက်ရဘူး။ ခလုတ်မတိုက်စေနဲ့။ ချော်လည်းမလဲစေနဲ့ သတိထားသွား။ ခလုတ်တိုက် ချော်လဲရင် တီချာတို့က ဆူမှာမဟုတ်ဘူး၊ ဒါပေမဲ့ သားတို့ သမီးတို့ပဲ စိတ်ထဲမှာ အရှက်ရပြီး အများတွေ ဆုက်ကြုံမှာစိုးလို့ ပြောတာနော်။ စင်ပေါ် တစ်ယောက်တက်နေတုန်း နောက်တစ်ယောက်က လက်နှစ်ပြန်အကွာလောက်မှာ ရပ်စောင့်ရမယ်။ အဲဒီတက်

www.burmeseclassic.com



သွားတဲ့လူဟာ စင်ရဲ့အလယ်မှာ ခဏရပ်ပြီး ပရိသတ်ကို အရိုအသေ အရင်ပေးရမယ်၊ ပြီးမှ ကိုယ့်နေရာကိုယ် မမေ့ဘဲ ဝင်ထိုင်ရမယ်နော်။ ဟုတ်ပြီလား။ အစဉ်အတိုင်း အ စပ်ထပ် ရှိဟာဖြယ် လုပ်ပြီးသား၊ မမှားစေနဲ့နော်"

အုံသည် ကလေးတွေကို မှာနေစဉ် ပရိသတ်ဘက် ချောင်းကြည့်လို့ရသော နေရာမှ တစ်ချက်ချောင်းကြည့်လိုက်မိပါသေးသည်။

အဲဒီအခါမှာတော့ အုံသည် မျက်လုံးတွေရော၊ နှုတ်ခမ်းတွေပါ ပြုံး၍သွားရတော့လေသည်။ အုံ့ရဲ့ ကိုကို့ကို လူတွေကြားထဲမှာ ထင်းထင်းကြီး ကိုးရိုးကားရား တိုးဝင်နေသော မြင်ကွင်းကို တွေ့လိုက်ရ၍ပင်။

ကိုကိုသည် သူ့အတွက်ရထားသော ခုံနံပါတ်ရှိရာကို ရောက်ဖို့ ရောက်နှင့်ပြီးသား၊ ထိုင်နှင့်ပြီးသား လူတွေကို ခေါင်းငုံ့ပြောလိုက်၊ တောင်းပန်လိုက် လုပ်ရင်း တိုးဝင်နေရလေသည်။ ကောင်းတယ် နောက်ကျတာကိုး။ ခုတော့ သူတစ်ယောက်တည်း လူကြည့်ခံရပြီ။ လူတွေကို တိုးဝင်လို့ အငြိုငြင်ခံရပြီ။ ပါးစပ်ကလည်း "ဆောရီး"တွေ ဘယ်နှခွန်းလောက်များ ရွတ်နေရသလဲ မသိဘူး။ ကြည့်ပါဦး ... လက်ထဲမှာလည်း ပန်းစည်းအကြီးကြီးနဲ့ လူက ကိုးရိုးကားရား ဖြစ်နေပြီ။ Tulips (ကျူးလစ်)





ပန်းပွင့် ပန်းရောင်လေးတွေချည်း ရှားရှားပါးပါး ဘယ်ကရှာဝယ်လာသလဲ မသိ။

အုံသည် ကိုကို့ကို မြင်လိုက်ရတော့မှ ပြုံးသွားလျှင် ယမင်းက အထာပေါက်ပြီး ...

"အခုမှ မြင်ဖူးတော့တယ်။ မှိုရတဲ့မျက်နှာဆိုတာ ဒီလိုမျိုးကိုး။ ဒီမျက်နှာနဲ့ ဆင်တူမှာပဲ ထင်တယ်၊ ဒီမျက်နှာကတော့ မှိုရတဲ့မျက်နှာ မဟုတ်ဘူး၊ ကျူးလစ်ပန်းရတဲ့မျက်နှာ၊ အင်း ... ကွာပါ ... ကွာပါ၊ ငါ့ကိုကိုကတော့လေ ဗန်ကောက်မှာ သင်္ဘောဆင်းပြီး ဒီကို လေယာဉ်နဲ့ပြန်လာရရင် အဲဒီမှာပေါတဲ့ သူတို့နိုင်ငံရဲ့ အထွတ်အမြတ်ထားတဲ့ Orchid (အောကစ်)တစ်စည်းလောက်တောင် သယ်မလာဘူး။ ဒီတစ်ခါ ပြန်လာမှ ဝယ်လာပေးဖို့ မှာလိုက်ရဦးမယ်"

ဟု အားကျ တတွတ်တွတ် ရပ်ပြောကာ စ,နောက်နေတော့သည်။

အုံနဲ့ ယမင်းတို့က ဦးဆောင်သော ဆရာမတွေပီပီ စင်ပေါ် အရင်ဆုံးတက်၊ ခါးညွတ် နှုတ်ဆက်ရပါသည်။ အုံသည် သူမရပ်ရမည့် နေရာမှာ သွားရပ်ပြီးမှ ကိုကို့ဆီ မသိမသာကြည့်ပြီး အသာပြုံးပြ၊ လက်ကလေး မသိမသာ ပြမိပါသည်။ ကိုကိုကတော့ ပြုံးကြည့်နေပေမဲ့ အသက်မပါသလိုပဲဟု အုံ ထင်မိသည်။

www.burmeseclassic.com



အင်း ... ကိုကိုက ဒီလိုပုံကြီး ဖြစ်နေမှာပေါ့လေ။ သူက သူ့အိပ်မက်ကို သိပ်စိုးရိမ်ပူပန်ပြီး တကယ်ဖြစ်လာမယ် ထင်ပြီး တွေးကြောက်နေတာကိုးလို့ အုံက နားလည်စွာ တွေးလျက် ကိုကို့ကိုပင် ပြန်သနားနေမိသေးသည်။

နက်ရှိုင်းသည် အုံ့ကိုတွေ့ရတော့ အုံသည် သူ့နောက်ကျသည့်အတွက် စိတ်ကောက်မနေဘဲ ပြုံးပြုံးရယ်ရယ် တွေ့ရသဖြင့် စိတ်အေးသွားပါသည်။

အိမ်ကထွက်တော့ အမှန်မှာ မြန်မြန်ရေချိုး၊ အဝတ်လဲပြီး ထွက်သဖြင့် ခြောက်နာရီတောင် မခွဲသေး။ အဲဒီကတန်းလာရင် အုံ့ဆီ ခြောက်နာရီခွဲတော့ ရောက်နိုင်သေးသည်။ ဒါပေမဲ့ စိတ်က ဘယ်လိုဖြစ်သည်မသိ။ ကားမောင်းလာရင်း အိပ်မက်ထဲမှာတော့ ပန်းစည်းဝယ်ပေးတယ်။ အဲဒီပန်းစည်းဆိုင်မှာရှိတဲ့ ဖန်စီကျောက်လေးနဲ့ လုပ်ထားတဲ့ ဟန်းချိန်းကို ဝယ်ပေးတယ်ဆိုတာ သတိရသွားသဖြင့် တကယ်ဟုတ်,မဟုတ် သိချင်လာသည်။

အိပ်မက်ထဲမှာ သွားဝယ်ခဲ့သည်ဟု မက်ထားသော Florist (ဖလောရစ်(စ))ဟုသာ ဆိုင်းဘုတ်တပ်ထားသည့် ဆိုင်လေး အဲဒီနေရာ၊ အဲဒီလမ်းမပေါ်မှာ ရှိ,မရှိ သိချင်လာသည်။ ပြီးတော့ ... အဲဒီဆိုင်မှာ အုံ့ကို အိပ်မက်ထဲမှာ ဝယ်ပေးခဲ့သော ရှန်ပိန်းခရစ်စတယ်လ်နဲ့ လုပ်ထားတဲ့ပုံမျိုးစုံ ထုဆစ်ထားတဲ့ ဟန်းချိန်းလေး ရှိသလား သိချင်လာသည်။





ဒါနဲ့ပဲ အိပ်မက်ထဲမှာ မက်ထားသော လမ်းဘက်ကားကို မောင်းမိသည်။ ဆိုင်ကို သိပ်မရှာရပါဘဲ တန်းတန်းမတ်မတ် တွေ့သောအခါ အံ့ဩမှုနှင့် ဆိုင်ထဲဝင်လာခဲ့မိသည်။ ဆိုင်မှာရောင်းနေသော မိန်းကလေးအစ အိပ်မက်ထဲကအတိုင်း တစ်ယောက်တည်း ဆိုင်ထိုင်နေသည်။ မှတ်မိသေးသည်။ နှုတ်ခမ်းကို ရဲနေအောင်ဆိုးထားသော အသားညိုညို မျက်လုံးဝိုင်းဝိုင်းနှင့် ဆိုင်ပိုင်ရှင်မိန်းကလေးသည် အိပ်မက်ထဲကအတိုင်း တစ်ပုံစံတည်း။

နက်ရှိုင်းသည် အိပ်မက်ထဲမှာ သူဝယ်ခဲ့သော အလှဆုံးပန်းစည်းကြီး ရှိသလားလို့ ရှာမိရာ အဲဒီပန်းစည်းကြီးကို တွေ့ရလျှင် ရင်ထဲမှာ ဒိုင်းခနဲပင် ဆောင့်ခုန်သွားပါသည်။ ခဏပင် ယူကိုင်ကြည့်လိုက်သေးသည်။

ဆိုင်ထိုင်သော မိန်းကလေးက ...

"ဦး အဲဒီပန်းစည်း ယူမလို့လား။ ယူမယ်ဆို ယူလိုက်နော်၊ အဲဒီပန်းစည်းက အရမ်းလှပြီး ဒီနေ့ လူကြိုက်သိပ်များနေလို့ အရမ်းလည်း ရောင်းရတယ်"

အိပ်မက်ထဲမှာလည်း ဒီလိုပဲ ပြောတယ်လို့ နက်ရှိုင်းမှတ်မိသွားပါသည်။

"မယူပါဘူး၊ ခဏကိုင်ကြည့်တာပါ၊ ဒါနဲ့ ဒီပန်းစည်းမျိုးကို မနေ့က ဒီလိုအချိန်မှာ ကျွန်တော် လာဝယ်မိသလားလို့ ဇဝေဇဝါ ဖြစ်နေတယ်၊ ညီမ မှတ်မိလား"



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးက နက်ရှိုင်းကို အူကြောင်ကြောင် ပြန်ကြည့်လေသည်။ ဘယ်လိုလူလဲ၊ စိတ်မမှန်ရဲ့လား ဆိုသော အကြည့်ပင်။ မနေ့က လုပ်ခဲ့တဲ့ အလုပ်တစ်ခုကို ဒီနေ့မမှတ်မိတဲ့လူ ခပ်ရှားရှားရယ်။ အရက်ကို လူမသိအောင် မူးရူးနေတဲ့လူကလွဲရင် သာမန်လူဆို မနေ့ကလုပ်ခဲ့တာတွေ ချက်ချင်းကြီး မေ့စရာ မရှိဘူးလေ။

နက်ရှိုင်းလည်း သူ့မေးခွန်းဟာ အဓိပ္ပာယ်မရှိမှန်း ချက်ချင်း သဘောပေါက်သွားပြီး ရယ်ရယ်မောမောလုပ်ကာ ...

"ဒီ ပန်းရောင်ကျူးလစ်(ပ)တွေပဲ ယူပါတော့မယ်။ ဒီပန်းစည်းကို ဒီနေ့ လူကြိုက်များပေမဲ့ ကျွန်တော် မကြိုက်ပါဘူး"

အမှန်တော့ အိပ်မက်ထဲကနဲ့ တူမှာစိုးလို့ ပြောင်းဝယ်လိုက်တာပါ။

ကောင်တာမှာငွေရှင်းနေစဉ် နက်ရှိုင်းသည် ရှိုးကေ့(စ)လေးထဲမှာ ပြထားသော ဖန်စီကျောက်နဲ့ လုပ်ထားသော လက်ဝတ်ရတနာလေးတွေကို မကြည့်ရဲရဲဖြင့် လှမ်းကြည့်မိပါသည်။ ဘုရား ... ဘုရား ... ရှန်ပိန်းခရစ်စတယ်လ်ကျောက်ရှိရင် ရှိပါ။ ဟန်းချိန်းတွေလည်း ရှိရင်ရှိပါ။ ဒါပေမဲ့ အုံ့ကို အိပ်မက်ထဲမှာ ဝယ်ပေးတဲ့ ပုံစံမျိုးလေးတော့ မရှိပါစေနဲ့။

နက်ရှိုင်း ဆုတောင်း မပြည့်ခဲ့ပါ။ ဟန်းချိန်းလေးတွေ ချိတ်ပြထားသော နေရာတွင် အုံ့ကို ဝယ်ပေးခဲ့သော ဂီတ





နုတ်(စ)များ ပုံဖော်ထားသော၊ အသည်းပုံလေးတွေ၊ ကြယ်ပွင့်လေးတွေပါသော ဟန်းချိန်းလေးက တကယ်ပဲ ရှိနေပါသည်။

"ဦး ... ဖန်စီတွေ ကြည့်မလို့လား။ ကြည့်ချင်ရင် ပြပေးလို့ ရတယ်နော်၊ မဝယ်လည်း ကြည့်လို့ရပါတယ်"

ဆိုင်ထိုင်မိန်းကလေးကလည်း အိပ်မက်ထဲကအတိုင်း သဘောကောင်းစွာပင် နက်ရှိုင်းကို စကားလမ်းကြောင်းပေးနေသည်။ ဝယ်မယ်ကွာ ဘာဖြစ်လဲ၊ အိပ်မက်ထဲကနဲ့ မတူတဲ့ ဖန်စီကျောက်ကို ဝယ်မယ်၊ အုံ့ကို လက်ဆောင်ပါ လွှဲပေးမယ်။ ပန်းစည်းလည်း ပုံစံလွှဲပေးမယ်၊ ကဲ ... ဒါဆို ဒီညဖြစ်မဲ့ အဖြစ်အပျက်လည်း လွဲသွားပါစေတော့။

"ကြည့်ပါဦး ... ဒါလေးတွေက အခုမှ အသစ်ဝင်လာတာလေ။ ကျောက်အလှလေးတွေပေမဲ့ စိန်အတုလို လက်လက်ကြီး မဟုတ်ဘူး။ ထူးခြားတဲ့ အရောင်လေးတွေလေ၊ ပန်းရောင်တို့၊ အနက်တို့၊ ကော်ဖီရောင်တို့၊ အညိုတို့၊ ရှန်ပိန်းရောင်တို့"

"နေ ... နေ ... ရှန်ပိန်းခရစ်စတယ်လ်ကို မပြနဲ့၊ မကြည့်ဘူး"

"ရှင် ... ဘာဖြစ်လို့လဲ၊ ခုတလောတော့ ရှန်ပိန်းခရစ်စတယ်လ်က hot ဖြစ်နေတယ်။ သိပ်ဝယ်ကြတာပဲ၊ အရောင်က ဆန်းတယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"ဆန်းပေမဲ့ ကျွန်တော် မကြိုက်ဘူး"

"ဩော် ... ဩော်"

"ဒါလေးက ဘာခေါ်လဲ"

"အဲဒါက ကနုကမာပါ ဦး။ ငွေနဲ့ ကွပ်ထားတာပါ။ အဲဒါ ကြည့်မလား"

ကနုကမာဟု သိရသော နည်းနည်း အဖြူညစ်သည့် အရောင်နဲ့ ဟန်းချိန်းလေးကို ငွေကြိုးလေးဖြင့် ဟန်းချိန်းလုပ်ထားသည်။ ကနုကမာလေးတွေကိုတော့ ငွေနဲ့ကွပ်ပြီး ပုံဖော်ထားပါသည်။ ပုံလေးတွေကတော့ ခေါင်းလောင်းလေးတွေ၊ အသည်းပုံလေးတွေ၊ ဖဲပြားလေးတွေနဲ့ လက်ဆောင်ထုပ်လေးတွေပုံ ဖြစ်နေပါသည်။

အိပ်မက်ထဲကနှင့် မတူသော ဒီဇိုင်းကို တမင်ရွေးဝယ်လိုက်ပြီးနောက် နာရီကြည့်လိုက်တော့ ခုနစ်နာရီထိုးခါနီးနေပြီမို့ တကာယ်ကို တက်သုတ်ရိုက်ကာ မောင်းလာရတော့တာ ဖြစ်ပါသည်။

နက်ရှိုင်းသည် ဧည့်ပရိသတ်ထဲ ဝင်ထိုင်လိုက်ပြီးသော အခါမှာတော့ ကျေနပ်ပီတိဖြစ်သလို ပြုံးပြနေသည့် အုံ့ကို ပြန်၍ပြုံးပြလိုက်ရပေမဲ့ ဒီည ပွဲအပြီးကို သူ့ရင်ထဲမှာ စိုးရွံ့နေခဲ့မိပါသည်။

❤ ❈ ❤





## အခန်း ၁၇

ပွဲပြီးသောအခါ နက်ရှိုင်း စင်နောက်ဘက်ကို ကလေးမိဘများနှင့်အတူ တိုးဝင်လာခဲ့သည်။ အချိန်က ရှစ်နာရီကျော်ကျော်လေးသာ ရှိသေးလေသည်။ အိပ်မက်ထဲမှာ ကြိုမြင်ထားသော မြင်ကွင်းအတိုင်းပင် အုံ့တို့၊ ယမင်းတို့နားမှာ တပည့်လေးတွေ ဝိုင်းနေပြီး သူတို့အတွေ့အကြုံကို ပြန်၍ စားမြုံ့ပြန်ပြောနေ၊ ဆိုနေကြသော မြင်ကွင်းကို တွေ့ရသည်။

အုံ့သည် နက်ရှိုင်းကို မြင်တော့ ...

"ကိုကို နောက်ကျလွန်းလို့ အုံ့မှာ မလာတော့ဘူးထင်ပြီး ယမင်းကိုတောင် တညည်းညည်း တညူညူ သွားပြောမိတယ် သိလား"

ဟု စ၍ပြောပြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



နက်ရှိုင်းကတော့ အိပ်မက်ထဲမှာ မြင်ထားသော ဖြိုးဖြိုး ဆိုသူ ကလေးလေးနှင့် သူ့အဖေ မုဆိုးဖိုလူကို အံ့သြသလို သတိထားကြည့်မိသည်။ ထိုသူကို သူ့အိပ်မက်ထဲမှာ စ,မြင်ဖူးထားတာ၊ အပြင်မှာဆို တစ်ခါမှကို မမြင်ဘူးသေး။ သို့သော် ထိုသူ့ပုံစံသည် နက်ရှိုင်း အိပ်မက်ထဲမှာ မြင်ထားသော ပုံစံအတိုင်း ဖြစ်နေသည်။

လူရည်သန့်ရှပ်ဖြစ်ပြီး ပိုက်ဆံချမ်းသာတဲ့ ယောကျ်ား တစ်ယောက်ပုံ ဖြစ်နေသော ထိုသူဟာ ဝတ်ထားသော အဝတ်အစားကအစ အိပ်မက်ထဲက အတိုင်းပင်။ Guy Laroche (ဂိုင်းလာရိုချီ)ရှပ်နက်ပြာရင့်နှင့် စတိုင်လ်ဘောင်းဘီ အနက်တို့ကို ရှူး(စ)နှင့် ကျနသပ်ရပ်စွာ ဝတ်ထားသော ထိုသူက နက်ရှိုင်းကို စူးစမ်း၍ ကြည့်နေလေသည်။

"ပန်းဆိုင် ဝင်မိနေလို့ပါ၊ ပြီးတော့ ရုံးကထွက်လာတော့လည်း စက္ကတေရီအဘွားကြီးနှစ်ယောက်ကို ကားကြုံခေါ်ပြီး ပြန်လိုက်ပို့ပေးလိုက်ရသေးတယ်။ သူတို့လည်း အိမ်ပြန်နောက်ကျတော့ ညည်းညူကုန်ကြတယ်လေ၊ ဒါကြောင့် လိုက်ပို့ပေးပြီးမှ ကိုကို အိမ်ပြန်ရေချိုး အဝတ်လဲပြီး ပြန်ထွက်တော့ အံ့ကို အောင်မြင်မှု အထိမ်းအမှတ်အနေနဲ့ ပန်းစည်းလေး လက်ဆောင်ပေးချင်လာလို့ ဝင်ဝယ်နေတာ





နဲ့ ဆိုတော့ ကြာသွားတယ်။ ဒါပေမဲ့ ကိုကို အံ့တို့စင်ပေါ် စ,တက်တက်ချင်း မီပါတယ်၊ အံ့ ကျေနပ်တယ် မဟုတ်လား"

"ကျေနပ်ပါတယ် ကိုကိုရယ်။ ပန်းတွေက လှလိုက်တာ။ ကျူးလစ်တွေ အံ့ ကြိုက်တယ်"

"အိမ်မှာ အလှထိုးရင် ထိုးပေါ့။ ဘုရားပန်းတော့ မတင်ပါနဲ့။ ဘုရားပန်း တင်ချင်ရင် မနက်စောစော လန်းလန်းဆန်းဆန်းရောင်းတဲ့ အချိန်ကျမှ ဝယ်တင်တာ ကောင်းတယ်နော်"

နက်ရှိုင်းတို့နှစ်ယောက် စကားပြောနေစဉ် ဖြိုးဖြိုး ဆိုသော ကလေးကတော့ တခြားကလေးတွေလို သူငယ်ချင်းတွေနဲ့ စကားပြောဖို့ နှုတ်ဆက်ဖို့ မစဉ်းစားပဲ အံ့အနားလာကပ်ကာ အံ့လက်ကို လာဆုပ်ကိုင် ဆွဲလှုပ်ရင်း ...

"တီချာအံ့ ... တီချာအံ့ ... ဒက်ဒီက ပြောတယ်၊ အခု ညဘက် သားတို့နဲ့အတူ ဒင်နာလိုက်စားပါလားတဲ့"

ဟု လာပြောပါသည်။ အဖေလုပ်သူကတော့ မနီးမဝေးလေးမှာရပ်ရင်း အခြေအနေကို စောင့်ကြည့်နေပုံရသည်။

ကလေးကို သင်လွှတ်လိုက်ပြီး လူပုံစံကျတော့ မအူမလည်လိုလို လုပ်ပြနေသဖြင့် နက်ရှိုင်း စိတ်ထဲမှာ ချဉ်သွား



www.burmeseclassic.com

www.burmeseclassic.com



ပါသည်။ လက်ထပ်ခါနီးဆဲဆဲ ရည်းစားကြီး ဘေးမှာရှိတာတောင် ကလေးဗန်းပြပြီး အချောင်ဝင်လုချင်တဲ့ကောင်။

အုံသည် ဖြိုးဖြိုးကလေးပင် ဖြိုးဖြိုး ပခုံးကို အသာဖက်လိုက်ကာ ...

"တီချာအုံ မလိုက်တော့ပါဘူး ဖြိုးဖြိုးရယ်၊ ဘာလို့လဲဆိုတော့ ဒီက ဦးဦးနဲ့ အိမ်ပြန်တော့မှာလေ"

"ဒက်ဒီက ပြောတယ်၊ ဦးဦးကိုပါ ဒင်နာဖိတ်တာပါတဲ့"

အံမယ် ... တယ်ဟုတ်ပါလား။ နက်ရှိုင်း မျက်ခုံးပင့်ပြရင်း ကလေးအဖေကို လှမ်းကြည့်လိုက်မိသည်။ ထိုသူက နက်ရှိုင်းကို နှုတ်ဆက်သလိုဖြင့် ခေါင်းဆတ်ပြရင်း ပြုံးလျက်ကြည့်နေလေသည်။

"ကျေးဇူးပါပဲကွာ မလိုက်တော့ပါဘူး။ ဦးဦးနဲ့ တီချာအုံလည်း အပြင်မှာ ဒင်နာသွားစားကြတော့မလို့ပါကွာ"

"ဖြိုးဖြိုးက တီချာအုံနဲ့ အတူတူ စားချင်လို့ပါ"

အုံသည် သူချစ်သော သံယောဇဉ်ရှိသော တပည့်လေးက တတွတ်တွတ် တောင်းဆိုသဖြင့် လိုက်လျောချင်ဟန်တူသည်။ နက်ရှိုင်းကို အကြံဉာဏ်တောင်းချင်ဟန်ဖြင့် မော့ကြည့်သည်။

"အုံ သွားချင်လို့လား"





"ကိုကို့ သဘောပါ"

"ကိုကို့သဘော ဆိုရင်တော့ကွာ၊ ကိုယ့်ရည်းစားကို ပေါ်တင်ကြီး ပိုးချင်နေတဲ့ ကလေးတစ်ယောက်အဖေ မုဆိုးဖိုကို မကြည်တာနဲ့ သူနဲ့အတူတူ ဒင်နာသွားမစားချင်ဘူး၊ အဲဒါ တကယ်ပြောတာ။ ဒါပေမဲ့ ကိုကိုက အုံ စိတ်ချမ်းသာစေချင်တယ်၊ အုံ ဒါလုပ်မယ်ဆိုရင် သဘောတူဖို့ စဉ်းစားထားတယ်"

ဟူသော စကားတို့ကိုတော့ အုံ့အနား တိုးတိုးကပ်ပြီး ပြောရတာ ဖြစ်ပါသည်။ ဖြိုးဖြိုး ကြားသွားလို့ မကောင်း၍ ဒီလိုပြောရတာ ဖြစ်သည်။ အုံက နက်ရှိုင်းပြောသည်ကို မျက်မှောင်လေးကုတ်ရင်း ...

"ကိုကိုကလည်း ဘာတွေပြောမှန်းလဲ မသိဘူး၊ ဟိုက ခင်မင်လို့ ခေါ်တာပါ။ ဘာလို့ အလိုလိုနေရင်း အမြင်မကြည်ရတာလဲ"

"မသိဘူးကွာ၊ အဲဒီလူကို ကိုကို သဘောမကျနိုင်ဘူး။ စာတ်မတည့်ဘူး ထင်တယ်၊ တချို့လူတွေ ရှိတယ်လေ၊ မြင်မြင်ချင်း သူနဲ့ကိုယ်လည်း မသိကျွမ်းဖူးဘဲနဲ့ အလိုလိုနေရင်း ကြည့်မရ ဖြစ်နေတာမျိုးလေ၊ သူနဲ့ ကိုကိုလည်း အဲဒီလို ဖြစ်နေတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ဒါဖြင့်လည်း မလိုက်တော့ဘူးလို့ အုံ ငြင်းလိုက်ပါ့မယ်"

အုံသည် ငြင်းရမှာ အားနာဟန်ဖြင့် ကလေးအဖေကို တစ်ချက်လှမ်းကြည့်ပြီးမှ ဖြိုးဖြိုးကို ငုံ့ကြည့်ရင်း ...

"သား ဖြိုးဖြိုး၊ တီချာအုံတို့ကို ဖိတ်တာ ကျေးဇူးတင်ပါတယ်။ ဒီတစ်ခါတော့ မလိုက်တော့ဘူးကွယ်၊ နောက်တစ်ခါကျမှ တာကယ်လိုက်စားမယ် သိလား၊ အဲဒီကျ အများကြီး စားမယ်နော်"

ဟု ကလေးကျေနပ်အောင် ချော့မော့နေသော အုံ့ကိုငေး၍ နက်ရှိုင်း ရင်ထဲမှာ ဝမ်းနည်းနေပြန်သည်။ အိပ်မက်အတိုင်းသာ ဖြစ်လာမယ်ဆိုရင် အုံ့အတွက် နောက်တစ်ခါဆိုတာ ရှိပါဦးတော့မလား မသိ။ အဲဒီလိုမျိုး မဖြစ်လာပါစေနဲ့ အုံရယ်။ အုံ့အတွက် မနက်ဖြန်တွေ၊ အနာဂတ်တွေ ဆက်ပြီးကြုံရပါစေ။

"ကဲ ... လာ ... လာ ... အုံ၊ ကျောင်းမှာ လူစုကွဲသလောက်တောင် ဖြစ်နေပြီ၊ သွားရင် ကောင်းမယ်"

အုံသည် သူလက်ကို ဆုပ်ကိုင်ထားဆဲဖြစ်သော ဖြိုးဖြိုး လက်လေးတွေကို စိတ်မကောင်းစွာ ဖြုတ်ချရင်း နက်ရှိုင်း ဆွဲခေါ်ရာနောက် အပြေးလိုက်လာခဲ့ရပါသည်။

"ဖြိုးဖြိုးရေ ... တီချာအုံ သွားပြီနော်"





အုံ လက်တပြပြလုပ်ရင်း နက်ရှိုင်း ကားတံခါးဖွင့်ပေးလိုက်ထားနှင့်ပြီဖြစ်သော ကားပေါ် အသံင့်ဝင်ထိုင်လိုက်ရပါသည်။ ကားကို မောင်းထွက်လာရင်းမှ နက်ရှိုင်း တဟားဟားရယ်သည်။

"ဟင် ... ကိုကို ဘာရယ်တာလဲ"

"ဟိုလူ့မျက်နှာကြီး အီးဆယ်ချက်မှန်ပြီး ကျန်ခဲ့လို့ကွ"

"အို ... ပေါက်ကရ မဟုတ်ပါဘူး။ သူ့ဘာသာ သူ့သားကို ချော့ပြီး ကျန်ခဲ့တာပါ"

"အုံ မသိဘူးနော်၊ ကိုကိုတို့က ယောကျ်ားချင်း အကဲခတ်လို့ရတယ်၊ သူက အုံ့ကို ချိန်နေတာကွ။ ကလေးဖန်းပြပြီး သူကပါ အုံ့အနား ကပ်ချင်နေတာ"

"မဖြစ်နိုင်ပါဘူး ကိုကိုရယ်။ အုံ့မှာ မကြာခင် လက်ထပ်ရတော့မဲ့ ချစ်သူရှိတယ်လို့ အားလုံး သိထားပါတယ်"

"သူက, ကလေးတစ်ယောက် အဖေကွ၊ အုံ့မှာ ချစ်သူပဲ ရှိဖူးခဲ့ ရှိဖူးခဲ့။ ယောကျ်ားပဲ ရှိဖူးခဲ့ ရှိဖူးခဲ့ပေါ့။ သူ့အတွက် ဘာမှနာစရာ မရှိဘူး။ အမိက,က သူ့သားနဲ့လည်း ရင်းနှီးပြီး သူ့သားကိုလည်း ချစ်တဲ့ မိန်းမတစ်ယောက် သူတို့သားအဖနှစ်ယောက်ရဲ့ ဘဝထဲကို ဝင်လာဖို့ အဓိကပဲလို့ သူ့စိတ်ထဲမှာ တွက်ထားတာ အုံရဲ့"

"ကိုကို သဝန်တိုနေပြီ"



www.burmeseclassic.com

www.burmeseclassic.com



"သဝန်တိုတာ မဟုတ်ဘူးကွ၊ စိတ်ထဲမှာ မခံချင်တာ။ သူ့လို ကလေးအဖေကြီးကများ ငါ့ရည်းစားကို မှန်းစရာ လားဆိုပြီး မခံချင်တာကွ။ ဥပမာကွာ အုံနဲ့ တန်းတူရည်တူ လူပျိုတစ်ယောက်က လာပိုးရင်တောင် ကိုကိုက ဒီလောက် စိတ်မဆိုးပါဘူး"

"ဘာဖြစ်လို့လဲ"

"အပျိုကို လူပျိုက ပိုးတာ သဘာဝကျတယ်လေ။ ဘာမှ မခံချင်စရာ မရှိဘူး။ ကလေးအဖေကြီးက အပျိုကိုလာပိုး မှ ဒေါသထွက်ပြီး ဆွဲထိုးချင်စရာကွ"

"ကဲပါ ... ကိုကိုရယ်၊ အုံ ရယ်ရလွန်းလို့ အူတွေတောင် နာလာပြီ"

နက်ရှိုင်းသည် အုံ စိတ်ကြည်လင် ပျော်ရွှင်ပြီး ရယ် မောစေရအောင် တမင် လျှောက်ပြောတာလည်း ဖြစ်သလို သူ ကိုယ်တိုင်လည်း သူစိုးရိမ်ထိတ်လန့်ခဲ့ရသော အချိန်တစ်ချိန် နီး ကပ်လာခြင်းကို မေ့ပျောက်လိုစေခြင်း အလို့ငှာ တမင်စိတ်ပြောင်း စေဖို့ စကားတွေ လျှောက်ပြောနေမိတာလည်း ဖြစ်ပါသည်။

"ကိုကို့ကို ဖြိုးဖြိုးတို့ သားအဖအကြောင်း အုံ တစ်ခါမှ မပြောပြပေမဲ့ ကိုကို သိနေခဲ့တယ်နော်။ ကိုကိုပြောတော့ အိပ်မက်ထဲမှာ သိခဲ့တာတဲ့၊ အဲဒါ တကယ်လားဟင်"





အုံသည် ထိုသို့ အစဖော် မေးလိုက်သဖြင့် နက်ရှိုင်း၏ အိပ်မက်ကို မေ့ထားချင်သောစိတ်တွေ မေ့လို့မရဘဲ ပြန်သတိ ရသွားစေသည်။ အုံကတော့ ဘာရယ်မဟုတ် သတိရသွားလို့မေး တာမျိုး ဖြစ်သည်။

"တကယ်ပါပဲ အုံရယ်။ အိပ်မက်ထဲမှာ မြင်ရတဲ့ပုံစံမျိုး၊ အဝတ်အစားမျိုးနဲ့ ဖြိုးဖြိုး အဖေကို အပြင်မှာ မြင်ရတော့ ကိုကို အံ့ဩမိတယ်၊ ကိုကို အဲဒီလူကို အရင်တုန်းကလည်း တစ်ခါမှ မတွေ့ဖူးဘူး၊ အခု တစ်ခါ ပထမဦးဆုံးအကြိမ် မြင်ဖူးတာပေမဲ့ သူ့ကို ကိုကို အိပ်မက်ထဲမှာ ကြိုပြီးမြင် ထားလို့ မြင်လိုက်တာနဲ့ ဒါ ဖြိုးဖြိုးအဖေပဲလို့ သိနေခဲ့တယ်"

"ကိုကို့ အိပ်မက်ကလည်း အံ့ဩစရာကြီးနော်"

"အဲဒါကြောင့် ကိုကို စိုးရိမ်နေတာပေါ့ အုံရယ်"

"ဒါဖြင့်လည်း အပြင်ထွက်မစားနဲ့တော့လေ၊ အိမ်ပြန်ကြ ရအောင်၊ အုံတို့အိမ်မှာပဲ ထမင်းစားပါလား"

"အဲဒီလောက်ကြီး ကြောက်မနေတော့ပါဘူး၊ ဒီလိုသာ ရှောင်နေရရင် ဒီပြဿနာဟာ ဒီနေ့တစ်နေ့တည်း ပြီးသွား ရင် ကောင်းရဲ့။ မပြီးခဲ့ရင် ရှောင်ရတဲ့လူက အရှုံးဖြစ် မယ်"

"ဟင် ... ကိုကိုပြောပုံကြီးကလည်း မနက်ဖြန်လည်း ဒါပဲ ဒါပဲ ပြန်ဖြစ်နေမယ်လို့ ယူဆနေတဲ့ သဘောလား"



www.burmeseclassic.com

www.burmeseclassic.com



"အုံ့ကို ကိုကို ဘယ်လိုပြောရမှန်း မသိဘူး၊ ကိုကို့စိတ်ထဲမှာကွာ။ အိပ်မက်,မက်ခဲ့တယ်လို့ကို မထင်ဘူး။ မနေ့က တကယ်ကြုံခဲ့ရပြီး ဒီနေ့မှာ ဒါတွေပဲ အသစ်ပြန်စပြီး သပ်ခါတလဲလဲ ဖြစ်နေတယ်လို့ ထင်နေတယ်၊ ကိုကို ညဘက်တစ်ခါ အိပ်ပျော်သွားပြီးရင် နောက်နေ့လည်း ဒီလိုပဲ ပြန်တစ်ပတ်လည်ပြီး ပြန်ဖြစ်လာဦးမယ်လို့ ထင်မိတယ်"

အုံ့သည် ကိုကို့ကို နားမလည်နိုင်တော့ပေ။ ကိုကို ဘာတွေ ဘယ်လိုအတွေးခေါင်ပြီး မဖြစ်နိုင်တာတွေ လျှောက်တွေးပြီး ပြောသလဲလို့ အုံ့ တကယ်ပဲ စဉ်းစားမရတော့ပါ။ မနေ့က အဖြစ်အပျက်ဟာ မနေ့ကပဲပေါ့။

မနေ့က ဖြစ်ခဲ့တာချည်း ဒီနေ့ ပြန်ပြန်ဖြစ်နေရမယ် ဆိုရင် အနာဂတ်ဟာ ဘယ်တော့မှ ရောက်မလာနိုင်တော့ဘူးပေါ့။

"ကိုကိုတို့ အဆင်မပြေဖြစ်ပြီး လမ်းခွဲခဲ့တဲ့ဆိုင်ဟာ ဒီဆိုင်ပဲ အုံ့။ ဒီဆိုင်မှာ မစားတော့ဘူးနော်။ သူနဲ့ဝေးတဲ့ တခြားဆိုင်မှာ သွားစားလိုက်မယ်။ Hopefully (ဟုပ်(ပ်)ဖူးလီး) မျှော်လင့်ရရင်ပေါ့လေ၊ ဆိုင်ပြောင်းလိုက်ပြီး ပြန်မဲ့လမ်းပါ ပြောင်းပစ်လိုက်တဲ့အတွက် ကိုကို မဖြစ်ချင်တဲ့ အဖြစ်ဆိုးကြီးကို ရှောင်နိုင်မယ် ထင်ပါရဲ့"

❤ ✻ ❤





## အခန်း ၁၈ ဝဲ့ဘ်

နက်ရှိုင်း စိတ်ကြိုက်ရွေးချယ်လိုက်သော စားသောက်ဆိုင်မှာ အတူဝင်ထိုင်လိုက်ကြသည်။ ထိုစားသောက်ဆိုင်မှာ အိပ်မက်ထဲမှာ တွေ့ရသော စားသောက်ဆိုင်နှင့် တော်တော်လှမ်းပြီး အပြန်လမ်းခြင်း တခြားစီ။ တကူးတကကြီး ကွေ့ပတ်မသွားဘူးဆိုရင် ဘယ်လိုမှ အဲဒီလမ်းကို ရောက်စရာ မရှိသော နေရာမျိုးကို ရွေးချယ်လိုက်မိပါသည်။

အုံ့ကတော့ ...

"မိုက်ဆာပြီ၊ ဘာမှာရမလဲ"

ဟု မီနူးကြည့်ပြီး နက်ရှိုင်းကို တိုင်ပင်သလို မေးနေပြီ။

"အုံ့ ကြိုက်တာမှာလေ"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး၊ ကိုကို့ အိပ်မက်ထဲမှာ အုံက ဘာတွေစားသလဲ၊ မှတ်မိလား သိချင်လို့ပါ"

"ဘာဖြစ်လို့လဲ"

"ကိုကို့အိပ်မက်ထဲကနဲ့ မတူအောင် လိုက်ပြောင်းလဲနေတာဆိုတော့ အုံက အဲဒီ အိပ်မက်ထဲကနဲ့ မတူတာကို မှာမှဖြစ်မယ်လေ"

နက်ရှိုင်း တစ်ချက်ရယ်လိုက်ရင်း ...

"မှာချင်တာ မှာပါကွာ၊ အသေးအဖွဲကအစ လိုက်ဂရုမစိုက်ချင်တော့ဘူး။ ကိုကို မှတ်မိပေမဲ့ အုံ့ကို မပြောပါဘူး။ အုံကြိုက်တာပဲ မှာလိုက်။ အစားအသောက်ကအစ လိုက်ပြောင်းလဲရမှာတော့ အဓိပ္ပာယ်သိပ်မရှိဘူးလို့ ထင်တယ်"

ဟူ၍ သူ့ဘာသာပင် ဒါကို သိပ်လက်ခံချင်သလိုဖြစ်လိုက် လက်မခံချင်သလိုဖြစ်လိုက် ဒွိဟစိတ်ဖြင့် ပြောမိသည်။

စားသောက်စရာများ မှာပြီး ရောက်မလာသေးခင်မှာပင် နက်ရှိုင်းသည် ဟန်းချိန်းထည့်သော ဘူးလေးကို ဘောင်းဘီအိတ်ထဲမှ အသာထုတ်လိုက်ပါသည်။

အိပ်မက်ထဲမှာတော့ အုံ့ကို မျက်စိမှိတ်ခိုင်းပြီးမှ အုံ့လက်ထဲ ထည့်ပေးတယ်ဆိုတာ သတိရသဖြင့် ဒီတစ်ခါတော့ မျက်စိမှိတ် မခိုင်းနေတော့ဘူးဟု တွေးလျက် ဘူးလေးကို ထုတ်ပြလိုက်သောအခါ အုံက စိတ်ဝင်တစား ကြည့်လေသည်။





"ဘာလဲ ကိုကို၊ အဲဒါက"

"အုံ့အတွက် လက်ဆောင်"

"ဘာအထိမ်းအမှတ်လဲ"

"ဒီည အုံ့ရဲ့အလုပ်တစ်ခု အောင်မြင်ခြင်း အထိမ်းအမှတ်ပေါ့၊ အုံက ဒီမြူးဇစ်တီချာအလုပ်ကို သိပ်ဝါသနာပါပြီး စိတ်ပါလက်ပါ လုပ်နေတဲ့သူလေ။ ဒီတော့ အုံ သင်ပေးတဲ့ ကျောင်းသားလေးတွေဟာ လူပုံအလယ်မှာ သူတို့ပညာကို ထင်ထင်ရှားရှား ပြခွင့်ရခြင်းဟာ သူတို့ကို သင်ကြားပေးတဲ့ဆရာမရဲ့ ကြိုးစားမှုရဲ့ အောင်မြင်ခြင်းပဲပေါ့"

အုံသည် သွားလေးတွေပေါ်အောင် ပြုံးလျက် ဘူးလေးကို စိတ်ဝင်တစား ဖွင့်ကြည့်လိုက်ပါသည်။

"ဟယ်"

အုံသည် အံ့သြဝမ်းသာသော အသံဖြင့် အော်လိုက်သည်။ ဟန်းချိန်းဖြူဖြူလေးက မီးရောင်အောက်မှာ အထင်းသားပေါ်နေသည်။ ငွေကြိုးလေးတွေက ခပ်လက်လက် ဖြစ်နေသည်။

"အုံက အုံ့ကို ဝယ်ပေးမဲ့ အမှတ်တရလက်ဆောင် ဆိုတာကို ဒီလို ဖန်စီပစ္စည်းလေးလို့ကို မထင်ဘူး"

"ဟုတ်တယ်၊ ကိုကို အုံ့ကို ရတနာပစ္စည်း အစစ်လေးတွေပဲ ဝယ်ပေးဖူးတယ်။ အုံ သိပ်ကြိုက်တဲ့ ဒီလိုဖန်စီလေးတွေ



www.burmeseclassic.com

www.burmeseclassic.com



တော တစ်ခါမှ ဝယ်မပေးမိဘူးလေ။ ဒါကြောင့် ဒီတစ်ခေါက်တော့ အုံ့ကို အလိုလိုက်ပြီး ဝယ်ပေးမယ်လို့ စိတ်ကူးမိတာနဲ့ ဝယ်လိုက်တယ်"

"ကိုကို ဝတ်ပေးမလား"

"ဝတ်ပေးမှာပေါ့၊ ပေး ... အုံ့လက် ဒီဘက်တိုး"

အုံသည် ဘယ်ဘက်လက်ကောက်ဝတ်ပေါ်တွင် ကိုကို ကိုယ်တိုင် သေချာစွာ ဝတ်ပေးသော ဟန်းချိန်းလေးကို ကြည်နူးသဘောကျလျက် ငေးကြည့်နေခဲ့သည်။

"အုံနဲ့ လိုက်တယ်နော် တွေ့လား။ အုံက လက်ကောက်ဝတ်လှတော့ ဟန်းချိန်းလေးတွေ၊ လက်ပတ်နာရီလေးတွေ ဝတ်ရင် သိပ်လိုက်တယ်"

"ဟန်းချိန်းလေးက ဘာပုံလေးတွေလဲ"

"ဒီမှာကြည့် ... ဒါက ခေါင်းလောင်းလေး၊ ဒါကတော့ အသည်းပုံ၊ ဒါက ကြယ်ပွင့်လေးတွေ၊ ဒါကတော့ ဖဲပြားလေး၊ ဒါက လက်ဆောင်ပစ္စည်းထုပ်လေး အုံရဲ့။ ပုံလေးတွေက လက်ရာမြောက်တယ်"

"ကံနကမာနဲ့ ပုံဖော်ရတော့ လက်ဝင်မှာပဲ၊ ပုံဖော်ထားတာလေးကို ငွေနဲ့ ဝတ်ထားတာ မဆိုးဘူး။ လှလည်းလှတယ်။ ဆန်းလည်း ဆန်းတယ်"





"အုံ ကြိုက်လား"

"ကြိုက်တာပေါ့ ကိုကိုရဲ့။ အုံက ဒီလိုတန်ဖိုးမရှိတဲ့ အလှပစ္စည်းလေးတွေ ဝယ်စုလွန်းလို့ မေမေနဲ့ အမြဲပြဿနာတက်နေရတဲ့သူပဲလေ။ ဒီလို အဆန်းအပြားပုံလေးရတော့ ပို ကြိုက်တာပေါ့။ ကိုကို ဘယ်လောက်တောင် ပေးခဲ့ရလဲ"

"မမေးနဲ့ ... မမေးနဲ့။ ကိုကို့ဘာသာတောင် ဒါလေးဝယ်ရတာ ဒီလောက်တောင် ပေးခဲ့ရသလားဆိုပြီး အံ့ဩနေလို့"

"နမြောနေတာလား"

"မနမြောပါဘူး၊ အုံ ကြိုက်တာကို ဝယ်ပေးလိုက်ရတာပဲလေ။ ဒါပေမဲ့ ကိုကို ကိုယ်တိုင်ဝယ်ဖူးသွားတော့မှ အုံ့မေမေ ဘာဖြစ်လို့ အုံ့ ဒါတွေတစ်ခါတစ်ခါ ဝယ်လာရင် ဆူသလဲဆိုတာ သဘောပေါက်တော့တယ်"

နက်ရှိုင်းသည် အုံ့လက်ကောက်ဝတ်တွင် ဝတ်ထားသော ဟန်းချိန်းလေးကို ကြည့်ရင်း ...

"အုံ့ဆီမှာ ရှန်ပိန်းခရစ်စတယ်လ်ဆိုတဲ့ ကျောက်နဲ့ခတ်ထားတဲ့ ဖန်စီဟန်းချိန်းလေးတစ်ခု ရှိလား"

ဟူ၍ အိပ်မက်ထဲမှာ သူပေးခဲ့ဖူးသော ပုံစံကို မြင်ယောင်ကာ မေးကြည့်မိလေသည်။

"ဟင် ... ကိုကို၊ ဘာဖြစ်လို့ မေးတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီ ရှန်ပိန်းခရစ်စတယ်လ်လေးတွေကိုကျ တေးဂီတ နုတ်(စ)တွေ၊ အသည်းပုံတွေ၊ ကြယ်လေးတွေ ပုံဖော်ထားတယ်လေ။ အနားကွပ်တာတော့ ငွေနဲ့ပဲ ကွပ်ထားတယ်၊ အုံ့မှာ အဲဒါမျိုး ရှိနေလား"

အုံ့သည် နက်ရှိုင်း မေးသည်ကို စူးစမ်းသလိုကြည့်လျက် ...

"ကိုကို ပြောတာနဲ့ အုံ့တောင် အဲဒီပုံမျိုးလေး လိုချင်လာပြီ။ အုံ့ဆီမှာ အဲဒါမျိုးလေး မရှိသေးပါဘူး၊ ဘာဖြစ်လို့လဲ ကိုကိုတွေ့လာလို့လား"

အုံ့က မေးသောအခါ နက်ရှိုင်းသည် အမှန်အတိုင်းသာ ပြောပြလိုက်ဖို့ စိတ်ကူးရှိနေပါသည်။

"ကိုကို တွေ့လာခဲ့တယ်၊ ဒါပေမဲ့ တမင်မဝယ်လာဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ကိုကို့အိပ်မက်ထဲမှာ ပေးခဲ့တဲ့ ဟန်းချိန်းက အဲဒီ ဟန်းချိန်း ဖြစ်နေလို့ပဲ"

"ဟင် ... ဘယ်လို"

"အိပ်မက်ထဲမှာ တွေ့ခဲ့တဲ့ ပန်းဆိုင်လေးကို တကယ်ရှိလား မရှိလား ဆိုပြီး ကိုကို သွားရှာမိတယ် အုံ့။ အုံ့ဩစရာပဲ အဲဒီဆိုင်က တကယ်ရှိနေတယ်၊ ပြီးတော့ အိပ်မက်ထဲမှာ အုံ့ကိုပေးခဲ့တဲ့ ပန်းစည်းလည်း အဲဒီဆိုင်မှာ ရှိနေတယ်၊





ဒါပေမဲ့ ကိုကို အဲဒီပန်းစည်းကို မဝယ်ဘဲ အခုဝယ်လာတဲ့ ကျူးလစ်ပန်းရောင် အစည်းကိုပဲ ပြောင်းဝယ်ခဲ့တယ်။ ပြီးတော့ အိပ်မက်ထဲမှာ အဲဒီဆိုင်ကပဲ အုံ့အတွက် ဖန်စီဟန်းချိန်းလေး ဝယ်လာတယ်လို့ မက်ခဲ့တယ်။ တကယ်လည်း အဲဒီပန်းဆိုင်မှာ ဖန်စီပစ္စည်းလေးတွေ ရောင်းနေခဲ့တယ်၊ ပြီးတော့ ခုနပြောသလိုပဲ အိပ်မက်ထဲမှာ အုံ့ကိုပေးခဲ့တယ်ဆိုတဲ့ ရှန်ပိန်းခရစ်စတယ်လ်နဲ့ လုပ်ထားတဲ့ ဟန်းချိန်းလေးလည်း ရှိနေတယ်။ ဒါကြောင့် အဲဒါကိုမဝယ်ဘဲ ဒီကနုကမာလေးကို ပြောင်းဝယ်လာတာပဲ။ အုံ့ သိပါတယ် ကိုကိုက လက်ဆောင်ပေးရင်သာ ပေးလိုက်မယ်။ အခုလို ပန်းစည်းဝယ်ပေးတာတွေ ဘာတွေ လုပ်လေ့မရှိဘူးလေ။ ဒါကြောင့် အဲဒီလိုဆိုင်တွေ ဝင်တောင်မဝင်ကြည့်ခဲ့ဖူးဘူး။ ဘယ်နေရာမှာ ဆိုင်ရှိတယ်ဆိုတာတောင် မသိဘူး။ ဒါပေမဲ့ အိပ်မက်ထဲမှာတော့ အတိအကျကို မြင်ပြီးသိနေသလိုကြီးမို့ အဲဒီထဲက အတိုင်း သွားခဲ့လိုက်တော့ တကယ်ရှိနေတယ်။ ဘယ်လောက် အံ့ဩစရာကောင်းလဲ အုံ့"

အုံ့သည် ကိုကို ဒီအကြောင်းအရာကြီးကို ခေါင်းထဲက ထုတ်လို့မရသေးပါလားလို့ တွေးမိကာ ကိုကို့ကိုသည်း ဘယ်လိုဖြေသိမ့်ရမှန်းပင် မသိတော့သလို ဖြစ်နေသည်။ ကိုကို



www.burmeseclassic.com

www.burmeseclassic.com



ပြောပုံတွေက အိပ်မက် မက်ခဲ့သည်လို့ကို မထင်ဘဲ မနေ့ကဖြစ်ခဲ့သည်ဟုပင် ထင်ယောင်ထင်မှား ဖြစ်နေပုံပင်။ မနေ့က အဖြစ်အပျက်ပဲ ဒီနေ့ ပြန်ဖြစ်နေတယ်ဟု ကိုကို စိုးရိမ်တကြီး တွေးနေတာဟာ တစ်ကယ်များလား။

နက်ရှိုင်းသည်လည်း သူ့ဘာသာ ရင်ထဲ မျိုသိပ်မထားနိုင်၍ ပြောပြမိပြီးမှ အုံပါ ငေးငိုင်သွားတာတွေ့ရလျှင် ...

"ဆောရီး ... ဆောရီး အုံ။ ကိုကို အရှုးထပြီး လျှောက်ပြောနေတာတွေ စိတ်ထဲမှာ မထွေးနေပါနဲ့၊ ဒါတွေပြီးသွားမှာပါ။ ဒီနေ့ကို ကျော်ဖြတ်လို့ ရသွားရင် အားလုံးပြီးသွားမှာပါ။ တကယ်ဖြစ်မှာ မဟုတ်ပါဘူး။ အိပ်မက်ကသိမ်ပြီး စင်းလွန်းလို့ပါ။ ဘယ်လိုပြောမလဲ၊ ရုပ်ရှင်တွေထဲမှာမြင်ရသလို Virtual Reality (ဗာကျူရယ်လ်ရီရယ်(လ်)တီး) ဖြစ်နေတာပါ။ တကယ့် အစစ်လို မြင်နေမိတာပါ"

"ရပါတယ် ကိုကိုရဲ့။ အုံ့ကို မနှစ်သိမ့်ပါနဲ့၊ အုံ မကြောက်ပါဘူး။ ကိုကို ပြောပြလို့ စိတ်ဝင်စားသွားတာပါ၊ နောက်နေ့ကျ အုံ့ကို အဲဒီဆိုင်လေး ကိုကို လိုက်ပို့ပေးပါလားဟင်"

"ပို့ပေးမှာပေါ့၊ ဘာလဲ မေမေ အဆူခံရအောင် လျှောက်ဝယ်ဦးမလို့လား"





"ကိုကို ဖော်ကောင်မလုပ်ရင် မေမေ သိမှာမဟုတ်ဘူး။ အသစ်ထုတ်ဝတ်တာမြင်လို့ မေးရင် ကိုကို ဝယ်ပေးတာလို့ လွှဲချလိုက်မှာပေါ့"

နက်ရှိုင်းသည် ချစ်ရသူနဲ့အတူ အချိန်ဖြုန်းနေရသော်လည်း နာရီကိုတော့ တကြည့်ကြည့် လုပ်နေမိသည်။ အိပ်မက်ထဲမှာတော့ ဆိုင်ကနေ ကိုးနာရီခွဲအထွက် အုံက ကားငှားပြန်၊ နက်ရှိုင်းက နောက်ကလိုက်မောင်း၊ ကားမောင်းထွက်ပြီး ဆယ်မိနစ်လောက် အကြာမှာ အက်ဆီးဒင့်ဖြစ်၊ အုံ့ကို တက္ကစီကားထဲက ဆွဲထုတ်ပွေ့ချီ။ ဆေးရုံကားခေါ်။ ဆေးရုံကားရောက်လာချိန်မှာ ဆယ်နာရီ။ ဆေးရုံရောက်ပြီး အုံ့ကို ခွဲစိတ်ခန်းထဲအသွင်းမှာ ခွဲစိတ်ခုံပေါ်တင်ပြီး မေ့ဆေးပေးမလို့ လုပ်နေတုန်းမှာ အုံ သေသွားခဲ့တယ်။ အချိန်က ညဆယ်နာရီခွဲတိတိတဲ့။

ဒီတော့ ငါဘာလုပ်ရမလဲ။ ဆိုင်က စောစောပြန်ထွက်ရင် ကောင်းမလား။ စောစောပြန်ထွက်ရအောင် မှာထားတာတွေက ခုမှစ,ရောက်လာတာ။ အုံက ခုမှစပြီး ဟိုပွဲ၊ ဒီပွဲမြည်းတုန်းရှိသေးတာ၊ ခုပဲ ကိုးနာရီ ထိုးနေပြီ။ ဒီတော့ စောစော ဘယ်လိုမှ ပြန်ထွက်လို့ မရတော့ဘူး။ ဟာ ... ဘာဖြစ်လဲ နောက်ကျမှထွက်လည်း ငါ အဲဒီလမ်းကပြန်မှာမှ မဟုတ်တာ။ ပြီးတော့ ဒီနေ့ အုံနဲ့ငါ စကားများရန်ဖြစ်၊ စိတ်ကောက်ပြီး လမ်းခွဲရမှာမှ

www.burmeseclassic.com



မဟုတ်တာ။ ဒီတော့ အုံဟာ တက္ကစီကားနဲ့ ပြန်စရာအကြောင်းကို မရှိဘူး။

"စားလေ ကိုကိုရဲ့။ အုံ ပုံထည့်ပေးထားတာ ကိုကို့ပန်းကန်ထဲ များနေပြီ။ မစားတော့ ပန်းကန်ထဲ မောက်ပြီးပုံနေပြီ"

"ဪ ... အင်း ... အင်း ... စားပါတယ်၊ အုံလည်း ကိုယ့်ဟာသာ ထည့်စားလေ။ ကိုကို့ကိုပဲ ထည့်ပေးမနေပါနဲ့"

"ကိုကို ဒါလေးစားကြည့်၊ ဟ ... ဟ ... ပါးစပ်ဟ, အုံ ခွံ့လိုက်မယ်"

"ဘာလဲ"

"အသည်းလေ၊ ဝက်အသည်း"

"အုံက ဝက်အသည်း ကြိုက်တယ်လေ၊ စားပါ ကိုကို့ကို လာမကျွေးပါနဲ့"

"ကိုကိုက စားမှမစားတာ၊ ဟိုမွှေဒီမွှေ လုပ်နေလို့ အုံက မနေနိုင်တော့ဘူး။ ခွံ့ကျွေးချင်လာပြီ"

အမှန်တော့ ကိုကိုဟာ နာရီကြည့်လိုက်၊ တွေးလိုက် လုပ်နေသဖြင့် အုံလည်း ကိုကို စိတ်ပြောင်းအောင် လျှောက်ပြောပေးနေရတာ ဖြစ်ပါသည်။ ကိုကို ကြောက်ရွံ့သော အချိန်တစ်ချိန်ကို ရောက်ခါနီးလာပြီမို့ ကိုကို ဒီလိုဂဵဂဵလာခြင်းကို အုံ နားလည်ခွင့်လွှတ်ပေးပါသည်။





"အုံ ကိုကို့ကို စိတ်ကောက်ပြီး ဆိုင်ထဲကနေ တစ်ယောက်တည်း ပြန်ထွက်သွားတာမျိုး မလုပ်မိစေနဲ့နော်။ ပြီးတော့ ကိုကိုနဲ့ပဲ အတူတူပြန်နော်"

လို့ နက်ရှိုင်း ပြောလိုက်ချိန်တွင် စားသောက်ပြီးသွား၍ နာရီကြည့်လိုက်တော့ ကိုးနာရီ လေးဆယ့်ငါးမိနစ် ရှိနေလေပြီဖြစ်သော အချိန်မှာပင်။ နက်ရှိုင်းသည် သူ ကျော်ဖြတ်လာနိုင်ခဲ့သော နာရီလက်တံတို့ကို သက်ပြင်းတချချနှင့် စိတ်မသက်မသာတော့ ဖြစ်နေခဲ့မိလေသည်။

❤ ❀ ❤



www.burmeseclassic.com

www.burmeseclassic.com



## ၁၉

နက်ရှိုင်းသည် အုံ့ကို သူ့နံဘေးမှာ တင်ခေါ်လာနိုင်ပြီး ကားမောင်းထွက်လာနိုင်ခဲ့သောအခါ ရင်ထဲမှာ တဖြည်းဖြည်း အေးသွားသည်။

နာရီကြည့်လိုက်တော့လည်း ဆယ်နာရီအတိ ဖြစ်နေပြီ။ သို့သော် ဒီတစ်ခါတော့ နာရီလက်တံတို့ကို မကြောက်တော့သလို ဖြစ်လာပါသည်။

ဒီနေ့ အုံ့နဲ့ စားသောက်ဆိုင်ထဲမှာ စကားများ စိတ်ကောက်ပြီး တစ်ယောက်တစ်ကွဲစီ လမ်းခွဲသွားရတာမျိုးလည်း မဖြစ်တော့။ အုံ့ ဝမ်းနည်းကြေကွဲလျက် ...

"အုံ့အပေါ် ဂရုတစိုက်မရှိတဲ့ ကိုကို့ကို လက်ထပ်သင့်၊ မသင့်ကို ပြန်စဉ်းစားချင်လာတယ်"





ဟူသော စကားမျိုးပြောပြီး တစ်ယောက်တည်း တက္ကစီနဲ့ ပြန်သွားရတာမျိုးလည်း ဘယ်လိုမှ ဖြစ်မလာနိုင်တော့ဘူး။ ဒီတော့ ဘယ်လိုလုပ်ပြီး အုံ့က ဒီနေ့ည ဆယ်နာရီခွဲမှာ သေရတာ ဖြစ်လာတော့မလဲ။ ကြည့်စမ်း ... ငါဟာအခိပ္ပာယ်မရှိ အယူသီးပြီး တွေးကြောက်တတ်လွန်းခဲ့ပါလား။

နက်ရှိုင်းသည် အခုမှ စိတ်အေးသလို ဖြစ်လာကာ ကားထဲရှိ စီဒီပလေယာခလုတ်ကိုပင် နှိပ်လိုက်ပါသည်။ အခုမှပဲ သီချင်းလေး ဘာလေး နားထောင်ချင်စိတ် ဖြစ်လာတော့တယ်လေ။

"You are not alone ... I can be with you ..."

Micheal Jackson ၏ သီချင်းလေးအတိုင်း လိုက်ဆိုညည်းနေသော အုံ့ လက်ဖဝါးလေး တစ်ဖက်ကိုပင် အသာဆုပ်ကိုင်လိုက်ရင်း ...

"အုံ့ ကိုကို့အနားမှာ ရှိနေပြီ။ ကိုကို ဘာမှမကြောက်တော့ဘူး"

ဟုပင် ဖွင့်ပြောမိလိုက်လေသည်။

**ထိုအချိန်တွင် ကားသည် မောင်းလာရင်းမှ ကားဘီးသည် လမ်းမပေါ်က ဘာကို ကြိတ်လိုက်မိသည်မသိ။ ဒိုင်းခနဲ အသံ မတိုးမကျယ် အသံထွက်သွားပြီး မောင်းနေရာမှ ကားကို ဒရွတ်ဆွဲသွားသလို လေးသွားပါသည်။**



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် ... ကိုကို၊ ကားဘီးပေါက်တာ ထင်တယ်"

"ဟာကွာ ... ဖြစ်ရမယ်၊ ဘယ်လိုဖြစ်ပြီး ဘီးပေါက်ရတာလဲ၊ လုံးဝမဖြစ်နိုင်တာ"

နက်ရှိုင်းသည် ကားလမ်းဘေးကို အသာမေး၍ မောင်းချလိုက်ရပါသည်။ ကားတံခါးဖွင့်ဆင်းလျှင် အုံကပါ လိုက်ဆင်းလာသည်။

"အချွန်ပါတာ တစ်ခုခု လမ်းပေါ်မှာ ထောင်နေပုံရတယ်"

"ဘီးပေါက်ခဲ့ပါတယ်၊ အလွန်ဆုံး လေလျော့တာပဲ ဖြစ်ဖူးတာကွာ၊ ဒီညကျမှ ဖြစ်ရတယ်လို့"

"စိတ်မပူပါနဲ့ ကိုကိုရယ်၊ ဘီးအပိုပါရင် သွားထုတ်ယူလိုက်လေ။ အုံ ကိုကို့အနားမှာ ရှိနေတာပဲ"

နက်ရှိုင်းသည် ကားနောက်ဖုံးကို သွားဖွင့်သောအခါ စိတ်ပျက်လက်ပျက် အော်ညည်းပစ်လိုက်မိတော့လေသည်။

"ဟာကွာ၊ ဘီးအပို မပါလာဘူးကွာ"

အုံလည်း ကားနောက်ဖုံး ဖွင့်ထားရာကို ပြေးလာကြည့်ပြီး အုံသြသွားသည်။

"အရင်က အမြဲထည့်ထားတာ မဟုတ်လား"

"အေးကွာ၊ အဲဒီ ဘီးအပိုကို မနေ့ကပဲ လေလျော့နေလို့ ဆိုင်ပြီး လေသွားထိုးလိုက်သေးတာပဲ။ ဩော် ... သိပြီ၊





ဆိုင်မှာထားခဲ့ပါ၊ ညနေလာယူမပါ ပြောထားတာပဲ၊ မေ့ပြီးသွားမှမယူရသေးတာ။ ဒီလိုဖြစ်မယ်လို့ သိမှမသိပဲကွာ"

"ဘယ်လိုလုပ်မလဲ ကိုကို"

"ဒီနားမှာ ဘာဆိုင်မှလဲ မရှိဘူးနော်"

"ညဘက်ဆိုတော့ ပိတ်ကုန်ကြပြီ"

"ကားဒီတိုင်းထားခဲ့ပြီး အိမ်တစ်ခေါက်ပြန်ပြီး အိမ်မှာ သိမ်းထားတဲ့ နောက်ထပ်ဘီးအပိုကို ပြန်ယူရမှာပဲ"

"ကိုကို့ကားကြီး ဒီတိုင်း ပစ်ထားခဲ့လို့ ဖြစ်ပါ့မလား၊ ပစ္စည်းတွေ ဖြုတ်ခိုးခံနေရဦးမယ်"

"ခိုးလည်းခိုးကွာ၊ မတတ်နိုင်ဘူး"

"ဒီလိုလုပ်လေ အုံ ပြန်ယူလိုက်မယ်၊ ကိုကို စောင့်နေခဲ့"

"အုံ တစ်ယောက်တည်းပြန်လို့ ဘယ်ဖြစ်မလဲ"

"ဖြစ်ပါတယ် ကိုကိုရဲ့။ အုံ့ကို ကိုကို့အခန်းသော့ပေးလိုက်၊ အုံ အဲဒီဘီးကို သယ်ချပြီး ဒီကဌားစီးသွားတဲ့ ကားနဲ့ပဲ ပြန်လာမယ်လေ"

"အုံက ကားဘီးအကြီးကြီး မနိုင်ပါဘူး"

"ကွန်ဒိုဝန်းထိပ်က အစောင့်လူတစ်ယောက်ကို အကူအညီတောင်းပြီး သယ်ခိုင်းမယ်လေ၊ အုံတို့သူတို့ကို သိနေတာပဲ၊ ကူညီမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အုံ တစ်ယောက်တည်း ညဘက်ကြီး ကားငှားပြန်ရမယ်၊ ဟာ ... မဖြစ်သေးပါဘူး။ ကိုကို စိတ်မချဘူး မပြန်နဲ့၊ အုံ မပြန်နဲ့"

"မပြန်ရင် ကားဘီးက ဘယ်လိုလုပ်လဲမလဲ ကိုကိုရဲ့"

နက်ရှိုင်းသည် မထင်မှတ်ဘဲ ကြုံလိုက်ရသော အဖြစ်အပျက်ကြောင့် ဘယ်လို ဖြေရှင်းရမှန်းမသိ ဖြစ်နေသည်။ ထိုအချိန်မှာပင် တိုက်တိုက်ဆိုင်ဆိုင် တက္ကစီကားတစ်စီးကလည်း လမ်းပေါ်မှာ မောင်းနှင်လာနေတာတွေ့လျှင် ...

"အတော်ပဲ တက္ကစီလာပြီ"

ဟု အုံက ပြောလည်းပြော အသာပြေးထွက်ပြီး လက်တားထားပြီး ဖြစ်နေပါသည်။

"အုံ ... ဟာ ... ဘာလုပ်တာလဲ၊ မတားနဲ့လေ"

နက်ရှိုင်းသည် အုံ့ကို တားမြစ်လိုက်သော်လည်း မမီလိုက်ပါ။ အုံ လက်တားသည်ကို မြင်သော တက္ကစီက သူတို့ အနားမှာ ထိုးရပ်လာပါသည်။ နက်ရှိုင်းသည် အနားမှာရပ်လာသော တက္ကစီထဲမှ ခေါင်းပြူကြည့်လိုက်သော ကားမောင်းသူကိုမြင်လျှင် အံ့သြစွာ ငေးကြောင်ကြည့်နေမိသည်။

"ဦး ... သမီးကို (....)ကကွန်ဒိုဝင်းကို ပို့ပေးပါ၊ အဲဒီမှာ ပစ္စည်းယူပြီးရင် ဒီပြန်လာမယ်၊ စောင့်လည်း စောင့်ပေးပါ၊ ဘယ်လောက် ပေးရမလဲ"





"ပစ္စည်းယူတာက ကြာမှာလား ကလေး"

"အုံ ... နေဦး ... နေဦး၊ ဒီကား မငှားနဲ့၊ မငှားနဲ့၊ နောက်တစ်ကားမှငှား၊ ကိုကို ပြောစရာရှိတယ်"

အုံသည် ကိုကို့ အပြုအမူကြောင့် တက္ကစီ မောင်းသော ဦးလေးကြီးကို အားနာသလို ပြုံးပြလျက် နက်ရှိုင်းကိုလည်း မျက်စောင်းထိုးလိုက်ပြီး ...

"ကိုကိုကလည်း ဒီမှာ ငှားပြီးနေပြီ၊ ပြောစရာရှိလည်း နောက်မှပြောတော့။ အုံတော့ ဒီကားနဲ့ပဲ တက်လိုက်သွားတော့မယ်၊ ကားဘီးပြန်ယူဖို့က အရေးကြီးတယ်လေ၊ ကဲ ... ကဲ ... ဦး သမီးလိုက်ခဲ့မယ်နော်။ ပစ္စည်းယူတာက ကားဘီးပြန်ယူမှာပါ၊ ဒီမှာ သမီးတို့ကား ဘီးပေါက်သွားပြီး ဘီးအပိုလည်း မပါလို့ပါ"

"အုံ မသွားနဲ့၊ အုံ သွားလို့ မဖြစ်ဘူး၊ အုံ တစ်ယောက်တည်း မသွားပါနဲ့"

တက္ကစီမောင်းသော အသက်ငါးဆယ်ကျော်အရွယ် ဦးလေးကြီးက နက်ရှိုင်း ထိုသို့တားလျှင် စိတ်မဆိုးပေမဲ့ စိန်ခေါ်လိုသော အကြည့်ဖြင့်ကြည့်ကာ ...

"မိန်းကလေးကို တစ်ယောက်တည်း မသွားစေချင်ရင် မင်းပါ အဖော်လိုက်ရင် လိုက်ခဲ့ပေါ့၊ မင်းရဲ့ ကားဂျိုး



www.burmeseclassic.com

www.burmeseclassic.com



ဖိုးဝိုးလ်ဒရိုက်(ဖ)ကို သော့အသေအချာခတ်၊ မှန်ပိတ်ပြီး ခဏ ပစ်ထားခဲ့နိုင်ရင်တော့ ဒီကားနဲ့ တက်လိုက်လာခဲ့ပေါ့"

ဟု လှမ်းပြောပါသည်။

အုံကတော့ ကားထဲဝင်ထိုင်နေပေပြီ။ နက်ရှိုင်းကို မော့ကြည့်ကာ ...

"ကိုကို ကားကို စိတ်မချလည်း စောင့်နေပေါ့၊ အုံ မကြာပါဘူး၊ ပြန်ရောက်လာမှာပဲ၊ စိတ်မပူပါနဲ့"

"မဟုတ်ဘူး အုံ။ ကိုကို စိတ်ပူတာ အဲဒါတွေကြောင့် မဟုတ်ဘူး၊ ဟာ ... ကျွတ် ... ဟာကွာ ဘယ်လိုပြောရမလဲ အုံရာ။ ကိုကို့အိပ်မက်ထဲကအတိုင်း ဖြစ်နေလို့ကွ။ အိပ်မက်ထဲကလိုပဲ သူ့အလိုလို အချိန်ရောက်ရင် ဖြစ်လာလို့ အုံ့ကို မသွားစေချင်တာ"

အုံသည် ဒီလိုအချိန်မှာ ကိုကို့စိတ်ထဲမှာ ဒါကြီးတွေး ပြီးပြောဖို့ သတိရသေးသလားလို့ အုံသြမိပေမဲ့ အုံ့ကိုယ်တိုင်ကတော့ သိပ်အယုံအကြည်လည်း မရှိသည်ဖြစ်ရာ ကိုကို ပြောတာကို လက်မခံချင်ပါ။

"ကဲ ... သူ့မလိုက်ရင်လည်း ဦးလေးတို့ သွားလိုက်ကြရအောင် သမီးရယ်၊ ဟုတ်ပြီလား"





တက္ကစီမောင်းသူ ဦးလေးကြီးက ကားကို ဂီယာထိုးပြီး မောင်းထွက်တော့မလို ပြင်လျှင် နက်ရှိုင်းသည် အလျင်အမြန်ပင် ...

"ဦး ... ဦးလေး ... ခဏနေပါဦး"

ဟု တားမြစ်လိုက်ပါသည်။

ကားမောင်းသူက စိတ်မရှည်တော့သလို မျက်လုံးတွေဖြင့်ကြည့်ပြီး ...

"ကဲ ... ဘယ်လိုလဲကွာ၊ မင်း လိုက်ခဲ့မှာလား။ ဒါမှမဟုတ် ငါ့ကားကို မငှားတော့ဘဲ မင်းရဲ့မိန်းကလေးကို ပြန်ဆင်းခိုင်းမလို့လား၊ အချိန်ကြာအောင် မလုပ်နဲ့လေ။ ငါလည်း အိမ်ပြန်ရဦးမယ်၊ ဒီမှာ ဘာမဟုတ်ဘဲ ကြာနေရင် ငါ့အတွက် ပိုက်ဆံလည်းမရဘူး။ အုံနာဆီလည်း ညဆယ့်နှစ်နာရီ ကားသွားပို့ဖို့လည်း မမီဘူး။ အိမ်ပြန်ဖို့လည်း အဆင်မပြေဘူး ဖြစ်နေမယ်"

အုံကလည်း အားနာနေဟန်ဖြင့် ...

"ကိုကို ... ကိုကို့သဘောပဲ၊ လိုက်ရင်လည်း လိုက်ခဲ့၊ အုံ့ကိုတော့ ကားပေါ်က ပြန်မဆင်းခိုင်းနဲ့တော့၊ အုံ လိုက်စီးဖို့ ဆုံးဖြတ်ပြီး ဝင်တောင်ထိုင်ပြီးနေပြီ၊ ပြန်မဆင်းချင်ဘူး"

ဆိုသော စကားသံတွေ ဆက်တိုက်ကြားရပါသည်။ နက်ရှိုင်းသည် နာရီကိုကြည့်လိုက်တော့ ဆယ်နာရီခွဲပြီး၍ သုံးမိနစ်



www.burmeseclassic.com

www.burmeseclassic.com



မျှပင် စွန်းသွားပြီဖြစ်ရာ အိပ်မက်ထဲက အချိန်ကို ကျော်သွားပြီ ဖြစ်၍ စိတ်တော့ နည်းနည်း အေးသွားပေမဲ့ အုံ့ကို ဘာကြောင့် ရယ်မသိ။ တက္ကစီနဲ့ တစ်ယောက်တည်း ပေးမလွှတ်လိုက်ချင်ပါ။

တစ်ဖန် အုံ့ခြံစရာကောင်းသည်မှာ တက္ကစီမောင်းသူသည် သူ အိပ်မက်ထဲမှာ တွေ့ခဲ့ရသော တက္ကစီမောင်းသူ ဦးလေးကြီးပဲ ဖြစ်နေသေးသဖြင့် နက်ရှိုင်းသည် ဒီလိုအချိန်၊ ဒီလိုနေရာကိုမှ ဒီတက္ကစီက ရောက်လာရသေးသလားလို့ သံသယ ဖြစ်နေမိပြန်သည်။

"ကိုကို"

အုံ့က စိတ်မရှည်တော့သလို လေသံဖြင့် သတိပေးဟန်နှင့် ကားထဲမှ လှမ်းခေါ်ပါသည်။

နက်ရှိုင်းသည် စိတ်ကို ခိုင်မာစွာ ဆုံးဖြတ်ချက် ချလိုက်ပြီးသောအခါ ကားနောက်ခန်းတံခါးကို ဆွဲဖွင့်လိုက်တော့သည်။

"အုံ့ ဟိုဘက်တိုး။ ကိုကို ဒီဘက်မှာ ထိုင်မယ်"

အုံ့သည် တစ်ဖက်ခြမ်းကို တိုးသွားပါသည်။ နက်ရှိုင်းသည် သူဝင်ထိုင်လိုက်သော (အုံ့ အစကထိုင်နေခဲ့သည့်)နေရာမှာ အိပ်မက်ထဲတွင် အုံ့ အဲဒီနေရာမှာ ထိုင်လိုက်သွားလို့ တစ်ဖက်က ကားဝင်တိုက်တော့ တိုက်ရိုက်အတိုက်ခံလိုက်ရတယ်ဟု တွေးမိသဖြင့် အုံ့ကို တမင် ဟိုဘက်တိုးခိုင်းလိုက်တာ ဖြစ်သည်။





"ကား သေသေချာချာ သော့ခတ်ပြီး ခိုးလို့မရအောင် immobilizer (အင်မိုဘယ်လ်လိုက်ဇာ)ဆိုတဲ့ ကားစတီယာရင်လော့(ခ)တစ်မျိုး တပ်ထားရင် ဘယ်သူမှ ခိုးမောင်းသွားလို့ မရပါဘူး"

တက္ကစီမောင်းသူက နက်ရှိုင်းကားကို စိတ်မချဖြစ်နေသည်ထင်၍ လှမ်းပြောပါသည်။

"ကားလည်း ခိုးလို့မရပါဘူး၊ ဘီးပေါက်နေတာပဲ"

"အပြင်က ကားဘေးကြည့်မှန်တို့ စာတန်းတို့ မီးခွက်တို့တော့ ခိုးရင် ခိုးနိုင်တာပေါ့လေ၊ ဒါပေမဲ့ စိတ်မပူပါနဲ့။ ဦး မြန်မြန်မောင်းပေးမှာပါ။ ဒီကို မြန်မြန် ပြန်ရောက်လာရင် ခိုးချိန် သိပ်မရပါဘူး"

နက်ရှိုင်းသည် ဘာမှဆက်မပြောတော့ဘဲ ဘေးမှာ ထိုင်နေသော အုံ့လက်ဖဝါးလေးကို အသာကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားမိသည်။ တက္ကစီကားကတော့ စပြီးမောင်းထွက်နေပါသည်။

"ကိုကို လက်တွေအေးစက်နေတာပဲ၊ ဘာဖြစ်လို့လဲ"

"ဟင် ... ဟုတ်လား၊ ကိုကိုတော့ ဘာမှမဖြစ်ဘူး ထင်တာပဲ"

"ဘာတွေ စိုးရိမ်နေတာလဲ၊ ကိုကို့ မျက်နှာက စိုးရိမ်နေသလိုလိုပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အုံ ကိုကို ပြောမယ်။ ဒီတက္ကစီမောင်းတဲ့ ဦးလေးကြီးကို ကိုကို့ အိပ်မက်ထဲမှာ ဒီပုံအတိုင်း တွေ့ထားတယ်၊ အိပ်မက်ထဲမှာ အုံ တက်စီးသွားတဲ့ တက္ကစီကားကို သူပဲမောင်းတာ"

အုံသည် ကိုကို အိပ်မက်အကြောင်း ထပ်ပြောလာသဖြင့် ကိုကို့ကို နှစ်သိမ့်လိုသော သဘောပါသည့် အပြုံးကို ပြုံးရင်း အုံ့လက်တွေကို ဆုပ်ကိုင်ဖျစ်ညှစ်ထားသော ကိုကို့လက်တွေကို အုံ့ရင်ဘတ်ဆီမှာ ယူကပ်ထားလိုက်ပြီး ...

"ဒီမှာတွေ့လား၊ အုံ နှလုံးခုန်နေတယ်။ အုံ မသေပါဘူး ကိုကိုရဲ့။ ပြီးတော့ ကိုကိုလည်း အုံ့ဘေးမှာ ပါတာပဲ"

ထိုအချိန်တွင် ကားသည် မီးပွိုင့်တစ်ခုမှာ မီးနီမိ၍ ရပ်လိုက်ပါသည်။ ကားတုံ့ခနဲရပ်လျှင် နက်ရှိုင်းသည် ဘေးပတ်ဝန်းကျင်ကို စူးစမ်းသလို ကြည့်လိုက်တော့ မီးပွိုင့်ဟာ လေးဖက်လေးတန် လေးခွဆုံမီးပွိုင့်မျိုးပဲ ဖြစ်နေပြန်သည်။ မီးပွိုင့်မှာမီးနီ၍ ရပ်နေစဉ်အတွင်းတော့ ဘယ်ညာအခြမ်းမီးပွိုင့်တွေမှာ ဘယ်ကားမှလဲမလာ။ ညဟာ တိတ်ဆိတ်ပြီး လမ်းမီးတိုင်တွေရဲ့ မီးရောင်များ၊ မီးပွိုင့်တွေရဲ့ မီးရောင်များဖြင့်သာ အသက်ဝင်လျက်ရှိသည်။ လမ်းပေါ်မှာ လူလည်းရှင်း၊ ကားလည်းရှင်းနေသည်။

နက်ရှိုင်းသည် ဘာရယ်မဟုတ် ကားထဲမှာပါသော နာရီကို ကြည့်လိုက်သောအခါ နာရီက အံ့ဩစရာကောင်းလောက်





အောင် ဆယ်နာရီနှစ်ဆယ့်ကိုးမိနစ်ဟု ပြနေသည်။ ကားထဲက နာရီများ နောက်ကျနေသလား။ ငါ ခုနက ကားပေါ်မတက်ခင် လက်ပတ်နာရီကို ကြည့်တော့ ဆယ်နာရီခွဲပြီး သုံးမိနစ်တောင်ရှိနေပြီပဲ။ ဒီကားထဲကနာရီ နောက်ကျနေတာ။

ဒါနဲ့ သူ့လက်မှ လက်ပတ်နာရီကို ကြည့်လိုက်ပါသည်။ အဲဒီမှာ အင်မတန်မှ ထူးဆန်းစရာကောင်းသည်ကို တွေ့လိုက်ရပါသည်။ သူ့လက်ပတ်နာရီမှာ ဆယ်နာရီနှစ်ဆယ့်ကိုးမိနစ်ဟု ညွှန်ပြနေသည်ကို တွေ့လိုက်ရခြင်း ဖြစ်သည်။ နက်ရှိုင်းသည် ခေါင်းထဲမှာ ဒိန်းခနဲပင် သွေးခုန်နှုန်း ဆောင့်တိုးသွားသလို ခံစားလိုက်ရလျက် နာရီကို မယုံနိုင်သလို အခါခါ ထပ်ကြည့်နေမိသည်။

"ကိုကို နာရီ ဘာဖြစ်လို့လဲ"

"နာရီ ... နာရီ ... အချိန်မှားပြနေတယ်၊ ခုနက ဒီကားပေါ်မတက်ခင်မှာ နာရီက ဆယ်နာရီခွဲပြီး သုံးမိနစ်ပေါ့။ ဆယ်နာရီသုံးဆယ့်ရှစ်မိနစ်ကို ပြနေတာ အခုကျ ဘာဖြစ်လို့ ဆယ်နာရီ နှစ်ဆယ့်ကိုးမိနစ်ကို ပြန်ပြောင်းပြီး ပြသလဲ မသိဘူး အုံ။ အဲဒါ ဘာဖြစ်တာလဲ၊ ဘာသဘောလဲ မသိဘူး"

နက်ရှိုင်း အဲဒီလို ပြောနေစဉ်မှာပင် တက္ကစီကားသည် မီးစိမ်းသွားပြီမို့ မောင်းထွက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကားမောင်းလိုက်လျှင်ပဲ ကားထဲမှ နာရီရော၊ နက်ရှိုင်း လက်ပတ်နာရီရော နှစ်ခုစလုံးဟာ တစ်ပြိုင်တည်းပင် ဆယ်နာရီ မိနစ်သုံးဆယ်ကို ပြောင်းလဲသွားခဲ့ပါသည်။

နက်ရှိုင်းသည် ကြောက်လန့်တကြားပင် တစ်ဖက် ခြမ်းကို လှည့်ကြည့်လိုက်သောအခါ တစ်ဖက်ခြမ်းဖြစ်သော ညာ ဘက်ခြမ်းမှာ ကားတစ်စီးသည် မီးနီကို တမင်ကြီး ဖြတ်မောင်း ချလာသည်အား တွေ့လိုက်ရလေပြီတည်း။

ဆယ်နာရီ မိနစ်သုံးဆယ်။

နက်ရှိုင်းသည် နာရီကို နောက်ဆုံးအကြိမ် ကြည့် လိုက်ပြီးနောက် အုံ့ကို သူ့ကိုယ်ဖြင့်မိုး,ကာ အုပ်ချလိုက်ပြီး ကာ ကွယ်ပေးလိုက်ချိန်တွင် မီးနီကို စည်းကမ်းချိုးဖောက်ပြီး ဖြတ် မောင်းချလာသော ကားတစ်စီးသည် နက်ရှိုင်းတို့ စီးလာသည့် တက္ကစီကားအဒေးတစ်ခြမ်းကို ချိုင့်ဝင်ပိန်လိမ်သွားသည်အထိ တိုက် ချလိုက်တော့လေသည်။

"ဝုန်း"

ဆိုသော အသံကျယ်ကြီးကို နက်ရှိုင်း နောက်ဆုံး ကြားလိုက်ပြီးနောက်မှာ နက်ရှိုင်း၏ ခန္ဓာကိုယ်သည် အပြင်းထန် ဆုံးသော နာကျင်မှုကြီးကို ခံစားလိုက်ရသည်အား နောက်ဆုံး သိရှိလိုက်ပါသည်။

❤ ❈ ❤





# အိပ်မက်ထဲက
# မနက်ဖြန်

www.burmeseclassic.com

www.burmeseclassic.com



အံ့သည် ယမင်းကို တွေ့သောအခါ ယမင်းကို ဖက်ပြီး ရှိုက်ကြီးတငင် ငိုမိလေသည်။ ငိုလည်းငိုရင်း ဗလုံးဗထွေး ရှိုက်ကာ ရှိုက်ကာဖြင့် ပြောပြမိသည်။

"ကိုကို ငါ့ကို တစ်နေကုန် ပြောနေခဲ့တုန်းက ငါ မယုံခဲ့ဘူး။ ငါ့ကို အတန်တန် သတိပေးခဲ့တုန်းက ငါအလေးအနက် မထားခဲ့ဘူး၊ တကယ်တော့ သူပြောတာတွေဟာ အမှန်ပဲ။ တကယ်ပဲ ဖြစ်သွားတာပဲ။ သူက အဲဒီအချိန်မှာ အဲဒီလို ဖြစ်မယ်မှန်းသိလို့ ငါ့ကို အဲဒီကားနဲ့ လိုက်မသွားဖို့ အတန်တန် ပြောနေတာကို ငါ သဘောပေါက်ခဲ့ဖို့ ကောင်းတယ်၊ အခုတော့ ကိုကိုက ငါ့အစား ဝင်ခံပေးလိုက်တဲ့သဘောပဲ။ သူ ငါ့ကို နောက်ဆုံး ကြည့်သွားတဲ့ အကြည့်ကို ငါသိတယ်။ အံ့ကို ကိုကို အသက်ပေးပြီး





ကာကွယ်စောင့်ရှောက်မယ်လို့ ပြောချင်တဲ့သဘောနဲ့ ကြည့်သွားတာ ယမင်းရဲ့"

ယမင်းသည် အံ့သြပြီးရင်း အံ့သြလျက် မယုံနိုင်စရာကောင်းလှသော အဖြစ်အပျက်ကို ဘယ်လိုဝေဖန် သုံးသပ်ရမှန်းမသိပင် ဖြစ်နေမိသည်။

"ငါ ကိုကို့ကို အမြဲ သံသယဝင်ခဲ့မိတယ်။ ကိုကိုဟာ ငါ့ကို တကယ်မချစ်ခဲ့ဘူး။ ငါ့ကို နှလုံးသားမပါဘဲ လက်ခံခဲ့တာလို့ တစ်ချိန်လုံး သံသယဝင်ခဲ့မိတယ် ယမင်းရယ်။ တကယ်တော့ ငါမှားခဲ့တယ်၊ ကိုကိုဟာ ငါ့ကို သူ့အသက်နဲ့တောင်လဲပြီး ချစ်ပြသွားခဲ့တယ်။ သူ ငါ့ကို တကယ်ချစ်တတ်လွန်းခဲ့ပါတယ်"

"အေးဟယ် ... ငါ သတင်းကြားခါစက ယုံတောင်မယုံဘူး။ ဒီနေ့ညဦးပိုင်းကတောင် ကိုနက်ရှိုင်းကို တွေ့ခဲ့ရပြီး နင်ပြောပြထားလို့ သူ့အိပ်မက်အကြောင်းကိုတောင် အံ့သြနေခဲ့သေးတာလေ။ အခုတော့ သူ့အိပ်မက်ထဲကအတိုင်း ဒီနေ့ဒီအချိန်မှာ ဒါဖြစ်ရမယ်ဆို တကယ်ဖြစ်သွားတာပဲ။ နေရာပြောင်းသွားပေမဲ့ ဖြစ်ပျက်ပုံကအတူတူပဲနော်။ နောက်ပြီး လူပြောင်းပြီးခံပေးလိုက်တဲ့သဘော ဖြစ်သွားတယ်"



www.burmeseclassic.com

www.burmeseclassic.com



အုံသည် ယမင်း ထိုသို့ ပြောလိုက်ပြန်တော့ ပို၍ ပင် ဝမ်းပန်းတနည်း ဖြစ်ပြီး အသံထွက်အောင်ပင် ငိုကြွေးလိုက်ကာ...

"ငါ အဲဒါကို သိနေတော့ ပိုပြီး ယူကျုံးမရ ဖြစ်ရတာပေါ့ ယမင်းရဲ့။ ငါ့အစား ကိုကိုက ဝင်ခံပေးလိုက်တဲ့သဘော ဖြစ်သွားလို့ ငါ့အသည်းထဲမှာ ခံစားနေရတာပေါ့။ တကယ် ဆို ငါတစ်ယောက်တည်း မကျန်ရစ်ခဲ့ချင်ဘူး၊ ကိုကို မရှိ မှတော့ ငါ့ဘဝဟာ ဘာထူးတော့မှာလဲ။ ငါလည်းအသက် မရှင်ချင်ပါဘူး ယမင်းရယ်၊ ကိုကို ငါ့ကို ဘာလို့ တစ် ယောက်တည်း ထားသွားရတာလဲ ...

အတူတူ တစ်ခါတည်း ခေါ်သွားလိုက်တာ မဟုတ် ဘူး"

အုံသည် ငိုရင်း ပြောရင်းမှ အရူးတစ်ယောက်လိုပဲ ဆက်ပြောမိသည်မှာ ...

"ဒီအဖြစ်အပျက်ဟာ ဒီနေ့ဖြစ်တာ မဟုတ်ဘူးနော် ယမင်း။ ငါ အိပ်မက် မက်ခဲ့ဘာပါ။ မနက်ဖြန်ကျရင် ဖြစ်မဲ့အဖြစ် အပျက်ကို ငါ ကိုကို့လိုပဲ ကြိုပြီးသိတဲ့ အိပ်မက်မျိုးမက် တာ ဖြစ်မှာပါ။ ငါ မနက်ဖြန်ကို စောင့်ရမယ်၊ မနက်ဖြန်





ကျရင် ဒီလိုအိပ်မက်ထဲကအတိုင်း မဖြစ်အောင် နေတော့ မယ်၊ ငါ တကယ် ယုံသွားပြီ။ အိပ်မက်တွေကို တကယ် ယုံသွားပြီ"

❤ ❈ ❤



www.burmeseclassic.com

www.burmeseclassic.com



**ရွှေပိုးအုံ**သည် ရှိုက်ငိုရင်း၊ ဝမ်းနည်းကြေကွဲရင်းမှ ဒဏ်ရာရထားသောအချိန်၊ အကိုက်အခဲပျောက်ဆေးတွေ ထိုးပေးထားသော အချိန်တို့ကြောင့် မောပန်းနွမ်းလျပြီး အိပ်ပျော်သွားခဲ့ပါသည်။ တကယ့်ကို နှစ်နှစ်ခြိုက်ခြိုက် တစ်ရေးမနိုးစတမ်း တောက်လျှောက် အိပ်ပျော်သွားပြီးသောအခါ နောက်တစ်ရက် မိုးအလင်းမှာ နိုး,ထလာခဲ့ပါသည်။

ရွှေပိုးအုံသည် အိပ်ရာမှ နိုးနိုးချင်းမှာပင် အဖြစ်အပျက်ကို သတိရလိုက်ပေမဲ့ ...

“အုံ့ အိပ်မက်,မက်ထားတာပါ။ တကယ် ဖြစ်ခဲ့တာ မဟုတ်ဘူး။ ဟုတ်တယ် ... အိပ်မက်,မက်တာ၊ ဒီနေ့ဖြစ်မဲ့အဖြစ်အပျက်ကို ကြိုမြင်ပြီး အိပ်မက်,မက်တာ၊ ကိုကို့ကို တွေ့ရင် ပြောပြရမယ်”

ဟု စိတ်ထဲမှာ တွေးလိုက်ပြီးလျှင် ကြည်လင်ရွှင်ပျသော မျက်လုံးတွေဖြင့် တစ်စုံတစ်ယောက် သူမထံ ရောက်လာခဲ့မလားလို့ တမျှော်မျှော် လုပ်နေခဲ့မိသည်။





ဆေးရုံလူနာခန်းအဝကို လူရိပ်တစ်ရိပ် ဖြတ်သွားတိုင်း ထ,ထကြည့်ရတာ အမောဖြစ်နေခဲ့ပါသည်။

“အုံ့ အိပ်မက်တစ်ခု မက်ထားတယ် ကိုကို။ ကိုကိုလာရင် သတိပေးတဲ့အနေနဲ့ ပြောပြထားရမှာမို့ ကိုကို အုံ့ဆီမြန်မြန်လာတွေ့ပါ၊ အုံ့ ပြောပြချင်လှပြီ”

သို့သော် နောက်တစ်နေ့ ... နောက်တစ်နေ့ ... နောက်တစ်နေ့ပေါင်းများစွာ ကုန်ဆုံးသွားပြီးသည့်တိုင် သူမရဲ့ ကိုကိုဟာ သူမထံ ရောက်မလာခဲ့တော့ပါ။




www.burmeseclassic.com

www.burmeseclassic.com



"အိပ်မက်ထဲက မနက်ဖြန်မှာ ပြန်ဆုံရဖို့ကို မျှော်လင့်နေဆဲပါ"

ဟူသော စကားစုလေးကို ရွေပိုးအုံသည် နေ့တိုင်းလိုလို ရေရွတ်နေဆဲလည်း ဖြစ်ပါသည်။



(ဆေားတဏှာသိုလ်)
24th May
Thursday
2007.

www.burmeseclassic.com